burmeseclassic.com

SYNERGY Publication

LOADING



# ရှင်ဖိုး (ဆေးတက္ကသိုလ်)

## ကိုယ့်နှလုံးသားပေါ်တင်ထားတဲ့ ချစ်သူရဲ့လက်များ

Zay Yar Win Htet 2013

burmeseclassic.com

burmeseclassic.com

Syncrgy Publications
အမှတ် (၁၇၄)၊ ဒုတိယထပ် (ဝဲ)၊ ဆိပ်ကမ်းသာလမ်း(အလယ်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၄၀၁၅၁၀၉-၂၅၄၀၀၆၀၄၉၊၀၁၀-၃၀၀၁၃၃၂၊၀၉-၅၀၃၃၉၄၁

| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ် (၂၀၁၄ ဖေဖော်ဝါရီ)။ |
| အုပ်ရေ | ၁၀၀၀ |
| မျက်နှာဖုံး | ဓေယျာဝင်းထက် |
| ကွန်ပျူတာစာစီ | Synergy |
| ထုတ်ဝေသူ | ဦးသုတ (မြ-၀၄၆၉၄)<br>Synergy Publication<br>အမှတ်(၁၇၄)၊ ဒုတိယထပ်(ဝဲ)၊ ဆိပ်ကမ်းသာလမ်း<br>(အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| အဖုံး/အတွင်းပုံနှိပ် | ဒေါ်နွဲ့နွဲ့ရီ (မြ၀၉၈၇၀)<br>ရွှေရောင်လင်းပုံနှိပ်တိုက်<br>အမှတ် (၄၂၃)၊ အောက်ပုဇွန်တောင်လမ်း၊<br>(၁)ရပ်ကွက်၊ ပုဇွန်တောင်။ |
| စာအုပ်ချုပ် | မေသူဝင်း |
| တန်ဖိုး | ၁၅၀၀ |

ရှင်မိုး(ဆေးတက္ကသိုလ်)
ကိုယ့်နလုံးသားပေါ်တင်ထားတဲ့ချစ်သူရဲ့လက်များ
ရှင်မိုး(ဆေးတက္ကသိုလ်)၊ ရန်ကုန်၊
ဦးသုတ၊ Synergy Publication၊ ၂၀၁၂။
၂၂၃-စာ၊ ၁၂ စင်တီမီတာ၊ ၁၈.၃ စင်တီမီတာ၊
(၁) ကိုယ့်နလုံးသားပေါ်တင်ထားတဲ့ချစ်သူရဲ့လက်များ

BURMESE CLASSIC

# ရှင်မိုး (ဆေးတက္ကသိုလ်)

# ကိုယ့်နှလုံးသားပေါ်တင်ထားတဲ့ချစ်သူရဲ့လက်များ

burmeseclassic.com

burmeseclassic.com

## (မြသွေးနီ) သည်....

မလိုအပ်ဘဲ ခေါင်းကို ဘရုပ်(ရှ်)ဖြင့် တစ်ခါထပ်ဖီးလိုက်ရင်း ဆိုဖာခုံရှည်ပေါ် ကွေးကွေးလေးလှဲနေသော မိုးပြာကို မှန်ထဲမှ တစ်ဆင့် ထပ်ကြည့်လိုက်သေးသည်။ သူစိတ်များ ပြောင်းသွားမလားလို့ပါ။ စိတ်ပြောင်းပြီး ...နင်...မသွားပါနဲ့တော့ ငါပဲ...ရအောင်သွားပါ့မယ် လို့များ ထပြောမလားလို့။

သို့သော် မိနစ်နဲ့အမျှ နာတွေ ရှေ့လိုက်၊ နှပ်တွေညှစ်လိုက် လုပ်နေသဖြင့် နာခေါင်းထိပ်ကြီးတွေနီကာ မျက်လုံးထဲမှာလည်းမျက်ရည်ကြည်တွေ ဝိုင်းဖနတက်သော ဒီလိုပုံနဲ့ မိုးပြာတစ်ယောက် ဘယ်လိုမှ အပြင်ကို ထွန်း လှုတ်လို့ရတော့မှာ မဟုတ်ဘူး ဆိုတာလဲ သိနေသည်။

ဘာကြောင့်လဲဆိုတော့ မိုးပြာဟာ သူကိုယ်တိုင်လည်း လှသလို အလှအပလည်း အင်မတန်မှ ကြိုက်တတ်ကာ သူကိုယ်သူ မလှမှာလည်း အလွန် စိုးရိမ်တတ်သူဖြစ်မှန်း ကျွန်မသိနေ၍ပင်၊ အခုလိုမျိုးနေမကောင်းဖြစ်လို့ အကြည့်ရဆိုးနေတဲ့ ပုံစံနဲ့သာဆိုရင် မိုးပြာတစ်ယောက် အိမ်ထဲကနေ ဘယ်လောက်ပဲ ရိုက်ထုတ်ထုတ်ထွက်မှာကို မဟုတ်တော့။ သူ ဒီလောတ် စိတ်အားထက်သန်စွာ စောင့်လုပ်နေရတဲ့ နေရက်ကျမှ တုပ်ကွေး



burmeseclassic.com

burmeseclassic.com



မိပြီး နာစေး နာရည်ယို၊ မျက်ရည်ပူတွေကျနေသဖြင့် မိုးပြာဟာ တော်တော်လည်း စိတ်ညစ်နေတာ ကျွန်မ,မကူညီတော့ဘူးပြောမှာကို (ဒါမှမဟုတ်) စိတ်ပြောင်းပြီး မသွားပေးတော့ဘူးပြောလိုက်မှာကို အတော်ကြီးလည်း စိုးရိမ်နေကာ ကျွန်မဝတ်စားပြင်ဆင်တဲ့နောက် ထလာလိုက်ပြီး အိမ်ရှေ့ဧည့်ခန်းဆိုဖာ ခုံရှည်ပေါ်တွင် ဒူးကွေးခံ လုံအိပ်ပြီး စောင့်နေရှာသည်။

"မယ်မြ . . . ငါမှာတာတွေ မမေ့နဲ့နော် . . . နင် ဘာမှ သိပ်စကားပြောစရာမလိုပါဘူး။ ငါ . . . ချရေးပေးထားတဲ့ မေးခွန်းတွေထဲက အမှတ်စဉ် အတိုင်းပဲ ၊ တစ်ခုမေးလိုက် သူဖြေတာကို Record (ရီကောထ့်) လုပ်လိုက် လုပ်ရုံပဲ။ မေးခွန်းစာရွက်က ဒီဖိုင်ထဲမှာ အသင့်ပဲ၊ သူက တစ်နာရီပဲ အချိန်ပေးတာ၊ တစ်နာရီ အတွင်း ပြည့်စုံအောင် မေးခဲ့နော်၊ နောက်တစ်ခါ ထပ်တွေ့ရင် မေးချင်လို့ မရဘူး"

မိုးပြာ စိတ်မချသလိုဖြင့် ထပ်မှာနေပြန်သည်။

"ကျုပ်သိပါတယ် . . . မိုးပြာရယ်၊ သူ့ကိုတွေ့ ခွင့်ရဖို့ လွန်ခဲ့တဲ့ ခြောက်လထဲက အပွိုင့်မန့် ယူထားရတာတွေ . . . ဒီစာအုပ်ပြီးဖို့ ဒီလူ တစ်ယောက်ထဲကို အင်တာဗျူးဖို့ပဲ လိုတော့တာတွေ . . . ထုတ်ဝေသူက ဒီစာအုပ်ပြီးဖို့ တဂျီဂျီလုပ်နေတာတွေ . . . အကုန်သိပါတယ် စိတ်ချ..စိတ်ချ။ မေးခွန်းတွေအကုန် တစ်နာရီအတွင်း ကုန်အောင်မေးခဲ့မယ်။ ဒါပေမဲ့ သူပြန်ဖြေတာလည်း ပြည့်ပြည့်စုံစုံ ဖြစ်ရမယ်။ ဟုတ်ပြီလား"

"ကျေးဇူးပါပဲ . . မယ်မြရယ်၊ အဲ့ဒီစကားထက် ငါလည်းပိုမပြောတက်တော့ဘူး။ တကယ်ပါ၊ ဒီရက်ကျမှ ရုပ်ပျက်ဆင်းပျက်ကြီး





နေမကောင်းဖြစ်နေရတဲ့ ကိုယ့်ကိုယ်လည်း မုန်းတောင်မုန်းပါတယ်"

ပြောရင်းဆိုရင်း မိုးပြာနှာတွေရှုပြန်သည်၊ ကျွန်မက မိုးပြာကို နှစ်သိမ့်တဲ့ အနေနဲ့ ပခုံးတစ်ဖက်ကို အသာလက်ဖြင့် ပုတ်လိုက်ပါသည်။

"ပြောနေရမဲ့သူတွေမှ မဟုတ်တာ . . . မိုးပြာရယ်၊ နင် . . . ငါ့ကို ကူညီတာတွေလည်း မနည်းပါဘူး . . . ဒီလောက်လေးကူညီရတာကို ငါလည်း အပန်းမကြီးဘူးထင်လို့ပါ၊ ဒါပေမဲ့ ငါ . . ဒါမျိုး တစ်ခါမှ မလုပ်ဖူးတော့ နင့်အတွက် အဆင်မပြေပါ့မလားလို့ စိုးရိမ်ပြီး မလုပ်ချင်ဘူးငြင်းတာပါ။ အဲ့ဒီလူက နင်မေးတဲ့မေးခွန်းတွေရဲ့ လိုရင်းမဖြေဘဲသူဖြေချင်ရာ ဆွဲဖြေရင် ငါလည်းလှည့်ပတ်မေးတက်မှာ မဟုတ်ဘူးလေ၊ ဒီတော့ သွားတွေ့ပေးရတာ အလကားဖြစ်မှာ စိုးလို့ပါ။"

"ငါမေးထားတဲ့မေးခွန်းတွေက သူ့ကို ဘာမှအနှောင့်အယှက်ပေးတဲ့ မေးခွန်းမျိုးမပါပါဘူး။ သူ လှည့်ပတ်ဖြေချင်စရာ ဘာမှမပါတဲ့ မေးခွန်းတွေပါ။ ငါက သတင်းထောက်လို ပုံစံမေးတာ မဟုတ်ဘူးလေ၊ စာရေးသူ တစ်ယောက်က သူရေးချင်တဲ့ လူရဲ့အဖြစ်အပျက်ကို မေးတဲ့သဘောပါပဲ။ နင်စိတ်မပူပါနဲ့ အဆင်ပြေမှာပါ။ ငါလိုချင်တာ အားလုံးရမှာပါ။"

မိုးပြာကတောင် ပြန်အားပေးနေရသဖြင့် ကျွန်မလည်း အဲ့ဒီခရီးကိုသွားဖို့ စိတ်အေးသက်သာ ဖြစ်ရတော့သည်။

"ကဲ . . ဒါဆို ငါသွားပြီ မိုးပြာရေ တစ်နေရာရာကို သွားချင်ရင် အိမ်ကနေ တစ်နာရီကျော်လောက်ကြိုထွက်မှ၊ ကားတွေက ပိတ်



burmeseclassic.com

burmeseclassic.com



ကြွစ်နေတာ။ တော်ကြာသူ ပေးထားတဲ့ အချိန်ဆယ့်တစ်နာရီ အမှီ မရောက်ဘဲ ဖြစ်နေဦးမယ်နော်"

"အေး. . . သွားတော့. . . သွားတော့၊ မယ်မြရေ၊ Good Luck (ဂွတ်လပ်(စ်)) တာ့တာ့"

ကျွန်မတို့နေရသော နှစ်လွှာ အခန်းလေးမှ ကျွန်မ ဆင်းလာခဲ့သည်။ တိုက်အောက်ရောက်တော့ ကျွန်မရဲ့ အိမ်နေရာ အထဝ်ဆီ တစ်ဖန်ပြန်လှည့် ကြည့်လျှင် မိုးပြာက ဝရန်တာမှထွက်ရပ်ကြည့်ကာ လက်ပြလေသည်။

မိုးပြာသနားပါတယ်၊ အတော်ဖျားနေရှာတာ၊ ဒါကြောင့်ပဲ ဒီအလုပ်ကို မလုပ်ချင်ပါဘဲ လုပ်ပေးမယ်ဆိုပြီး ကူညီလိုက်ရတာပါ။ မိုးပြာကို ကျွန်မ သေသေရာရာ ကူညီဖူးတာဆိုလို့ ဒီတစ်ခါပဲ ရှိပါသေးတယ်။ များသောအားဖြင့် မိုးပြာကသာ ကျွန်မကို အကူညီတွေ ပေးခဲ့သူပါ။

ရန်ကုန်နဲ့ သိပ်မဝေးလှသော မြို့လေးမှ ကျွန်မဟာ ဆယ်တန်းအောင်ပြီးတဲ့အခါ နိုင်ငံခြားဘာသာ တက္ကသိုလ်ကို လျှောက်ဖို့ အမှတ်မှီတဲ့အတွက် ပြင်သစ်ဘာသာတွဲကို ယူလိုက်ပါသည်၊ ဒီတော့ ရန်ကုန်မှာ အဆောင်နေရင်းကျောင်းတက်ရဖို့ဖြစ်လာပါသည်။ ငွေကြေး သိပ်အကြွယ်ဝကြီး မဟုတ်သော်လည်း လူတန်းစေ့နေနိုင်၊ စားနိုင်၊ သုံးနိုင်သော ဘဝမို့ ရန်ကုန်မှာ ဒ ဆောင်နေပြီး ကျောင်းတက်ဖို့ကလည်း ကျွန်မအတွက် မခဲယဉ်းခဲ့ပါ။

ကျွန်မ ဖေဖေက ကျွန်မ ဆယ်နှစ်သမီးမှာ ဆုံးပါသည်။ ဖေဖေကျန်ခဲ့သော ပွဲရုံလုပ်ငန်းလေးကို နားမလည်ပါ။ အလုပ်ဦးစီးနေရရှာသော မေမေ့ကို ဆွေမျိုးကြီးဒေါ် မိကြီး၊ ဘကြီးများကပဲ စီစဉ်စေ့စပ်ရှာကြပြီး





နောက်အိမ်ထောင်ထူစေပါသည်။ ကျွန်မ ဆယ့်လေးနှစ်သမီးမှာ မေမေက ကျွန်မ၏ ပထွေးတော်ရမဲ့ ဦးကျော်ဇင်နှင့် လက်ထပ်ပါသည်။ ဦးကျော်ဇင်က လူပျိုတော့မဟုတ်၊ တစ်ခုလပ်ဟု သိထားပါသည်။ အရင်အိမ်ထောင်နှင့် ကလေးမရှိခဲ့သော်လည်း မေမေနဲ့ကျတော့ ကလေးတွေ သုံးယောက်လောက် ဆက်တိုက်ရလေရာ ကျွန်မတွင် အမေတူအဖေကွဲ မောင်ညီမလေး သုံးယောက်တို့ရှိသွားရလေသည်။ မောင်တွေညီမတွေ တိုးပွားရသလို ဦးကျော်ဇင်ကလည်း လုပ်တက်ကိုင်တက် စီးပွားရှာတက်သဖြင့် စီးပွားလည်းတက်လာကာ ချောင်ချောင်လည်လည်နေနိုင်ပါသည်။ နယ်မြို့မှာတော့ တိုက်ခံအိမ်ကလေးနှင့် ပွဲရုံသုံး ဟိုင်းလက်(စ်)တစ်စီးပိုင်သဖြင့် လူလုံသူသူ ဖြစ်ပါသည်။

ဦးကျော်ဇင်က ကျွန်မအပေါ် ငြိုငြင်ခြင်းလဲမရှိ ဖော်ရွေရက်ရောခြင်းလဲမရှိသော ပုံစံဖြင့်သာ ဆက်ဆံပေမဲ့ ကျွန်မတို့ကြားမှာ ဘာပြဿနာမှမရှိ အေးဆေးသော မိသားစုပုံစံမို့ အဆင်ပြေပါသည်။

ကျွန်မဘက်ကသာ စိတ်ထဲမှာ အလိုလိုမဝံ့မရဲဖြစ်နေတာပါ။ ကိုယ်အဖေထားခဲ့တဲ့ စီးပွားရေးလေးက ဘာမှမဟုတ်ပါဘဲ ဦးကျော်ဇင်၏ အစွမ်းအစဖြင့် ဒီစီးပွားရေးတွေဖြစ်လာရလေရာ အစစအရာရာ မသုံးရဲ၊ မဖွဲ့ရဲဖြစ်ပြီး ရန်ကုန်မှာ ကျောင်းလာနေရသောအခါမှာတောင် မြိုးမြိုးမြို့တာလျက် မေမေပို့ပေးသောငွေနဲ့မရမကလောက်အောင် သုံးနေခဲ့မိသူပင်။ ကျောင်းပြီးတော့မှာမို့ ကွန်ပျူတာပိုင်းဆိုင်ရာကို ကျွမ်းကျွမ်းကျင်ကျင် တက်ချင်တာနဲ့ သင်တန်းတက်တာတောင် မေ့မေ့ဆီက ပိုက်ဆံထပ်မတောင်းဘဲ ကိုယ့်ဘာသာစုဆောင်းပြီး တက်နေတာတောင် မေမေ မသိ။

မိုးပြာနဲ့က ပြင်သစ်ဘာသာတက္ကသိုလ်မှာ အတန်းအတူ တက်မိ



burmeseclassic.com

burmeseclassic.com



ရင်း ဘယ်ရွေ့ရွေ့စက်ရယ်တော့မသိ တစ်ယောက်နှင့်တစ်ယောက် တော်တော်ကို ခင်မင်သွားတာက စ,သည်။ မိုးပြာကလည်း ဧရာဝတီတိုင်း ရှိ မြို့ကြီးတစ်မြို့မှလာပြီး ရန်ကုန်မှာ နိုင်ငံခြားသား ဘာသာတက္ကသိုလ်လာတက်သူဖြစ်သည်။ ကျွန်မနှင့်ကွာတဲ့ တစ်ချက်ကတော့ မိုးပြာက မိရင်းဖရင်း ရှိပြီး မောင်လေးတစ်ယောက်သာရှိသော မိသားစုနဲ့၊ ဒါ့အပြင် မိုးပြာမိဘတွေက မြို့မျက်နှာဖုံး သူဌေးကြီးတွေဟု သိရပါသည်၊

ဒီတော့ မိုးပြာက စိတ်ကြိုက်သုံးနိုင်စွဲနိုင်ပါသည်။ အလကားနေရင်း ချွေတာတက်သော ကျွန်မကိုလည်း

"ဒေါ်ကပ်စေး..." ဟု မကြာခဏ ချစ်စနိုးခေါ်ကာ စတတ်သည်၊

ကျွန်မ၏ မိသားစုအခြေအနေကို သူသိသောအခါ...

"နင်က အလကားကြံဖန်မာန ထားနေတာပါ။ ငါသာဆို ဂရုမစိုက်ပါဘူး... သုံးစရာရှိသုံးပစ်မှာပဲ။ သိပ်အတွေး မခေါင်နဲ့ စောစောစီး ဆံပင်ဖြူပေါက်နေဦးမယ်"

ဟူ၍...ဝေဖန်တက်ပါသည်။

"ငါက တကယ်တော့ အဆောင်မှာ ရောကောသောကော နေချင်တာမဟုတ်ပါဘူး။ ကိုယ့်ဘာသာ သီးသန့်လေး တိုက်ခန်းနဲ့ နေချင်တာ၊ အဖေတို့က ငါတစ်ယောက်တည်းဖြစ်နေလို့ ဝယ်မပေးကြဘူး။ ငါနဲ့ ဘယ်သူမှလည်း လာမနေပေးကြဘူးလေ၊ အခုတော့ ငါစဉ်းစားမိပြီ နင်လည်းအဆောင်နေနေရတဲ့အတူတူ ငါနဲ့အတူလာနေပါလား။ငါ့မှာသူငယ်ချင်းအရင်းအချာတစ်ယောက်ရှိရင် အဖေတို့က ရပ်ကွက်ကောင်းကောင်းတစ်ခုမှာ တိုက်ခန်းဝယ်ပေးမှာပါ။"





"နီးတကျက်ကျက်...ဝေးတသက်သက် ဆိုတာမျိုးဖြစ်နေဦးမယ် မိုးပြာရယ်၊ နင်နဲ့ငါ အတူတူနေကြမှ တစ်ယောက်နဲ့ တစ်ယောက်မကြိုက်တာတွေ တွေ့လာပြီး မခေါ်နိုင် မပြောနိုင်တွေ ဖြစ်လာမှာ စိုးရိမ်တယ်။ အခုလို ခင်နေရတာ ပိုကောင်းမယ်ထင်တယ်"

"အံမယ်...နင်နဲ့ငါ ဒီလောက်အကြိုက်တူ စရိုက်တူတာ ပေါင်းလို့မရစရာလား"

ကျွန်မဘယ်လိုငြင်းငြင်းမရ၊ နောက်ဆုံးတော့ မိုးပြာဟာ ကျွန်မမေမေဆီအထိပါ အလည်လိုက်လာပြီး ခွင့်သွားတောင်းတော့သည်။ သူ့မိဘတွေကလည်း ရန်ကုန်ကို ခဏခဏဆင်းလာကာ ကျွန်မကို မိုးပြာနဲ့အတူ နေဖို့ တိုက်တွန်းပြန်သည်။ နောက်ဆုံးတော့ မေမေကပဲ ဆုံးဖြတ်ပေးပြီး

"ဒီတိုင်းကြီး အလကားတော့ မနေပါနဲ့၊ အဆောင်မှာပေးရတဲ့ လခ အတိုင်းပေးမယ်၊ မီတာခ၊ ရေဖိုး ဘာညာ မျှခံမယ် ပြောပြီး နေလိုက်ပါ သမီးရယ်။ ဘာပဲဖြစ်ဖြစ် အဆောင်မှာနေရတာထက်စာရင် သမီးအတွက်လည်း ပိုအဆင်ပြေပါတယ်။ မိုးပြာကလည်း စိတ်ထားကောင်းတဲ့ မိန်းကလေးပါ။ သူနဲ့ဆိုရင်တော့ မေမေ စိတ်ချတယ်"

မေမေဆုံးဖြတ်ပေးတာကြောင့် ကျွန်မလည်း မိုးပြာ့အလိုကျ သူ့မိဘတွေစိတ်ကြိုက် ရွေးချယ်ဝယ်ပေးသော အခန်းမှာလိုက်နေဖြစ်ခဲ့ပါသည်။ အခုဆိုတစ်နှစ်နီးပါးတောင် ရှိတော့မည်။ အတူတူနေကြရတဲ့ အခါမှာတော့ မိုးပြာဟာ သူတစ်ပါးပေါ်အစစအရာရာ သိတတ်နားလည်မှု



burmeseclassic.com

burmeseclassic.com



ပေးနိုင်သော မတွက်ကပ်တက်သော၊ သူ့စည်းကိုယ်စည်းရှိတက်သော မိန်းမကောင်းအဖြစ်အမှတ်ပေးမိသည်။ ဒီလိုနဲ့ပဲ တစ်ယောက်နဲ့တစ်ယောက် အဆင်ပြေပြေအတူနေလို့ရသွားပါသည်။

မိုးပြာက Biography (ဘိုင်အိုဂရပ်ဖီ) ကိုယ်ရေးအတ္ထုပ္ပတ္တိလိုမျိုး ရေးရတာ ဝါသနာပါသဖြင့် ပထမတစ်အုပ်ကို ထုတ်ဝေသူဆီသွားပြပြီး တုတ်ဝေပြီးပြီမို့ စာရေးဆရာမပေါက်စလည်း ဖြစ်နေပါသည်။ ပထမ တစ်အုပ်ကတော့ ဘာသာပြန်စာအုပ်သဘောမျိုးဖြစ်သည်။

နိုင်ငံရပ်ခြားမှာ အသက်ငယ်ငယ်နဲ့ အောင်မြင်နေသော အင်တာနက်လုပ်ငန်းရှင်များ အကြောင်းဖြစ်သည်။ ယခု ဒုတိယ တစ်အုပ်ကတော့ မြန်မာပြည်မှာပဲ အသက်ငယ်ငယ်နဲ့ အောင်မြင်နေကြသော စီးပွားရေး လုပ်ငန်းရှင်များအကြောင်းဖြစ်သည်။ ထိုစာအုပ်ကို ပြင်ဆင်နေတာကြာပြီ။ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးကို တွေ့ဆုံမေးမြန်းကာ သူ့မသိပြီးသော အချက်အလက်များနှင့်ပေါင်းပြီး စာအုပ်ရေးသားနေခြင်းဖြစ်သည်။

အခုကျွန်မ သွားတွေ့ပေးရမည့်သူကား မိုးပြာရဲ့စာအုပ်အတွက် တွေ့ဆုံမေးမြန်းဖို့လိုသော နောက်ဆုံးတစ်ယောက်ဖြစ်သည်။ ကျွန်မအတွက်တော့ တစ်ခါမှမလုပ်ဖူးသော အလုပ်ကို ကိုယ်စားလုပ်ပေးရမှာ ဖြစ်လေသည်။

အဲဒီလူ နာမည်ကတော့ လူမမြင်ဖူးခင်ထဲက မကြာခဏ ကြားဖူးနေသော စီးပွားရေးလုပ်ငန်းရှင် ဦးရဋ္ဌသီဟ ဟူသည့် အခေါ်ရခက်သော နာမည်နဲ့ လူတစ်ယောက်ဖြစ်လေသည်။

* * *

# အပိုင်း(၁)

burmeseclassic.com

burmeseclassic.com

# (၁)

ကျွန်မရောက်သွားသော အချိန်တွင် ဆယ့်တစ်နာရီထိုးရန် ဆယ်မိနစ်သာ လိုတော့သည်။ မိုးပြာက

"ကားတိုးမစီးနဲ့နော် ဒေါ်ကပ်စီး။ ဒီတစ်ခါတော့ တက္ကစီနဲ့ သွားပါ ငါ အကုန်ခံပါ့မယ်"

ဟုပြောပြီး အငှားကား အတင်းစီးခိုင်းသဖြင့် ဒီကုမ္ပဏီကြီးရှိရာကိုတော့ တက္ကစီနဲ့ လာဖြစ်ခဲ့ပါသည်။ ဒါတောင် ကားလမ်းပိတ်လှသဖြင့် အစောကြီးကြိုထွက်လာတာတောင် ဆယ့်မိနစ်အလိုမှ ရောက်လေသည်။

ဆယ်ထပ်မျှရှိသော အဆောက်အအုံကြီးတစ်ခုလုံးက ကျွန်မသွားတွေ့ရမည့် သူဌေးပိုင်သော အဆောက်အအုံဖြစ်သည်။ သူ့ရုံးခန်းကတော့ အပေါ်ဆုံးဆယ်ထပ်ကို ယူထားသည်ဟုသိရသည်။ ကျန်တဲ့အထပ်တွေအသီးသီးမှာလည်း ရုံးခန်းတွေချည်း သီးသန့်ဖွင့်ဖို့ ငှားထားကြောင်း မိုးပြာ ပြောထားသဖြင့် သိပြီးပါသည်။ လေယာဉ်လက်မှတ် ရုံးခန်းများ၊ ရှေ့နေ ရုံးခန်းများနှင့် အခြားကုမ္ပဏီ ရုံးခန်းများရှိသော အထပ်တွေကို ဖြတ်ကျော်ပြီးမှ ဆယ်ထပ်ကိုရောက်မည်။ အဲ့ဒီဆယ်ထပ်မှာတော့ ဦးရွှေ





သိဟာ၏ ORION (အိုရိုင်ယွန်) အမည်ရှိ ကုမ္ပဏီကြီးရဲ့ရုံးခန်းပင်။

ဓာတ်လှေကားမှ တစ်ဆင့်တစ်ထပ်ပြီးတစ်ထပ်တက်သွားသော အထပ်နံပါတ်တွေကို လိုက်ကြည့်လိုက် လေးဖက်လေးတန်ကာထားသော ဓာတ်လှေကားအတွင်းမှ မှန်ချပ်တွေထဲမှာ ပေါ်နေသည့် ကိုယ့်ပုံကိုယ် အဆင်ပြေ၊ မပြေကြည့်လိုက်ဖြင့် အထပ်တွေကို ကျော်ဖြတ်ခဲ့သည်။

ကျွန်မဒီနေ့ဝတ်လာသော ဝတ်စုံကို မိုးပြာပဲ အတင်းဝင်ရွေးပေးတာဖြစ်သည်။ များများစားစား မရှိလှသော ဝတ်စုံတွေထဲကမှ မိုးပြာက ကျွန်မနဲ့ အလိုက်ဆုံး ဆိုသည့် ဝတ်စုံကို ရွေးပေးလိုက်တာဖြစ်သည် အပြာဖျော့နှင့် ခရမ်းရင့်ရောင် အပွင့်လှလှလေးတွေပါသော လက်တံတောင်ထိ သာရှည်သည့် အသားပျော့ပျော့ ရယ်ဒီမိတ်အကျီ ၤလေးနှင့်အနက်ရောင် ဝတိုင်လ် ဘောင်းဘီရှည်ကို တွဲဝတ်စေသည်။ ဝတိုင်လ်ပင်က ခြေသလုံးဘက်မှာ တော်တော်လေးစပ်ပွပွ ပုံစံဖြစ်သည်။ ဒေါက်အနည်းငယ်ပါသော ဒေါက်မြင့်အဖြူလေးကတော့ ကျွန်မရဲ့ ဖိနပ်မဟုတ်ပါ။ မိုးပြာရဲ့ဖိနပ်ပါ။ မိုးပြာက အတင်းစီးခိုင်း၍ သက်တောင့်သက်သာ မရှိစွာ စီးလာရတာဖြစ်သည်။

"ငါက ရှူး(စ်) အပါးလေးပဲ စီးနေကျပါဟယ် မစီးပါရစေနဲ့"

ဟုငြင်းတာမရ။

"ဖိနပ်အပါးနဲ့ ဘောင်းဘီရှည်ကြီးနဲ့ မလိုက်ပါဘူး နင်ကလည်း"

"ဒါကြောင့် ငါရိုးရိုးပဲ စကပ်လုံချည် ဝတ်မယ်ဆိုတော့ နင်က အတင်းပြန်ဝတ်ခိုင်းတာလေ"

"နင်ကသာ ဘောင်းဘီရှည် မကြိုက်လို့ သိပ်မဝတ်တဲ့ ဒီတစ်ထည်တောင် ငါအတင်းဝယ်ခိုင်းလို့ နင်ဝယ်ထားတာငါသိပါ



burmeseclassic.com

burmeseclassic.com



သယ်။ ဝယ်ပြီးတစ်ခါလေးဝတ်ဖူးပြီး ချောင်ထိုးထားတာလည်း ပါသိတယ်။ ဒါပေမဲ့ နင်ကကိုယ်လုံးသွယ်သွယ်နဲ့ ပေါင်တံက ရှည်ရှည်ဖြောင့်ဖြောင့်လေးဆိုတော့ ဘောင်းဘီရှည်နဲ့ သိပ်လိုက်တာပဲသိလား။ အဲ့ဒါငါပြောဖူးသားပဲ၊ နင်ကလက်မခံဘဲ တစ်ခါလာလည်း စကပ်ရှည်၊စကပ်လုံချည်နဲ့ နင့်ရဲ့အတိုဆုံးဆိုတဲ့စကပ်က ဒူးတော့ဖုံး သေးတယ်။"

"ဘြော် ဆိုင်ဆိုင် မဆိုင်ဆိုင်ပေါ့ဟယ် လူတစ်ယောက်ရဲ့ဝတ်စားဆင်ယင်မှုကြောင့်သူလဲ မျက်စိပဒေသာဖြစ်မယ်ဆိုရင် သူ့ရဲ့ဖြေဆိုမှုဟာလည်း အဆင်ပြေပြေဖြစ်လာမှာပေါ့ ၊ ငါကြားဖူးသလောက်ကတော့ ဦးရဌသီဟ ဟာနည်းနည်းတော့ လျှို့ဝှက်တယ်တဲ့။ ပြီးတော့ ဘဝင်လဲမြင့်သတဲ့၊ ဒီတော့ ငါလိုချင်တဲ့ အဖြေတွေ သူ့ရဲ့ဘဝင်မြင့်မှုကြောင့် မရလိုက်မှာ စိုးလို့"

အဲ့ဒါနဲ့ပဲ ကျွန်မဟာ မိုးပြာရဲ့ ရွေးချယ်ဆင်ယင်မှုနဲ့ ဒီကို ရောက်ရလေပြီ။

ကျောလယ်မရောက်တရောက် ကျွန်မရဲ့ဆံပင်တိုကိုတော့ အမြဲလိုလိုပင် ပိုနီတေးလ်ခင်မြင့်မြင့်လေး စည်းနှောင်ထားနေကျအတိုင်း ဒီနေ့လည်း စည်းနှောင်ထားခဲ့သည်။ ကျွန်မရဲ့ လွယ်နေကျ ပခုံးက သားရေအိတ်ကြီးထဲမှာတော့ မိုးပြာပေးလိုက်တဲ့ မေးခွန်းဖိုင်တွဲရယ်၊ ရီကော့ဒါရယ်၊ ကျွန်မရဲ့ပိုက်ဆံအိတ်နဲ့ အသုံးအဆောင်ပစ္စည်း တွေပါပါသည်။

ရုံးခန်းရှိရာ အထပ်မှာ ဓာတ်လှေကားက "တင်" ဟု အသံမြည်ပြီး ရပ်သွားပါသည်။ ဓာတ်လှေကားထဲက ထွက်လိုက်တာနဲ့ အေးစိမ့်သော ပတ်ဝန်းကျင်သစ်လို ခံစားရသည်။ ကြွေပြားများ ခင်းထားသော ကြမ်းပြင်၏





ပြောင် လက်မှုမှာ ကိုယ့်အရိပ်ကိုယ်ပြန်မြင်နေရသည်။

Reception ရီစက်ရှင်းဟု စာတန်းပါသော ဘလော့(ခ်)တုံးလေး တင်ထားသည့် ကောင်တာနောက်ကွယ်မှာတော့ မိတ်ကပ်အပြည့်နှင့် လှပသားနားစွာထိုင်နေသည့် အမျိုးသမီး ခပ်ချောချော တစ်ယောက်ကို တွေ့ရသည်။

"ဦးရဌသီဟနဲ့ တွေ့ဖို့ပါရှင်၊ ဆယ့်တစ်နာရီ အပွိုင့်မင့်န် ယူထားပါတယ်။"

"ခဏလေးနော်…ကြည့်ပေးမယ်"

အမျိုးသမီးက ကွန်ပျူတာကို တောက်တောက်နှိပ် လိုက်ပါသည်။

"အိုကေ…ဟုတ်ပါပြီ၊ မခင်မိုးပြာနော်"

"ခင်မိုးပြာ နေမကောင်းလို့ သူ့အစား လာပေးတာပါ။

"မြသွေးနီ" ပါရှင်

ဦးရဌသီဟ ကို ကြိုတင်ဖုန်းဆက်ပြီးလို့ သူသိပြီလို့ ခင်မိုးပြာ ပြောပါတယ်"

"ဟုတ်ပြီ . . ဟုတ်ပြီ . . ဒါဆို ခဏလေးနော် ကျွန်မ သတင်းပို့ပေးမယ်"

အမျိုးသမီးက ချက်ချင်းပင် သူမစားပွဲပေါ်မှ ဖုန်းကို ကောက်ကိုင်လိုက်ပြီး နံပါတ်တချို့ကိုနှိပ်လိုက်သည်။ ကျွန်မကတော့ ရုံးခန်းအကျယ်ကြီးကို တစ်ချက်ဝေ့ကြည့် အကဲခတ်လိုက်ပါသည်။ သူ့အကန့်နဲ့သူ၊ သူ့စားပွဲနှင့်သူ့ကွန်ပျူတာကိုယ်စီနဲ့ အေးအေးလူလူ အလုပ်လုပ်နေသော ဝန်ထမ်းတွေရှိနေပါသည်။ တစ်ရုံးခန်းလုံး တိတ်ဆိတ်နေတာမျိုးမဟုတ်ဘဲ ရေဒီယိုကို တစ်ခန်းလုံးကြားအောင် ဖွင့်ထားသည်။ FM ရေဒီယိုလိုင်းမှ သီချင်းလွှင့်သံ



burmeseclassic.com

burmeseclassic.com



ကိုကြားနေရသည်။

"ဦးရွှေက ဝင်လာလို့ရပြီလို့ ပြောပါတယ်"

ဧည့်ကြိုအမျိုးသမီးညွှန်ပြရာ ရုံးခန်းသို့ ကျွန်မ လျှောက်သွားလိုက်ပါသည်။ ပိတ်ထားသော အခန်းတံခါးကို အသာတစ်ချက်ခေါက်လိုက်လျှင်

"ဝင်ခဲ့ပါလော့(ခ်) မလုပ်ထားပါဘူး"

ဟူသော ပြန်ဖြေသံကြောင့် ကျွန်မတံခါးဘုကို အသာလှည့်၍ ဖွင့်လိုက်ပါသည်။

အခန်းတွင်းသို့ ခြေလှမ်းလိုက်လျှင်

"အံမလေး"

ကျွန်မ ပါးစပ်မှ ယောင်၍ ရေရွတ်လိုက်သံနဲ့အတူ လူက ဟပ်ထိုးလဲပါသည်။ ဘယ်က ဘယ်လိုဖြစ်သွားသည် မသိ။ လူက ဒူးတုပ်လဲကျသွားသဖြင့် ဦးရွှေသီဟ ဆိုတာ ဘယ်လိုပုံစံလဲဆိုတာပင် မကြည့်လိုက်ရခင်မှာ အရှက်ကွဲနေပြီ။ မြန်မာပြည်မှာ ကျွန်မလောက် ရုပ်တီးရုပ်ပြာနိုင်ပြီး မကြာခဏ ခလုပ်တိုက်ချော်လဲတဲ့ မိန်းကလေးလဲ ရှိမယ်မထင်။ ကျွန်မက ဒီလိုပဲ တစ်ခါတလေ ဘာမှခလုပ်တိုက်စရာမရှိရင်တောင် ကိုယ့်ခြေထောက်ချင်းပြန်ခလုပ်တိုက်ပြီး ချော်လဲချင် ချော်လဲ နေတက်သူမျိုးလေ။

"ဘယ်နာသွားလဲ"

ကျွန်မ ပြန်မထရခင်မှာ ကျွန်မရှေ့နား ခြေထောက်တစ်စုံ ရောက်လာကာ လက်ကမ်းပေးမလို ဟန်ဖြင့် ခေါင်းငုံ့မေးလိုက်သော အရိပ်တစ်ရိပ်ကို မော့ကြည့်လိုက်ပါသည်။

ဘုရားရေ တော်တော်ချောတဲ့လူပါပဲ။ ချောတယ်ဆိုတာထက် ဆွဲ





ဆောင်မှုအပြည့်ရှိသော ရုပ်ရည်မျိုးလို့ ပြောရင်ပိုမှန်လိမ့်ထင်တယ်။ ဦးရွှေသီဟ ဟာ ဒီလောက်ချောနေလိမ့်မယ်လို့ ထင်တောင်မထင်ဘူး။ အသက် နှစ်ဆယ့်ကိုးနှစ်၊ လူပျို၊ စီးပွားရေးလုပ်ငန်းရှင် သူဌေးဟူသော အချက်အလက်တွေ ကျွန်မခေါင်းထဲ ချက်ချင်းရောက်လာသည်။ မနေ့ကမှ မိုးပြာ နှုတ်တိုက်သင်ထားသော အချက်အလက်တွေကို ကျွန်မ သတိရသွားတာဖြစ်သည်။

သူကတော့ သူ့ရှေ့မှာ မမျှော်လင့်ဘဲ မိန်းကလေးတစ်ယောက် ခလုပ်တိုက်ပြီး ဒူးထောက်လဲကျကာ မှောက်ရက်လဲတော့မလို ပုံစံကို ကြုံလိုက်ရတာကြောင့် အားနာနေဟန်ဖြင့် ပြုံးရမလို၊ တည်ရမလို မျက်နှာ ဖြင့်ဖြစ်နေသည်။ လက်ကမ်းနေပုံက ကိုယ်နဲ့မရင်းနှီးသော မိန်းကလေး တစ်ယောက်လည်းဖြစ်နေသည်မို့ ဆွဲထူပေးလိုက်ရမှာလည်း ခပ်ရွံ့ရွံ့ပုံစံဖြစ်နေသည်။

ကျွန်မ ကိုယ့်ဘာသာပဲ လက်ထောက်၍ကြိုးစားထရင်း

"အဟင်း ...ရပါတယ် ...မနာပါဘူး... ကျွန်မက ဒီလိုပဲ ခလုပ်တိုက် ချော်လဲတာ ခဏ ခဏမို့ ရိုးနေပါပြီ"

ခပ်ရှက်ရှက်နဲ့ ရယ်မောပြောလိုက်ရပါသည်။ ဟင်း..ငါ့နှယ် ဖြစ်မှ ဖြစ်ရလေ၊ ယောကျ်ားတစ်ယောက်ရှေ့မှာမှ ခလုပ်တိုက်ချော်လဲရတယ်လို့ လေ၊ သေတော့မှာပဲ...။

"ထိုင်ပါ..."

သူက သူနှင့်မျက်နှာချင်းဆိုင်ဖြစ်သော ဆုံလည်ကုလားထိုင်မှာ ထိုင်ဖို့ လက်အသာပြလိုက်သလို သူကိုယ်တိုင်လည်း သူ့ရဲ့အလုပ်စားပွဲကြီး နောက်က လည်သာ ဆုံလည်ကုလားထိုင်မှာ ဝင်ထိုင်ပါသည်။ သူနဲ့ ကျွန်မ



burmeseclassic.com

burmeseclassic.com



အလယ်မှာ ကြီးမားကျယ်ပြန့်လှသော မဟော်ဂနီရောင် ကျွန်းသားအလုပ်စားပွဲကြီးတစ်ခုခြားပြီး မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသလို ပုံစံမျိုးဖြစ်ပါသည်။

သူ့အလုပ်စားပွဲပေါ်မှာတော့ လက်(ပ်)တော့(ပ်)ကွန်ပျူတာလည်းရှိသလိုရုံးသုံးမှန်ပြားကွန်ပျူတာကြီးတစ်လုံးလည်းရှိသည်။ဘော်ပင်နံ့ခဲတံစသည့်အရာတွေထည့်ရာ ခရမ်းရင့်ရောင် ခွက်လှလှလေးလည်းရှိသည်။ခရမ်းရင့်ရောင် သစ်ခွပန်းတစ်ပွင့်သာထိုးထားသောရှည်မျောမျောခပ်ပိန်ပိန်အိုးလေးတစ်လုံးရှိသည်။ရုံးသုံးတယ်လီဖုန်းရှိသည်။တယ်လီဖုန်းကလည်း ထူးထူးဆန်းဆန်း ခရမ်းရင့်ရောင်ဖုန်းဖြစ်သည်။ မိသားစု ဓာတ်ပုံတစ်ပုံပဲ၊ ဘယ်သူ့ပုံလဲမသိရသော ခရမ်းရင့်ရောင်မှန်ဘောင်ဖြင့် ထည့်ထားသည့် ဓာတ်ပုံတစ်ပုံလည်းရှိပြီးထိုပုံက သူ့ဘက်ကို လှည့်ထောင်ထားသဖြင့် ဘယ်သူ့ ပုံမှန်းကျွန်မ မသိတာဖြစ်သည်။

အခန်းက မကျဉ်းလှပေမဲ့ သိပ်အကျယ်ကြီးညွှန့်နေအောင်ပြင်ထားတဲ့ ရုံးခန်းမျိုးတော့မဟုတ်ပါ။ သို့သော် သူ့နေရာနှင့်သူ ပစ္စည်းလေးတွေ သပ်ရပ်စွာပြင်ဆင်ထားသောကြောင့် အားလုံးပြီးပြည့်စုံပြီး ရှင်းလင်းနေသည်။ ထောင့်တစ်နေရာမှာ ကော်ဖီအိုး၊ မိုက်ခရိုဝေ့(ဗ်)မီးဖိုနှင့် ရေပူရေအေး သောက်လို့ရတာ water cooler (ဝါတာကူးလား)တို့ တင်ထားသည့် Bench (ဘန့်ရှ်) သီးသန့်ရှိသလို ဘယ်သူထိုင်ဖို့မှန်း မသိသော ခရမ်းရင့်ရောင် ဆိုဖာနှစ်ယောက်ထိုင်ခုံတစ်လုံးလည်းရှိနေသည်။ အင်း..ဦးရဿီဟ ဟာ ခရမ်းရင့်ရောင်ကြိုက်သူလား၊ ဒါမှမဟုတ် သူ့ရဲ့ တစ်စုံတစ်ယောက်ကများ ခရမ်းရင့်ရောင်ကြိုက်လို့ ဒီလိုပြင်ဆင်ထားသလား။

အခန်းနံရံတွေကလည်း ခရမ်းရင့်ရောင်ဆေးသုတ်ထားပြီး နံရံမှာ





ချိတ်ထားသော ရွှေရောင်မှန်ဘောင်နဲ့ ပန်းချီကားကလည်း အဖြူရောင်ခံမှာ ခရမ်းရင့်ရောင် သစ်ခွများပုံရေးဆွဲထားသော ပန်းချီကားကြီးဖြစ်ပါသည်။ ခရမ်းရင့်ရောင်ထဲက မထွက်နိုင်တော့သလို ခံစားလိုက်ရသည်။

"မခင်မိုးပြာ ကိုယ်စားလှယ်လိုက်တဲ့သူဆိုတော့ သူလိုပဲ အတွေ့ပွတ္တိ စာအုပ်ရေးသူပဲလား"

ကျွန်မ စ. မမေးခင် သူကအရင်မေးလိုက်သည်။ ဆုံလည် ထိုင်ခုံရဲ့ လက်တန်းတွေကို တံတောင်နှစ်ဖက်တင်ထားပြီး လက်ဖဝါးချင်း ပြန်ယှက်လျက် နောက်ကျောကို ခပ်မှီမှီထိုင်နေပုံက သူ့ကိုယ်သူ ယုံကြည်ချက်အပြည့်ရှိသလို သက်တောင့်သက်သာလည်းရှိလှပါသည်။

"မဟုတ်ဘူးရှင့်...ကျွန်မက သူနဲ့ သိပ်ခင်တဲ့ သူငယ်ချင်းပါ"

"သူငယ်ချင်းတွေလား"

ဘုရားရေ ကျွန်မက လာရောက်တွေ့ဆုံမေးမြန်းသူလား။ သူက ပြန်မေးတာခံရမဲ့သူလား။ ကျွန်မ စိတ်ထဲမှာ ခပ်ရွဲ့ရွဲ့ မေးမိသည်။ သူ့ရှေ့မှာ ခလုပ်တိုက်ချော်လဲထားလို့ ရှက်မနေအောင် တမင်ဘဲ စကားတွေ စပြောတာလား။ ဒါမှမဟုတ် စိတ်သိပ်ပါလှတာမဟုတ်ပါဘဲ ယဉ်ကျေးမှုအရစကား ပြောဖော်ရှေ့ဖို့အတွက် ဒီစကားတွေ မေးနေသလား ကျွန်မ မခွဲခြားတတ်တော့ပါ။ သူကတော့ သူမေးတဲ့မေးခွန်းတွေကိုကျွန်မဖြေကိုဖြေရမယ်ဆိုတဲ့ သဘောနဲ့ ကျွန်မကို အသေအချာ စိုက်ကြည့်ကာ အဖြေကို စောင့်စားနေပါသည်။

"နိုင်ငံခြားဘာသာ တက်တော့မှ ဆုံတာပါ။ ဒါပေမဲ့ ကျွန်မတို့က ရေရှရေစက်ပါတယ် ထင်တယ်၊ ငယ်ပေါင်းတွေလိုပဲ အရမ်းခင်မင်ကြတယ်..."



burmeseclassic.com

burmeseclassic.com



"သြော်...ပြင်သစ်ဘာသာ အတူတက်ကြတယ်ပေါ့"

ပြင်သစ်ဘာသာတက်နေကြောင်းကိုတော့ မိုးပြာကြောင့် သူ ဆက်စပ်ပြီးမေးပုံရသည်။ ကျွန်မ ခေါင်းပဲ အသာညိတ်ပြလိုက်ကာ ကျွန်မရဲ့ ကြီးမားသော ပခုံးလွယ်သားရေအိတ်ကြီးရဲ့ဇစ်ကို ဂျိကနဲ အသံမြည်အောင် ဆွဲဖွင့်လိုက်သည်။

"ဦးရွှေသီဟာ အဆင်သင့်ဖြစ်ရင် မေးခွန်းတွေ စမေးတော့ မယ်နော်"

"အဆင်သင့်ပါပဲ"

"ကျွန်မတို့ တစ်နာရီပဲ အချိန်ရတာဆိုတော့ မေးခွန်းတွေ မပြီးမှာ စိုးလို့ပါ။"

"မခင်မိုးပြာက မေးခွန်းတွေကြိုမပေးဘူးဆိုတော့ ကျွန်တော် ဘာမှ ကြိုတင်ပြင်ဆင်ထားလို့မရဘူး၊ ဒီတော့ တစ်နာရီအတွင်း မှာ သူ့ရဲ့ မေးခွန်းတွေအတွက် ပြည့်စုံမဲ့ အဖြေကို ရချင်မှ ရလိမ့်မယ်"

"ကျွန်မတို့ကြိုးစားကြည့်ကြတာပေါ့လေ"

ကျွန်မ မိုးပြာပေးလိုက်တဲ့ မေးခွန်းတွေရေးထားသော ဖိုင်တွဲကို ဖွင့်လိုက်သည်။ ပြီးတော့ အိတ်ထဲမှာ ပါလာသည့် ရီကောဒင်းလုပ်ရမဲ့ စက်လေးကို ထုတ်လိုက်သည်။ အခုခေတ်မှာ ဟန်းဖုန်းမှ တစ်ဆင့် ရီကော့ဒင်း လုပ်လို့ရသော်လည်း မိုးပြာကတော့ ဟန်းဖုန်းမသုံးပါ။ တကယ့် ရီကော့ဒင်း ကတ်ဆက်သီးသန့်ကို ဝယ်ထားပါသည်။ မိုက်ခရိုဖုန်းလဲပါက အသံကို ကြည်ကြည်လင်လင် ဖမ်းယူနိုင်သည့်ဟု မိုးပြာပြောထားပါသည်။ စက်ကိုထုတ်ပြီးမှ မိုက်ခရိုဖုန်းကြီးနဲ့ ဘယ်လိုဆက်သွယ်ရမလဲ၊ ဘယ်ခ





လုတ်ကို နှိပ်ရမလဲ၊ ရီကော့ဒင်းလုပ်တဲ့ disc စီဒီပြားထည့်ဖို့ ဘယ်ခလုတ် ကို နှိပ်ရမလဲ . . .စသည်ဖြင့် ကျွန်မ ပြာယာခပ်ကာ ယောင်ဝါးဝါး ဖြစ်နေ ပြန်သည်။ မနေ့က မိုးပြာသေသေချာချာ ပြထားတာပါ။ လွယ်လွယ်လေး ဆိုပြီး ငါလည်းမှတ်မိနေတာပါ။ အခုမှ ဘယ်လိုဖြစ်ပြီး မေ့ကုန်တာပါလိမ့်။ ယောက်ျားပျို့ တစ်ယောက်ရှေ့မှာ ခလုပ်တိုက်ချော်လဲထားလို့ ရှက်တဲ့ အရှိန်နဲ့လား။ ဒါမှမဟုတ် ကျွန်မကို သားကောင်တစ်ကောင်ချောင်းသလို မလွှတ်တမ်း စိုက်ကြည့်နေတဲ့ ဦးရွှေသီဟာရဲ့မျက်လုံးတစ်စုံကြောင့်လား။

"ဆောရီးပါရှင်...ဒီစက်က ကျွန်မအတွက် သုံးလေ့သုံးထ မရှိတဲ့ စက်မို့ ယောင်ဝါးဝါး ဖြစ်နေတယ်"

အေးစိမ့်လှသော လေအေးစက်ရှိရာ အခန်းတွင်ပေမဲ့ ကျွန်မ ချွေးတောင်စို့လာသည်။ သေတော့မှာပဲ။ ဒီစက်ကို ငါကောင်းကောင်း ကိုင် တက်ရဲ့သားနဲ့ အယောင်ယောင်အမှားမှား ဖြစ်နေတာနဲ့ အချိန်တွေကုန်နေ ပြီ။ တစ်နာရီပဲ အချိန်ပေးတာ ခုတောင် မိနစ်နှစ်ဆယ်လောက် ကုန်ပြီးနေပြီ။

"ရပါတယ်...၊ အေးအေးဆေးဆေးလုပ်ပါ။"

မအေးဆေးလို့ မရပါဘူး "ဦးရွှေသီဟ" ရယ် . . ။ ရှင်က အချိန် တစ်နာရီပဲပေးတာ မေးခွန်းတွေ အကုန်မပြီးရင် မိုးပြာကို အကူအညီ ပေးရ တာ အရာမထင်သလို ဖြစ်သွားမှာပေါ့။

"ဟော . . . ရပြီ . . .အဟင်း . . . ကျွန်မနည်းနည်းပြန်မေ့သွားလို့ ဒီစက်ကို သုံးဖို့ အချိန်တော်တော်ယူလိုက်ရတယ်"

"ဟန်းဖုန်းနဲ့ အသံရီကော့ထ် လုပ်လည်းရပါတယ်"

"မိုးပြာက...အဲဒါမကြိုက်ဘူး ဆိုလို့ပါ"

"အိုကေလေ . . . ကျွန်တော်ကတော့ ဘာနဲ့ပဲ ဖြစ်ဖြစ် အဆင်ပြေ



burmeseclassic.com

burmeseclassic.com



ပါတယ်။"

"ကဲ...စလိုက်ရအောင်နော်"

"တဆိတ်...ခဏလေးနော်"

သူက လက်တစ်ဖက်ထောင်ပြရင်း ပြောလိုက်တာကြောင့်

"ရှင်...ဘာများပါလိမ့် ဦးရဲ့သီဟ.."

"ဪ... တစ်ယောက်နဲ့တစ်ယောက် မျက်နှာချင်းဆိုင်ပြီး တစ်နာရီနီးပါးလောက် စကားအပြန်အလှန်ပြောမဲ့သူတွေ အနေနဲ့ နာမည်သိ ထားသင့်တယ်လို့ မင်း...မတွေးမိဘူးလား"

ဪ...သူ ကျွန်မ နာမည်ကို သိချင်သတဲ့လား။ သူ့ရဲ့ရီဆက်ရှင်းက မိန်းမက ပြန်မပြောထားဘူးလား။

"ဦးရဲ့သီဟ သိပြီးပြီထင်လို့ပါ။ ကျွန်မ နာမည်ကို ရီဆက်ရှင်မှာ ပြောထားပြီးသားမို့ပါ။

"ကျွန်တော် မသိရသေးပါဘူး"

"ကျွန်မနာမည် မြသွေးနီပါ"

"နာမည်က တော်တော်ကို ရဲရင့်တဲ့ အဓိပ္ပာယ်ပဲနော်"

ကျွန်မ အသာအယာပင် ပြုံးလိုက်ပါသည်။

ရီကော့ဒါ စက်ကို စတင်ဖွင့်လိုက်သောအခါ တရှဲရှဲ အသံကို စ, ကြားရသည်။ ကျွန်မ မေးခွန်းစာရွက်ကိုကောက်ကိုင်လိုက်ပါသည်။ မိုက်ခရိုဖုန်းကို တေ့လျက်

"ဦးရဲ့သီဟ ဘယ်အရွယ်မှာ စီးပွားရေးကို စတင် စိတ်ဝင်စားခဲ့တာလဲ။ သိပါရစေ"

ကျွန်မ မေးပြီးပြီးချင်း မိုက်ခရိုဖုန်းကို သူ့ဘက်ပြန်ဦးတည်လိုက်





သည်။ သူ့အဖြေကို ရီကော့ဒ် လုပ်ဖို့ အဆင်သင့်ဖြစ်နေပြီ။

"ကျွန်တော် အသက်ဆယ့်ကိုးနှစ်မှာ စီးပွားရေး လောကကို လုံးဝ ဝင်ခဲ့တယ်လို့ ပြောရင်ရပါတယ်။ ဒါပေမဲ့ အဲ့ဒီမတိုင်ခင်ကတော့ အသက်ဆယ့်ခြောက်နှစ်အရွယ်လောက်ကတည်းက စီးပွားရေး လုပ်ဖို့ စိတ်ဝင်စားနေပြီ"

ကျွန်မ္မ သူ့ရဲ့အဖြေကို စိတ်ဝင်စားနေမိသည်။ အံ့သြစရာပဲလေ။ အသက်ဆယ့်ခြောက်နှစ်အရွယ်ဆိုတာ တကယ့်ကို စိတ်ပေါ့ပါးပြီး ဘဝကို လေးလေးနက်နက်ဘာမှ မတွေးတက်သေးတဲ့ ဆယ်ကျော်သက်အရွယ် လေးပဲ။ အဲ့ဒီအရွယ်မှာ သူကစီးပွားရေးလုပ်ဖို့ စိတ်ဝင်စားနေပြီဆိုတော့ ဒါဟာ ဘာကြောင့်များပါလိမ့်။ ဘဝပေး အခြေအနေကြောင့်လား။ ဘဝပေး အခြေအနေလို့ ပြောရအောင်လည်းသူ့မိဘတွေကလည်း သိပ်ချမ်းသာတဲ့ သူဌေးတွေလို့ သတင်းကြားထားတာပဲ။ အဖေကလည်း စီးပွားရေးလုပ်ငန်းရှင် အမေကတော့ အထူးကုဆရာဝန်မကြီးဟု သိထားပါသည်။ ဒီလိုမိဘ တွေရဲ့ သားတစ်ယောက်ဟာ သူဌေးသားပီပီ ဘဝကိုပေါ့ပေါ့ပါးပါးလုပ်ဖို့ ဘာကြောင့်စိတ်ဝင်စားခဲ့သလဲ။ မိုးပြာရေးပေးလိုက်တဲ့ မေးခွန်းထဲမှာ မပါပေမဲ့ ကျွန်မ ဒါကိုဆက်မေးကြည့်ချင်သွားပါသည်။ အပိုတွေထည့်မေး လာလို့ မိုးပြာ အတွက် ဘာမှ အနှောင့်အယှက် မဖြစ်ဘူးထင်ပါရဲ့။

"အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ စီးပွားရေးလုပ်ဖို့ စိတ်ဝင်စားနေတယ်ဆိုတော့ ဘာရည်ရွယ်ချက်များရှိလို့ပါလဲ"

"လူတွေ အများကြီးထဲမှာ သာမန်လူမဖြစ်ချင်ဘူး။ ကျွန်တော် ဟာ တစ်စုံတစ်ယောက်ဖြစ်ရမယ် Some body(ဆန်းဘော်ဒီ) ဆိုတဲ့ တစ်စုံတစ်ယောက်ဖြစ်ချင်တယ်။ မိဘက ချမ်းသာတာပဲ၊



burmeseclassic.com

burmeseclassic.com



တစ်နေ့သူလည်း အမွေရရင် ချမ်းသာမှာပဲ ဆိုတဲ့ တခြားလူတွေရဲ့ အမြင်ထဲက ခွဲထွက်ပြချင်တယ် ပြီးတော့…"

သူ လက်တံတောင်ထောက်၍ မေးစေ့ကို လက်ညှိုးလက်မတို့ဖြင့် ထိရုံလေး ကိုင်ထားလိုက်သော အမူအရာပြောင်းကာ

"ကျွန်တော် ကိုယ်ရာတဲ့ ပိုက်ဆံနဲ့ လှူချင်တယ် မိဘမဲ့နေတဲ့ ကလေးတွေကို ကြည့်ရှုစောင့်ရှောက်ချင်တယ်၊ တခြားဘယ် နေရာမှာမှ မလှူခဲ့ဖူးဘူး။ မိဘမဲ့ ကလေးတွေအတွက်ပဲ လှူခဲ့တာ ကြားဖူးမှာပေါ့"

"မကြားဖူးပါရှင်၊ ကျွန်မ အဲ့ဒီလောက်တော့ မသိထားပါဘူး။ မိုးပြာဆိုရင်တော့ သိကောင်းသိလိမ့်မယ်"

"အင်းလေ ထားပါတော့ ကျွန်တော့်မှာ မိဘမဲ့ကလေးတွေနဲ့ ပတ်သက်ရင် ခံစားချက်ရှိလို့ပါ၊ မြသွေးနီ"

သူပထမဦးဆုံးအကြိမ် ကျွန်မ နာမည်ကိုခေါ်လိုက်ပါသည်။ သူ ခေါ်သံမှာ ဘာမှ ထူးခြားလှတာမဟုတ်ပါပဲ၊ ကျွန်မ ရင်ထဲကို အပူစီးကြောင်း တစ်စုံစီးဝင်သွားသလိုပင် ခံစားရစေသည်။

"ကျွန်တော် မွေးစားသား တစ်ယောက်ပါ။"

"ဩော်…"

ကျွန်မ မမေးပါဘဲ သူ့အကြောင်းတွေ ဆက်ပြောသဖြင့် ကျွန်မမှာ မိုးပြာရေးလိုက်သော မေးခွန်းတွေ ဆက်မေးဖို့ အချိန်ရပါ့မလားလို့ စိုးရိမ် နေသည်။

"မိဘမဲ့ ဖေဖေနဲ့ မေမေက ကျွန်တော်အတွက် မိဘရင်းအတိုင်း ပါပဲ။ တကယ်မိဘရင်းနဲ့တော့ အတူမနေခဲ့ဖူးပေမဲ့ မိဘရင်းထက်





တောင်ကောင်းတဲ့ မိဘတွေပါ။"

"ဟုတ်ကဲ့ပါရှင့်၊ ဦးရဋ္ဌသီဟ အခုလို ပြောပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကျွန်မကို တခြားမေးခွန်းလေးတွေ မေးခွင့် ပြုပါဦးလား"

"ရပါတယ်…မေးပါ"

ကျွန်မ မိုးပြာရေးပေးထားသော မေးခွန်းတော်တော်များများကို ဆက်မေးဖြစ်ပါသည်။ ဦးရဋ္ဌသီဟကတော့ သူဖြေချင်ရင်လည်း အရှည်ကြီး ဖြေကာ မဖြေချင်ရင် ခက်တိုတိုပြတ်ပြတ်ပင် ဖြေပါသည်။ ဘာပဲဖြစ်ဖြစ် ကျွန်မ မေးခွန်းတွေ အများကြီး ပြီးသွားသဖြင့် ဝမ်းသာနေဆဲ အပြင်က တံခါးခေါက်သံကြားရသည်။ တံခါးက စေ့ရုံစေ့ထားပေမဲ့ ယဉ်ကျေးမှုအရ အရင်ခေါက်ကြည့်တာဖြစ်သည်။

"ဝင်ခဲ့ပါ။"

တံခါးအသာပွင့်လာပြီးလျှင် ချောမောလှပသော အမျိုးသမီးငယ် တစ်ယောက် တံခါးဝမှာ ရပ်နေတာ တွေ့ရ၏။ ဖြူဥနေသော အသားအရေ နှင့် ရွှေညိုရောင်ဆိုးထားသော ဆံပင်ပုံတို့ကြောင့် ထူးထူးခြားခြားလေး ဖြစ် နေသည်။ ကျွန်မ ကိုယ့်အသားအရေကိုယ်ငုံကြည့်လိုက်မိသည်။ ကျွန်မက တော့ ဖြူလဲမဖြူ၊ ညိုလဲမညိုသော ပုံမှန်အသားအရေနှင့် ဆံပင်လည်းအ ရောင်မဆိုးသော သာမန်မိန်းကလေး တစ်ယောက်သာဖြစ် နေလေသည်။

"ပဲလို… ဦးရဋ္ဌ နောက်ထပ်ချိန်းထားတဲ့ အပွိုင့်မင့်န် ရှိသေးလို့ သတိပေးတာပါ။ ဆယ့်နှစ်နာရီ ဆယ်မိနစ်မှာ အပွိုင့်မင့်န် ရှိပါတယ်။

"Cancel (ကန်ဆဲလ်)လုပ်လိုက်ပါ။"



burmeseclassic.com

burmeseclassic.com



"ဟုတ်ကဲ့ပါ"

ကျွန်မ အံ့သြပြီး သူ့ကိုယ်အသေအချာကြည့်မိသည်။ ကျွန်မရဲ့ အင်တာဗျူး မပြီးသေးတဲ့အတွက် နောက်ထပ်ချိန်းထားတဲ့ သူ့ကို ဖျက်နိုင်းလိုက်ပါသတဲ့။ ဦးရဋ္ဌသီဟရဲ့အတွင်းရေးမှူး ဖြစ်ဟန်တူသော အမျိုးသမီးကတော့ ကျွန်မကို တစ်ချက်အသေအချာကြည့်လိုက်ပြီး တံခါးကို အသာပြန်ပိတ်သွားပါသည်။ ဒီလို သာမာန် မိန်းကလေးအတွက် အချိန်တွေ ဒီလောက်ပေးတာ ဘာဖြစ်လို့ပါလိမ့် ဟု သူမ တွေးရင်တွေးနေလိမ့်မည်။

"မေးစရာရှိတာ ဆက်မေးပါ၊ ရပါတယ်။"

"ကျွန်မ မေးခွန်းတွေ မပြီးတာနဲ့ ဦးရဋ္ဌသီဟ ချိန်းထားတာတွေ ဖျက်လိုက်ရပါပြီ။ အားနာလိုက်တာရှင် . . .။ အစပိုင်းမှာ ကျွန်မ ဗရုတ်သုတ်ခ ဖြစ်နေလို့ မပြီးတာပါ။"

"ကိစ္စမရှိပါဘူး။ ကျွန်တော်က စိတ်မပါရင် ဘာမှမလုပ်ဘူး။ ဒီအင်တာဗျူးကို စိတ်ပါလို့ အချိန်ထပ်တိုးလိုက်တာ၊ ကျွန်တော့်အတွက်တော့ ဘာအနှောင့်အယှက်မှ မရှိပါဘူး"

"အဟင်း ဟင်း ဒါဆိုရင်လဲ အားနာနာနဲ့ပဲ မေးခွန်းတွေ ဆက်မေးရတော့မယ်၊ သိပ်တော့လဲ မကျန်တော့ပါဘူး"

မေးခွန်းတွေကိုပြန်ငုံကြည့်လိုက်တော့ ကျွန်မနည်းနည်း စိတ်ပျက်သွားပါတယ်။ သူ့ရဲ့ Personal(ပါဆင်နယ်လ်)နဲ့ပတ်သက်တဲ့ မေးခွန်းတွေပဲ။ပြဿနာပဲ၊ သူပြောချင်ပုံမလားမသိဘူး၊ မိုးပြာဟာလေလုပ်တော့မယ်။ လူတစ်ယောက်ရဲ့ အတွေ့ပွတ္တိရေးတာ ကိုယ်ရေးကိုယ်တာတွေလို လို့လား။ ဒီစာအုပ်မှာပါတဲ့ တခြားလူတွေကိုရော ကိုယ်ရေးကိုယ်တာ ကိစ္စတွေ မေးသလား။





"ဦးရဋ္ဌသီဟ အသက်နှစ်ဆယ့်ကိုးနှစ်ရှိပါပြီ။ ယောကျ်ားတစ်ယောက်အတွက်ဆိုရင် အိမ်ထောင်ပြုချင်ရင်ပြုသင့်တဲ့ အရွယ် လဲဖြစ်နေပြီဆိုတော့ ဦးရဋ္ဌသီဟရဲ့ မင်္ဂလာသတင်းကို ဘယ်တော့လောက် ကြားရမလဲ"

"ဟုတ်လား . . . အသက်နှစ်ဆယ့်ကိုးနှစ်ဆိုရင် အိမ်ထောင်ပြုသင့်ပြီလား"

သူက ခနဲ့သလို ပြန်မေးသဖြင့် ကျွန်မ ပြန်မဖြေတက်ဘဲ အသာပခုံးတွန့်မိ၏။

"အိမ်ထောင်ရေးဆိုတာ စီးပွားရေးလုပ်သလို Plan ချလို့မရပါဘူး ထားပါတော့လေ၊ ငါတော့အသက်သုံးဆယ်မှအိမ်ထောင်ပြုမယ်ဆိုပြီး ရည်ရွယ်ထားပေမဲ့ ဖူးစာအရ အဲဒီအရွယ်မှာ ပြုဖြစ်ချင်မှ ပြုဖြစ်မယ်၊ဒီထက်လည်းစောသွားတာရှိမယ်၊ နောက်ကျသွားတာတွေလည်းရှိတက်တယ်၊ ဒီတော့အိမ်ထောင်ရေးဆိုတာ ကြိုတင်မစဉ်းစားတာ ကောင်းပါတယ်။"

"ဦးရဋ္ဌသီဟ အဟင်းအဟင်း . . . ဒီမေးခွန်းကို မေးရင် စိတ်တော့မရှိနဲ့နော်၊ ဒါကျွန်မရဲ့အိုင်ဒီယာမဟုတ်ပါဘူး။ မိုးပြာရဲ့အိုင်ဒီယာပါ၊ မေးခွန်းက ဒီလိုပါ . ."

ကျွန်မမေးခွန်းကို အားနာစွာပင် ရွတ်လိုက်ရပြန်သည်။

"ဦးရဋ္ဌသီဟနဲ့ အထင်ကရတွဲနေတဲ့ မိန်းကလေးတော်တော်များများရှိကြတယ်နော် . . . အားလုံးကလည်း စူပါမော်ဒယ်လ်လေးတွေဖြစ်နေကြတယ်။ ဒီတော့ ဦးရဋ္ဌသီဟက အလှအပကြိုက်သူလား၊ ဦးရဋ္ဌသီဟ ရွေးမယ်ဆိုရင် ကိုယ့်စိတ်ကြိုက်ပဲ



burmeseclassic.com

burmeseclassic.com



ရွေးမလား၊ မိဘတွေပါ ကြိုက်မှ ရွေးမလား၊ သိချင်ပါတယ်။"

"ကျွန်တော် အိမ်ထောင်ရေးကို ကျွန်တော်ပဲ ဖန်တီးရွေးချယ်မှာပါ။"

အင်း . . . အခုမှပဲသိတော့တယ်။ ဒီလူက ရည်းစား ခပ်များများပါလား။ တွဲလိုက်တာမှန်သမျှလည်း နာမည်ကြီးမော်ဒယ်လ်တွေနဲ့ ချည်းပဲထင်တယ်။ မိုးပြာကို ပြန်မေးဦးမှ..."

"မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ် ကျင်းပတာ ကြိုက်လား . . . ဒါမှမဟုတ် ပုံမှန်ပွဲလေးပဲ ကျင်းပရတာ ကြိုက်လား"

"ပုံမှန်ပွဲဆိုတာ ဘယ်လိုလဲ"

"ပုံမှန်ဆိုတာတော့ လက်မှတ်ထိုးမယ် မင်္ဂလာဆွမ်းကျွေးပြီးရင် ဧည့်ခံပွဲလုပ်မယ်။ ဒီလောက်ပါပဲ၊ တချို့တွေကျတော့ ပွဲတွေအများကြီးမလိုအပ်ဘဲ ချဲ့တာမျိုးရှိတယ်လေ။ လက်မှတ်ထိုးတာက တစ်ပွဲ၊ ဆွမ်းကျွေးတာက တစ်ပွဲ၊ ဘိသိတ်မြှောက်တာကတစ်ပွဲ၊ ဧည့်ခံတာက တစ်ပွဲ၊ ဒင်နာပါတီက တစ်ပွဲ၊ ငါးပွဲခြောက်ပွဲလုပ်ကြတာလေ။ ပိုက်ဆံဖြုန်းနိုင်တိုင်း လုပ်ကြတာကိုတော့ သာမာန်မင်္ဂလာပွဲလို့ ကျွန်မမထင်ဘူး။ ကြွားဝါးတယ်လို့ ထင်တယ်။ အဟင်းဟင်း . . . အဲ့ဒါက ကျွန်မအယူအဆနော်၊ ဦးရဋ္ဌသီဟဆိုရင်တော့ ဘယ်လိုကျင်းပချင်လဲမသိဘူး"

သူပြုံးလိုက်ပါသည်။ မျက်လုံးတွေ အရောင်တဖျပ်ဖျပ် တောက်ကာ ကျွန်မကို ကြည့်သဖြင့် ကျွန်မ အလိုလိုပင် အနေကျုံ့သွားပါသည်။ သူ့ရဲ့ အိမ်ထောင်ရေး၊ အချစ်ရေးတွေ ဆက်တိုက်မေးနေတဲ့ အတွက်ကျွန်မကပဲ တမင် အထာပေးနေတယ်များ ထင်သလားမသိ။ မဟုတ်ရပါဘူးရှင်၊ ဒါ





မိုးပြာပါ၊ မိုးပြာမေးထားတာတွေပါ၊ ဟင်း . . . မိုးပြာ တော့တွေ့မယ် ဘာလို့ ကိုယ်ရေးကိုယ်တာတွေ ဆက်တိုက်မေးနေရသလဲ မသိဘူး။ တကယ်ပါ မိုးပြာမှာ သူသိပ်ချစ်ရတဲ့ ချစ်သူ ကိုနေခန့်သာ မရှိဘူး ဆိုရင်တော့ မိမိုးပြာနှင့် ဦးရဋ္ဌသီဟကို ကြိုက်လို့များ ဒီမေးခွန်းတွေ ထည့်ထားသလား မေးမိမှာ အမှန်ပင်။

"မင်္ဂလာပွဲနဲ့ပတ်သက်လို့ ကျွန်တော် ဘာစိတ်ကူးမှ မရှိဘူး။ မြသွေးနီ ကြားဖူးလား၊ ယောကျ်ားတွေက မိန်းမလိုချင်လို့ လက်ထပ်ကြတယ်။ မိန်းမတွေကတော့ မင်္ဂလာဆောင်ချင်လို့ လက်ထပ်ကြတယ်ဆိုတဲ့ ဟာသတစ်ခုလေ"

"မကြားဖူးဘူး"

"ကျွန်တော့်အဖြေက အဲ့ဒါပါပဲ၊ ကျွန်တော်မင်္ဂလာဆောင်တွေကို ဘယ်လိုမှ မသုံးသပ်တတ်ဘူး။ အရေးကြီးတာက အားလုံးစိတ်ချမ်းသာဖို့ပဲ မဟုတ်လား"

"ဟုတ်ကဲ့ သိပ်ကောင်းတဲ့ အဖြေပါပဲရှင်"

"မေးခွန်းတွေ ကုန်ပြီလား"

ဟုတ်ကဲ့ ကုန်ပါပြီ အချိန်ပေးတဲ့ အတွက် ကျေးဇူးတင်ပါတယ်"

ကျွန်မ ရီကော့ဒ် ခလုပ်ကို ပိတ်လိုက်ပါသည်။ ပစ္စည်းပစ္စယများကို ကျွန်မရဲ့ ပခုံးလွယ် သားရေအိတ်ကြီးထဲ ထိုးထည့်လိုက်ပါသည်။ ကိုယ့်ကို သားကောင်တစ်ကောင်ချောင်းသလို ကြည့်နေသော မျက်လုံးတစ်စုံရှေ့မှာ အလုပ်လုပ်ရတာ မလွယ်ပါ။ သူ ဘာကြောင့် ကျွန်မကို စိတ်ဝင်တစား စိုက်ကြည့်တာပါလိမ့်၊ ကျွန်မမှာ ဘယ်နေရာ ဟာကွက်ရှိမလဲလို့ ကြည့်ရှုစောင့်ကြည့်နေတဲ့ ပုံစံမျိုး။



burmeseclassic.com

burmeseclassic.com



"မြင်သစ်ဘာသာက ပြီးသွားပြီးလား"

"မပြီးသေးပါဘူး ...အခု ဖိုင်နယ်လ်ပါ"

"ပြီးရင် ဘာလုပ်ဖို့ စိတ်ကူးထားလဲ"

"တိုးရစ်(စ်) ဂိုက်လုပ်ချင်ပါတယ်၊ အဲ့ဒီအတွက်လဲ ပိုကြိုးစားနေတာပါ"

"အမြဲတမ်း ခရီးထွက်နေရတာ ဘယ်ကောင်းမလဲ၊ ရုံးအလုပ်လုပ်ပါလား။ ကျွန်တော့်ဆီမှာ နိုင်ငံခြားဘာသာ တစ်ခုခုကို ကျွမ်းကျင်တဲ့ သူဆိုရင် လစာပိုကောင်းကောင်းပေးပြီး အလုပ်ခန့်ပါတယ်။"

အိုး .... ကျွန်မကို သူ့ဆီမှာ အလုပ်လုပ်ဖို့ ကမ်းလှမ်းနေပါလား။ ဘုရားရေ..။

*   *   *

# ( ၂ )

ကျွန်မနဲ့မိုးပြာ အပြန်အလှန် ပြောဆိုနေကြတာကို တစ်ခွန်းမှ အနှောင့်အယှက်မပေး၊ ဝင်လဲမဆွေးနွေးဘဲ သူ့လက်ထဲက အကောင်းစားကင်မရာကြီးကိုသာ သူ့ချစ်သူ ဓာတ်ပုံလို တစိမ့်စိမ့်ကြည့်နေသူကား ... ကျွန်မတို့နှစ်ယောက်ရဲ့တစ်ဦးတည်းသော ယောကျ်ားလေးသူငယ်ချင်း နေခ ပင်ဖြစ်သည်။ နေခကလည်း ပြင်သစ်ဘာသာ သင်တန်းတက်တော့မှ ခင်မင်သွားရသော သူငယ်ချင်းဖြစ်သလို နေခရဲ့ အဖေနဲ့ကျွန်မပထွေးဦးကျော်ဇင်နဲ့ကလည်း ငယ်သူငယ်ချင်းတွေမှန်း စကားတွေ ဆက်စပ်ပြောရင်း သိကျွမ်းရလေရာ ပိုပြီးရင်းနှီးသွားပါသည်။ မိုးပြာ ဝေဖန်တာကတော့ "နေခက နင့်ကိုကျိတ်ကြိုက်နေတာ" ဟုလည်းမကြာခဏပြောတက်သည်။ ကျွန်မလည်း မိန်းကလေးပီပီ ရိပ်မိပေမဲ့ နုထိနေခဘက်က ဘာမှအတိအလင်းဖွင့်မပြောသလိုသူငယ်ချင်းလိုပဲ ခင်မင်လျက်ရှိနေတာကြောင့် ကျွန်မတို့ကြားမှာ ဘာမှပြောင်းလဲသွားစရာ မရှိသေးချေ။ နေခကို ခင်ပေမဲ့ ချစ်သူရည်းစား တစ်ယောက်လို ချစ်နိုင်မလား မေးရင်တော့ မချစ်နိုင်တာ သေချာသည်။



burmeseclassic.com

burmeseclassic.com



တကယ်တော့ နေခကလည်း မိန်းကလေးတစ်ယောက် လက်ခံနိုင်သောရုပ်ရည်မျိုးနဲ့မို့ ဘာမှပြင်းလောက်စရာမရှိတဲ့ ကောင်လေးတစ်ယောက်ပါ။ ဒါပေမဲ့ ကျွန်မ သူ့ကို သူငယ်ချင်းလို၊ အစ်ကိုလို၊ မောင်လို သဘောထားနိုင်ရုံအပြင် မပိုခဲ့ဖူးပါ။ တစ်နေ့ နေခဖွင့်ပြောလာခဲ့ရင်တော့ ဒါကို နားလည်အောင် ရှင်းပြပြီး ငြင်းရလိမ့်မည် ထင်ပါသည်။

"ဦးရွှေသီဟတို့ မောင်နှမတွေကလည်း အားလုံး တစ်ယောက်မှ အရင်းမဟုတ်ကြဘူး၊ အားလုံး မွေးစားထားတာချည့်ပဲ"

ကျွန်မနဲ့ မိုးပြာခုတလော ပြောဖြစ်နေကြတဲ့ ခေါင်းစဉ်ကတော့ ဦးရွှေသီဟ ဖြစ်နေသည်မှာ မဆန်းပါ။

"မွေးစားမောင်နှမတွေပေမဲ့ သူတို့ကို ဘယ်လိုဆုံးမထားလဲတော့ မသိဘူး။ တစ်ယောက်နဲ့တစ်ယောက်တော်တော် Close ဖြစ်တယ်။ သံယောဇဉ်ကြီးကြတယ်လို့ ကြားဖူးတယ်။ ဦးရွှေက တော့အလတ်ပေါ့။ သူ့အပေါ်မှာ သူ့ထက်နှစ်နှစ်ကြီးတဲ့ အစ်ကိုရှိတယ်။ သူ့အောက်မှာ ညီမရှိတယ်။ အစ်ကိုက အင်ဂျင်နီယာ၊ သူကိုယ်တိုင်လည်း ဆောက်လုပ်ရေး ကုမ္ပဏီတစ်ခုပိုင်တယ်၊ ညီမကတော့ အခုမှ စင်္ကာပူမှာ ကျောင်းတက်ပြီးလို့ ပြန်လာတာ ဘာမှ မလုပ်သေးဘူး"

"နင် ... သူတို့အကြောင်းတော်တော် သိထားတာပဲ"

မိုးပြာက ကျွန်မကို မျက်လုံးပြူးပြရင်း ...

"ဟဲ့ ... ငါ့စာအုပ်ထဲမှာ ပါမဲ့လူအကြောင်းလေ ဒီလောက်တော့ သိထားရမှာပေါ့။ ပြီးတော့ သူတို့ မိသားစုက နာမည်ကြီး မိသားစုပါ။ အဓိကတော့ သူတို့ရဲ့မွေးစား မိဘတွေ ဖြစ်တဲ့ ဦးသူရသီဟနဲ့





ဒေါက်တာ ကြည်ခင်တို့ကြောင့် သူတို့ပါ နာမည်ကြီးတဲ့သဘောပဲ၊ အဲ့ဒီသူဌေးလင်းမယားက စိတ်သဘောထား သိပ်ကောင်းတယ်၊ ပရဟိတလုပ်ငန်းတွေမှာ တော်တော်ကူညီတယ်။ လှူတာတန်းတာလည်း အရမ်းရက်ရောတယ်။ သူတို့ကိုယ်ပိုင် ကလေးမရှိလို့ ဒီကလေးသုံးယောက်ကို မွေးစားသလို တခြား မိဘမဲ့ ကလေးတွေကိုလည်း ပညာရေးအထောက်အပံ့တွေ တနင့်တပိုး ပေးပြီး ကူညီနေတာလေ"

ဟု ပြောပြပါသည်။

နေခက သူ့ကင်မရာကို ကျွန်မဆီချိန်ရင်း ခလုတ်တစ်ချက် နှိပ်နေသဖြင့်

"ဟိတ် နေခ ငါ့ပုံကို မရိုက်နဲ့နော်"

လို့ ကျွန်မ လက်ကာပြီး တားလိုက်ပေမဲ့

"ကင်မရာ စမ်းတာပါ၊ ရိုက်ပြီးနေပြီ"

နေခ ရယ်ကျဲကျဲဖြင့် ဖြေသည်။ မိုးပြာက မျက်စောင်းကြီးထိုးရင်း

"အင်း တစ်ယောက်ကလည်း .... တစ်မျိုး"

"ဘာမှ မတစ်မျိုးပါဘူး၊ ကင်မရာ အသစ်ဝယ်ထားလို့ စမ်းနေတာပါဟာ"

"ဟယ် ... ငါ့အခုမှ သတိရတယ်"

ရုတ်တရက် အထိတ်တလန့်အော်လိုက်သော မိုးပြာကြောင့် ကျွန်မနဲ့ နေခ ပြိုင်တူပင်

"ဘယ်လိုဖြစ်ရတာလဲဟာ အထိတ်တလန့်"

ဟူ၍ ပြန်မေးမိတော့သည်။



burmeseclassic.com

burmeseclassic.com



"ငါ ... ဦးရဋ္ဌသီဟ ရဲ့ဓာတ်ပုံ မတောင်းလိုက်မိဘူး"

"ဓာတ်ပုံ လိုလို့လား"

"ဟယ် ... လိုတာပေါ့၊ ရှင် မမြင်ဖူးဘူးလား။ ဘိုင်အိုဂရပ်ဖီ စာအုပ်တွေမှာဆို လူတစ်ယောက်ရဲ့ ကိုယ်တစ်ပိုင်းနဲ့ ဘယ်နှစ်ခုနှစ်မွေးတယ် ဘယ်မှာ ကျောင်းတက်တယ် ဆိုတာတွေ ဓာတ်ပုံနဲ့ တွဲရက်အရင် ဖော်ပြတယ်လေ။ ပြီးမှ သူ့အကြောင်းကို ဆက်ရေးတာမျိုး။

"ငါ ... တခြားလူတွေဆီက ဓာတ်ပုံ ရှိပြီးပြီ၊ သူ့ဓာတ်ပုံပဲ မတောင်းလိုက်မိတာ။ မြသွေးက ငါ့အစားသွားပေးလိုက်ရတော့ ငါလည်း စိတ်တွေရှုပ်ထွေးပြီး မေ့ကုန်လို့ မမှာလိုက်ရဘူး"

"ဒါဆိုလည်း ဖုန်းဆက်ပြီး တောင်းလိုက်ပေါ့၊ သူနဲ့ တွေ့စရာမလိုတာ၊ သူ့ရဲ့စက္ကရေထရီက တစ်ဆင့် ဖြစ်ဖြစ် ၊ ရီဆက်ရှင်နှ(စ်)က ဖြစ်ဖြစ် ဓာတ်ပုံပေးနိုင်းရင်ရတာပဲ။"

"အေး ... ငါ ဖုန်းဆက်ပြီး မေးကြည့်ရဦးမယ်"

နေခက ကျွန်မတို့နှစ်ယောက်ဆီမှ မပြီးစီးနိုင်သော ဦးရဋ္ဌသီဟ ဟူသော ခေါင်းစဉ်ကို တစ်ချက်ခေါင်းခါလိုက်ရင်း

"ဒီမနက်ထဲက ကြားနေရတာ အဲ့ဒီ ရဋ္ဌသီဟ ဆိုတဲ့နာမည်ပဲ၊ မပြီးနိုင်တော့ဘူးလား"

"နင် ... နားထောင်နေတယ်လို့ ထင်ကို မထင်ဘူး"

" နားမထောင်ပေမဲ့ နားထဲဝင်နေတာပဲ၊ နေစမ်းပါဦး အဲ့ဒီလူက ဘာလဲ၊ ဘာထူးခြားနေလို့လဲ။"

"စီးပွားရေး လုပ်ငန်းရှင်တစ်ယောက်ပါဟာ၊ ဟိုတစ်ရက်က ငါအရမ်းနေမကောင်းဖြစ်နေလို့ မြသွေးငါ့အစား သွားတွေ့ပေးရတာ





မို့ပါ။ ငါ့အတွက် သူ့အကြောင်းတွေ သိပြီးပေမဲ့ မြသွေးက တော့ အခုမှ သိရလို့ ငါ ပြောပြနေတာပါ။

"မြသွေးက ဘာလို့ သိချင်ရတာလဲ"

နေခက မနာလိုသလို အသံဖြင့် ပြောလိုက်သည်။

"အဲ့ဒီလူ အကြောင်းက စိတ်ဝင်စားစရာ ကောင်းလို့"

"ငွေပင်ငွေရှုယ်ရှုယ်နဲ့ ချမ်းသာတာပဲ စိတ်ဝင်စားစရာလား သူ့မိဘက ချမ်းသာလို့ သူလဲအလွယ်တကူ အရင်းအနှီးရှိပြီး စီးပွားရေးလုပ်တာပေါ့။ ဘာမှ စိတ်ဝင်စားစရာမရှိပါဘူး"

"အဲ့ဒီ အချက်ကတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ သူကတစ်မျိုးပဲ၊ ဘာတစ်မျိုးမှန်းကို ငါမသိဘူး။ သူမှာ လျှို့ဝှက်ချက်တွေ ရှိတယ်လို့ ငါခံစားရတယ်။ သူ့ကိုသိပ်ချမ်းသာတဲ့ သူဌေးလင်မယားက မွေးစားလို့ ဒီဘဝရောက်ရပေမဲ့ သူကကို ကျေနပ်ပုံမရဘူး။ သူ့ဘဝသူ နာကျည်းနေသလိုပဲ။ ပြီးတော့ သူ့ကို ငါ တစ်ခုမကြိုက်တာလဲရှိတယ်။"

"အမယ်လေး မကြိုက်ပေလို့ပဲ၊"

"ခနဲ့မနေနဲ့ ငါတကယ်ပြောတာ ။လူတစ်ယောက်အကြောင်းကို စိတ်ဝင်စားတာနဲ့ သူ့ကို ကြိုက်လို့ စိတ်ဝင်စားတယ်လို့ ပြောလို့မရဘူးလေ။ မကြိုက်လို့လဲ စိတ်ဝင်စားတာမျိုး ဖြစ်နိုင်တာပဲ။"

"သူ့ကို ဘာမကြိုက်တာလည်း"

မိုးပြာက ဖြတ်မေးပါသည်။ နေခ မနာလို ဝန်တိုနေတာကို မိုးပြာလည်း ရိပ်မိပုံရသည်။ ဦးရဋ္ဌသီဟတို့ ကျွန်မသွားတွေ့ရသဖြင့် နေခ ဟာမိုးပြာကို မကြည့်တော့တာ ကိုးလိုးကန့်လန့် စကားတွေပြောလို့



burmeseclassic.com

burmeseclassic.com



မဆုံးဖြစ်နေတာကို ဒီရက်ပိုင်းမှာ ကျွန်မမြင်နေရသည်။

"သူ့ပုံစံက မိန်းကလေးတွေကို အထင်မကြီးတဲ့ ပုံစံရှိနေသလိုပဲ"

"ဘယ်လိုအထင်မကြီးတာလဲ"

မိုးပြာက ဆက်မေးပေမဲ့ နေခကတော့ စိတ်မဝင်စားဟန်ဖြင့် တင်မရာမှာ သူရိုက်ပြီးသားပုံတွေကို ပြန်ကြည့်နေပါသည်။

"အထင်မကြီးတာထက် အထင်သေးနေတာမျိုးပေါ့။ သူ့လို ပိုက်ဆံရှိတဲ့ ယောကျ်ားတစ်ယောက်အနေနဲ့ ဘယ်မိန်းကလေး မဆိုစွဲလို့ရတယ်၊မိန်းကလေးတွေကလည်း အလွယ်တကူ လက်ခံကြမယ် ဆိုတဲ့ အထင်သေးပုံမျိုးလေ"

"နင့်ကို အဲ့ဒီလို ဆက်ဆံလိုက်လို့လား"

နေခ က မခံနိုင်သော အသံဖြင့် ဝင်မေးသည်။

"အဲဒီလို ဆက်ဆံတယ်ရယ်တော့မဟုတ်ဘူး။ ဒါပေမဲ့ သူ့မျက်လုံး တွေထဲမှာ အဲဒီအရိပ်တွေ ပေါ်နေတယ်"

"ဒါဆိုလည်း အဲဒီလူအကြောင်းဘာလို့ ခေါင်းထဲထည့်နေ သေးလဲ"

"မထည့်ပါဘူး"

"မထည့်ဘဲနဲ့ တစ်မနက်လုံး သူ့အကြောင်းပဲ ပြောနေတယ်"

မိုးပြာက နေခ လက်မောင်းကို တစ်ချက်ပိတ်ထုလိုက်ပြီး

"ဟဲ့ နင်မသိဘူးလား လူ့စိတ်ဆိုတာက ကိုယ်မုန်းတဲ့သူ၊ ကိုယ်နဲ့ ပြိုင်ဆိုင်နေတဲ့သူ ကိုယ့်ကို မကောင်းကြံသွားတဲ့သူ အကြောင်း ဆိုရင် အလိုလိုနေရင်း ခေါင်းထဲ ထည့်နေမိတက်တာမျိုးလေ။ မတွေးချင်ပါဘူးဆိုမှ သူ့အကြောင်းခေါင်းထဲရောက်ရောက်





နေတာမျိုး နင်ရော မကြုံဖူးဘူးလား"

"တော်ပြီ . . .တော်ပြီ အဲ့ဒီ ဦးရှေ့သီဟ အကြောင်းပြောတာရပ်မှ ဖြစ်မယ်။ ကြာရင် နင်နဲ့ငါ ထသတ်လိမ့်မယ် ကဲ တခြား အကြောင်းပြောကြရအောင်ပါဟာ"

နေခက အရှုံးပေးသလို လက်မြှောက်ရင်း စကားလမ်းကြောင်း ပြောင်းပါသည်။

"ငါ ဓာတ်ပုံပြပွဲ လုပ်ဖို့ ရက်ရပြီဟ"

"ဟုတ်လား"

နေခက နိုင်ငံခြားဘာသာတက်ရင်း ဓာတ်ပုံသင်တန်းကိုလည်း တက်နေလေရာ သူ့မှာ လက်ရာမြောက်သော ဓာတ်ပုံများများစားစား ရှိနေ လေသည်။

"ဘန်ကောက်မှာ ထပ်ပြီးသွားသင်ချင်သေးတယ်ဟာ၊ ပိုက်ဆံ စုရဦးမယ်"

ဟုလည်း မကြာခဏ ပြောပြတက်သည်။ နေခ တို့ကသိပ်အချမ်း သာကြီးလဲမဟုတ် သိပ်ပြီး ခြိုးခြံချွေတာနေရတာလည်း မဟုတ်သော အလယ်အလတ်တန်းစား သုံးနိုင်စွဲနိုင်သော မိသားစုပုံစံသာဖြစ်သည်။ သားသမီးတွေကို နိုင်ငံခြားလွှတ်ပြီး ပညာသင်ပေးနိုင်လောက်အောင် တော့လဲ မပိုလျှံ မြန်မာပြည် အနေနဲ့ဆိုတော့ အဆင့်အတန်းရှိရှိ၊ ပြည့်ပြည့် စုံစုံ နေနိုင်ထိုင်နိုင်သုံးစွဲနိုင်သော မိသားစု ပုံစံမျိုးဖြစ်သည်။ မနခတွင် အစ်ကို တစ်ယောက်သာ ရှိကာ ထိုအစ်ကိုကတော့ ကုမ္ပဏီတစ်ခု၏ ကွန်ပျူတာ ပရိုဂရမ်မာတစ်ဦးဖြစ်သည်။

နေခကတော့ နိုင်ငံခြားဘာသာတက်ရင်း ဓာတ်ပုံတွေ လျှောက်



burmeseclassic.com

burmeseclassic.com



ရိုက်ကာ ပြပွဲတစ်ခုလောက် လုပ်ကြည့်ချင်စိတ်ပြင်းပြနေသူဖြစ်သည်။ သူ့ပြပွဲ ကျင်းပလိုရာ Art Gallery (အာ့ထ်ဂလာရီ) တစ်ခုကို ငှားနေတာ ရက်မရသေးဘူးဟု သိထားပါသည်။ အခုတော့ ပြပွဲရက် ရပြီထင်သည်။

"ဖိတ်စာအသေးလေးတွေ သွားအပ်မလို့...အဲ့ဒါ နင်တို့ လိုက်ဦးမလား"

"အံမာ...နင်က ဖိတ်စာနဲ့ဘာနဲ့..."

"ပထမဦးဆုံးပြပွဲလေးဆိုတော့ အမှတ်တရလေးဖြစ်သွားအောင် ဖိတ်စာဖိုးတော့ အကုန်ခံလိုက်ပါတယ်။ လက်ဖက်ရည်နဲ့ မုန့် Buffe (ဘူဖေး)ကျွေးမယ်"

"ဘွားတော်ကြီးက ပိုက်ဆံသုံးခွင့် ပေးလိုက်တယ်ပေါ့ ဟုတ်လား"

"အေးဟာ . . . အမေ့ပိုက်ဆံကို မသုံးချင်ပါဘူး၊ ဒါပေမဲ့ ဒီတစ်ခါတော့ သုံးလိုက်ရတယ်။ ငါလည်းအမေ့ကို ပြောထားပါတယ်။ ဓာတ်ပုံတွေ ရောင်းရတဲ့ပိုက်ဆံနဲ့ အမေ့ကိုပြန်ကန်တော့မယ်လို့လေ"

"လိမ္မာတဲ့ သားပေါ့"

"သြော်...နေဦး မြသွေးနီ နင့်ကိုငါ တစ်ခုခွင့်တောင်းရဦးမယ်"

"ဘာများလဲ"

"နင့်ပုံတွေကို အပျော်လျှောက် ရိုက်ထားတာတွေ ရှိတယ်လေ"

"အေး...ဘာဖြစ်လဲ"

"အဲ့ဒီထဲကအကြိုက်ချဲ့ကြည့်လို့တစ်ခုခုထူးခြားတာလေးဖြစ်နေရင် ငါ့ပြပွဲမှာ တင်ခွင့်ပေးမလား"





သတာ အဟာမ်းဟာမ်းနှင့် တမင်ပင် ချောင်ဟန့်သံပြုပြီး စ, နောက်ပါသည်။

"ဟယ် ငါ့ပုံကြီးတွေ မကောင်းပါဘူး"

"ကောင်းပါတယ် မြသွေးရဲ့၊ နင့်ပုံရယ်လို့ ဗိဗိပြင်ပြင် သိသာစေတဲ့ ပုံမျိုးမဟုတ်ပါဘူး။ ဘေးတစ်စောင်း မတူတာလေးတွေ မိုးကောင်းကင်ကို မော့ကြည့်နေတဲ့ပုံလေးတွေ၊ ကျောပေးပြီး ဒီဘက်ကို အသာပြန်ငဲ့ကြည့်တဲ့ ပုံလေးတွေ အမျိုးမျိုးပေါ့ဟာ ပဟေဠိ ဆန်ဆန် ရိုက်ထားတဲ့ ပုံမျိုးပါ။ လူတစ်ယောက်ရဲ့ မျက်နှာမှာ ရှိတဲ့ အစိတ်အပိုင်းတစ်ခုကို ကွယ်ထားရင်ဖြစ်ဖြစ်၊ ခပ်ဝါးဝါးလုပ်ထားရင်ဖြစ်ဖြစ် ဘယ်သူမှ မသိသာစေဘူးလေ။ အဲ့ဒီလိုပုံမျိုးကလည်း အဖြူအမည်းပုံချွေးမှပါ၊ နင်ခွင့်ပြုမယ် မဟုတ်လား။"

"ဟီဟီး...ငါက ရုပ်ရှင်မင်းသမီးလဲမဟုတ် မော်ဒယ်လဲ မဟုတ်"

"နင်သဘောတူမှ ပြပွဲတင်မှာပါ၊ နင်သဘော မတူရင်တော့"

"ပြောလေ...သဘောမတူရင် နင်ဘာလုပ်မလို့လဲ"

မိုပြာက နေခ ပခုံးကို ဖြတ်ကနဲရိုက်လိုက်ပြီး မေးပါသည်။

"ငါသိမ်းထားမှာပေါ့"

"မြသွေး သဘောတူမတူမေးပါဦးဟယ်"

"ငါ့အတွက် ဓာတ်ပုံကိစ္စက အရေးမကြီးပါဘူး၊ ဘယ်သူ့ဆီမှာပဲ ငါ့ဓာတ်ပုံရှိရှိပါ။ လက်ခံထားတဲ့ သူရဲ့စိတ်စေတနာပေါ်မှာပဲ မူတည်ပါတယ်"

နေခက မြသွေးနီကိုလေးလေးနက်နက်ကြည့်လိုက်ရင်း

"စိတ်ချပါ ငါ့ဆီမှာ နင့်ဓာတ်ပုံတွေရှိနေတဲ့အတွက် ဘာပြဿနာ



burmeseclassic.com

burmeseclassic.com



မှ မဖြစ်စေရပါဘူး၊ ငါ့စိတ်ကလည်း ဓာတ်ပုံဆရာတစ်ယောက်ရဲ့ စိတ်ဓာတ်အတိုင်းပါပဲ၊ ဓာတ်ပုံဆရာတစ်ယောက်ဆီမှာ သူကိုယ်တိုင်ဖန်တီးထားတဲ့ ဓာတ်ပုံပေါင်းများစွာ ရှိနေတယ်လေ၊ အဲဒီဓာတ်ပုံတွေဟာ သူ့ရဲ့အနုပညာတစ်ရပ် လိုပဲရှိနေရမယ်"

ဟု ပြောပါသည်။ မိုးပြာနှင့် မြသွေးနီတို့က နေခ စကားကို ခေါင်းအသာညိတ် ထောက်ခံလေသည်။

"ကဲ ဘယ်လိုလဲ . . . မြသွေး . . ငါ နှင့်ပုံထဲက တစ်ချို့ကို ပြပွဲမှာ တင်ရမလား"

"ရောင်းမလို့ လားဟယ်"

"မရောင်းရက်ပါဘူး . . . နှင့် ပုံကို ငါ ရောင်းစားရက်ပါ့မလား"

နေခ အပြောက အနောင့်အသွား မလွှတ်လှပေမဲ့ ကျွန်မ မသိချင်ဟန်ဆောင်နေလိုက်ပါသည်။

"ဟားဟား . . . ရောင်းရင်လဲ ဝယ်မဲ့သူ ရှိမှာ မဟုတ်ပါဘူး။ ဝယ်ချင်ဝယ်ရင် ဝတ်မှုန်ရွှေရည်ပုံတို့၊ သက်မွန်မြင့် ပုံတို့ပဲ ဝယ်ကြမှာပေါ့ . . ."

"မင်းသမီးတွေကတော့ လှလို့ဝယ်တာပေါ့ . . ဒါပေမဲ့ ဓာတ်ပုံပညာကို အသေအချာသိထားတဲ့ သူကျတော့ Facial expression (ဖေရှယ်အိတ်(စ်)ပရက်ရှင်း) ကိုနားလည်ပြီး ဒီလို သဘာဝ မျက်နှာအမူအရာနဲ့ မျက်နှာပေးကို ကြိုက်လို့ ဝယ်ချင်စိတ်ဖြစ်လာတက်တယ်။ ငါ တစ်ခါက သူများပြပွဲမှာ ငါ့ရဲ့ဓာတ်ပုံနှစ်ကားပဲ သွားရောင်းဖူးတယ်။ နှစ်ကားလုံးရောင်းရတယ်၊ အဲ့ဒါ ဘာပုံတွေ ထင်လဲ"





မိုးပြာက နိုင်ငံခြား ရုပ်ရှင်မင်းသမီးတွေလိုပဲ ပခုံးအသာတွန့်ပြပါသည်။

"တစ်ပုံကတော့ တောသူမ အဘွားကြီးရဲ့ မျက်နှာ အနီးကပ်ပုံ၊ ပါးရေတွေတွန့်နေပြီး၊ တဘက်ပောင်းကြီး ခေါင်းပေါ်အသာတင် မျက်လုံးတွေက ကင်မရာကို ကြည့်နေပေမဲ့ အရောင်တွေမှိန်ပြီး ဘဝမှာ ဘာကိုမှ မျှော်လင့်ချက်တွေမရှိတော့တဲ့ အရိပ်တွေမြင်နေရတယ်။ မျှော်လင့်ချက်တွေလဲ မရှိဘူး . . . ဒါပေမဲ့ အေးချမ်းနေတယ်။ သူ့မျက်နှာကို ငါအသေအချာ ဆေးရောင် ကာလာနဲ့ပြီး ရိုက်ထားလို့ထင်တယ်၊ မျက်နှာကပါးရေတွန့်တာတွေ၊ နေလောင်ကွက်တွေ၊ မဲ့ခြောက်တွေကအစ တဘက်နဲ့ ပေါင်းထားရက်နဲ့ နဖူးပေါ် နည်းနည်းပြန်ဖွာထွက်နေတဲ့ ဆံပင်ဖြူတွေ ပြန့်ကျဲနေပုံက Lighting (လိုက်တင်း)အရမ်းကောင်းတော့ လှနေတယ်။ ငါအကြိုက်ဆုံးပုံလဲဖြစ်တယ်ဟာ၊ ကာလာမသုံးဘဲ အဖြူအမည်းနဲ့ပဲ မှန်ဘောင်အကြီးကြီးထဲ ထည့်ပြီးတင်လိုက်တာ ချက်ချင်းဝယ်သွားတယ်၊ နောက်တစ်ပုံကျတော့ ကျောင်းက အပြန်မိုးရေထဲမှာ ထီးတစ်ချောင်းဆောင်းလာပေမဲ့ ထီးက တခြား လူကတခြားဖြစ်ပြီး ရေအိုင်တွေထဲ လျှောက်နင်းဆော့နေတဲ့ ကျောင်းသားလေး မောင်နမပုံ . . .။ ကျောင်းစိမ်းလေးတွေလဲ ရေတွေရွှဲလို့ ထီးတော့ပါပါရဲ့ . . . ကလေးဆိုတော့ ရေအိုင်မြင်ရင် မဆော့ဘဲ မနေနိုင်တာနဲ့ လျှောက်နင်းဆော့နေတာ၊ သူတို့ရဲ့ အပြစ်ကင်းစင်တဲ့ ပျော်ရွှင်မှုကို မြင်တာနဲ့ ကိုယ်ပါ အဲ့ဒီဘဝကို ပြန်လိုချင်စိတ် ပေါက်သွားတယ်။ အဲ့ဒီပုံလေးကတော့ ကာလာကို စိုနေအောင်ထည့်ပြီး မိုးရွာတာကို ပီပြင်အောင် ရိုက်ပြထား



burmeseclassic.com

burmeseclassic.com



နိုင်တော့...တစ်ခါတည်း ရောင်းထွက်သွားတယ်"

နေခက သူ့ဓာတ်ပုံတွေအကြောင်း ပြောရမယ်ဆိုလျှင် မမောတမ်း ပြောနိုင်သူလည်းဖြစ်သည်။ သူ့ဓာတ်ပုံရိုက်ဖို့ လိုကေးရှင်းကောင်းကောင်း တွေ့ပြီဆိုလျှင် ကျောင်းကို တစ်ပတ်လောက်ပေါ်မလာတော့ဘဲ ပျောက်နေတတ်ကာအဲ့ဒီနေရာမှာမိုးလင်းမိုးချုပ်အချိန်ဖြုန်းတတ်သူလည်း ဖြစ်သည်။

အနုပညာသမားတွေရဲ့ စိတ်ဓာတ်ကို ကျွန်မ နားမလည်တာကြောင့် နေခကို မဝေဖန်တတ်ပါ။ နေခကတော့ သူတစ်ခုခုကို စိတ်ဝင်စားပြီဆိုရင် ဒါကိုပဲ ထပ်ခါတလဲလဲ ပုံစံမျိုးစုံ၊ ရှုထောင့်မျိုးစုံ၊ အချိန်အကူးအပြောင်းမျိုးစုံ တို့ကို အခြေခံပြီး စိတ်ရှည်လက်ရှည်စောင့်ကာ ဓာတ်ပုံမျိုးစုံ ရိုက်တတ်လေသည်။

"တစ်နေရာတည်း ထပ်ခါထပ်ခါသွားရိုက်နေပေမဲ့ အဲ့ဒီနေရာက နာရီနဲ့အမျှ၊ နေအတက်အကျနဲ့အမျှ ပုံစံက ကွာခြားသွားတယ်။ တစ်ခါတလေ ငှက်တွေပျံလာတာနဲ့ကြုံရင် ဓာတ်ပုံလဲပြောင်းသွားတယ်၊ တစ်ခါတလေ လှည်းတစ်စီးဖြတ်မောင်းသွားတယ်၊ ထော်လာဂျီ ဖြတ်မောင်းသွားမယ်၊ စက်ဘီးတစ်စီး ကသုတ်ကရက် နင်းသွားမယ် စသဖြင့်ပေါ့ မြင်နေကျ မြင်ကွင်းထဲ တစ်မျိုးတစ်ပုံ ဝင်လာရင် ခံစားချက်နောက်တစ်မျိုး ဖြစ်စေတယ်"

ဟူ၍ သူ့ရဲ့ခံယူချက်ကို ရှင်းပြတတ်သေးသည်။

* * *

(၃)

"မြသွေးနီ...တေဘယ်နိုင်း ညည်းအလှည့်"

မန်နေဂျာက ကျွန်မကို လှမ်းပြောလိုက်သဖြင့် ချက်ချင်း အသင့်ပြင်လိုက်ပါသည်၊ ဆိုင်၏ယူနီဖောင်းဖြစ်သော နီညိုရောင်လက်ရှည်၊ အနက်ရောင်ဒူးဖုံးစကပ်နှင့် ရှူးအပြားတို့ကို ဝတ်ဆင်ရသည့်အပြင် အပေါ်ကနေ အေပရွန်အဖြူလေးကို ထပ်ဝတ်ရပါသေးသည်၊

ကျွန်မ တာဝန်ကျရာ စားပွဲရှေ့သွားရပ်လိုက်လျှင် စားပွဲပေါ် လက်နှစ်ဖက်တင်ကာ မီနူးကို စိတ်ဝင်တစားကြည့်နေသော လူတစ်ယောက်က ခေါင်းအသာမော့ကြည့်လိုက်၏။

"အိုး ... မင်းပဲ"

"ခြော် ...ဦး... ဦးရဲမွှေသီဟ ပါလား"



burmeseclassic.com

burmeseclassic.com



တိုက်တိုက်ဆိုင်ဆိုင် ပြန်ဆုံလိုက်ရသဖြင့် တစ်ယောက်ကို တစ်ယောက် အံ့ဩပြီး ငေးစိုက်ကြည့်နေမိပါသည်။ အတန်ကြာမှ သူကပဲ အရင် အသိဝင်လာကာ

"ဆောရီး . . . ဆောရီး . . . ကိုယ်မင်းကို ဒီမှာတွေ့မယ် ထင်မထားလို့"

ကိုယ်နဲ့မင်းနဲ့ တရင်းတနှီးပြောလိုက်တာကြောင့် ကျွန်မနည်းနည်းတော့ သတိအနေအထားလို ဖြစ်သွားပါသည်၊ သူနဲ့ ကျွန်မဟာ ကိုယ်တွေမင်းတွေ ထည့်ပြောရလောက်အောင် မရင်းနှီးသေးဘူး ထင်တယ်။ တစ်ခါတွေ့ဆုံဖူးတဲ့သူ အနေနဲ့ ဒီလောက်ထိ တရင်းတနှီးဖြစ်နေဖို့လိုလို့လား။

"မင်း…ဒီဆိုင်မှာ လုပ်တယ်"

ကော်ဖီ နှင့် ဘေကာရီ တွဲဖွင့်ထားသော အဆင့်ခပ်မြင့်မြင့်ဆိုင်တွင် ကျွန်မ စားပွဲထိုး လုပ်နေလိမ့်မယ်လို့ သူထင်ထားပုံမရ။

"ဟုတ်ကဲ့ . . .ကျွန်မ ကျောင်းတက်ရင်း တစ်ဖက်တစ်လမ်းကလည်း ဝင်ငွေရအောင် ဒီမှာအချိန်ပိုင်း ဝိတ်တရက်(စ်) ဝင်လုပ်တာပါ။ ကျွန်မလုပ်လာတာ ကြာလှပါပြီ။ ဆိုင်နဲ့လဲ ရင်းနှီးနေပြီ"

"ဒါဆို…စနေ၊ တနင်္ဂနွေ နှစ်ရက်ထဲပေါ့"

"ဟုတ်ပါတယ်။ တစ်ခါတလေ လူလိုလို့ အစားဖြည့်ပေးရရင် တခြားရက်လည်းလာတက်ပါတယ်၊"

"အဲဒီ ဝင်ငွေနဲ့ ကျောင်းစရိတ် ကာမိရဲ့လား"

"ရှင်…"

ကျွန်မ အံ့ဩသလိုဖြစ်သွားဟန်ကို သူတိပြုမိပြီး





"ဆောရီး…ဆောရီး ကိုယ်မေးတာ လွန်သွားပြီထင်တယ်"

"ကျောင်းစရိတ်ကို မိဘတွေ ထောက်ပံ့လို့ လုံလောက်ပါတယ်။ ဒီအလုပ်ကတော့ အားတဲ့ရက်နဲ့လည်း တိုက်ဆိုင်နေတော့ အပိုဝင်ငွေရအောင် ဝင်လုပ်တဲ့ သဘောပါ"

"စိတ်မဆိုးနဲ့နော်…ကိုယ်မေးတာ လွန်သွားတယ်"

"ရပါတယ် . . . ကဲ . . ဦးရှေ့သီဟ ဘာမှာမလဲရှင်။ အဆင်သင့်ဖြစ်ပါပြီလား"

"အိုကေ . . ကိုယ် မိုချာ (Mocha)ကော်ဖီ တစ်ခွက်မှာချင်တယ်၊ ခါးလဲမခါး၊ ချိုလဲမချိုတဲ့ အနေတော်ပေါ့။ နောက်ပြီး အွန်းမလိတ် (omelette) တစ်ပွဲ၊ အဲ့ဒီထဲမှာ ကြက်ဥရယ်၊ ဘေကွန် (Bacon)ရယ်၊ ဝပင်းနစ်ရွ် (Spinach)ရွက်ရယ်၊ Mogilla cheese (မိုဇဲလားချိစ်) ရယ်ပဲ ထည့်မယ်၊ ဆီနဲ့မကြော်ဘဲ ထောပတ်နဲ့ကြော်ပေးပါ။ ဆားမထည့်ပါနဲ့။ ဆားနဲ့ ငရုတ်ကောင်းဘူးကို သီးသန့်ချပေးပါ။"

ကျွန်မက သူပြောသမျှသေချာစွာ ရေးမှတ်လိုက်ပါသည်။ သူ့ရဲ့ အင်္ဂလိပ်အသံထွက်ကောင်းလှသဖြင့် အင်မတန်နားထောင်လို့ ကောင်းပါသည်၊

"ပေါင်မုန့်လုံး (Bun) ဘန်းလေးတွေ ထည့်ပေးရဦးမလား"

"မယူတော့ဘူး။ ကိုယ် အွန်းမလိတ် သီးသန့်ပဲ စားမယ်"

"ဒါဆို ကျွန်မကို ခွင့်ပြုပါဦးနော်"

"ဘယ်လောက် ကြာမလဲ"

ကျွန်မ တစ်ချက်စဉ်းစားလိုက်ပြီး …

"ဆယ်မိနစ် အလွန်ဆုံး ဆယ်ငါးမိနစ်တော့ ကြာတယ်။ ဦးရှေ့



burmeseclassic.com

burmeseclassic.com



သိပ်ဟာ အရင်လိုတယ်ဆိုရင်တော့ ကျွန်မ Chef (ရှက်ဖ်)
မြန်မြန်လုပ်ပေးဖို့ ပြောပေးလိုက်မယ်"

"မြန်မြန်မလိုပါဘူး...ရပါတယ်။"

ကျွန်မ ပြန်လှည့်လာခဲ့ပေမဲ့ ကျွန်မစိတ်ထဲမှာ မကျေမနပ် ခံ
နေရသည်။ ဒီဆိုင်ကို သူရောက်လာခြင်းဟာ အကြောင်းတိုက်ဆိုင်မှု ဟု
ရဲ့လားလို့ မသိစိတ်က သံသယ ဖြစ်နေသည်။ သူ့လို နာမည်ကျော် သူ
ကြီးက ဟိုတယ်တွေမှာ မစားဘဲ သာမန်ထက် နည်းနည်းပိုသာတဲ့ ဆိုင်
ဘာကြောင့်လာစားရသလဲ။ ပြီးတော့အဖော်လဲမပါဘူး။ တစ်ယောက်တည
ကော်ဖီသောက် မုန့်စားလုပ်ရတာ မပျင်းဘူးလား။ သူ့လိုလူမှာ အ
အပေါင်းအသင်းမရှားပါဘူး။ ဘာကြောင့်မခေါ်လာသလဲ။

သူကြည့်ရတာ ဒီဆိုင်ကို စားဖို့လာတာထက် လေ့လာချင်
လာတဲ့ပုံစံမျိုးဟု ကျွန်မတစ်နေရာမှာ ချောင်းကြည့်ရင်း သံသယ
နေလေသည်။ မနေနိုင် မထိုင်နိုင် မိုးပြာဆီ ဖုန်းလှမ်းဆက် လိုက်မိပါသည်

"ဟဲ့... မိုးပြာ ငါ... ငါ... ချက်ချင်းဖုန်းကိုင်မယ်ထင်တာ...
ခေါ်လိုက်ရတာ တကယ်ပဲ"

ဖုန်းခေါ်သံ အကြာကြီး နားထောင်နေရသဖြင့် မိုးပြာ ဟဲ
ထူးထူးခြင်း ကျွန်မ မနားတမ်းပြောလိုက်မိသည်၊

"ဘာတွေများ အရေးကြီးနေလို့လဲဟယ်၊ ငါအခုမှ ရေချိုးခန်း
ထွက်လာလို့ပါ။ ဖုန်းသံကြားတဲ့ဆီ လိုက်ရှာနေရသေးတယ်လေ
ဖုန်း ဘယ်နားမှာ ချမိမှန်းမသိဘူး"

"ဆောရီး... ဆောရီး ...ငါစိတ်လောကြီးသွားလို့"

"ဘာဖြစ်နေတာလဲ"





"ဆိုင်ကို ဦးရွှေသိပ်ဟာ ရောက်လာလို့"

"ကော်ဖီဆိုင်ကို ရောက်လာတယ် ဟုတ်လား နင့်ကို လာတွေ့
တာလား။"

"ကော်ဖီလာသောက်တာပါ၊ ဒါပေမဲ့ ဘာမှန်းတော့မသိဘူး။ လျို့
ဝှက်ချက်တစ်ခုခုရှိသလိုပဲ။ ဒါကြောင့်နင့်ကို ဆက်လိုက်တာ၊"

"သူဘာကြောင့်ပဲ ဆိုင်ကိုရောက်လာလာ နင့် ... ငါကို တစ်ခု
ကူညီပါလားဟယ်"

"ဘာလဲ..."

"သူ့ဆီက ဓာတ်ပုံတောင်းပေးပါ..."

"နင်ပဲ သွားတောင်းမယ်ဆို..."

"ငါဖုန်းဆက်တဲ့နေ့က ...သူ့စက္ကတေရီက ပြောတော့...စင်္ကာပူ
ကို တစ်ပတ်ခရီးထွက်သွားတယ်ဆိုလို့ မတောင်းရသေးဘူး။
တစ်ပတ်လို့ပြောထားတော့ ငါ ထပ်မဆက်ဘဲ ဖနေနေတာ၊ သူက
ပြန်ရောက်နေပြီ"

"နင်ကိုယ်တိုင်တောင်းလိုက်ပါလား ... မိုးပြာရယ်။ သူကြည့်ရ
တာ ဘာမှန်းမသိဘူး။ လူကို အထင်သေးသလိုလိုနဲ့"

"နင့်ကို သဘောကျလို့ ပြန်ရောက်လာတာလား မသိဘူး"

"ဟားဟား ... ဒီဟာသက တော်တော်ရယ်ရတယ်နော် မိုးပြာ။
သူ့ရုံးက မိန်းကလေးတွေလည်း အချောအလှတွေချည်းပဲ ...။ သူ
တွဲသမျှလဲ ချောမှလှမှ မိန်းကလေးတွေချည်းပဲ . . .။ အဲ့ဒီထဲ
ကမှငါ့လိုသာမာန်မိန်းကလေးကို စိတ်ဝင်စားရောလား။ ပြီးတော့
ငါဒီ ဆိုင်မှာလုပ်တာ မသိနိုင်ပါဘူး။"



burmeseclassic.com

burmeseclassic.com



"ဒါဖြင့် နင်ကဘာကို သံသယရှိနေတာလဲ၊ ငါ့ဆီ ချက်ချင်းဖုန်းဆက်ပြီးတော့တောင် သတင်းပေးနေတယ်"

"မသိဘူး... ဘာမှန်းမသိဘူး၊ သူကြည့်ရတာ အန္တရာယ် တစ်ခုခု ပါလာသလို ခံစားရလို့..."

"သူ့ သတင်းကိုကြားလို့ နင်... မယုံသင်္ကာဖြစ်နေတာပါ၊ မိန်းကလေးတွေ ထည့်လဲတဲ့တယ် သတင်းကြောင့် နင် ..အစိုးရိမ်ကြီးနေတာပါဟယ်..."

"အေးပါ..သူလည်း ငါ့ကို ဘာမှ ဒုက္ခပေးလို့မှ မရတာ မကြောက်ပါဘူး၊ ဒါပေမဲ့ ငါနဲ့ တိုက်တိုက်ဆိုင်ဆိုင် အဲ့ဒီလို ပြန်ဆုံရတာကို မကြိုက်တာပါ၊ နင်နဲ့ဖုန်းပြောလိုက်ရတော့ စိတ်ပြေသွားပြီ၊ ကဲ.. ငါ ..အလုပ်ထဲပြန်ဝင်လိုက်ဦးမယ်နော်"

မိုးပြာကို ဆက်ပြီးလျှင် စားဖိုမှူး Chef ထံတွင်မှာယူပေးထားသော ဦးရဲ့ရွှေသီဟ အတွက် စားသောက်စရာများ ပြီးစီးနေသဖြင့် ဝန်းနှင့် သယ်ယူလာခဲ့ပါသည်။

ကျွန်မ သူ့စားပွဲပေါ်တွင် တစ်ခုချင်းချပေးသည်ကို သူက ဂရုတစိုက်ကြည့်မနေဘဲ ... သူ့လက်ထဲမှာပါလာသော ipad ကို စိတ်ဝင်တစားကြည့်နေပါသည်။

"ခွင့်ပြုပါဦးရှင်"

"ကိုယ့် ... အကြောင်း အင်တာဗျူးထားတာတွေ ဘယ်လိုနေလဲ အဆင်ပြေလား"

သူက ကျွန်မကိုမော့မကြည့်ဘဲမေးလိုက်သဖြင့် ကျွန်မထွက်သွားလို့မရသေးဘဲ မတ်တတ်ရပ်ရင်း ဖြေလိုက်ပါသည်။





"အဆင်ပြေပါတယ်...ဒါပေမဲ့...ဟို...ဟိုဟာ"

မိုးပြာကို ကူညီချင်သည့်စိတ်ကြောင့် ဓာတ်ပုံကိစ္စပြောလိုက်ဖို့ ဆုံးဖြတ်ပြီး စကားဆက်ချင်ပေမဲ့ ... ပြောလိုက်ရင် ကောင်းပါ့မလားလို့လဲ တွေးတော...ထစ်ငေါ့နေသည်။

"ဘာပြောချင်လို့လဲ"

သူက ipad ကို မကြည့်တော့ဘဲ ခေါင်းမော့မေးလာပါသည်။

"မိုးပြာက...ဦးရဲ့ရွှေသီဟရဲ့ကိုယ်တစ်ပိုင်းပုံဖြစ်ဖြစ်လိုချင်တယ်လို့ ပြောနေတယ်၊ ကျန်တဲ့ သူတွေဆီကတော့ သူကိုယ်တိုင် အင်တာဗျူးသွားရင်း တောင်းခဲ့ပြီးပြီလေ၊ ကျွန်မကတော့ သူ့အစားသွားပေးခဲ့ရတော့ သူလဲမေ့ပြီးမမှာလိုက်မိဘူး၊ အဲ့ဒါ ဦးရဲ့ရွှေသီဟရဲ့ဓာတ်ပုံတစ်ပုံလောက်များရနိုင်မလား"

သူက ကျွန်မကို ခပ်ပြုံးပြုံး ကြည့်ရင်း

"ကိုယ်က ဓာတ်ပုံကို သီးသန့်ကြီးအိုက်တင်ပေးပြီး ရိုက်ထားလေ့ မရှိဘူး၊ တစ်ယောက်သီးသန့်ကို သူများရိုက်ပေးမှ ရိုက်ဖြစ်တယ် ဆိုပေမဲ့ သေသေချာချာကြီး ရိုက်တာမဟုတ်ဘူးလေ၊ ညှိခံပွဲတို့ ဘာတို့ တွေမှာ ရိုက်လေ့ရှိတဲ့ ဓာတ်ပုံမျိုးပေါ့၊ ကင်မရာကို ခပ်တည်တည်ကြီး ကြည့်ပြီး ရိုက်ဖူးတဲ့ ပုံဆိုလို ပတ်(စ)ပို့ ပုံပဲရှိမယ်၊ ဟားဟား.."

"ပတ်(စ)ပို့ပုံတော့ ရမယ်ထင်တယ်၊ အဲ့ဒီပုံကိုပဲ အကြီးချဲ့လိုက်ရင် သုံးလို့ရမယ်ထင်တယ်နော်"

"ကိုယ် . . အဲ့ဒါတော့ မသိဘူးလေ . . မင်းသူငယ်ချင်းကို မေးကြည့်ပါဦး၊ သူ့အတွက် ဓာတ်ပုံသီးသန့်ရိုက်ပေးဆိုလည်း



burmeseclassic.com

burmeseclassic.com



ကိုယ်ရိုက်ပေးနိုင်ပါတယ်"

"ဒါဆို . . . ဦးရဋ္ဌသီဟ ဒီဆိုင်က မပြန်ခင် အခြေအနေသိရအောင်

ကျွန်မ မိုးပြာကို ဖုန်းဆက် မေးလိုက်တော့မယ်"

"မင်းသဘောပါပဲ . . အဆင်ပြေသလိုလုပ်ပါ"

"ခွင့်ပြုပါဦး"

သူက ခေါင်းကို ဆက်ကာနဲ တစ်ချက်ညိတ်ပါသည်။ ကျွန်မ မိုးပြာကို ထပ်၍ ဖုန်းခေါ်လိုက်သည်။

"ဟဲ့ . . . ဘာဖြစ်ပြန်ပြီလဲ"

မိုးပြာက ကျွန်မ ဖုန်းကို ပြန်ဖြေဖြေချင်းပဲ မေးလိုက်သည်။

"ဘာမှမဖြစ်ဘူး . . . ဒါ . . . ခုလေးတင်ပဲ ဓာတ်ပုံကိစ္စ ဦးရဋ္ဌသီဟကို

ပြောလိုက်မိတယ်"

"တယ်တော်တဲ့ သူငယ်ချင်းလေးပဲ . . . ပြောပါဦး သူက ဘာတဲ့လဲ"

"သူက သူ့မှာ ကိုယ်တစ်ပိုင်းပုံရယ်လို့ သီးသန့်တော့မရှိဘူးတဲ့

ပတ်(စ)ပို့ပုံလောက်ပဲ သီးသန့်ဓာတ်ပုံရိုက်ထားတာရှိတယ်တဲ့"

"ပတ်စပို့ကို အကြီးချဲ့ရင် . . ."

မိုးပြာက ထိုစကားကို ဆက်မပြောဘဲ စဉ်းစားသလို ခဏတိတ်ဆိတ်သွားပါသည်။

"အင်း . . . အဆင်ပြေရင်တော့ ပြေမှာပေါ့လေ၊ ဒါပေမဲ့ ငါ့ဆီမှာ

ရှိတဲ့ တခြားလူတွေပုံက ပိုကောင်းနေလိမ့်မယ်။ အဲ့ဒီအခါ

ကျတော့ မကောင်းဘူးလေ။ ဓာတ်ပုံထဲမှာလှတာ၊ မလှတာထက်

သူကို ကောင်းကောင်းမလုပ်ပေးသလို ဖြစ်နေမယ်ထင်တယ်

ဘာလို့လဲဆိုတော့ အသက်နှစ်ဆယ်နဲ့လေးဆယ်တွင်း အရွယ်





ရှိတဲ့ လူငယ်လုပ်ငန်းရှင်တွေ အကြောင်းသီးသန့် ရေးတဲ့စာအုပ်

ဆိုတော့ သူတို့ချင်းက မတိမ်းမယိမ်းတွေလေ၊ အပြိုင်အဆိုင်

တွေလဲရှိတယ်လေ။ အောင်မြင်ချမ်းသာ ကြွယ်ဝပုံချင်းကလည်း

သိပ်မကွာကြဘူးလေ။ ဒီတော့ ဘယ်သူ့ကိုသာတယ်၊ နာတယ်

မဖြစ်အောင် အတော်သတိထားပြီးရေးရတယ်။ ဓာတ်ပုံကအစ

သူတို့ပုံကြည့်အကောင်းဆုံး၊ အသားနားဆုံး ဓာတ်ပုံတွေ သုံးတာ

ဆိုတော့ သူ့ဓာတ်ပုံက နတ်နေရင် မကောင်းဘူး"

မိုးပြာက ပြောတာ မှန်နေသဖြင့် ကျွန်မလည်း

"အေးဟုတ်တယ်နော်" ဟုထောက်ခံရင်း

"သူကတော့ပြောတယ် ဓာတ်ပုံသီးသန့် ရိုက်ပေးပါဆိုရင်လည်း

ရိုက်ပေးမယ်တဲ့"

ဟု၍ ကျွန်မသိထားသမျှကို ပြောပြလိုက်ပါသည်။

"သူလို သူဌေးကြီးတစ်ယောက်ကို ငါ့စာအုပ်အတွက် ဓာတ်ပုံ

သီးသန့် ရိုက်ပေးပါပြောရမှာလဲ မသင့်တော်ပါဘူး။ ငါက သူ့ကို

အသုံးချလွန်းရာ ရောက်နေမယ်။ ဒီတော့ ငါ့အစီအစဉ်နဲ့ ငါ သူ့ကို

ဓာတ်ပုံရိုက်ပေးပြီး အဲ့ဒီဓာတ်ပုံကို ယူရင်ကောင်းမယ် သူ့ကို ရှင်

သီးသန့် ဓာတ်ပုံရိုက်ပြီးကျွန်မကို ပေးပါလို့ မပြောချင်ဘူး"

"ငါ သတိရပြီ နေခကို ရိုက်ခိုင်းလိုက်"

"သူ့ ရုံးခန်းကို ငါတို့ သွားရိုက်ရင်ရတယ်"

"ဒါဆို နင်သူနဲ့ ချိန်းလိုက်နော် . . မိုးပြာ"

"အေး . . . အေး . . ရတယ် . . . ငါ ခုပဲ ဖုန်းခေါ်လိုက်မယ်။ ဒါပဲနော်

တာ့တာ"



burmeseclassic.com

burmeseclassic.com



မိုးပြာ ဖုန်းဆက်မည့်အကြောင်းသွားပြောသင့်၊ မပြောသင့် စဉ်းစားစရာတောင်မလိုပါ။ မိုးပြာက ကျွန်မနဲ့ဖုန်းပြောပြီးပြီးချင်း ချက်ချင်းပင် ဦးရဋ္ဌသီဟထံ ဖုန်းလှမ်းဆက်လိုက်ပုံရပါသည်၊ ကျွန်မ မလှမ်းမကမ်းမှ စောင့်ကြည့်သောအခါဦးရဋ္ဌသီဟ သူ့မိုးဘိုင်းလ်ဖုန်းကိုလက်ခံပြောနေတာ တွေ့ရပါသည်။ ပြီးတော့ ကျွန်မရပ်နေသော နေရာဆီကိုလည်း တစ်ချက် လှမ်းကြည့်ပါသည်။

ဖုန်းပြောပြီးသောအခါ ဦးရဋ္ဌသီဟက ကျွန်မဆီ တစ်ချက်လှမ်း ကြည့်ကာ ခေါင်းဆက်ပြပါသည်၊ ကျွန်မ သူ့အနား ရောက်သွားသောအခါ

"မင်း သူငယ်ချင်းဆီက အခုပဲ ဖုန်းဆက်ပါတယ်၊ ကိုယ့်ရုံးခန်းမှာ ဓာတ်ပုံလာရိုက်ဖို့ ချိန်းလိုက်ကြတယ်၊"

"ဟုတ်ကဲ့ ...အဆင်ပြေသွားတဲ့အတွက် ဝမ်းသာပါတယ်ရှင်"

"ကိုယ်အတွက် ဘီလ် ယူလာခဲ့လို့ရပြီနော်"

ကော်ဖီကိုသာ ကုန်အောင်သောက်ပြီး တစ်ဖွန်းလောက်သာ ခပ်စားထားပုံရသော ကြက်ဥအခွန်းမလိတ်ကြော်တို့ကို ကျွန်မ မမြင်ချင် ယောင်ဆောင်လိုက်သည်။ ချက်ပြုတ်ထားတဲ့ လက်ရာမကောင်းလို့ မစား တာမှမဟုတ်ဘဲဆိုတာ ကျွန်မသိသည်၊ ဘာကြောင့်လဲဆိုတော့ ဒီဆိုင်က လက်ရာတွေဟာ အဆင့်မြင့်လျက် နာမည်လဲရပါသည်၊ စားဖို့မှူး ကလဲ သာမာန်စားဖိုမှူးမဟုတ်ဘဲ ဟိုတယ်နှင့် ခရီးသွားက ဖွင့်ထားတဲ့ သင်တန်း ဆင်း လက်မှတ်ရပြီးသူဖြစ်သည်။ ကျွန်မ ဒီဆိုင်မှာ အလုပ်လုပ်မှန်း သူ အလို လိုနေရင်းမသိနိုင်ပါ၊ ဒါဖြင့် ဘာကြောင့် သာမန်ကော်ဖီဆိုင်တစ် ဆိုင်ကို သူရောက်လာခဲ့သနည်း။

သူ့အတွက် ဘီလ်ကို ယူလာခဲ့ပြီး သူ့လက်ထဲသို့ ထည့်နေစဉ်





"ဟော့..မြဲသွေးနီ"

ဟူသော နှုတ်ဆက်သံ အကျယ်ကြီးကြောင့် သူရော ကျွန်မပါ ထို အသံရှင်ဆီ ကြည့်လိုက်မိကြသည်။

"ဟယ် ...ကိုဇော်ကြီးပါလား..ပြန်ရောက်နေပြီပေါ့လေ၊"

ကိုဇော်ကြီးမှာ ကော်ဖီဆိုင်ပိုင်ရှင်၏ တူဖြစ်ကာ သဘော်ာ အင်ဂျင် နီယာ တစ်ယောက်လည်းဖြစ်ပါသည်၊ လွန်ခဲ့တဲ့ တစ်နှစ်လောက် ကတော့ ကျွန်မကို စိတ်ဝင်စားဟန်ပြကာ နေ့စဉ်ဆိုင်ကို ရောက်လာတက်ပြီး ကျွန်မနဲ့ ခင်မင်အောင် ဖန်တီးခဲ့ဖူးသည်၊ တရင်းတနီးနောက်ရင်း ပြောင်ရင်း ကျွန်မ ကို သူစိတ်ဝင်စားကြောင်း အရိပ်အမြွက်တော့ ပြောဖူးပါသည်။ သို့သော် ကျွန်မဘက်ကလည်းခင်မင်ရုံအပြင် မပိုသောအမူအရာမျိုးပြတက်ခဲ့လို့ လား၊ ဒါမှမဟုတ် ကိုဇော်ကြီးဘက်ပဲ တကယ်လဲချစ်တာမဟုတ်ပဲ ရုပ်ရည် လေးလှတာပတာနဲ့ ကြည့်ကောင်းသူလေးတစ်ဦးမို့ စိတ်ဝင်စားသလိုလို ဘာ လိုလို ဖြစ်ခဲ့ဖူးရုံကလွဲရင် ဒီထက်ပိုလို့မရမှန်းသူ့ဘာသာ သေချာသွားခဲ့လို့ လားတော့မသိပါ။ ရှေ့ဆက်မတိုးတော့သလို အတိအလင်းဖွင့်ပြောလာ တာမျိုးမဟုတ်တော့ပဲဒီအတိုင်းခင်ခင်မင်မင်နဲ့သာဆက်ဆံသွားခဲ့ပါသည်။ အဲဒီလိုနဲ့သူသဘော်ာပြန်တက်သွားကာ ကျွန်မဆီစာတစ်စောင်၊ နှစ်စောင် တော့ရေးဖူးတာကလွဲရင် ရှေ့တိုးမလာတော့ပါ။

"မနေ့က ပြန်ရောက်တယ်လေ ညည်းအတွက် လက်ဆောင် ပါလာတယ်၊ ရှူး . .တိုး . . တိုး . . ဟို ကောင်မတွေ မသိစေနဲ့၊ တော်ကြာညည်းအတွက်ပဲပါပြီး သူတို့အတွက်မပါလို့ ရန်လုပ် နေပါမယ်"

ကျွန်မမှာ ဦးရဋ္ဌသီဟရှေ့မှာ ကိုဇော်ကြီးရဲ့လက်ဆောင်ကို လက်ခံ



burmeseclassic.com

burmeseclassic.com



ရမှာမဟုတ်မရဲဖြစ်သွားပါသည်။ လက်ဆောင်ပေးတိုင်းယူတဲ့အစားမျိုးလားလို့ ထင်သွားမှာစိုးရိမ်နေမိသည်။

"ဘာမှ မဟုတ်ပါဘူး။ ရေမွှေးပါဟာ . . Chanel (ရှယ်နဲယ်လ်) အနံ့ကြီးတော့ ငါမကြိုက်တာနဲ့ Dior (ဒီအော)ထဲကပဲ ဝယ်လာတယ်။ ရောင်းတဲ့အမျိုးသမီးပဲ ရွေးပေးလိုက်တာလေ၊ သူက တော့ Dior ထဲမှာ Miss Dior (မစ္စဒီအော)ကိုတော့ မိန်းကလေး တွေ ကြိုက်တာများတယ်ဆိုပြီးပေးလိုက်တာပဲ။ ညည်း ကြိုက်ပါ့ မလား မသိဘူး။"

"ကိုဇော်ကြီးကလည်း လက်ဆောင်တွေဘာတွေ မလိုပါဘူး အားနာစရာ"

"သတိရလို့ ဝယ်လာမိတာပါ။ မြေးသွေးနီးရယ် ညည်းမယူရင် ပေးရ မဲ့သူလဲမရှိပါဘူး။ အမေကလည်း ရေမွှေးမကြိုက်ဘူးဟ၊ သူက ရှင်မတောင်စစ်စစ်ကို ခြေဆုံး ခေါင်းဆုံးလူးရရင် စိတ်ချမ်းသာ နေတဲ့ သူလေ"

ကျွန်မမှာ လက်ထဲအတင်းထိုးထည့်နေတဲ့ ရေမွှေးအိတ်လေးကို အသာယူလိုက်ရတော့သည်။ ဦးရွှေသီဟကတော့ စားပွဲမှ ထနေပြီ ဖြစ်သည်။ ကျွန်မအလိုလိုနေရင်းစိတ်ရှုပ်သွားပါသည်။ ကိုဇော်ကြီးကတော့ ပေးချင်ဇောနဲ့ အတင်းထိုးပေးနေတာ၊ ကျွန်မမှာတော့ ဦးရွှေသီဟ ရှေ့မှာ ယောကျ်ားတစ်ယောက်ပေးတဲ့လက်ဆောင်ကို လက်ခံလိုက်ရလို့ သိမ်ငယ် ပြီး ကျုံ့ဝင်သွားသလို ခံစားလိုက်ရသည်တည်း။

* * *

# (၄)

အိမ်တံခါးဘဲလ်သံကြားသော အချိန်တွင် ကျွန်မ ကြည့်လက်စ ဗွီဒီယိုစကားပြောရုပ်ရှင်ကို pause (ပေါ့စ်)လုပ်လိုက်ပါသည်။ နိုင်ငံခြား ဘာသာဒီပလိုမာကို ပေါ်ပြူလာဖြစ်လို့တက်ဖြစ်တာမဟုတ်ပဲ တကယ်ပင် ဝါသနာပါလို့ တက်ခဲ့သည်ဖြစ်၍ အရလိုအားတဲ့အချိန်တွေဆိုရင် လိုင်ဘရီ (စာကြည့်တိုက်) (Librany)မှာ စာအုပ်များ၊ မှတ်တမ်းရုပ်ရှင်များကို လေ့လာ ပြီး အချိန်ဖြုန်းတက်သောကြောင့် ကျွန်မမှာ ပျင်းရမဲ့ အချိန်ရယ်လို့တောင် မရှိပါ။

တံခါးချောင်းကြည့်ပေါက်မှ ကြည့်လိုက်တော့ မိုးပြာနဲ့နေခတို့ ရပ်နေတာတွေ တွေ့ရသဖြင့် တံခါးကို စိတ်ချလက်ချ ဖွင့်လိုက်သည်။

"အဆင်ပြေခဲ့ကြလား"

ဒီနေ့ မိုးပြာနှင့်နေခတို့ ဦးရွှေသီဟ၏ ရုံးခန်းကိုသွားပြီး ဓာတ်ပုံ သွားရိုက်ကြသည်။ မိုးပြာက နင်လိုက်မလားခေါ်ပေမဲ့ ကျွန်မနဲ့သိပ်မဆိုင် ဘူး ထင်သဖြင့် မလိုက်ပဲနေခဲ့ပါသည်၊ စိတ်ထဲမှာတော့ သူ့ကိုပြန်လဲ ဆုံချင်



burmeseclassic.com

burmeseclassic.com



သလိုလို မဆုံချင်သလိုလို ဘာမှန်းမသိသော ခံစားချက်တော့ရှိပါသည်။ သူလိုလူက ကျွန်မလိုသာမန်မိန်းကလေးအပေါ် ဘယ်နည်းနဲ့မှ စိတ်ဝင်စား မှာ မဟုတ်ဘူး။ ကျွန်မကပိုပြီး ထူးထူးခြားခြားကြီးလှနေတဲ့ မိန်းကလေး လည်းမဟုတ်ဘူးဆိုသောအသိကြောင့် ရင်ထဲမှာမကောင်းသလိုတော့ ဖြစ် ခဲ့ဖူးသည်။ သို့သော်အဲ့ဒီခံစားချက်ကလည်း ခဏသာဖြစ်ကာ ဒီအကြောင်း မတွေးဘူးဆိုလျှင် ပြန်မေ့ပျောက်သွားပြန်ပါသည်။

"အဆင်ပြေပါတယ်။ နင်မပါလို့မေးတော့ နေခ မျက်နှာကြီး ပုပ်နေတာနဲ့ ငါ့မှာ အားတောင်နာတယ်"

"အံမာ ... မပုပ်ပါဘူး"

"ဒါဖြင့် .. ဟိုက နင့်ဓာတ်ပုံအကြောင်းမေးတော့ ဘာလို့သေသေ ချာချာ မဖြေလဲ"

"အဲ့ဒီလူက သူကိုယ်သူ နေရာတကာ သိနေတက်နေသလိုလို ဟိုမေးဒီမေးလုပ်ပြီး ငါ .. ရှင်းပြတော့လဲ သူအရင်သိနေသလို ကြိုကြိုပြောနေတာ ငါမကြိုက်လို့ သူသိနေရင်လဲ ငါ့ကို ဘာလို့ မေးလဲ။"

"သူပြောတာတွေကရော မဟုတ်ပဲ ဖြီးဖြန်းတာမျိုးမို့လား"

"မိုးပြာ နင်ငါ့ကို မရွဲ့နဲ့"

"မရွဲ့ပါဘူး ငါက ဓာတ်ပုံ ပညာအကြောင်းကင်မရာတွေအ ကြောင်းမှ မသိတာ သူ နင့်ကိုပြန်ဆွေးနွေးနေတာက မှန်လား မှားလား သိချင်လို့ တကယ်မေးတာ"

"မှန်တယ် ... မှန်တယ် ... ကဲ ... ကျေနပ်ပြီလား။ ဒါကြောင့် ငါ ဘာမှ မဆွေးနွေးချင်တော့တာ။ သူသိနေတာတွေက ငါထက်





တောင်ပိုသိနေလို့ ဆက်မပြောရဲတော့ဘူးဆိုတာ ငါဝန်ခံပါ တယ်။ တော်ကြာငါပြောတာတွေ သိပ်နိမ့်နေရင်သူ ငါ့ကို အထင် သေးနေမှာ စိုးလို့"

သူတို့နှစ်ယောက် စကားနိုင်လုနေကြသော အဖြစ်ကို ကျွန်မ ဟိုလှည့်ကြည့်လိုက်၊ ဒီလှည့်ကြည့်လိုက်ဖြင့် အသာနားထောင်နေမိပါသည်။

"ရုပ်ကတော့ တော်တော်ဖြောင့်တဲ့လူ။ ဓာတ်ပုံထဲမှာတော့ ဘယ် လိုနေမယ်မသိဘူး။ အပြင်မှာတော့ ရုပ်က အမေရိကန် ဇာတ် လိုက်လိုလိုရုပ်နဲ့။ ဘယ်သူနဲ့တူပါလိမ့် ... ခြော် ... သိပြီ ... သိပြီ. Ryan Reynolds (ရိုင်ယန်ရေးနော့လ်ထ်) နဲ့ တူတာ"

"နင်ကြိုက်တဲ့ရုပ်ပဲ မျက်စိထဲစွဲနေလို့ဖြစ်မှာပေါ့။ ကိုရဲခန့်ရော Ryan Reynolds နဲ့ တူတာပဲလား"

"ဟီးဟီး ... မတူပါဘူး ... သူက သူ့ဘာသာ သီးသန့်ချောတာလေ ဘယ်သူနဲ့မှ မတူဘူး"

"မိုးပြာဟာလေ နင် ငါ့ညီမသာဆို ထကန်လိုက်ပြီးနေပြီ"

"ဘာဖြစ်ရတာလဲ ဘာထ,ကန်စရာရှိလဲ"

"ဆပ်စလူးစိန် ဖြစ်နေလို့"

"ကဲပါ ... ကဲပါ .. တော်ကြပါ နှစ်ယောက်သားအိမ်ထဲရောက်က တည်းက တကျက်ကျက်ရန်ဖြစ်လိုက်ကြတာ တကယ်ပဲ။ နေခ ကလဲလေ မိုးပြာနဲ့ပြိုင်ရန်ဖြစ်နေတာ အခြောက်မကြီးကျနေ တာပဲ"

ကျွန်မ ကြားထဲက ဝင်ပြောလိုက်တော့ နေခ စူပုပ်ပုပ် မျက်နှာကြီး နှင့် ကျွန်မကို စောင်းကြည့်သည်။



burmeseclassic.com

burmeseclassic.com



"နင့် စိတ်ကြိုက်ပုံတွေရလာရဲ့လား မိုးပြာ"

"ပုံတွေပြန်မကြည့်ရသေးပေမဲ့ နေခ လက်ရာကို ယုံပါတယ် တဲ ဟဲ တကယ်ပြောတာ ငါ့သူငယ်ချင်းလေးက ဓာတ်ပုံရိုက်တဲ့ နေရာမှာတော့ ရူပါပဲ။ ပုံလေးတွေက ဘာနဲ့မှ မတူအောင် ထူးခြားပြီး ပုံထွက်ကောင်းတာလေ"

"လားဖါးမနေနဲ့။ နင့်က အဖြူအမည်းပဲ လိုချင်တယ်ဆိုလို့ အဖြူအမည်းပဲ ရိုက်လာတယ်နော်"

"အဖြူအမည်းပေမဲ့လဲ ကောင်းမှာပါ။ နင့်ကင်မရာက ဒစ်ဂျစ်တယ် ကင်မရာပဲဟာ လာပါ၊ ပုံတွေ ပြန်ကြည့်ရအောင်"

"နင်ပဲ သေသေချာချာ ရွေးလို့ရအောင် ကွန်ပျူတာထဲထည့်လိုက်မယ်။ ကြည့်ရတာ ပိုကောင်းတာပေါ့"

နေခနဲ့မိုးပြာ ချက်ချင်းပြန်တည့်သွားပါသည်။ သူတို့က ဒီလိုပဲ စကားနိုင်လုနေကျဖြစ်၍ ပြီးရင်လဲ ချက်ချင်းပြန်အဆင်ပြေသွားတက်တာများသည်။ အခုလည်း အိမ်ရှိကွန်ပျူတာဖြင့် သူ့ကင်မရာထဲမှာ ရိုက်ယူလာသော ပုံတွေကြည့်ဖို့အလုပ်ရှုပ်နေတော့သည်။ သိပ်မကြာခင်မှာပင် ကွန်ပျူတာဖန်သားပြင်တွင် ဦးရဋ္ဌသီဟရဲ့ ဓာတ်ပုံတွေမြင်ရတော့သည်၊ ကိုယ်တပိုင်းပုံတွေပေမဲ့ နေခ စိတ်ကြိုက်ရှုထောင့်မျိုးစုံမှ ရိုက်ယူထားပါသည်။ ရှေ့တည့်တည့်ပုံ၊ သုံးချိုးတစ်ချိုးပုံ၊ လက်အသာပိုက် ခပ်တည်တည်ကြည့်သောပုံ၊ပြုံးတော့မယောင်နှုတ်ခမ်းများနှင့်ကင်မရာကိုမကြည့်ပဲခပ်ဝေးဝေး စိုက်ကြည့် ဟန် ရှိသည့်ပုံ...စသည်ဖြင့် ပုံပေါင်းနှစ်ဆယ်ကျော်လောက်ရှိပါမည်။

ဦးရဋ္ဌသီဟက နိုပြာရောင်ရှပ်လက်ရှည်ကို လက်ကြယ်သီး





အပြည့်တပ်ဝတ်ထားခဲ့ပြီး အနက်ရောင်ဘောင်ဘီရှည်ကို ဝတ်ဆင်ထားကြောင်းသိရသည်မှာ နောက်ဆုံးအနေနဲ့ မိုးပြာရယ်၊ နေခရယ်၊ ဦးရဋ္ဌသီဟရယ် သုံးယောက်တွဲပုံမှာ ရောင်စုံဓာတ်ပုံဖလင်သုံးထား၍ပင်။ ထိုဓာတ်ပုံကိုတော့ တစ်ကိုယ်လုံးအပြည့်ရိုက်ထားရာ နေခနဲ့ ဦးရဋ္ဌသီဟတို့ဟာ အရပ်အမောင်းချင်းလဲ မတိမ်းမယိမ်း ဖြစ်ကြောင်း တွေ့ရသည်။

နှစ်ယောက်ယှဉ်ကြည့်ရင် နေခကလည်း သူ့စတိုင်လ်နဲ့သူကြည့်ကောင်းလှသလို ဦးရဋ္ဌသီဟက ကျတော့ သူ့ကိုယ်သူ ယုံကြည်မှု၊ အထင်ကြီးမှုနှင့် ဂုဏ်ယူဝင့်ကြွားမှုတွေ လွှမ်းသောစတိုင်လ်ဖြင့် ချောမောကြည့်ကောင်းနေသည်။

"ကိုခန့်တော့ ဒီပုံမြင်ရင် ငါမင်းကို သတ်ချင်တယ် ဖြစ်တော့မှာပဲ နော်။ လူချောလူလှ နှစ်ယောက်နဲ့ ဓာတ်ပုံတွဲရိုက်လို့လေ"

မိုးပြာရဲ့ချစ်သူ ကိုရဲခန့်က သူမတို့နဲ့ တစ်မြို့တည်းသားချင်း မြို့မျက်နှာစုံး သူဌေးသားဖြစ်ကာ ရန်ကုန်နဲ့သူတို့မြို့ကူးချည်သန်းချည် လုပ်တက်သည်၊ နယ်မြို့ကပေမဲ့ ဝန်ကောက်မှာ နှစ်နှစ်၊ စင်ကာပူမှာ တစ်နှစ်ကျောင်းသွားနေခဲ့ပြီး စီးပွားရေးပညာနဲ့ ပတ်သက်သော ဒီပလိုမာရထားပြီး သူဟု သိရသည်၊ ရန်ကုန်လာရင်တော့ တကယ့်အကောင်းစား ဟိုတယ်ကြီးမှာ တည်းကာသုံးနိုင်ဖြုန်းနိုင်သည်။မိုးပြာထက်လည်း အသက်သုံးနှစ်လောက်ပိုကြီးကာ မိုးပြာကိုလည်း အင်မတန်ချစ်မြတ်နိုးပါသည်။ ချစ်လဲချစ်ချင်စရာမိုးပြာက သူတို့မြို့မှာမယ်ဘွဲ့တောင်ရထားတဲ့ အထိ ရုပ်ရည်၊ကိုယ်လုံးကိုယ်ပေါက် ဘာမှအပြစ်ပြောစရာမရှိအောင် လှတဲ့သူဖြစ်သည်။ ကိုရဲခန့်ကတော့ရုပ်အချောကြီးမဟုတ်ပေမဲ့ ယောကျာ်းပီသသော ရုပ်ရည်ရှိသူဖြစ်သည်၊ သူတို့နှစ်ယောက်အတွဲက လိုက်ဖက်လှသည်ဟုလဲ မြင်သူတိုင်း



burmeseclassic.com

burmeseclassic.com



မှတ်ချက်ပေးပါသည်။

"ဦးရှွေသီဟက ဓာတ်ပုံစားသားပဲ"

နေခက သူ့လက်ရာသူ သဘောကျပြီး ပြောသည်။

"ကဲ...နင်ကြိုက်တဲ့ ပုံရွေးပေးတော့ မိုးပြာ ငါ့တာဝန်ပြီးပြီ"

"မြသွေး ...နင်လည်း လာရွေးပေးလေဟယ်"

"ပုံတွေက အကုန်ကောင်းနေတာ ငါ မရွေးတတ်ပါဘူး။ နင့်တအုပ်နဲ့ အသင့်တော်ဆုံးဖြစ်တာရွေးလေ"

"နေခ နင်လည်းအကြံပေးဦး"

နောက်ဆုံးတော့ အားလုံးသဘောတူညီချက်ဖြင့် တစ်ပုံရွေးဖြစ်သွားပါသည်။ နေခ ပြန်မလို့ပြင်ဆင်ရင်း

"သူ့ကို ကြွားချင်တာနဲ့ပဲ ငါ့ဓာတ်ပုံပြပွဲအကြောင်း ပြောလိုက်မိတယ်။ သူ့အသေအချာမေးပြီးမှတ်နေတယ်သိလား။ ငါက Website မှာလည်းပြပွဲရက်ကို ကြော်ငြာမယ် facebook မှာလည်း တင်မယ်ပြောထားတော့သူ အဲဒီရက်ကို သိမှာပဲ"

ဟု သူ့ဘာသာ မကျေမနပ်ဖြစ်သလို အသံဖြင့် ပြောသည်။ ကျွန်မက နားမလည်နိုင်ပဲ

"ဘာဖြစ်လဲ . . . သူသိသွားတော့လဲ ကောင်းတာပေါ့။ နင့်ကအရည်အချင်းရှိတဲ့ ဓာတ်ပုံဆရာတစ်ယောက်ဆိုတာ သိသွားတာပေါ့"

"ကျွတ် . . . သူလာကြည့်တော့ နင့်ပုံတွေ တွေ့မှာပေါ့။ အဲ့ဒါပြောတာ"

"ငါ့ပုံတွေတွေ့တော့ ဘာဖြစ်လဲ။ နင်က ပြပွဲတင်မှာ သူ့တင်မဟုတ်ဘူး။ လာကြည့်သမျှလူတွေ တွေ့မှာပဲ"





နေခက ဆက်မပြောချင်ဟန်ဖြင့် မျက်မှောင်ကြီး ကျုံ့ကာ ပြန်သွားတော့လေသည်။

နေခပြန်သွားတော့မှ မိုးပြာက

"နေခ မနာလိုနေတာ" ဟု အတင်းတုပ်လေသည်။

"နင့်ကို အဲဒီလူနဲ့ ပေးတွေ့ရသလဲဆိုပြီး ငါ့ကိုလည်း မကျေမနပ်ဖြစ်သေးရဲ့"

"ဘာလို့သူက မနာလိုရမှာလဲ။ ဦးရှွေသီဟ အတွက်ဆို ငါက ပါမွှားလေးပါ"

"နေခက နင့်ကို ကြိုက်ရင်လဲ ကြိုက်တယ်လို့ ဖွင့်မပြောဘူး။ အမြဲပဲ အဲဒီလို လိုက်သဝန်တိုနေတာ။ ဟိုလူနဲ့သဝန်တို၊ ဒီလူနဲ့ သဝန်တိုနဲ့"

"ငါက နေခကို ခင်ပဲခင်တယ်။ နောက်ပြီး အဲဒီလို သဝန်တိုတဲ့ယောက်ျားလေးမျိုးကိုလဲ ရည်းစားမတော်ချင်ဘူး"

"နင် . . သူ့ကိုခင်ရုံခင်တာသိလို့ ဖွင့်မပြောတာနေမှာပါ။ အခုလို သူငယ်ချင်းလို ခင်နေရရင် နင့်အနားမှာ နေလို့ ရသေးတယ်လေ ဖွင့်ပြောလိုက်မှ နင်က ငြင်းရင် အားနာစရာတွေဖြစ်ပြီး မခေါ်မပြောရရင် နင့်အနားမှာ နေလို့မရတော့ဘူးလေ"

"အင်း . . .ဟုတ်မှာပေါ့ နေခကို ခင်ရုံကလွဲရင် မပိုနိုင်တာတော့ စိတ်မကောင်းပါဘူးဟယ်။ သူလဲရုပ်ရည်ကြည့်ကောင်းတဲ့ ယောက်ျားတစ်ယောက်ပါပဲ၊ ငါ့အပေါ်မှာလည်း ကောင်းတယ်၊ ဒါပေမဲ့ စိတ်ထဲမှာ ရည်းစားသဘောမျိုး စိတ်ကူးလို့ကို မရဘူး"



burmeseclassic.com

burmeseclassic.com



"အေး...ငါနားလည်ပါတယ်"

သူငယ်ချင်းနှစ်ယောက်သား ညနေခင်းအချိန်တွေကို ဒီလို လက်ဖက်သုပ်လေးတစ်ပန်းကန်နဲ့စကားထိုင်ပြောရင်ပြော၊ မပြောရင် ထိုင်အတူတူကြည့် ဒါမှမဟုတ် ပြင်သစ်ဘာသာနဲ့ ဆိုင်သော မှတ်တမ်းရုပ်ရှင်တွေကြည့်ရင်ကြည့်၊ မကြည့်ရင် စာအုပ်တစ်အုပ်ဆီနဲ့ တစ်ထောင့်စီမှာ အချိန်ဖြုန်းလေ့ရှိပါသည်။

ကိုရဲခန့် ရန်ကုန်လာတဲ့ ရက်တွေမှာတော့ သူတို့ချစ်သူရည်းစားနှစ်ယောက် တစ်နေကုန်ထွက်လည်နေကြသဖြင့် များသောအားဖြင့်တော့ ကျွန်မတစ်ယောက်တည်းသာ အချိန်ကုန်ဖြစ်တာများပါသည်။

* * *

# (၅)

နိုင်ငံခြားဘာသာတက္ကသိုလ်မှ အထွက်တွင် မိုးကတဖွဲဖွဲရွာလာသဖြင့် ပခုံးလွယ်သားရေအိတ်ထဲမှာ အသင့်ဆောင်လာသော ခေါက်ထီးကို ထုတ်ယူဖွင့်လိုက်သည်။ ခေါက်ထားသည့်အရှိန်နဲ့ရော လေနည်းနည်းပါသောမိုးကြောင့်ရောထီးဟာ ရုတ်တရက်ဖွင့်မရဖြစ်နေသည်။ ဖွင့်လိုက်တိုင်းလန်တက်သွားသော ထီးရွက်တွေကို ပြန်ဖိလိုက်ဖွင့်ကြည့်လိုက် နှစ်ခါမြောက်ကြိုးစားပြီးချိန်တွင် ကျွန်မ အနီးအနားကို ကားတစ်စီး ထိုးရပ်လာပါသည်။

ဖြူဖွေးပြောင်လက်နေသော မာစီး(ဒီးစ်)ကားကြီး၏ အတွင်းကို မီးခိုးရောင် နေကာမှန်များမှ တစ်ဆင့်မြင်ရသည်။ ဒရိုင်ဘာဖြင့်မောင်းသော ကား၏ နောက်ခန်းမှ ကားမှန်လျောကျလာသည်။

"မြသွေးနီ အတန်းပြီးပြီလား"



burmeseclassic.com

burmeseclassic.com



မမျှော်လင့်ဘဲ ဦးရဲ့သီဟကို တွေ့လိုက်ရသဖြင့် ကျွန်မ ဘယ်လို တုံ့ပြန်ရမှန်းမသိဖြစ်သွားပါသည်။

"မိုးတွေစိုကုန်ပြီ ကားပေါ်တက်ပါလား။ ကိုယ်လိုက်ပို့ပေးလို့ ရတယ်။ ဘယ်သွားမှာလဲ"

"အိမ်ပြန်မှာပါ...ဦးရဲ့သီဟ၊ လိုက်မပို့ပါနဲ့ အားနာစရာ ဒီမှာ ... အဟင်း...ထီးဖွင့်လို့ရသွားပြီ"

"အိမ်ပြန်မယ်ဆိုလည်း လိုက်ပို့မယ်လေ..တက်ပါ။ ကိုယ် မင်းကို တမင်လာစောင့်နေတာပါ"

"ရှင်...ဘာကိစ္စများ ရှိလို့လဲ"

"မိုး...အရမ်းရွာလာပြီ၊ ကားပေါ်တက်လိုက်ပါ မြဒေသွးနီ"

အင်းလေ . . . ကားပေါ်တက်ပါ . . . လိုက်ပို့ပေးမယ်ဆိုတော့လဲ တက်လိုက်ရုံပဲပေါ့။ အလကားနေရင်း မာနကြီးတင်းခံနေစရာ အကြောင်း လည်း မရှိပါဘူး။

ကားနောက်ခန်းထဲ ဝင်ထိုင်လိုက်ပါသည်။ ဒရိုင်ဘာက ကားကို ငြိမ့်ကနဲ မောင်းထွက်လိုက်ပါသည်။ ဒရိုင်ဘာပေမဲ့ ဦးရဲ့သီဟ၏ ကုမ္ပဏီ ဝတ်စုံကိုသာဝတ်ဆင်ထားတာတွေ့ရသည်။ ORION (အိုရိုင်ယွန်) ကုမ္ပဏီ ရဲ့ဝတ်စုံဖြစ်သော အဖြူရုပ်လက်ရှည်မှာ ခရမ်းရင့်လက်ပြတ် ဝေ့စကုတ် တပ်ဝတ်ရကာ ခရမ်းရင့်ရောင် ဘောင်းဘီရှည်ကို ဝတ်ဆင်ထားသော ဒရိုင် ဘာမှာ အသက်ငါးဆယ်ဝန်းကျင် ရုပ်တည်တည် နှင့် လူကြီးဖြစ်လေသည်။ ချောလဲမချော၊ ရုပ်လဲမဆိုးပေမဲ့ မျက်နှာကြီးက တော်တော်တည်လွန်း သ ဖြင့် ရုပ်ရင့်သလို ထင်ရသည်။ ထိုဒရိုင်ဘာက တစ်ချက်မှတောင် လှမ်းကြည့် ဖော်မရ။





"အိမ်ပြန်ရုံပဲဆိုရင် ကိုယ်တို့ ဆိုင်တစ်ဆိုင်မှာ ထိုင်ပြီး စကားပြော ရအောင်လား"

"ကိစ္စရှိလို့လား"

"မင်း . . ဒီလိုအချိန်မျိုးမှာဆို ဘယ်လိုအစားအစာစားဖို့ ပိုရွေး ချယ်ချင်မလဲ"

သူက ကျွန်မမေးခွန်းကိုမဖြေဘဲ သူမေးချင်တာကိုသာဆက်မေး လေသည်။

"ဦးရဲ့သီဟ အဆင်ပြေမဲ့ ဆိုင်ပဲရွေးပါ။ ကျွန်မက အစား အသောက် မရွေးပါဘူး"

"မင်း...Sushi (ဆူရှီ)ကြိုက်လား"

"ကျွန်မ..မစားဖူးဘူး"

"ဟုတ်လား..."

"ဝယ်စားချင်ရင် အခုခေတ်မှာတော့ ဘယ်မှာမဆို ဝယ်စားကြည့် ရင်ရပါတယ်။ ဒါပေမဲ့ စိတ်မဝင်စားတာနဲ့ဝယ်မစားကြည့်ဖြစ်ခဲ့ တော့ တစ်ခါမှ မစားခဲ့ဖူးဘူး"

"သာမန်ဆိုင်ကလေးတွေမှာ ရောင်းတဲ့ဆူရှီကတော့ ဘာထူးမှာ လဲလေ။ ကိုယ်မင်းကို ဂျပန်ဆိုင် စစ်စစ်ခေါ်သွားမယ်။ တစ်ခါမှ မစားဖူးတဲ့ အစားအစာကိုစားကြည့်မယ်ဆိုရင် အကောင်းဆုံးဆို တဲ့နေရာကပဲ ဝယ်စားပါ။ ဒါမှ ဒီအစားအစာရဲ့အရသာအစစ်ကို လက်ခံနိုင်မှာလို့ ကိုယ်ယူဆတယ်"

နောက်ခန်းထဲမှာ ကျွန်မနဲ့သူ ယှဉ်တွဲ ထိုင်နေပေမဲ့ နှစ်ယောက် အလယ်မှာ လက်တင်လို့ရသည့် လက်တန်းရှိပါသည်။ ထိုလက်တန်းတွင်



burmeseclassic.com

burmeseclassic.com



ကော်ဖီတို့ဘာတို့၊ ဖျော်ရည်ဘူးတို့၊ ရေဘူးတို့ ထည့်တင်လို့ရသော ခွက်ပုံအဝိုင်းလေး နှစ်ဝိုင်းလည်းပါသည်။ ထိုလက်တန်းကို မလိုချင်ပါက နောက်မှီဘက်ကိုပြန်၍လှန်တင်ထားနိုင်သော လက်တန်းပုံစံ ဖြစ်သည်။

ဦးရှဉ့်သီဟက ထိုလက်တန်းပေါ်တွင် သူ့ရဲ့တံတောင်တစ်ဖက်ကို သက်တောင့်သက်သာတင်ထားသလို ကျန်တစ်ဖက်ကတော့ သူ့ပေါင်ပေါ်တင်ထားသည်။ သူ့လက်တွေမှာ ရှောမွေ့ဖြူဖွေးနေကာ လက်သည်းများကတော့ သေသေချာချာသ,ထားပုံဖြင့် ညီညာပြီး သဘာဝအတိုင်း ပန်းသွေးရောင်ပေါက်နေသည်။ ဦးရှဉ့်သီဟက ဒီနေ့တော့ လည်ပင်းဝိုင်တီရှပ် နှင့်ဂျင်းန်တို့ကို ဝတ်ဆင်ထားသဖြင့် သူ့ဒွေးကြီးပုံမတွေ့ရဘဲ သာမာန်လူငယ်လေးတစ်ယောက်လိုပင် လန်းဆန်း တက်ကြွနေသည်။ သူ့မျက်နှာကိုတော့ သေသေချာချာကြည့်ပြီးအကဲမခတ်ရဲသဖြင့် ကျွန်မ မျက်လွှာပင့်ကြည့်ရသမျှကိုသာ မြင်ရပါသည်။

"မခင်မိုးပြာ ဘာပြောလဲ ဓာတ်ပုံတွေအဆင်ပြေတယ်တဲ့လား"

ကားမောင်းထွက်လာပြီး အတန်ကြာမှ သူ့ဆီက အသံကြားရသည်။

"အဆင်ပြေပါတယ်။ စာအုပ်တောင် စ,ရိုက်နေပါပြီ"

"ဒီလိုစာအုပ်တွေက ဈေးကွက်တော့ သိပ်ဝင်မယ် မထင်ဘူး"

သူ့ဘာသာ ပြောပြီးမှ..

"ဆောရီး...ကိုယ် ဒီလိုမဝေဖန်သင့်ဘူး"

ဟုပြန်တောင်းပန်လိုက်ပါသည်။

"ကိစ္စမရှိပါဘူး။ မိုးပြာကလည်း ဝါသနာပါလို့ ရေးတာပါ။ စာမူခ သိပ်မမက်ပါဘူး။ သူကစာအုပ်ထုတ်ချင်လွန်းလို့ ထုတ်ဝေသူရှာပြီးကုန်ကျစရိတ်သူ တစ်ဝက်ခံပြီး ထုတ်တာလေ။ သူ့မိဘတွေက





ချမ်းသာတော့ သူ့ဝါသနာပါတာကို စိတ်ကြိုက်လုပ်ခွင့်ရှိတာပေါ့ သူကအဲ့ဒီလို လုပ်ရတာကို ပျော်ပြီး ဂုဏ်ယူနေတာ"

"မင်းကရော"

"ရှင်..."

သူက ဖြတ်မေးလိုက်သဖြင့် ကျွန်မ ဘာကိုမေးမှန်းမသိဖြစ်ကာ နားမလည်သလို ဖြစ်သွားပါသည်။ ကျွန်မကရော ဘာလုပ်ချင်လဲ မေးတာလား။ ဒါမှမဟုတ် မိုးပြာအတွက် ကျွန်မကရော ဂုဏ်မယူဘူးလား မေးတာလား။

သူက ကျွန်မ၏ မျက်လုံးတွေကို တည့်တည့်စိုက်ကြည့်ပြီး မြုံးလေသည်။ သူ့မျက်လုံးထဲမှာ ကျွန်မ၏ အမူအရာကို သဘောကျသွားသည့်အရိပ်အယောင်တွေတွေ့ရပါသည်။ အင်း...သေတော့မှာပဲ၊ ဒါကြောင့် မိုးပြာ ခဏခဏ ပြောတာ

"နင်က အံ့ဩသွားတာမျိုးဖြစ်ဖြစ်၊ အရမ်းသိချင်သွားတာမျိုး ဖြစ်ဖြစ် အဲ့ဒီလိုခံစားရရင် နင့်မျက်လုံးတွေက ဝိုင်းပြီးအရောင်တောက်သွားတတ်တယ်။ နဂိုက မျက်လုံးအိမ်ကြီးပြီး ဝိုင်းစက်နေပါတယ်ဆိုမှ အဲ့ဒီလို အရောင်တွေပါတောက်သွားရင် ဘယ်လိုလေးမှန်းမသိဘူး။ ယုန်မျက်လုံးလိုပဲ၊ အရမ်းချစ်စရာကောင်းတယ်။ နေခဆိုရင် နင့်မျက်လုံးတွေ အဲ့ဒီလို ပုံစံဖြစ်သွားရင်လေ တကယ့်ကို ကြွေတော့တာပဲ"

ဟူသော.. မှတ်ချက်ကိုပြန်ကြားယောင်မိသွားပါသည်။ အခုလဲ ဦးရှဉ့်သီဟ တစ်ယောက် ကျွန်မရဲ့အံ့ဩသလိုနဲ့သိချင်ပြီး ပြန်ကြည့်သော မျက်လုံးတွေကို သဘောကျသွားပုံရသည်။ ဒီလူဟာ ကိုယ့်အပေါ်တစ်မျိုး တော့ထူးခြား



burmeseclassic.com

burmeseclassic.com



နေမှန်းသိပေမဲ့ ထိုခံစားချက်ကို အတည်မယူချင် သေးတာတော့အမှန်ပင်။

"မင်းအကြောင်းတွေ သိချင်တယ်"

သူ…အဲ့ဒီလောက်ပဲ ပြောကာ သူ့ကားဒရိုင်ဘာကို

"ကိုကျော်ကျော် ကျွန်တော်ဖုန်းကို ကားထဲမှာ ထားခဲ့မယ်။ လာသမျှဖုန်းတွေ ပြန်ဖြေလိုက်ပါ။ လိုအပ်တာမှန်သမျှ ရေးပြီး မှတ်ထားလိုက်ပါ။"

သူ့ဖုန်းပေးထားလိုက်ပြီး ကျွန်မကို

"ဒီဆိုင်မှာ ဆင်းမယ်"

ဟု၍ ကားငြိမ့်ကနဲ ရပ်လိုက်သော ဆိုင်ကိုညွှန်ပြပါသည်၊ ခြံနဲ့ ဝန်းနဲ့ဖွင့်ထားပြီး ဂျပန်အိမ်လေးနဲ့ တူသော ဆိုင်ကို ရင်သပ်ရှုမောသွားပါသည်။ ရုပ်ရှင်တွေထဲမှာ ပန်းချီကားတွေထဲမှာ တွေ့ရသော အပြင်အဆင်နဲ့ ဂျပန်ဆိုင်ကို ကျွန်မသာဆို ဝင်ရဲမှာမဟုတ်။ အပြင်အဆင်နဲ့တင် ဈေးတော်တော်ကြီးမဲ့ ဆိုင်မျိုးဆိုတာ ခန့်မှန်းမိ၍ပင်။

တံခါးချက်တွေကအစတွန်းဖွင့်ရသောတံခါးမျိုးမဟုတ်ဘဲလျော တိုက်ဖွင့်ရသော ပုံစံဖြစ်သလို ဆိုင်၏အသုံးအဆောင် ပစ္စည်းတွေကိုလည်း ဝါး, တော်တော်များများအသုံးပြုကာ တည်ဆောက်ထားတာတွေ့ရသည်။

"သီးသန့်တစ်ခန်း ယူလိုက်မယ်နော်"

ကျွန်မကို တိုင်ပင်သလိုလို၊ အကြံတောင်းသလိုလို၊ ခွင့်တောင်းသလိုလို ဒါမှမဟုတ် အမိန့်ပေးသလိုလို လေသံတွင် ကျွန်မဘာမှ မငြင်းနိုင်။ သူ့လိုလူတစ်ယောက်နှင့် သီးသန့်ခန်းတွင် ထိုင်မစားနိုင်ပါဘူးဆိုလျှင် သိက္ခာတရားကို စော်ကားရာကျသွားပါမည်။

**သီးသန့်ခန်း**သည် မကျဉ်းမကျယ် အခန်းတစ်ခန်းသာဖြစ်ပြီး





ကြမ်းပြင်ပေါ်မှာ ထိုင်ရသည်။ စားပွဲက စားပွဲပုလေးတွေဖြစ်သည်။ ကြမ်းပြင်ပေါ်ပေမဲ့ ဖင်ထိုင်ဖို့ လေးထောင့်ရေမြှုပ်တုံးလေးတွေ ရှိသဖြင့် လှပသော အစွပ်စွပ်ထားသည့် ရေမြှုပ်တုံးပေါ်တွင် ထိုင်ရလေသည်။

"မင်း…မီးနူး ကြည့်ချင်သေးလား"

"မကြည့်တော့ပါဘူး . . . ကျွန်မ မမှာတတ်ဘူး။ ဦးရဋ္ဌသီဟပဲ မှာလိုက်ပါ။"

"ရေနွေးကြမ်းသောက်မလား။ ဖျော်ရည်သောက်မလား"

"ရေနွေးကြမ်းပဲ ကောင်းပါတယ်"

"အိုကေ Jasmine Tea (ဂျာ့စ်မင်တီး) မှာလိုက်မယ်"

သူနဲ့ကျွန်မ မျက်နှာချင်းဆိုင် ထိုင်ရပါသည်။ ဝိတ်တာက ရေးမှတ်ပြီး လျောတံခါးကို တွန်းဖွင့်ထွက်သွားလျှင် တံခါးကိုပါ အသာ အယာ ဝိတ်ပေးသွားပါသည်။

"ပြောပါဦး မင်းကရော ဘာဝါသနာပါလဲ"

သူက အခုမှ အေးအေးဆေးဆေးဖြစ်သွားဟန်ဖြင့် ကျွန်မကို အသေအချာ စိုက်ကြည့်မေးပါသည်။

"တိုးရစ်(စ)ဂိုက် လုပ်ချင်တယ်လို့ ပြောထားဖူးတာတော့ မှတ်မိပါတယ်။ ဒါပေမဲ့ အဲ့ဒါက ဝါသနာလို့မထင်ပါဘူး။ ဒီဘာသာတက်ရင်တစ်နေကျရင် ဒီလိုအလုပ်မျိုးပဲ ရွေးမယ်ဆိုတဲ့ သဘောဖြစ်နေတယ်လို့ ထင်တယ်"

သူက ကျွန်မပြောထားခဲ့ဖူးတာကို မှတ်မိနေပြီး ပြန်ပြောလိုက်ပါသည်။

"ငယ်ငယ်တုန်းကတော့ ဆရာဝန်ဖြစ်ချင်တယ်"



burmeseclassic.com

burmeseclassic.com



ပြောရင်း ကျွန်မ တစ်ချက်အရှက်ပြေ ရယ်လိုက်မိပါသည်။ သူက ကျွန်မကို ပြုံးကြည့်လေသည်။

"ခုနစ်တန်း၊ ရှစ်တန်းလောက်ကျတော့ ကိုယ့်အခြေအနေကိုယ် သိလာပြီး ဆရာဝန်မဖြစ်နိုင်ဘူးဆိုတာသိတော့ ဆရာမပေါ့၊ အနီးစပ်ဆုံးက ဆရာမအလုပ်ပဲရှိတာ။ ဒါပေမဲ့ သေသေချာချာ စဉ်းစားကြည့်တော့လည်း ဆရာမမဖြစ်ချင်ဘူး။ ကျွန်မဝါသနာ မပါပါဘူး။ တိုးရစ်(စ)ဂိုက်လုပ်ချင်တာထက် ခရီးသွားနေရတာကို ကြိုက်လို့ ဂိုက်လုပ်ချင်တယ်လို့ပြောတာ။ ခရီးသွားတာဝါသနာပါတယ်လို့ပြောရင် ရယ်စရာကြီး ဖြစ်နေမယ်ထင်တယ်၊ ဂိုက်ဆိုရာတဲ့ အလုပ်မဟုတ်ဘဲ ပိုက်ဆံဖြုန်းတဲ့ အလုပ်ဖြစ်နေလို့လေ"

"မဟုတ်ပါဘူး… ဒါအမှန်အတိုင်း စိတ်ထဲရှိတာပြောတာပဲ၊ ခရီးသွားဝါသနာပါတဲ့လူက တစ်နေ့ကျရင် သူဘာလုပ်မလဲဆိုတာ ကိုယ်ခန့်မှန်းလို့ရတယ်"

"ဘာများလဲ"

"Tour(တိုး) ကုမ္ပဏီလုပ်မှာပေ့ါ။ ကိုယ်တိုင်သွားဖူးတဲ့ နေရာတွေက အကောင်းအဆိုးတွေကို သိလာတဲ့အခါ ကိုယ့်လိုခရီးသွားတဲ့ သူတွေ အခက်မကြုံရအောင် ကူညီချင်စိတ်နဲ့ Travel & Tour (ထရာဗဲလ် အင်န် တိုး) အလုပ်မျိုး လုပ်ချင်လာလိမ့်မယ်။"

"ဦးရွှေသီဟ ဆိုရင်တော့ ဒီစိတ်ကူးကို အကောင်အထည်ဖော်လို့ ရမှာပေ့ါ၊ ကျွန်မကတော့ မဖြစ်နိုင်ပါဘူး။ ငွေအရင်းအနှီးအများကြီး လိုမယ်လေ"

"မင်းသာ တကယ်စိတ်ပါမယ်ဆိုရင် ကိုယ် ဘာကြောင့် မကူညီ





နိုင်ရမှာလဲ"

"ကူညီမယ်ပြောတဲ့အတွက် ဝမ်းသာပါတယ်ရှင်၊ ဒါပေမဲ့ ကျွန်မ လုပ်နိုင်မယ် မထင်ပါဘူး"

"ကိုယ်ဆီမှာ အဲ့ဒီလုပ်ငန်းရှိတယ်လေ"

"ဟုတ်လား"

"ကိုယ်ကို မင်း အင်တာဗျူး လုပ်ခဲ့တာလေ၊ အဲ့ဒါတွေ သိမထားဖူးလား"

"ကျွန်မ မနက်ဖြန်မနက် ဦးရွှေသီဟ . ."

"နာမည်ကြီး အပြည့်အစုံခေါ်ရတာ မမောဘူးလား အဆင်ပြေသလိုခေါ်ပါ"

သူက စကားကို ဖြတ်ပြောလိုက်ပြီး သူ့နာမည်ကို ကြိုက်သလို ခေါ်ခွင့်ပေးသဖြင့် ကျွန်မလည်း

"ဒါဖြင့်… ဦးရွှေလို့ပဲ…ခေါ်မယ်"

ဟု အသိပေးလိုက်သည်၊ သူကြိုက်မှန်းမကြိုက်မှန်း မသိ၍ နာမည်ကို ဖြတ်ခေါ်တာ ဖြစ်ပါသည်၊

"ဒီလိုပါ ကျွန်မမနက်ဖြန် မနက်မှာ ဦးရွှေကို မိုးပြာအစား အင်တာဗျူးပေးရမယ်ဆိုရင် ဒီနေ့ညမှ သိရတာမျိုးပါ၊ မိုးပြာက အဲ့ဒီတုန်းကလေ သူကိုယ်သူ အဲ့ဒီရက်မှာ ပြန်နေကောင်းလာပြီး လှလှပပ ပြင်ဆင်သွားလာလိမ့်မယ် ထင်ထားတာ၊ သူ့တုပ်ကွေး မပြီးလုံးဝ ပြန်မကောင်းနိုင်မှန်း သိသွားတာမို့ သူ့အစားကျွန်မကို လွှတ်တာပါ၊ ဒီတော့ မိုးပြာ အကြမ်းဖျင်း ပြောတာလောက်လေးရယ်၊ အင်တာဗျူးရမဲ့ မေးခွန်းတွေကို တစ်ချက်လေ့လာတာရယ်၊

burmeseclassic.com



နောက်ပြီး ရီကော့ဒါကို ဘယ်လိုကိုင်ရမယ်ဆိုတာ သူ့ဆီ
ပြန်သင်ရတာနဲ့တင် အချိန်ကုန်သွားတယ်။ ကျွန်မသိတာ
ဦးရဲ့ကို စီးပွားရေးလုပ်ငန်းရှင် တစ်ယောက်လို့ပဲ သိခဲ့တာ
ဘာလုပ်ငန်းရှိမှန်းတောင် မသိပါဘူး ဆောရီးပါ။ ကျွန်မနဲ့ သိပ်
ဆိုင်တဲ့ Field (ဖီးလ်ဒ်) ဖြစ်နေတော့ သေသေချာချာ မလေ့လာ
ခဲ့မိဘူး"

လျှော့တံခါးလေး အသာပွင့်သွားပါသည်။ ဂျပန် ကီမိုနိုဝတ်
ဝတ်ထားသော စိတ်တာ ဝင်လာတာဖြစ်သည်။ ဇန်းပေါ်မှာ အသင့်ပါလာ
သော ရေနွေးကြမ်းခရားကို အရင်ချသည်။ စိတ်တာသည် သူသယ်လာ
မည့် စားသောက်ဖွယ်ရာများကို လှပသော တွန်းလှည်းလေး ဖြင့်တစ်
တည်း သယ်လာခဲ့သဖြင့် မီးဖိုခန်းဘက် ခေါက်တုံ့ခေါက်ပြန် သွားယူနေစရာ
မလိုတော့။ တွန်းလှည်းလေးပေါ်မှာ အသင့်တင်လာသော ဇန်းအသွယ်
သွယ်၊ ပန်းကန်ခွက်ယောက် အသွယ်သွယ်တို့ကို တစ်ခုချင်း အခန်းထဲ
ယူချပါသည်။

ဆူရှီဆိုလျှင် ရေညှိဖြင့်လိပ်ထားသော ထမင်းလိပ်အဖြစ်သာ သိ
ထားသော ကျွန်မအတွက် ယခုရောက်လာခဲ့သော စားစရာများမှာ အထူးအ
ဆန်းဖြစ်နေပါသည်။ ကြွေပန်းကန်ဝိုင်းအကြီးကြီးထဲတွင် အလှားလိုက်
ဖော်ထားကာ ထည့်ထားသော ပုစွန်များနှင့် ငါးအစိမ်းအသားလွှာများအပြင်
ကျွန်မ မသိသော အရာဝတ္ထုများကို တအံ့တသြကြည့်မိသည်။ ရေညှိထမင်း
လိပ်ကလည်း တစ်ပန်းကန်သီးသန့်လာသည်။ ဒါအပြင် ပုစွန်တန်ပူရာ
ကြော်လည်းပါသေးသည်။ အချဉ်ရည်ဟုထင်ရသော ပန်းကန်လေးတွေ
လည်းလာချသည်။ အားလုံးပြီးတော့မှ စိတ်တာပြန်ထွက်သွားပါသည်။





"စားကြရအောင်"

"ကျွန်မ ရေညှိထမင်းလိပ်ပဲ စားကြည့်မယ်နော်"

"ဘာဖြစ်လို့လဲ"

"ဒီပုစွန်အစိမ်း...ငါးအစိမ်းတွေ မစားတတ်ဘူး။ မစားရင်ကောင်း
မယ်ထင်တယ်"

"မြည်းကြည့်ပါ။ ဒါတွေက ဒီတိုင်းစားရတာမဟုတ်ဘူး။ Sauce (ဆော့စ်)တွေနဲ့ တို့စားရတာ ငါးအသားလွှာက ဒါ . . Salmon (ဆဲလ်မွန်)ဆိုတဲ့ ငါးရဲ့အသားကို ပါးပါးလေးတွေ လွှာထားတာပါ လွှာပုံက ပညာသားပါတယ်။ ဂျပန်ပဲငံပြာရည်နဲ့ပဲ တို့စားစား၊ Wasabi (ဝါဆာဘီ) လို့ခေါ်တဲ့ ဂျပန်ရိုးရာ အချဉ်ရည်ပေါ့ . . ချဉ်ပြီးစပ်တဲ့ အချဉ်ရည်တစ်မျိုးပေါ့။ အဲဒါနဲ့ပဲ တို့စားစား . . စားလို့ကောင်းပါတယ်။ တစ်ခုယူစားကြည့်ပါ။ မကြိုက်ရင် ထွေးပစ်လို့ရတယ်နော်...ကိုယ့်ကိုအားနာပြီး ကျိတ်,မြိုမချနဲ့"

သူက အတင်းတိုက်တွန်းသဖြင့် ကျွန်မလည်းတူဖြင့် ငါးအသား
စိမ်းကိုယူပြီး စားကြည့်ရတော့သည်။ သူက ကျွန်မမျက်နှာအမူအရာကို
ကြည့်ပြီးပြုံးသည်။ စားသာစားလိုက်ရပေမဲ့ ဘာအရသာမှခံစားလို့မရ။
ဒါပေမဲ့ ထွေးထုတ်ပစ်ချင်လောက်အောင်လည်း အဝင်မဆိုးသဖြင့် လုံးထွေး
မြိုချပစ်လိုက်နိုင်ပါသည်။

ထမင်းကို အထဲမှာ သခွားသီး၊ မုန်လာဉနီ၊ ထောပတ်သီး စသဖြင့်
တွေနဲ့ အသားတစ်မျိုးမျိုး ဌာပနာထည့်ပြီး အပြင်က ရေညှိနဲ့လိပ်ထားသော
ဆူရှီလိပ်များကသာ ကျွန်မကို ခံတွင်းတွေ့စေသည်။ ဘာနဲ့မှတို့မစားဘဲ
ဒီအတိုင်းစားလဲကောင်းပါသည်။ စပယ်နံ့သင်းသော ရေနွေးကြမ်းနဲ့



burmeseclassic.com

burmeseclassic.com



လိုက်ဖက်သည်။

"ကိုယ့်ရဲ့ Tour ကုမ္ပဏီအကြောင်း ပြောပြမယ် ORIO (အိုရိုင်ယွန်) နာမည်နဲ့ပဲ ဖွင့်ထားတာ ပြည်တွင်းခရီးတွေကော ပြည်ပခရီးတွေရော လေယာဉ်လက်မှတ်ကအစ ဟိုတယ်ရော အဲ့ဒီတစ်နေရာရာရောက်ရင် သွားလည်ရမဲ့ နေရာတွေကို လိုက်ပို့ပေးတဲ့ ဘတ်(စ)တွေရော အကုန်စီစဉ်ပေးတယ်၊ ဂိုက် လဲ ထည့်ပေးတယ်လေ။ ဧည့်သည်ရဲ့သုံးနိုင်တဲ့ငွေအပေါ် မူတည် ပြီး အားလုံးစီစဉ်ပေးရတယ်၊ ပြည်တွင်းအတွက်ဆိုလဲ ခရီးသွား ကားတွေထောင်ထားတယ်။ ဘုရားဖူးယာဉ်လုပ်ငန်းပေါ့ တန်ခိုး ကြီးဘုရားတွေကို ပွဲတော်ချိန်ရော၊ပွဲတော်ချိန် မဟုတ်တဲ့ အချိန် ရော ပို့ပေးပါတယ်"

"ကျွန်မလည်း ဘုရားဖူးသွားရင် ဘုရားဖူးကားတွေ စီးဖူးပါတယ်။ ဦးရဲ့ ရဲ့ကားတော့သတိမထားမိလို့ထင်တယ် မတွေ့မိဘူး"

"သန်းဌေးတို့ စိန်ဝင်းတို့ကတော့ ပိုလူသိများတာပေါ့၊ သူတို့က လုပ်လာတာကြာပြီလေ ကိုယ့်ရဲ့ကားလုပ်ငန်းက သုံးနှစ်လောက် ပဲရှိသေးတယ်"

ဦးရဲ့ သီဟက စကားဖြတ်လိုက်ပြီး သီးသွားသဖြင့် တူကိုရ လိုက်ကာ ရေနွေးကို တစ်ကျိုက်တည်း မော့သောက်လိုက်ပြီးမှ

"မင်း ကိုယ့်ကုမ္ပဏီမှာ လုပ်ပါလား၊ မင်းကိုယ်တိုင်လည်း တိုးရစ် ဂိုက်လုပ်ဖို့စဉ်းစားထားတယ်ဆိုတော့ ကုမ္ပဏီအလုပ်ရော၊ ဂိုက် အလုပ်ပါတွဲလုပ်နိုင်တယ်။ ကိုယ်...မင်းကိုအလုပ်ပေးချင်တယ်"

ဘာဖြစ်လို့လဲ ဆိုသောမေးခွန်းကို ထုတ်မမေးခဲ့ပါ။ ကျွန်မ





ခေါင်းထဲမှာတော့ ထိုမေးခွန်းတွေပြည့်နေသည်။ ထိုအတူပဲ အချက်ပြမီးလုံး တွေ လင်းကျန်သည်ဟုလဲ ခံစားရသည်၊ ကောင်းကင်ကြီးတစ်ခုလောက် မြင့်မားလှတဲ့ သူလိုလူက ကျွန်မလို သာမာန်မိန်းကလေး တစ်ယောက် စံပယ်ပွင့်မပြောနဲ့ စံပယ်ပွင့်လောက်တောင် လူကြိုက်မများလှတဲ့ ခွန်ပန်းပွင့် တစ်ပွင့်လိုလူကို အရေးစိုက်စရာအကြောင်းရှိပဲ့မလား။

"ကျွန်မ ကျောင်းပြီးမှပဲ အလုပ်ကိစ္စ စဉ်းစားတော့မယ် ဦးရဲ့ရယ် အခုလောလောဆယ်တော့ မိဘကထောက်ပံ့တဲ့ ငွေလေးရယ် ကော်ဖီဆိုင်မှာ အချိန်ပိုင်း ဝိတ်ထရက်(စ်)သွားလုပ်တဲ့ ငွေရယ် ရှိနေတာဆိုတော့ အဆင်ပြေပါတယ်"

"ကော်ဖီဆိုင်ဆိုလို့ ..အဟင်းဟင်း ...အဲ့ဒီဆိုင်နဲ့ မြသွေးနီက တော်တော်ကြီးရင်းနှီးတယ်နော်"

"မေ့မေ့ မိတ်ဆွေရဲ့ဆိုင်ပါ"

"ဆိုင်ရှင်ရဲ့ ညီနဲ့အရင်ထဲက ခင်တာလား"

ကိုဇော်ကြီးကို ပြောမှန်းကျွန်မ ချက်ချင်းသိလိုက်ပါသည်။

"ကိုဇော်ကြီးကို ပြောတာထင်တယ်"

သူက ခေါင်းမညိတ်၊ ခေါင်းမခါ စိုက်ကြည့်နေသည်။

"ကိုဇော်ကြီးနဲ့က ဆိုင်မှာ စလုပ်မှ ခင်တာပါ။ သူကသင်္ဘောလိုက် တယ်၊ တစ်နှစ်တစ်ခါက်တော့ ပြန်လာပါတယ်"

"မာတ်ပုံဆရာနဲ့ မင်းနဲ့ကရော ငယ်သူငယ်ချင်းတွေပဲလား"

ဟော ..ကြည့်။ နောက်တစ်ယောက်ထပ်မေးပြန်ပြီ။ ရှင်နဲ့ အဲ့ဒါ တွေက ဘာဆိုင်လို့လဲ ဆိုသောမေးခွန်းကို ကျွန်မ အော်ဟစ်၍ မေးပစ်လိုက် ချင်သည်။



burmeseclassic.com

burmeseclassic.com



"နေခ ကို...မေးတာလား"

"မင်းမှာ ဓာတ်ပုံဆရာ သူငယ်ချင်း ဘယ်နှယောက်ရှိလို့လဲ"

သူ့အဖြေကြောင့် ရင်ထဲအောင့်သက်သက် ဖြစ်သွားပြန်သည်။ သူ...ကျွန်မကို ဘာကြောင့်မှ လွှမ်းမိုးစရာ မရှိဘူး။ ချုပ်ကိုင်စရာမရှိဘူး။ ကျွန်မ သူ့ကို ဘာမှကြောက်ဖို့မလိုဘူး။ ကျွန်မ မျက်နှာခပ်တင်းတင်း ဖြစ်သွားပေမဲ့ သူကတော့ ဂရုမစိုက်ဟန်ဖြင့်

"မင်းကို...ကိုယ်စိတ်ဝင်စားတယ်...မြသွေးနီ။ ကိုယ့်ကို မင်းတွဲကြည့်ပါလား။ ကိုယ်နဲ့အနီးကပ် နေ့တိုင်းမင်းကို ကိုယ့်အနားမှာထားချင်တယ်၊ မင်းကို နစ်နာအောင်ဘာမှမလုပ်ပါဘူး။ ကိုယ်မင်းကို စကားတွေ ပြောချင်တယ်၊ ကိုယ်တို့ရဲ့ အတွေးအကြံတွေကို ဖလှယ်ပြီး ရင်းနှီးမှုရချင်တယ်။ ကိုယ်ပြောတာ မင်းအတွက်စိတ်ဆိုးစရာပါရင်ပါမယ်။ အထူးအဆန်းဖြစ်ရင်ဖြစ်မယ်။ ဒါပေမဲ့ ကိုယ်နဲ့တွဲဖူးတဲ့ မိန်းကလေးတိုင်းကို ကိုယ် ဒီလိုပဲ ပြောပြီးတွဲခဲ့တာပါ"

ဟူ၍ သူသဘောထားကို ချက်ချင်းကြီးပြောလိုက်လေလျှင် ကျွန်မ ရုတ်တရက် မင်သက်ငေးမောသွားပါသည်။ ဒီလောက်မြန်မြန် ဆန်ဆန်ကြီး သူ့သဘောထားအမှန်ကို ကြားရလိမ့်မယ်ဟု မထင်ခဲ့၍ပင်။

"ကိုယ့်ဘဝဟာ အစစအရာရာ အောင်မြင်ပြီး ပြည့်စုံတယ်၊ အားကျစရာကောင်းတယ်...ခြွေရံသင်းပင်း ရှိတယ်ဆိုတော့ သိပ်ပျော်စရာကောင်းမှာပဲလို့ ထင်ရင်ထင်ကြမယ်၊ တကယ်တော့ကိုယ် သိပ်အထီးကျန်ပါတယ်၊ ကိုယ့်ရဲ့စိတ်ထဲမှာ ကိုယ်တစ်ယောက်တည်းပဲ Lonely(လုံးလီး) ဖြစ်တယ်လို့ အမြဲခံစားရတော့





ကိုယ်ဟာ ကိုယ့်စိတ်နဲ့ အံ့ဝင်ခွင်ကျဖြစ်မဲ့ အဖော်တစ်ယောက် အမြဲလိုအပ်နေသလိုပဲ။ ဒီတော့ကိုယ် အမြဲရှာဖွေနေတယ်။ ကိုယ်စိတ် တိုင်းကျနိုင်မယ်ထင်တဲ့ အဖော်တစ်ယောက်တွေ့ရင် တွဲသွားတွဲလာ လုပ်ကြည့်တယ်၊ စကားတွေ ပြောတယ်၊ ကိုယ်လိုအပ်တဲ့အချိန်မှာ သူကအမြဲအဆင်သင့် ကိုယ့်ဆီလာပြီး ကိုယ်ပြောတဲ့စကားတွေကိုနားထောင်ပေးတယ်။ အဲ့ဒီသဘောနဲ့ကိုယ်တွဲခဲ့တဲ့မိန်းကလေးတွေများလာတာမို့ လူတွေကကိုယ့်ကို လူရှုပ်လူပွေလို့ ထင်ကောင်းထင်မယ်၊ တကယ်တော့ကိုယ် ဘယ်မိန်းကလေးအပေါ်မှာမှ အခွင့်အရေးမယူခဲ့ဖူးဘူး။ သူတို့အားလုံး ကိုယ်နဲ့တွဲခဲ့ရလို့ ဘာမှ မနစ်နာခဲ့ပါဘူး။"

ဘာတွေပြောနေတာလဲ၊ ဘာတွေကမ်းလှမ်းနေတာလဲ၊ အဲ့ဒါ ဘာကိုဆိုလိုတာလဲ။ ကျွန်မဘာမှ နားမလည်တော့ပါ။ မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားတယ် ပြောပြီးသူ့ဘေးမှာ အဖော်အဖြစ်ခဏ တွဲပေးတယ်၊ ဘယ်လိုပတ်သက်မှုလို့ခေါ်မလဲ။ ဒါဟာ ချစ်ပါတယ် ကြိုက်ပါတယ် ပြောပြီး ချဉ်းကပ်မှုမျိုးတော့ မဟုတ်တာသေချာတယ်၊ ဘယ်လိုနားလည်ရမှာလဲ ဦးရဌရယ်...။

"မင်း...ဘာပြန်မေးချင်လဲ"

ကျွန်မ တိတ်ဆိတ်လှသဖြင့် သူ အားမလိုအားမရ မေးလိုက်ပါသည်။

"ကျွန်မကို ကျမှ ဘာဖြစ်လို့..."

ကျွန်မ ဘာဆက်မေးရမှန်းမသိ ဖြစ်ပြီး စကားလုံးတွေ ရပ်တန့်သွားပါသည်။



burmeseclassic.com

burmeseclassic.com



"စတွေ့တွေ့ချင်းမှာပဲ မင်းရဲ့ ရှိုးသားတဲ့ အမူအရာတွေ၊ အခြေ

အဆိုတွေကို စိတ်ဝင်စားတာက စလိမ့်မယ်၊ ပြီးတော့ ယုန်ထ

ကောင်လို ဝိုင်းစက် မည်းနက်နေတက်တဲ့ မင်းရဲ့မျက်လုံး တခ

ကို ကိုယ်အမြဲမြင်ချင်သွားတယ်"

ကျွန်မ..အလန့်တကြား..မျက်လွှာချလိုက်မိသည် ထင်သည်။

* * *

အပိုင်း(၂)

burmeseclassic.com

burmeseclassic.com

## (၆)

ဘာကိုခလုပ်တိုက်မိမှန်းမသိ ရုတ်တရက်ခလုပ်တိုက်ချော်လဲပေမဲ့ မှောက်ရက်လဲတာ မဖြစ်အောင် ကြိုးစားပြီး ထိန်းလိုက်နိုင်တာကြောင့် ဒူးထောက်ရက်သား ဖြစ်ကာ လက်နှစ်ဖက်ပါ ထောက်တဲ့အနေအထား ဖြစ်နေတဲ့ အမျိုးသမီး၏ နဖမာနမဲ့နိုင်မှုကို အရင်ဆုံးရင်ဆိုင် လိုက်ရသည်။ ယောကျ်ားတစ်ယောက်ဖြစ်နေရက်နဲ့ အမျိုးသမီးတစ်ယောက် ချော်လဲနေတာကိုဒီအတိုင်းထိုင်မကြည့်သင့်ဘူးထင်တာကြောင့်ထိုအမျိုးသမီးနားကို ရောက်သွားခဲ့ရပါသည်။ ဆွဲထူဖို့ကလဲ ကိုယ်နဲ့ မသိမကျွမ်း မရင်းနှီးတဲ့ အမျိုးသမီးတစ်ယောက် ဖြစ်နေတာမို့ .. ဆွဲမထူရဲဘဲ ..

"ဘယ်နာသွားလဲ..."

ဆိုသော မေးမိမေးရာ တစ်ခွန်းကိုသာ မေးလိုက်စဉ်မှာ မော့ကြည့်လိုက်သော မျက်ဝန်းတစ်စုံထဲ ကျွန်တော် နစ်မြောသွားပါသည်။ ဘုရားရေ တော်တော်လှတဲ့ မျက်ဝန်းတစ်စုံပဲ။ လှပုံလေးက သိပ်ပြီးထူးထူးခြားခြား လှနေတာ မဟုတ်ပါဘဲ ဝိုင်းစက်ပြီး မည်းနက်နေသော မျက်ဆံနက်နှင့် သမင်မျက်လုံးလို ဘောင်ခပ်ထားသော မျက်အိမ်တို့ကြောင့် ဒီမိန်းကလေးကို တစ်ခါမြင်ရုံဖြင့် ဘယ်တော့မှ မေ့မသွားစေရလောက်အောင် ဆွဲဆောင်မှု ရှိလှသူဟု ကျွန်တော် အမှတ်ပေးမိသွားသည်။





ရက်ကိုးရက်ကန်းအမှုအရာများနှင့်ရှိကောဒါကိုတစ်လှဲတစ်ချော်တွေပြင်ဆင်ကာ လျှပ်ပြာလျှပ်ပြာလုပ်နေမှုများကို ကျွန်တော် စိတ်တိုင်းကျ ထိုင်ကြည့်နေခဲ့မိသည်။ သူများအခက်တွေ့နေတာကို ဝမ်းမသာကောင်းပေမဲ့ ဒီမိန်းကလေးနဲ့ကျတော့ အဲ့ဒီလို လျှပ်ပြာလှုံ့ချော်နေတာတွေကပင် စိတ်ဝင်စားစရာကောင်းပြီး ပျော်စရာလဲကောင်းသလိုလို ခံစားနေရပြန်သည်။

အချိန်တစ်နာရီပေးထားခဲ့ပေမဲ့ တစ်နာရီဟာ သူမအတွက် မလောက်မင ဖြစ်နေခဲ့သလို ကျွန်တော်အတွက်လည်း ဒီတစ်နာရီလောက်လေး သူမကို တွေ့ခွင့်ရမှာကို မတင်းတိမ်နိုင်သဖြင့်

"နောက်ထပ် အပွိုင့်မင့်ကို ဖျက်လိုက်မယ်"

ဆိုသော စိတ်ကူးက အလိုလိုပေါ်လာသည်။ ထိုစိတ်ကူး အတိုင်းပင် စက္ကူထေရီဝင်လာသတိပေးလျှင် Cancel (ကန်ဆဲလ်) လုပ်ဖို့ကို စဉ်းစားတွေဝေမနေတော့ဘဲ ချက်ချင်းအနေနဲ့ပေးပြီးသား ဖြစ်သွားပါသည်။

"ဦးရွှေသီဟာက အလှအပကြိုက်သူလား"

ကျွန်တော် ဘာမေးခွန်းကြီးလဲလို့ စိတ်ထဲမှာ ရှုတ်ချလိုက်မိပေမဲ့ တကယ်တော့ ဒီမေးခွန်းတွေဟာ သူမကိုယ်ပိုင်မဟုတ်ဘဲ ခင်မိုးပြာရဲ့ မေးခွန်းတွေဖြစ်နေရင် ရှုတ်ချမှု တစ်ဝက်တစ်ပျက်မှာပဲ ရပ်တန့်သွားပါသည်။

"မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ် ကျင်းပရတာကြိုက်လား၊ ဒါမှမဟုတ် ပုံမှန်ပွဲလေးပဲ ကျင်းပရတာကြိုက်လား"

သွားသေလိုက်တော့ ...။ ငါ့ကို မင်းသား၊မင်းသမီးနဲ့ အဆိုတော်ကို မေးတဲ့မေးခွန်းနဲ့မှားပြီးလာမေးနေတာဖြစ်မယ် . . . မြသွေးနီ။ ထိုမေးခွန်းကို ကျွန်တော် တော်တော်ရယ်ချင်သွားပါသည်။ စိတ်ထဲမှာ ဘယ်လိုတဲ့ပြန်



burmeseclassic.com

burmeseclassic.com



လိုက်သလဲဆိုတာတောင် သူမခများ မသိရှာ။ အဖြေကို သိချင်ရင်မင်းနဲ့ငါပဲ အရင်ဆုံး မင်္ဂလာဆောင်တမ်း ကစားကြရအောင်လေ။ ဒီတော့မှ ငါ့စိတ်ကူး တွေဘာယ်လို ရှိမလဲဆိုတာ မင်းသိမှာ။ ကျွန်တော် ကိုယ့်အဖြေကို သဘော ကျနေပေမဲ့ မြသွေးနီရဲ့ မေးခွန်းအတွက်အနည်းငယ်ပင် မရေမရာသော အဖြေကို ပြန်ဖြေရင်း ဟာသတစ်ခုကိုပါ တွဲပြောလိုက်ပါသည်။ ကျွန်တော် ပြောသော ဟာသကို သူမ မကြားဖူးဘူးဆို၍ ပြောရသော ကျွန်တော် ဘက် မှာတော့ အတော်ဖီလင်အောက်ပါသည်။ ဒါပေမဲ့ ဟုတ်လား၊ မဟုတ်လား တော့မသိ၊ ကျွန်တော်အဖြေကို သိပ်ကောင်းတဲ့ အဖြေပါပဲရှင်ဟု ပြောလိုက် ပုံကြောင့် ကျွန်တော် ကျိတ်ဟားမိသည်။

သူမ ...ပြန်သွားသောအခါ ရင်ထဲမှာ နေရာတစ်ခု လစ်လပ်သလို ခံစားလိုက်ရပြီး ကျွန်တော်အတွက်သေချာသော တစ်စုံတစ်ရာက ချက်ချင်း အုံကြွလာသည်။

"ဘရဏီ ...ဖိုးဂျမ်းကို ခေါ်လိုက်"

စက္ကူထေရီမဘရဏီဆီ ချက်ချင်းအမိန့်တစ်ခု ရောက်သွားပါ သည်။ သိပ်မကြာခင်မှာပဲ ဖိုးဂျမ်းရောက်လာသည်။ ဖိုးဂျမ်းဆိုတာက ဖေဖေ မေမေတို့ အိမ်မှာထမင်းချက်သော ဒေါ်ငွေ၏ တစ်ဦးတည်းသောသားဖြစ် ကာ သူတို့နဲ့အတူတူ ငယ်ငယ်တည်းက အတူတူကစားလာခဲ့သော ကစား ဖော်သူငယ်ချင်းလည်းဖြစ်သည်။ အခြေအနေအဆင့်အတန်းခြင်းကြောင့် ကျွန်တော်ကတော့ သူဌေးကြီးတွေရဲ့ မွေးစားသားမို့ သူဌေးဖြစ်ရသလို ဖိုးဂျမ်းကလည်း ကျွန်တော်နဲ့ အတွဲဆုံး သူငယ်ချင်းမို့ ကျွန်တော် လူယုံဖြစ် လာရသည်။ ဖိုးဂျမ်းက ကျွန်တော်ထက် နှစ်နှစ်မျှငယ်ပေမဲ့ လူကောင်က ထွားသည်။ ကျွန်တော် အရပ်နဲ့အတူတူပေမဲ့ ဖိုးဂျမ်းကတော့ မြန်မာ့ရိုးရာ





လက်ဝှေ့ကို အင်မတန် ဝါသနာပါပြီး ကစားလေ့ရှာ လူက ဖလကြီးကြီးနဲ့ ထွားထွားကြီး ဖြစ်နေပါသည်။

ကျွန်တော်ရဲ့လူယုံ ဖြစ်သဖြင့် ဖိုးဂျမ်းဟာ, ကုမ္ပဏီအလုပ်ဘာအ လုပ်မှမလုပ်ဘဲ ရုံးမှာနေ့စဉ်အဆင်သင့်ရှိရသလို အိမ်မှာလဲအချိန်ပြည့်တာ ဝန်ထမ်းဆောင်ရသည်။ ကျွန်တော်က မိဘတွေနဲ့မနေတော့ဘဲ သီးသန့် အိမ်ခွဲနေသဖြင့် ဖိုးဂျမ်းက ကျွန်တော့်ရဲ့ လုံခြုံရေးကအစ တာဝန်ယူသော သက်တော်စောင့် သဘောမျိုးလည်းဖြစ်လေသည်။ ဖိုးဂျမ်းမှာ အိမ်နာမည် ဖြစ်သလိုကျောင်းအမည်လည်းဖိုးဂျမ်းသာဖြစ်ခဲ့ကာအတန်းပညာကတော့ ဆယ်တန်းနဲ့သာ ရပ်တန့်ခဲ့သည်။ ဆယ်တန်းဆိုတဲ့ တောင်ကို အကြိမ်ကြိမ် အခါခါ မကျော်နိုင်တော့သောအခါ ပညာရေးကို အရှုံးပေးလက်လျှော့ ထားလိုက်တာပင်။

"ဟဲလို...ဘော့(စ်)"

အခန်းထဲ ဝင်ဝင်ချင်း ဖိုးဂျမ်းက ဘိုလိုတွေမှုတ်တော့သည်။ ဆယ်တန်းသာ မပြီးပေမဲ့ ဖိုးဂျမ်းက အင်္ဂလိပ်စကားပြောတော့ လေ့လာ တက်သည်။ ကျွန်တော်ရဲ့ တာဝန်တွေယူရကတည်းက ခပ်မြောက်မြောက် ဖြစ်ကာ ဥရောပဝတ်စုံကို အမြဲဝတ်သည်။ သူကိုယ်သူ ဂိုဏ်းစတား လိုလို ထင်ကာ မျက်မှန်မည်းကြီးကိုယ် မချွတ်တမ်း တပ်တက်ပါသည်။

"ဟော့ကောင် အချင်းချင်းတွေကွာ ဘော့(စ်)လို့ ခေါ်မနေနဲ့"

"အမေက မှာထားတယ် ငယ်ငယ်က သူငယ်ချင်းပဲ ဖြစ်ခဲ့ဖြစ်ခဲ့ အခုချိန်မှာ ဦးရဋ္ဌသီဟနဲ့ လူယုံသက်တော်စောင့် ဖိုးဂျမ်း ဆိုတာ ဖြစ်နေပြီ။ ရိုသေလေးစားမှု ရှိရမယ်တဲ့.."

"မင်း ပြောလိုက်ရင် ဆင်ခြေချည်းပဲ ..ကဲ ...ထားပါတော့ကွာ



burmeseclassic.com

burmeseclassic.com



မင်းဘာသာ ခေါ်ချင်သလိုခေါ် ...ငါ ...အခုမင်းကို အလုပ်တစ်ခု ပေးမယ်"

"အဆင်သင့်ပါပဲ"

"ခုနက ပြန်သွားတဲ့ မြသွေးနီ အကြောင်းစုံစမ်းရမှာပဲ"

"ဪ ...ဂျာနယ်လစ်ဇ် ကောင်မလေး"

"သူက ဂျာနယ်လဲလစ်ဇ် မဟုတ်ဘူး။ သူ့သူငယ်ချင်း အစားလာပေးတာ။ ငါသူ့အကြောင်းတွေ အကုန်သိချင်တယ် ဟုတ်ပြီလား"

"စိတ်ချ ..."

"မင်းကို ဘယ်နှစ်ရက် အချိန်ပေးရမလဲ"

"သုံးရက်ပါ ... သုံးရက်ဟာ ...ဖိုးဂျမ်းအတွက် အေးဆေးပဲ"

"ဟုတ်ပြီ ...သုံးရက်ပြည့်သွားရင် ငါ့ဆီလာခဲ့"

ကျွန်တော်ပေးလိုက်သော အလုပ်တိုင်းကို ဘယ်တော့မှ အမှားအယွင်းမရှိ လုပ်ဆောင်ပေးတက်တာ၊ စုံစမ်းပေးတက်တာလည်း ဖိုးဂျမ်းရဲ့ ကျွမ်းကျင်မှုပင်။ သူက စည်းကမ်းလည်းရှိသည်။ ဘယ်တော့မှ ကျွန်တော်ရဲ့ ကိုယ်ရေးကိုယ်တာကိုမမေး။ ဒီလူ၊ ဒီလူ့အကြောင်းကို စုံစမ်းပေးပါ ဆိုလျှင် ရအောင်စုံစမ်းပေးတက်သည်။ မိန်းကလေးတချို့အကြောင်း ကျွန်တော် စုံစမ်းခိုင်းနေကျဖြစ်၍ သူ့အတွက်ကတော့ ရိုးနေပြီဖြစ်သည်။

သုံးရက်ကြာသောအခါ မြသွေးနီအကြောင်း အပြည့်အစုံကို ဖိုးဂျမ်း သယ်လာသည်။

"ရန်ကုန်သူမဟုတ်ဘူး။ ( . . . )မြို့ကလာတာ၊ မိဘတွေက ဦးကျော်ဇင်နဲ့ဒေါ်နီ။ ဦးကျော်ဇင်ကတော့ အဖေအရင်း မဟုတ်ဘူး။ အဖေအရင်းက သူ့ဆယ်တန်းနှစ်လောက်မှာ ကင်ဆာနဲ့ဆုံး





တယ်။ သူ့အမေရဲ့နောက်အိမ်ထောင်နဲ့ မောင်တစ်ယောက်၊ ညီမနှစ်ယောက်ရှိတယ်။ သူ့အဖေနဲ့တုန်းကသူတို့သားအမိသိပ်မပြေလည်ပေမဲ့၊ ဦးကျော်ဇင်နဲ့ရပြီးမှစီးပွားတက်လာတယ်။ မြို့မှာတော့ပထွေးနဲ့လည်းဘာပြဿနာမှမရှိဘူး၊တည့်ပါတယ်၊သူ့ဘာသာရန်ကုန်မှာ ကျောင်းတက်ချင်လို့ထွက်လာတာ။ သူနဲ့အတွဲဆုံးကတော့ ခင်မိုးပြာရယ်၊ နေခဆိုတဲ့ကောင်လေးရယ်ရှိတယ်။ သူကခင်မိုးပြာနဲ့အတူတူနေပေမဲ့ အခန်းကတော့ ခင်မိုးပြာ မိဘတွေဝယ်ထားပေးတဲ့ အခန်းလို့သိရတယ်။ နေခ ကတော့သူတို့နဲ့ နိုင်ငံခြားဘာသာအတူတူတက်ပေမဲ့ ဓာတ်ပုံဆရာတဲ့။ ပရော်ဖက်ရှင်နယ် အဆင့်လောက်ကို ရောက်နေပြီ။ အဲ့ဒီနေခကတော့ မြသွေးနီကို သဘောကျနေတယ်။ မြသွေးနီကတော့ဘယ်လိုသဘောထားမှန်းမသိဘူး။ သူတို့ ခင်ခင်မင်မင်တွဲသွားတွဲလာတော့ရှိတယ်။မြသွေးနီက New Earth (နယူးအာ့သ်) ဆိုတဲ့ ကော်ဖီဆိုင် မှာ အချိန်ပိုင်း ဝိတ်ထရိတ်(စ) လုပ်တယ်။"

ဖိုးဂျမ်းက သူစုံစမ်းလို့ရသမျှတို့ကို အတိအကျ အစီရင်ခံပါသည်။ ကျောင်းချိန်များကအစ ကော်ဖီဆိုင်မှာ လုပ်ရသော အလုပ်ချိန်များအဆုံး ဘယ်လိုနေ့တွေမှာ ဘယ်ကိုသွားတက်တယ်။ ဘယ်ဆိုင်မှာ ဆံပင်ညှပ်တယ်။ ဘယ်ဆိုင်မှာ ဗွီဒီယိုခွေနဲ့ စာအုပ်ငှားတယ်အဆုံး တစ်ခုမှ မကျန်ရအောင် စုံစမ်းပေးခဲ့နိုင်တာမျိုးဖြစ်သည်။

မြသွေးနီ အလုပ်လုပ်သော ကော်ဖီဆိုင်ကို ကျွန်တော် ရောက်ခဲ့ပါသည်။ ကျွန်တော်ကို တွေ့တော့ အံ့ဩခြင်းနဲ့ စိတ်ရှုပ်ခြင်းတွေ ရောပြွမ်းနေသည့် သူမမျက်နှာကို အကဲခတ်မိသည်။ ဝိတ်ထရက်(စ) ဝတ်စုံလေးနဲ့



burmeseclassic.com

burmeseclassic.com



စားစရာတွေ ဇွန်းနဲ့ချပေးသော သူမကို ကျွန်တော် ဒီလိုပုံစံနဲ့ မမြင်ချင်။ ထို့ အတူသူမ သွားရာနောက်တကောက်ကောက် လိုက်ကြည့်ချိန်တွေမှာ ဘတ်(စ)ကားကို စီးသွားသော မြသွေးနီ ပုံစံကိုလက်မခံချင်၊ လမ်းဘေး လက်ဖက်ရည်ဆိုင်မှာ နေ့ခဆိုတဲ့ ကောင်နဲ့ထိုင်စကားပြောရင်း ရယ်မော နေတာကို မကြိုက်ချင်။

မင်း . . ဒီလိုပုံစံနဲ့မနေရဘူး မြသွေးနီ၊ ရွှေသီဟနဲ့တွဲမယ့် မိန်းကလေးတွေက ဒီလိုပုံစံမျိုးတွေ မဟုတ်ဘူး။ အလှပဆုံးပြင်ပြီး ဈေးအကြီးဆုံး အဝတ်အစားအသုံးအဆောင်တွေနဲ့ ဆင်ယင်ရမယ်၊ ကိုယ်ပိုင်ကား အကောင်းပေါ်မှာ ကိုယ်တိုင်ပဲမောင်းမောင်း၊ ဒရိုင်ဘာနဲ့ပဲ မောင်းမောင်း စီးနေရမယ်။ သာမန် ကော်ဖီဆိုင်တောင် မဟုတ်ဘဲ ဟိုတယ်လ်ကြီးတွေမှာ ဖွင့်တဲ့ ကော်ဖီဆိုင်မှာပဲ ထိုင်စေရမယ်။

ဟုတ်တယ် ...LV (အယ်ဗွီ) အိတ်တို့ Chanel (ရှယ်နဲ့ယ်လ်) အိတ်တို့ကို လက်ကမချစတမ်း ကိုင်ပြီး Jimmy Choo (ဂျင်မီချူး)ဖိနပ်ကိုမှ စီးရမယ်၊ ဈေးဝယ်ထွက်ရင်. . . စင်္ကာပူလောက်သွားမှ ဖြစ်မယ်ဆိုတဲ့ စိတ်ဓာတ်မျိုးရှိရမယ်၊ ငါ..တွဲသမျှ မိန်းကလေးတွေအကုန်လုံး ရွှေသီဟနဲ့ တွဲရမယ်ပေ့ါဆိုတာနဲ့ အဲ့ဒီအဆင့်လောက်ကို စိတ်ကူးထားပြီးနေပြီ၊

မြသွေးနီကြည့်ရတာ ကျွန်တော်နဲ့ထပ်ဆုံရတာကိုတောင် မကျေ မနပ်ဖြစ်နေပုံရသဖြင့် ကျွန်တော် ကသိကအောက်ဖြစ်ရသည်။ အရင်က တွဲတဲ့ မိန်းကလေးတွေဆိုရင် ကျွန်တောက်နဲ့ ဒီလိုပြန်ဆုံရမဲ့ အခွင့်အရေး ကိုစောင့်နေကြမှန်း သိသာလှသော အမူအရာတွေတွေ့နေကျဖြစ်ပါသည်၊

ကျွန်တော်ရှေ့မှာ ယောကျ်ားတစ်ယောက်ရဲ့ လက်ဆောင်ကို လက်ခံရသဖြင့် မလုံမလဲဖြစ်နေသော သူမကို ရိုက်ပစ်ချင်သည်၊ မင်း





ဘာလို့ အရောဝင်သေးလဲ၊ ကိုယ့်ကိုကြိုက်နေမှန်းသိတဲ့ကောင်ကို အရော ဝင်စရာ အကြောင်းမရှိဘူးလေ။

"ကျွန်မကို အိမ်ပြန်ပို့ပါတော့"

ကျွန်တော် သူမကို အတိအလင်းဖွင့်ပြောလိုက်ပြီးသောအခါ အိမ်ပြန်ပို့ဖို့ကို တောင်းဆိုသော မိန်းကလေး၏ စိတ်သဘောကို ကျွန်တော် နားလည်ပါသည်၊ မထင်မှတ်ပဲကြားလိုက်ရသော ကျွန်တော်ရဲ့ သဘော ထားကို သူမတော်တော်အံ့ဩနေပုံရသည်၊ ချစ်ပါတယ်၊ ကြိုက်ပါတယ် ပြောဘဲ တွဲချင်ပါတယ်ပြောသော ကျွန်တော်သဘောထားကို သူမ ရှုတ်ချ ချင် ရှုတ်ချလိမ့်မည်၊ မကျေမနပ် ဖြစ်ရင် ဖြစ်လိမ့်မည်၊

သို့သော်ကျွန်တော့်မှာဒီစကားကိုပြောချင်စရာအကြောင်းမရှိဘူး ဟုထင်သည်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် အချစ်ကို မယုံခဲ့၍ပင်။

တစ်ခန့်ကျရင်တော့ မြသွေးနီ နားလည်အောင် ပြောပြချင်ပါရဲ့၊ အချစ်ကို မယုံဘူး။ အချစ်ဟာဘာလဲ၊ ဒီတစ်ယောက်ကို ချစ်လိုက်၊တွဲလိုက်၊ အသည်းကွဲလိုက် ခဏခဏဖြစ်နေရတာမျိုးမို့ ကျိန်စာကြီးတစ်ခုလို မြင်တယ်၊ ဖြစ်ပြီးသားကို ထပ်ဖန်တလဲလဲ အကြိမ်ကြိမ်ခံစား ဖြစ်ပျက်နေရ ခြင်းဟာ ကျိန်စာတစ်မျိုး မဟုတ်ပါလား...မြသွေးနီ၊

* * *

burmeseclassic.com

burmeseclassic.com

# (၇)

နှစ်ရက်တည်းသာကျင်းပနိုင်သော ဓာတ်ပုံပြပွဲသည် နှစ်ရက်ကို [illegible]
မထင်မှတ်လောက်အောင် လူဝင်သဖြင့် နေခ တစ်ယောက်အပျော်ကြီး [illegible]
ပျော်နေတော့သည်။ ကျွန်မနဲ့ မိုးပြာတို့ကတော့ ဖွင့်ပွဲရက်မှာ မရောက်နိုင် [illegible]
ပင်မဲ့ ဒုတိယနဲ့နောက်ဆုံးရက်လည်းဖြစ်သော ရက်မှာတော့ နာရီနဲ့ချီပြီ [illegible]
နေပေးမည်ဟု ကတိပေးထားရသဖြင့် ဓာတ်ပုံပြပွဲကို နေ့လယ်ထမင်းစားပြီ [illegible]
ချိန်ထဲက ရောက်သွားရလေသည်။

ကျွန်မတို့ရောက်လာတော့ နေခကို ရှာမတွေ့သေးသဖြင့် ဓာတ် [illegible]
တွေကို အရင်လျှောက်ကြည့်နေလိုက်သည်။ ဓာတ်ပုံပညာ အကြောင်းနား [illegible]
မလည်ပေမဲ့ နေခရဲ့ ဓာတ်ပုံတွေကတော့ အင်မတန်မှ စိတ်ဝင်စားစရာ [illegible]
ကောင်းပြီး ကြည့်လို့ကောင်းသည်ဟုထင်သည်။ ပညာရှင်တွေကတော့ [illegible]
အလင်းအမှောင်ယူတာ၊ဆေးရောင်ကိုရောင်စုံနဲ့ပိုကောင်းတဲ့ပုံလား၊ အဖြူ [illegible]
အမည်းနဲ့ ပိုကောင်းမဲ့ပုံလားဆိုတာ ဝေဖန်ပိုင်းခြားနိုင်မည်ထင်သည် [illegible]
ကျွန်မတို့နှစ်ယောက်ကတော့ လှပြိမ်းနားလည် သဘောလောက်သာ ဒီ [illegible]
လှတယ်၊ ဟိုပုံလှတယ် ဝေဖန်ရင်း နေခကို စောင့်နေခဲ့သည်။

"ဟာ…နင်တို့…ရောက်နေကြပြီလား"

နေခ ကျွန်မတို့ကိုရှာဖွေတွေ့သွားပြီး ဝမ်းသာအား [illegible]
ပြေးလာသည်။





"ည အထိနေပေးမယ် မဟုတ်လား"

ပြပွဲက ညရှစ်နာရီမှာ ပြီးမှာဖြစ်သည်။

"ညအထိတော့ မဖြစ်ပါဘူးဟယ် ငါးနာရီလောက်ဆို ပြန်မယ်နော်"

"ရပါတယ် နင်တို့ရောက်လာတာပဲ ဝမ်းသာနေပြီ ပုံတွေထပ်ရောင်းရတယ်ဟ … နင်တို့ကို အဲဒီအထိမ်းအမှတ်နဲ့ တစ်ရက်လိုက်ကျွေးမယ်"

"မကျွေးလဲရပါတယ်ဟာ နင်အောင်မြင်တာကိုပဲ ဝမ်းသာနေပြီ"

ပထမတစ်ရက်က ကျွန်မတို့ မရောက်ဖြစ်ပေမဲ့ ဖုန်းနဲ့ဆက်သွယ် [illegible]သဖြင့် ပြပွဲအခြေအနေကို ကြားသိထားပြီးပါပြီ။ ဒီနေ့ကတော့ [illegible]မြင်ကိုယ်တွေ့ တွေ့ရတာဖြစ်သည်။

"ကိုနေခ …ကိုနေခ ..တစ်ဆိတ်လောက် စကားပြောလို့ရမလား"

အမျိုးသမီးတစ်ယောက် ကျွန်မတို့နားရောက်လာသည်။ ရင်ထိုး [illegible]ထိုးထားပြီ အရောင်းတာဝန်ခံဟု သူမအမည်နှင့်အတူ ရာထူးပါရေး [illegible]ထားသည့်ရင်ထိုးပြောင်ပြောင်လေးဖြစ်နေသည်။

"ရပါတယ်။ ဒါ…ကျွန်တော့်သူငယ်ချင်းတွေပါ"

အမျိုးသမီးက ကျွန်မတို့ကို တစ်ချက်ဝေ့ကြည့်ပေမဲ့ သူမ၏ [illegible]လုံးတွေက ကျွန်မ မျက်နှာပေါ်ကြာကြာစိုက်ကြည့်သလို ဖြစ်သွားပြီး

"အိုး . . . သိပြီ . . . သိပြီ . . . ဓာတ်ပုံထဲက မိန်းကလေးပဲ။ တွေ့ဖူးပါတယ်လို့လေ"

ဟုပြောပေသည်။

"နင့်ဓာတ်ပုံကို လူတွေက ခဏခဏလာမေးကြတယ်ဟ။ Not



burmeseclassic.com

burmeseclassic.com



For Sale (ရောင်းရန်မဟုတ်) ပါဆိုနေမှ ရောင်းမလားလာ မေးလွန်း လို့ဒီအစ်မ မှတ်မိနေတာ"

"နေခက သူ့ရဲ့ အသည်းနှလုံးဆိုတော့ မရောင်းနိုင် ဟင်းဟင်း"

"ဟာ . . အစ်မ . . အဲ့ဒီလို မဟုတ်ပါဘူး၊ သူ့ပုံကို လူတိုင် မရောက်စေချင်လို့ပါ။ ကျွန်တော့် သူငယ်ချင်းပုံကို ရောင် လိုက်ရင် ကျွန်တော်သစ္စာ မရှိရာကျမှာပေါ့"

နေခ ရှက်ကိုးရှက်ကန်း ဖြေရှင်နေပေမဲ့လဲ သူ့ရင်ထဲ ဘာရှိသလဲ ဆိုတာကို အမျိုးသမီးသုံးယောက်စလုံးက ရိပ်မိပြီဖြစ်သည်။

"အခုပဲ အဲ့ဒီကိစ္စပါပဲ . . . ကျွန်မဆီ ဖုန်းဆက်နေတာ သုံးခေ အဲ့ဒီသုံးပုံစလုံးကို ဝယ်မယ်ဆိုပြီး"

"မရောင်းဘူးလေ အစ်မ . . ."

"ကျွန်မ . . ငြင်းပါတယ်၊ အခုတစ်ခေါက်က ကျွန်မကို အတင် ဓာတ်ပုံဆရာနဲ့ စကားပြောမယ်ဆိုပြီး ခေါ်ခိုင်းလို့ . . ."

"ဘယ်သူကများ ဒီလောက်ဝယ်ချင်နေရတာလဲ"

"ဒီမှာ ဈေးတင်ထားသမျှ ဈေးတွေနဲ့ မတူအောင် အမြင့် ဈေးလည်းပေးနေတယ်၊ ဒါကြောင့် ကိုနေခများစကား ပြော မလားလို့"

"သူတို့ဘက်က ဖုန်းကို စောင့်နေတာလား"

"ကျွန်မလည်း ဈေးကမထင်မှတ်လောက်အောင် မြင့်နေ ဖုန်းကို ဘေးခဏချထားခဲ့ပြီး ကိုနေခကို လာမေးတာပါ။

"အဆမတန် ဈေးပေးတာ အရေးမကြီးပါဘူးလေ"





"ဘယ်လောက်တောင် ပေးလို့လဲဟင်"

ကျွန်မ မေးကြည့်လိုက်ရာ အရောင်းတာဝန်ခံက ကျွန်မအံ့သြပြီး န်မိတော့မတက် ဈေးနှုန်းကို ရွတ်ပြလိုက်ပါသည်၊ ဒီမှာ ဈေးနှုန်း င်ထားတဲ့ ဈေးတွေနဲ့ ဘာမှမတူအောင် မြင့်မားနေသော ဈေးဖြစ်ပါသည်။

"နေခ ရောင်းချင်ရောင်းလိုက်နော် ငါ့အတွက်ဘာမှ ပြဿနာ မရှိဘူး၊ ငါက တကူးတက မော်ဒယ်လ် လုပ်ပေးရတာလဲ မဟုတ် ဘူး၊ ဒီဓာတ်ပုံတွေကြောင့်လည်း ဘာပြဿနာမှ တက်စရာ မရှိဘူးနော်"

"ဟာ . . . မဟုတ်တာ ပိုက်ဆံက အရေးမကြီးဘူး"

"ငါ ဓာတ်ပုံရောင်းလို့ရတဲ့ ပိုက်ဆံနဲ့ နင်လိုချင်တဲ့ ဓာတ်ပုံပစ္စည်း တွေဝယ်လိုက်နိုင်တာပေါ့၊ ဒါမှမဟုတ် နင်သင်ချင်တဲ့ ဓာတ်ပုံ ပညာကောင်းကောင်းကို ပန်ကောက်မှာ သုံးလေးလလောက် သွားနေပြီး သင်ဖို့အတွက် ဒီပိုက်ဆံကိုပါ ထပ်စုထားနိုင်မယ်၊ နင့် အတွက် အကျိုးရှိမယ်ဆိုတာမျိုးတွေကို ထည့်စဉ်းစား သင့်တယ် လေ၊ သူငယ်ချင်းကောင်း တစ်ယောက်အနေနဲ့ ငါက နင့်ကို ဒီနည်းနဲ့ ကူညီနိုင်တယ်ဆိုရင် ငါလည်း ဝမ်းသာကျေနပ်မှာပေါ့"

နေခ ကျွန်မရဲ့စကားကို တွေဝေနေသည်။ ပန်ကောက်မှာ းလ ဖြစ်ဖြစ် ဓာတ်ပုံသင်တန်းသွားတက်ချင်သည်ဆိုတာ သူပိုက်ဆံ တ်စုနေရတာကို ကျွန်မတို့သိထားပါသည်။

"စဉ်းစား မနေနဲ့နေခ . . . ငါ့ အနေနဲ့ဆိုရင် နင့်ကို ဒီဓာတ်ပုံတွေ ရောင်းစေချင်တယ် . . . တကယ်ပြောတာ"

"ဖုန်းဆက်သွားပြောကြည့်ပါဦးလားဟယ် . . . ဘယ်သူဘယ်ဝါ

burmeseclassic.com



ဆိုတာ သိရတာပေါ့၊ ဒါမှနင်ကြိုက်သလို ဆုံးဖြတ်နိုင်မှာ...”

မိုးပြာက ဝင်အကြံပေးပါသည်၊ ဒီတော့ နေခလည်း အ
တာဝန်ခံ စားပွဲမှာရှိနေသော ဖုန်းကိုလက်ခံပြောဖို့ စိတ်ဆုံးဖြတ်
သွားပါသည်။

နေခ...ထွက်သွားတော့

“ဘယ်သူကများ နင့်ပုံကို အသည်းအသန် လိုချင်နေတာ
မသိဘူး”

ဟု ရူးစမ်းသလိုနဲ့ပြောကာ ရေရွတ်ကျန်ခဲ့သည်၊

“ငါပုံရယ်လို့ သေသေချာချာ မသိနိုင်ပါဘူးဟယ်၊ ဝါးတားတ
ကင်မရာရှေ့မှာ ဇာပါးပါးလေးကာထားသလို နေရိပ်ကျနေသ
လို ရိုက်ထားတာ...။ ဘယ်သူမှန်းတောင် မသိတဲ့ပုံ...”

“နေခ ပြောတော့ အဲဒါက ပညာပဲတဲ့ . . . ဝင်ဝါးဝါးထဲ
မျက်လုံးထဲက အရိပ်တွေ၊ မျက်နှာပြင်ရဲ့ ခံစားချက်
ပေါ်အောင် ရိုက်ရတာဆို...”

“အေး...အဲ့ဒါကြောင့်လဲ...ဝယ်ချင်တာ ဖြစ်မှာပေါ့”

တကယ်တော့ နေခ ပြန်ပြောသောအခါမှာတော့ သူ့ရဲ့ဓာတ်
ပညာကြောင့်မဟုတ်ဘဲ ကျွန်မမှန်းသိနေလို့ ဝယ်ချင်တာဖြစ်ကြော
သိရတော့သည်။

ပုပ်သိုးနေသော နေခ မျက်နှာနှင့်...

အခုပဲ စကားပြောပြီး ပြန်လာတယ်။ လက်စသတ်တော့ ORI
(အိုရိုင်ယွန်) ကဖြစ်နေတာကိုး။ ဦးရဋ္ဌသီဟ ကိုယ်တိုင် ဖုန်း
စကားပြောတာပဲ”





ဟု၍ပြောလိုက်လျှင် မိုးပြာက အံ့သြတကြီးဖြင့် “ဟုတ်လား” ဟု
ရေရွတ်သည်၊ ကျွန်မကတော့ မျက်နှာကို ဘယ်နားထားရမှန်းမသိအောင်
ဖြစ်သွားပါသည်။ ဦးရဋ္ဌသီဟနှင့် ကျွန်မတို့ ဆုံပြီးစကားပြောဖြစ်သောနေ့ကို
သူတို့ကို ကျွန်မပြန်အသိမပေးထားခဲ့ပါ။ ကိုယ့်ကို ချစ်မြတ်နိုးပါသည်ဟု
ဖွင့်ပြောခြင်းမျိုးမဟုတ်ဘဲ တွဲချင်ပါသည်ဟု အပြောခံရတာကို မကျေမနပ်
ဖြစ်သဖြင့် ဘယ်သူ့ကိုမှ အသိမပေးခဲ့တာ ဖြစ်ပါသည်၊

“သူက နင့်ဓာတ်ပုံကိုလည်းဝယ်မယ်..ဒါ့အပြင်တခြား သုံးလေး
ပုံလည်းဝယ်မယ်လို့ပြောတယ်”

“နင့် သဘောပါ”

“ငါကတော့ တခြားပုံတွေပဲရောင်းမယ်..နင့်ပုံကိုတော့ မရောင်း
ဘူးလို့ ငြင်းလိုက်တယ်”

နေခ ..ဒီလို ငြင်းမယ်ဆိုတာ သိနှင့်နေသည်၊ တခြားလူဆိုရင်
တောင် သူပြန်စဉ်းစားဦးမည်၊ ဦးရဋ္ဌသီဟ ဖြစ်နေတာနဲ့ ပိုလို့တောင်
ရောင်းတော့မှာ သေချာလေသည်။

“သူက...ဘာပြန်ပြောလဲ”

“စဉ်းစားပါဦးတဲ့”

နေခ စကားသံတွေ တစ်ဝက်တစ်ပြက် ရပ်တန့်သွားတော့သလို
ဖြစ်သွားကာ ကျွန်မတို့ ကျောပေးထားသော အဝင်ဝဆီ လှမ်းကြည့်လိုက်
သောကြောင့် ကျွန်မနဲ့မိုးပြာပါ ပြိုင်တူလှည့်ကြည့်လိုက်မိကြပါသည်၊

ဟင် . . . ဦးရဋ္ဌသီဟ၊ ကျွန်မရင်ထဲမှာ အလန့်တကြားရေရွတ်
လိုက်မိသည်ဆင်သည်၊ ဦးရဋ္ဌသီဟကတော့ အေးဆေးပြီး သူ့ကိုယ်သူ
ယုံကြည်သော မျက်လုံးတွေနှင့် ကျွန်မတို့ကို ကြည့်လျက် တစ်လှမ်းချင်း



burmeseclassic.com

burmeseclassic.com



လျှောက်လာနေခဲ့သည်။ တွေ့လိုက်တဲ့အခါတိုင်း အမြဲတမ်းချောမော ကြ

ကောင်းနေတတ်သော ထိုယောကျ်ားထံတွင် အချစ်မပါသော စကားလုံးမျ

ရှိနေခြင်းကား ဘာ့ကြောင့်လဲ။ သူ့ဘာကြောင့် မချစ်ချင်တာလဲ။ မချစ်တ

တာလား။ သူ့မျက်လုံးတွေရဲ့အနောက်မှာ ဝိုးတဝါးမြင်ရသော အရိပ်တွေ

ကျွန်မ မုန်းပါသည်။ မိန်းမတစ်ယောက်အတွက် သူ့မှာ အချစ်တွေမရှိခဲ့

သေချာပဲ။

"ကိုနေခရဲ့ဓာတ်ပုံတွေ ဝယ်ဖို့လာတာပါ"

"ဦးရွှေသီဟ . . ဒီလောက်မြန်မြန်ရောက်လာလိမ့်မယ့်တော

မထင်ဘူး"

"ကျွန်တော် ရုံးက ဆက်နေတာမှ မဟုတ်တာ . . . ဒီ . . ဂေ

(ဂယ်လာရီ)ရဲ့အပြင်မှာ တစ်ရှိန်လုံးကားရပ်ပြီး ဖုန်းဆ

နေတာပါ"

ခပ်ရှုးရှုးစိုက်ကြည့်လိုက်သော သူ့မျက်လုံးတွေက ကျွန်မတ

ယောက်တည်းဆီ ဦးတည်နေသည်။အားလုံးရှေ့မှာ ဘာကိုမှ မဖုံးကွယ်

ကျွန်မကိုသာ သီးသန့် စိုက်ကြည့်လိုက်လျက် . . .

"မြသွေးနီရဲ့ဓာတ်ပုံကို ဝယ်ပြီး သူ့ကိုပဲ ပြန်လက်ဆောင်ပေးမယ

ကျွန်တော်စိတ်ကူးထားတယ် . . . ကိုနေခ ဘယ်လိုသဘောရလဲ"

အားလုံးဘာမှပြောစရာစကားမရှိသလိုဖြစ်သွားပါသည်။ နေခ

သူထင်မှတ်မထားသော အကြောင်းအရာမို့ ရုတ်တရက် ဘယ်လို့တုံ့ပြန်

မှန်းမသိဖြစ်နေသည်။

"ဒါကြောင့် ကိုနေခကို စဉ်းစားပါဦးလို့ ထပ်ပြောထားတာ"

ဦးရွှေသီဟ ထပ်ပြောလိုက်တော့မှ နေခလည်းသူ့ဘက်





တစ်ခုခုတော့ ပြန်ပြောရတော့မည် ဆိုတာ တွေးမိပြီး

"ကျွန်တော်က သူ့ဓာတ်ပုံကို မရောင်းဘူးလို့ ကတိပေးထားခဲ့

ပြီးပြီ မို့ မရောင်းတာပါ"

"သူ့ကို လက်ဆောင်အဖြစ်ပြန်ပေးမယ်ဆိုရင်တော့ ကိုနေခ

ကျေနပ်မယ်ထင်တယ် . . မြသွေးနီနဲ့ ကိုနေခ တို့ကြားက သူငယ်

ချင်းချင်းထားထားတဲ့ ကတိဟာလဲ အဲဒီလိုမျိုးကျရင် ဘယ်လိုမှ

အရာမထင်တော့ဘူးလို့ ထင်ပါတယ်"

ဦးရွှေသီဟရဲ့ ချက်ကျလက်ကျ စကားတွေဟာ ကျွန်မတို့

အားလုံးကို အနိုင်ယူသွားသလိုပင်။ နေခတစ်ယောက် အခံရခက်သော

မျက်နှာနှင့် မျက်မှောင်ကြီးကျုံ့နေသည်မှာ ပြေကိုမပြေတော့။ ကျွန်မ

သာလျှင် ကာယကံရှင်ပုံစံ ဖြစ်နေသည်ဟု ခံစားရသဖြင့် ကျွန်မပဲ

ဆုံးဖြတ်ရတော့မည် ထင်သည်။

ကျွန်မ မဆုံးဖြတ်ရခင်မှာ မိုးပြာကပဲ . . နေခကို တစ်နေရာ ခဏ

ခေါ်သွားပြီး ဘယ်လိုဖျောင်းဖျလိုက်သည်မသိ၊ နေခဘက်က ရောင်းမယ်ဟူ

သော စကားထွက်လာသည်။

ဦးရွှေသီဟက မျှော်လင့်ထားပြီးသော မျက်လုံးတွေနှင့်

ချက်ချင်းပင်

"ဒါဆို . . . ခုပဲ ငွေရှင်းမယ် . . . ချက်(ခ)နဲ့ ယူမလား၊ ငွေသား

သီးသန့်ယူမလား . ."

"ကိုနေခအတွက် ဘယ်ဟာက ပိုအဆင်ပြေဆုံးဖြစ်မလဲ"

နောက်ဆုံးတော့ ငွေသားချည်း ရှင်တာပဲ ယူဖို့ နေခ ပြောလိုက်

သည်နှင့် ဦးရွှေသီဟက ချက်ချင်းဖုန်းဆက်လိုက်သည်။



burmeseclassic.com

burmeseclassic.com



"ဖိုးဂျမ်း . . . မင်းအဆင်သင့်ဖြစ်ရင်ခုပဲ ထွက်လာခဲ့တော့။ ဟုတ်တယ်...သိန်း(...)ယူလာခဲ့၊ အေး...ဒါပဲ"

အားလုံးကြိုတင် စီစဉ်ထားသည့်အတိုင်းပင် မိနစ်ပိုင်းအတွင်း ရောက်လာခဲ့သည်။ ကျွန်မ၏ ဓာတ်ပုံတွင် Sold (ရောင်းပြီး)ဟူသော စာတန်းသစ်လေး ထပ်ကပ်လိုက်ပါသည်။

"မြသွေးနီ . . . တစ်ဆိတ်လောက် ကျေးဇူးပြုပြီး . . ကိုယ့်ကို . . အချိန်ပေးနိုင်မလား...။ မင်းနဲ့စကားပြောချင်လို့ . ."

ကျွန်မ . . . မျက်နှာပြင်တစ်ခုလုံး ဖြန်းကနဲအေးသွားသည်ထင်သည်။ ရေခဲသေတ္တာ အပေါ်ဆင့် Freezer (ဖရီဇာ)ကို ဖွင့်လိုက်လျှင် ရုတ်တရက် မျက်နှာကို ထိတွေ့ခံရသော အအေးဓာတ်မျိုးနှင့် ဆင်တူသည် ခံစားချက်လို ခံစားလိုက်ရသည်။

အံ့ဩနေသော မျက်လုံးတွေကို ကျော်ဖြတ်ပြီး ကျွန်မသည် ဦးရဋ္ဌသီဟ ဦးဆောင်ရာသို့ လိုက်ပါလာခဲ့မိတော့လေသည်။

* * *

## (၈)

"ကိုယ် . . .မင်းကို ဖုန်းဆက်ဖို့ အကြိမ်ကြိမ် စဉ်းစားခဲ့သေးတယ်။ ဒါပေမဲ့ . . .ကိုယ် . . .အဲ့ဒါကို အကောင်အထည် မဖော်ဖြစ်ခဲ့ဘူး။ ဘာကြောင့်လဲဆိုတော့ . . .မင်းကို . . .အနှောင့်အယှက်မပေးချင်ဘူးလေ၊ မင်းရဲ့ဆုံးဖြတ်ချက်ဟာ . . . ကိုယ့်ရဲ့ပယောဂ မပါဘဲ . . . မင်းကိုယ်တိုင် ကျေနပ်လို့ ဆုံးဖြတ်တာပဲ လို့ချင်ခဲ့လို့ . . ."

"ကျွန်မ . . .ဘာကို ဆုံးဖြတ်ရမှာလဲ"

"ကိုယ် . . .မင်းကို ကမ်းလှမ်းထားတဲ့ အကြောင်းအရာလေ မင်း . . မေ့အပါဘူး . . ၊ မင်းတစ်ခုခုတော့ ဆုံးဖြတ်ရမယ်ဆိုတာ မင်းသိပါတယ်။ ဘာကြောင့်လဲဆိုတော့ . . . ကိုယ့်ကို မင်းဘာမှ အဖြေမပေးခဲ့ဘူးလေ"

ကျွန်မ...သူ့ကိုနာကျည်းသလိုဖြစ်ကာပြန်စိုက်ကြည့်လိုက်သည်။ ကားထဲမှာ သူနဲ့ကျွန်မသာ ကျန်ရစ်ပြီးသူ့ရဲ့ ဒရိုင်ဘာကတော့ ကားထဲမှာ ထိုင်မနေဘဲ အပြင်ထွက်ရပ်ပြီး စောင့်နေပါသည်။ ဒီတော့ ကျွန်မတို့ ပြောချင်တာကို လွတ်လွတ်လပ်လပ် ပြောလို့ရလေသည်။

"ဘာဖြစ်လို့ တွဲချင်တယ်ဆိုတဲ့ စကားလုံးကို သုံးရတာလဲ"

"ကိုယ်က မိန်းကလေးတိုင်းကို အဲ့ဒီလို မကမ်းလှမ်းပါဘူး . .



burmeseclassic.com

burmeseclassic.com



"ကိုယ့်စိတ်ထဲမှာ . . .တစ်စုံတစ်ခု ထူးခြားတဲ့ခံစားချက်ပေးတဲ့ သူမျိုးကိုပဲ . . ကမ်းလှမ်းတာပါ . . .။ မင်းကို မြင်မြင်ချင်း သဘောကျတယ်...မင်းဆီမှာ သူများနဲ့ မတူတဲ့ အပြစ်ကင်းစင်မှု ရှိတယ်...မင်းရဲ့innocent face (အင်န်းဆင့်ဖေ့စ်)လေးကို ကိုယ် အမြဲမြင်ချင်သွားတယ် . . မင်းမှာက မုယာမာယာ မရှိဘူး . . မင်းရဲ့ခံစားချက်ကို မလျှို့ဝှက်တတ်ဘူး...အဲ့ဒါတွေကြောင့် ကိုယ် မင်းကို ယုံယုံကြည်ကြည်နဲ့ တွဲကြည့်ချင်တာ..."

ရှင်...မချစ်တတ်ဘူးလား..ဟု ..ကျွန်မရင်ထဲမှာ အော်ပြီး မေးနေပေမဲ့ ပါးစပ်ကတော့ ဘာတစ်ခွန်းမှ ထွက်မလာပါ။ သို့သော် သူကတော့ ကျွန်မရင်ထဲက ခံစားချက်ကို ရိပ်မိသည့်အလား . . . နှုတ်ခမ်းကိုအသာ ကွေးရုံပြုံးရင်း

"ကိုယ် . . .မချစ်တတ်ဘူး . . . မြသွေးနီ . . အချစ်ဆိုတာကို ကိုယ်မခံစားတတ်ဘူး . . .ကိုယ်လိုချင်တာက ကိုယ့်ကို စိတ်ချမ်းသာမှုပေးနိုင်တာမျိုးပဲ . . .။ ပြီးတော့ . . .ကိုယ့်ကိုလည်းဘယ် . . မိန်းကလေးကမှ ချစ်တာမလိုချင်ဘူး . . .ကိုယ့်ဘဝက ရှုပ်ထွေးတယ်။ ဒီတော့ မချစ်မိကြတာပဲကောင်းမယ်"

ဟု...အေးဆေးစွာ..ရှင်းပြလေသည်။

ကျွန်မ...ထိုစကားသံတွေကိုကြားလိုက်တော့ မရတာကိုမှလိုချင် လေလေ . . . ခံစားလာရသည်။ ဘုရားရေ . . . ကျွန်မ ဘာဖြစ်နေတာလဲ။ ကျွန်မ . . . သူ့ဆီကအချစ်ကို လိုချင်နေသတဲ့လား။ မဖြစ်နိုင်တာ. . .။ အချစ်ကို မခံစားချင်တဲ့ လူဆီက အချစ်ကို ရနိုင်ပါ့မလား။ ဖြူဝင်းသော အသားရေနှင့် ပြုံးလိုက်ရင် နှုတ်ခမ်းကို ကွေးတယ်ဆိုရုံလောက်သာ





ပြုံးတတ်သော သူ့အပြုံးကို ကျွန်မ သဘောကျနေသည်။ ခပ်တိုတိုနှင့် လှိုင်းနည်းနည်း ရှိချင်သော သူ့ဆံပင်နက်နက်၊ မျက်ခုံးနက်နက်နှင့် မီးခိုးရောင်လွှမ်းသော မျက်ဝန်းတစ်စုံတို့ကို ကျွန်မ စွဲလမ်းချင်နေသည်။ ခရမ်းရင့်ရောင်လက်ရှည် အင်္ကျီဝတ်ဆင်ထားကာ ထင်ရှားခန့်ညားမှု အသွင်ကို ဆောင်နေခြင်းက ကျွန်မ အသည်းနှလုံးတွေကို ညှို့ငင်နိုင်စွမ်း ရှိနေတာလား။

"တွဲတယ်ဆိုတာက . . . ဟုတ်ပါပြီ . . .ကျွန်မတို့ ဘယ်နနှစ် . . . ဘယ်နကာလထိ တွဲရမှာလဲ။ ဘယ်လိုအချုပ်အနှောင်တွေရှိမလဲ။ ကျွန်မရဲ့ပတ်ဝန်းကျင်မှာ ဘယ်လိုပြောရမလဲ"

ကျွန်မ . . . စိတ်ဆုံးဖြတ်ပြီးပြီမို့ . . . မျက်လုံးအစုံကို မှိတ်ထားလိုက်မိပြီတည်း။

"သုံးလ...ဒါမှမဟုတ်...ခြောက်လပေါ့...အဲ့ဒါ မင်းစိတ်ကြိုက်ဆုံးဖြတ်နိုင်တယ် . . . ဘာအချုပ်အနှောင်မှ မရှိပါဘူး၊ တစ်ခုတော့ရှိတာပေါ့. . . ကိုယ်နဲ့တွဲနေတဲ့အချိန်မှာ မင်းဟာ ကိုယ့်ရဲ့ မိန်းကလေးပဲ . . .ဘယ်သူနဲ့မှ မပတ်သက်ရဘူး။ ဘယ်သူနဲ့မှ ရည်းစားထားခွင့်မရှိဘူး။ မင်းပတ်ဝန်းကျင်မှာ . . . မင်းကြိုက်တာ အသိပေးခွင့်ရှိတယ် ကိုယ့်ကိုမင်းရဲ့ရည်းစားပါလို့ ပြောချင်ရင်လည်း ပြောနိုင်တယ်။ အဲ့ဒီအတွက် ကိုယ့်မှာ ဘာပြဿနာမှ ...မရှိဘူး...ကိုယ်က မိန်းကလေးတစ်ယောက်နဲ့ ရည်းစားအဖြစ်တွဲကြပြီးမှ ..ကွဲသွားကြတယ်ဆိုတာမျိုး သူများ ဝေဖန်တာတွေကို ဂရုမစိုက်ဘူး"

ရည်းစားတော့မဟုတ်ဘူး။ ဒါပေမဲ့ ပတ်ဝန်းကျင်မှာ ရည်းစားတွေ



burmeseclassic.com

burmeseclassic.com



ပါလို့ ပြောခွင့်ရှိသတဲ့။ ဒါဖြင့်....။ ....။

"ကျွန်မက.. ဘာတွေ...လုပ်ပေးရမှာလဲ"

"ကိုယ်...လိုအပ်လို့ စကားပြောချင်နေချိန်မှာ...မင်းရှိနေပေးရမယ်...ကိုယ်ခေါ်သွားချင်တဲ့ ပွဲလမ်းသဘင်တွေကို မင်းလိုက်ပေးနိုင်ရမယ်...ဒီလောက်ပါပဲ...။ ကိုယ့်မှာ စကားပြောဖော်လိုလို့ အဖော်လုပ်ပေးတဲ့ သဘောပါပဲ...။ မင်း..သဘောမတူရင် ကိုယ်...မင်းကို လက်ဖျားနဲ့တောင် မထိပါဘူး။ မိန်းကလေးတစ်ယောက်ကို အသားချင်းထိတွေ့ရင်းနှီးရမှုဆိုတဲ့ စိတ်မျိုးကိုယ့်မှာ မရှိဘူး။ ကိုယ် ဖြစ်ချင်တာက မင်းဟာ ကိုယ်..လိုချင်လို့ အနားမှာ အလှထားတဲ့ သက်ရှိရုပ်တစ်ရုပ်ပဲ...မင်း ကိုယ့်အနားမှာရှိရင် စိတ်ပျော်နေမယ်ဆိုရင် ကိုယ် ကျေနပ်တယ် မြသွေးနီ.. ကိုယ်အတွေးအခေါ်အပြုအမူတွေဟာ .. ထူးဆန်းကောင်း ထူးဆန်း နေလိမ့်မယ်. ဒါပေမဲ့ မင်းကိုယ့်အနားမှာ ကြာကြာနေရင် နေသားကျသွားမှာပါ...ကိုယ်နဲ့တွဲခဲ့ဖူးတဲ့ မိန်းကလေးတွေကို ကျေကျေနပ်နပ် ဖြတ်သန်းခဲ့ကြတာချည့်ပါပဲ"

ကျွန်မ...ဆက်ကန်...မော့ကြည့်ကာ..

"ကျွန်မက ဘယ်နယောက်မြောက်လဲ"

ဟုမေးလိုက်ရသည့်အခါ ရင်ထဲတွင် ဘာကိုနာကျင်သွားမှန်း မသိနာကျင်သွားရပါသည်။

"မင်းမသိချင်ပါနဲ့...ကိုယ်က အတိတ်ကို ပြန်မကြည့်တက်ဘူး. အခုလောလောဆယ် ပစ္စုပ္ပန်ကိုပဲ..ကြည့်တယ်..ပြီးတော့ အနာဂတ်ကိုလဲ ..ကြိုတင်မကြည့်တက်ဘူး"





"ကောင်းပြီလေ ..ဒါဆိုရင် ကျွန်မတို့ကြားမှာ စာချုပ်စာတမ်း ရေးမလိုဘူးလား"

"တယ်ထူးဆန်းပလား...ကိုယ်...တစ်ခါမှ..မစဉ်းစားဖူးဘူး"

ကျွန်မ တမင်ရွဲ့ ပြီးခေါင်းထဲမှာ အမှတ်မထင်ပေါ်လာသော အကြောင်းအရာကို မေးချလိုက်တာဖြစ်သည်။

"ရှင်..ကျွန်မကို မလိုအပ်တော့ဘူးဆိုရင်..ကျွန်မကတော့ အလွယ်တကူ ရှောင်ထွက်သွားပေးနိုင်တယ်။ ကျွန်မအတွက် ဘာပြဿနာမှ မရှိဘူး။ ဒါပေမဲ့...ကျွန်မက ရှင့်ကို မလိုအပ်တော့ဘူးဆိုတာမျိုး ဒါမှမဟုတ် ရှင်နဲ့ တွဲနေချိန်မှာ ကျွန်မ တကယ်ချစ်လို့ရတဲ့ ချစ်သူကိုတွေ့လာခဲ့တာမျိုးဖြစ်ရင် ကျွန်မဘက်ကတော့ ရှင်နဲ့ကျွန်မရဲ့ ဘာမှန်းမသိတဲ့ ပတ်သက်မှုကို ချက်ချင်းရပ်ပစ်ချင် ရပ်ပစ်မှာပဲ အဲ့ဒီအခါကျရင်တော့ ရှင့်ဘက်က ကြည်ကြည်ဖြူဖြူနဲ့ အလိုက်တသိ ရှောင်ထွက်ပေးနိုင်ပါ့မလား။ ကျွန်မရဲ့ အချစ်ရေးကို ပျက်ပြားစေတဲ့ နှောင့်ယှက်မှုတွေ လုပ်မလား။ ကျွန်မရဲ့ ဂုဏ်သိက္ခာကို ကျစေမဲ့ သတင်းတွေ လွှင့်မလား ဆိုတာမျိုး ကျွန်မ အခုလေးတင် တွေးမိပြီး စိုးရိမ်လာတယ်.."

"နှုတ်ကတိစကားကို မယုံဘူး...စာချုပ်စာတမ်းနဲ့ ထားချင်တယ်ပေါ့...ဒီလိုလား"

သူက ရယ်မြူးသော မျက်လုံးတွေနဲ့ ကျွန်မရဲ့စကားကို ဆက်လိုက်သည်။

"ရှင်နဲ့ကျွန်မ...သုံးလပဲတွဲမယ်"

"အိုး ... ချက်ချင်းဆုံးဖြတ်လိုက်နိုင်တာပါလား။ ဒါပေမဲ့ သုံးလ



burmeseclassic.com

burmeseclassic.com



ကတော့ မနည်းလွန်းဘူးလား…မြသွေးနီ"

"ခြောက်လဆိုတာ…နှစ်တစ်နှစ်ရဲ့တစ်ဝက်ကြီးများတောင်လေ သိပ်များလွန်းတယ်"

"ဒါတော့…"

"ထပ်တိုးခွင့်တော့ရှိမယ်…သုံးလထက်တော့ လျှော့ခွင့် မရှိဘူး ဆိုတာ စာချုပ်မှာထည့်ချုပ်မယ်"

"စာချုပ်ကို ဘယ်သူက ပြင်ဆင်မှာလဲ"

"ကိုယ်ဘက်ကလည်း..ကိုယ်ကြိုက်တာရေးခဲ့မယ်..မင်းဘက်ကလည်း…မင်းကြိုက်တာရေးလာခဲ့ပါ။ နှစ်ယောက်လုံးညှိပြီး လိုချင်တဲ့အချက်တွေပါတဲ့ စာချုပ်တစ်စောင်ရိုက်ကြမယ်… ကိုယ့်ရဲ့ရှေ့နေရှေ့မှာ အသိသက်သေထားပြီး လက်မှတ်ထိုးကြမယ်…"

"ရှင်ရဲ့ရှေ့နေ ဟုတ်လား"

ကျွန်မ ဘဝင်မကျသလို မေးလိုက်ပါသည်။

"ကိုယ်ကစီးပွားရေးလုပ်ငန်း ကြီးကြီးမားမားတွေကို ဦးဆောင်နေတာပါ…ဒီတော့ကိုယ့်ရဲ့ဘဝကို လုံခြုံအောင် လူယုံရှေ့နေထားရတယ်…သူကကိုယ့်ရဲ့အကျိုးစီးပွားကောင်းရာကောင်းကြောင်းကိုပဲ..ဦးစားပေးတယ်…ကိုယ့်ရဲ့ပျက်စီးကြောင်းကို လုပ်မဲ့သူ မဟုတ်ဘူး"

* * *

# (၉)

ဦးရဲသီဟ၏ ကားပေါ်မှဆင်းလာသော ကျွန်မကို မိုးပြာက ခုန်တာထွက်ရပ်စဉ် တွေ့သဖြင့် အသာငေးကြည့်နေခဲ့သည်။ ကျွန်မအိမ်သို့ရောက်သောအခါမှာတော့…လှပစွာ ထုပ်ပိုးထားသော လက်ဆောင်ထုပ်တွေကို တွေ့ရသည်။

"မြသွေးနီ အတွက်"

ရဲသီဟ

ဟူသောစာတမ်းများကို အထုပ်တိုင်းတွင်ပါ ပါသည်။ကျွန်မ အထုပ်တွေကို ဒီတိုင်းရပ်ကြည့်မိရင်း

"ဘယ်တုန်းက ရောက်နေတာလဲ"

"ငါ…အိမ်ပြန်ရောက်ရောက်ချင်း တံခါးလာခေါက်ပြီးပေးတာဆိုတော့…ငါ့ကိုတစ်နေရာရာကနေ စောင့်ကြည့်ပြီး ရောက်လာပုံပဲ"

"ဘာတွေလဲ…မသိဘူး"

"ဒီဟာတွေကတော့…နှင့်ဓာတ်ပုံတွေလို့ထင်တယ်"



burmeseclassic.com

burmeseclassic.com



စနလေးတင် . . . ကျွန်မပုံတွေဝယ်သွားပြီး ချက်ချင်းလက်ဆော
ထုပ်အဖြစ် ဖန်တီးလိုက်ပုံရသည်။ မိုးပြာ ပြောသောလေးထောင့် အထု
တွေကို အရင်ဖွင့်လိုက်ပါသည်။ အဖြူအမည်းဖြင့်သာ ရိုက်ထားသေ
ဓာတ်ပုံတွေထဲမှာ ကျွန်မ၏ ဘေးတစ်စောင်းငုံ့နေသောမျက်နှာပုံ၊ မေ
ထောက်ပြီး အဝေးကို ငေးနေပုံနှင့်ဓာတ်ပုံကို စိုက်မကြည့်ဘဲ မျက်လွှာ
သာချပြီးထောင့်တစ်နေရာကို ခပ်စောင်းစောင်းကြည့်နေပုံ . . . သုံးပုံဖြစ်
သည်။ နေခ၏ ဓာတ်ပုံပညာ ပြောင်မြောက်လှသဖြင့် ဓာတ်ပုံထဲမှာ ထေ
ကျွန်မက ဇမ်ဒယ်မင်းသမီးလိုပင် လှနေသည်။

"ဒီနစ်ခုကကျတော့ . . . ဘာတွေလဲ"

"ဖွင့်ကြည့်လိုက်ပါဟာ . . . မထူးပါဘူး . . . လာပေးထားပြီးပြီပဲ"

"သူဌေးဆိုတဲ့လူတွေကို အဲဒါတွေမကြိုက်တာ . . . သူတို့ပေး
တိုင်း လက်ဆောင်တွေ ဖွတ်ပေးပြီ . . ."

"နင်က လက်ဆောင်ပေးပြီး ဆွယ်လို့မရတဲ့ မိန်းကလေး
ဆိုတာ သူရိပ်မိမှာပါ . . ."

ကျွန်တဲ့လက်ဆောင်ထုပ်နစ်ခုကို ဖွင့်ကြည့်လိုက်တော့ . .
လက်ပတ်နာရီလှလှလေးပါသော ဘူးတစ်ဘူးနှင့် နောက်တစ်ဘူး
ဆမ်းဆောင်း (Samsung) အမျိုးအစားဖုန်းပြားပြားလေး တစ်လုံးဖြစ်သည
ဖုန်းက အခွံချည်းသက်သက်မဟုတ်ဘဲ၊ ဆင်း(မ်)ကတ်ဒ်ပါ ပါသော ဖုန်း
လေသည်။

"ဒါက Galaxy 4 (ဂဲလက်စီဖိုး)ပဲ မြသွေးရဲ့"

"ငါ့ဆီမှာလည်း ဖုန်းရှိတာပဲ ဘာကြောင့် ဒီဖုန်းလာပေးရလဲ"

ကျွန်မ ကိုယ့်ဖုန်းကိုယ်ပြန်ကြည့်လိုက်မိသည်။ ဒီလိုနောက်





ပေါ်ဖုန်းဟန်းဆက်မျိုးဝယ်မကိုင်နိုင်ခဲ့၍ တရုတ်ပြည်ဖြစ် ဈေးပေါသော
တစ်သိန်းအောက်နဲ့ရနိုင်သည့် ဟန်းဆက်ကိုသာ သုံးသဖြင့် ကျွန်မဖုန်းက
အတော်နုတ်ပါသည်။ ဆမ်းဆောင် ဂဲလက်ဆီဖိုးလို တန်ဖိုးကြီးပြီး နာမည်ရှိ
သောဖုန်းနှင့်စာလျှင် အတော့်ကို သေးနုတ်ပြီး အရောင်မှိန်နေတာ တွေ့ရ
သည်။

ထိုအချိန်တွင် ဖုန်းအသစ်ဆီမှ . . . ခေါ်သံမြည်လာပါသည်။
ဘယ်လိုလက်ခံပြောရမှန်းမသိသဖြင့် ကျွန်မ မကိုင်မပေမဲ့၊ မိုးပြာကတော့
ဒီလို Smart (စမတ်)ဖုန်းမျိုးကိုင်သူမို့ ယူကိုင်ပြီး ဖုန်းလက်ခံလိုက်သည်။
ပြီးတော့ ကျွန်မကို ပေးပါသည်။

"ဟဲလို . . ."

"လက်ဆောင်တွေ ရပြီနော် . . . ဒီဖုန်းကို . . . ကိုယ်နဲ့မင်းပဲ
ဆက်သွယ်တဲ့အခါမှာ သုံးမယ် . . . ဒီဖုန်းမှာ Internet
(အင်တာနက်)လည်း သုံးလို့ရတယ်။ ကုန်ကျစရိတ်ကိုဘာမှ
မပူနဲ့ မင်းသုံးဖို့ပဲလိုတယ်"

"ကျွန်မ . . . ဒါတွေမလိုဘူး . . . ဝယ်မပေးပါနဲ့"

"ကိုယ် . . . ဝယ်ပေးနိုင်လို့ ဝယ်ပေးတာပါ . . . ဒါက . . . အသေးအဖွဲ့
ပါ။ မင်းမယူချင်ဘူး . . . မသုံးချင်ဘူးဆိုရင် ပြန်ပေးဖို့တော့ မစဉ်း
စားပါနဲ့ . . . လွှင့်ပစ်လိုက်ပါ . . . ကိုယ်က ကိုယ်ပေးပြီးသား
ပစ္စည်းကို ဘယ်တော့မှ ပြန်မယူတတ်ဘူး"

မိုးပြာက အလိုက်တသိပင် . . . ကျွန်မနားမှ ထ,သွားပါသည်။

"အိုတေ . . . မနက်ဖြန်မှာ ကိုယ်တို့စာချုပ်အတွက် ထပ်တွေ့
ကြမယ်လေ"



burmeseclassic.com

burmeseclassic.com



"ထပ်တွေ့ကြတာပေါ့..."

"မင်းတို့တိုက်ရှေ့ကို ကိုယ့်ကား မနက်ဖြန် ဆယ့်တစ်နာရီခွဲဆိုရင် ရောက်နေလိမ့်မယ်"

မနက်ဖြန်ကို ရင်မောသလိုလိုနဲ့ပဲ ကျွန်မ ရင်ဆိုင်ဖို့ စိတ်စော နေပြန်သည်။

မိုးပြာထံမှ နင်တို့ဘယ်လိုတွေလဲဟူသော မေးခွန်းမျိုးမမေးပေမဲ့ ကျွန်မကတော့ အတူနေသူငယ်ချင်းတစ်ယောက်ဖြစ်သော မိုးပြာကို အနည်းငယ်တော့ အသိပေးထားမိသည်။

"ဦးရဋ္ဌသီဟက ... ပွဲကိုစိတ်ဝင်စားပြီး ချဉ်းကပ်နေတယ် ... မိုးပြာရယ်...ငါဘယ်လိုမှ မဆုံးဖြတ်ရသေးပါဘူး"

"နင့် သဘောပါ...ငါကတော့...ဘာအကြံဉာဏ်မှ မပေးချင်ဘူး တစ်ခုရှိတယ်...နေခကတော့တော်တော်အသည်းကွဲသွားမှာပဲ"

မိုးပြာနဲ့ဒီအကြောင်းကို ဆက်မဆွေးနွေးဖြစ်ပဲ ခပ်စောစော အိပ်ရာဝင်ခဲ့ပါသည်။ တိုက်ခန်းက ပေအစိတ်၊ ပေခြောက်ဆယ် အခန်းမျိုး ဖြစ်ပေရာ ... ကိုယ်ပိုင်အိပ်ခန်း သီးသန့်စီ အခန်းခွဲထားနိုင်သဖြင့် မိုးပြာနဲ့ ကျွန်မ တစ်ယောက်တစ်ခန်းစီ အိပ်လို့ရပါသည်။

မနက်ဖြန်မှာ ...ဦးရဋ္ဌသီဟနဲ့ ကျွန်မ ...စာချုပ်တစ်ခုချုပ်ကြမည် ဟု သဘောတူထားခဲ့သည်။ အဲ့ဒီစာချုပ်ထဲမှာ ဘာတွေထည့်ရေးရမလဲ ဒီစာချုပ်ကိစ္စကို ကျွန်မပဲ စတင်ခဲ့တာ။ သူ့ကိုအရွဲ့တိုက်တဲ့စိတ်နဲ့ မေးလိုက်မိတာပေမဲ့ သူက ဒါကိုအတည်ယူကာ ထကယ်ပင် စာချုပ်ချုပ်မယ်ဆိုပြီး ဆုံးဖြတ်လာခဲ့သည်။

ကျွန်မ စိတ်ကူးထဲမှာ ပေါ်လာတာတွေကို တစ်ချက်ချင်း ချရေးရင်း စာကြောင်းတွေကို ကြည့်ကာမျက်ရည်ဝဲလာပါသည်၊ ပြီးတော့ မျက်ရည်တွေတစ်ပေါက်ပေါက် ကျလာခဲ့သည်။ ကျွန်မဘဝမှာ ယောက်ျားတစ်ယောက်ကြောင့် ပထမဦးဆုံး အကြိမ်ကျရသော မျက်ရည်များကို မသုတ်ဘဲ စိတ်ရှိလက်ရှိ ငိုပစ်လိုက်တော့လေသည်။

သူ့ကို လက်မခံရင်ရတာပဲ၊ သူပြောတဲ့ တွဲကြမယ်ဆိုတဲ့ စကားကို ကြိုက်လို့ သူ့ကိုငြင်းပယ်ရင် ရတာပဲ၊ ဒါပေမဲ့ ကျွန်မ ဒါကို လက်ခံမယ်လို့ ဆုံးဖြတ်မိတယ်။ ကျွန်မ ...သူ့အနားမှာ နေချင်ခဲ့တယ်။ သူပြောတဲ့ စကားတွေကို နားထောင်ချင်မိခဲ့တယ်။ သူ့ဘေးမှာ သူ့ရဲ့တစ်စုံတစ်ယောက် ခဏ ဖြစ်ခွင့်ကို လိုချင်ခဲ့တယ်၊

သူဟာ ကျွန်မနဲ့ဆို အဝေးကြီးမှာရှိနေတဲ့ အရာဝတ္ထု တစ်ခုပမာ အလှမ်းဝေးလှပါတယ်၊ သူ့ဘဝဟာ ကောင်းကင်ပေါ်က နေမင်းကြီး၊ လမင်းကြီး ဒါမှမဟုတ် အကြီးဆုံးကြယ်ကြီး တစ်လုံးလို့ တင်စားလို့ရတဲ့ အထိမြင့်မားနေခဲ့ပေမဲ့ ကျွန်မဘဝကကျတော့ မြေပြင်မှာ ပေါက်တဲ့ သာမာန်ပန်းပင်လေးတစ်ပင်က မထင်မရှားလှတဲ့ ပန်းပွင့်လေးပမာရှိနေ ခဲ့တာပါ။

နေရောင်ကို မျှော်လင့်ပြီး နေရောင်ရွေ့သွားရာအရပ် လိုက်နေကြတဲ့ နေကြာပွင့်လို၊ လရောင်ကို မျှော်ပြီးလရောင်ဆမ်းမှ ပွင့်ရတဲ့ပဒုမ္မာကြာပွင့်လိုမျိုး...ကျွန်မဘဝဟာလဲ မျှော်လင့်နေရတဲ့ ဘဝမျှသာ ရှိပါတယ်၊

မျှော်လင့်ရင်းနဲ့ ချစ်နေရတဲ့ မိန်းကလေးတစ်ယောက်ဟာ ကျွန်မ ဖြစ်ခဲ့လိမ့်မယ်လို့ ဘယ်တုန်းကမှ စိတ်မကူးခဲ့ပေမဲ့ အခုတော့ တကယ်ဖြစ်လာခဲ့တော့သည်တည်း။

*   *   *





burmeseclassic.com

burmeseclassic.com

## (၁၀)

စာချုပ်ပါ...အချက်အလက်များ...

၁။ မြသွေးနီသည် ဦးရဋ္ဌသီဟနှင့် ပတ်သက်နေသည့်ကာလအတွင်း မည်သည့်ယောကျ်ားတစ်ယောက်ကိုမှ လက်ခံခွင့်မရှိ၊ တွဲသွားခွင့်မရှိ။ သူငယ်ချင်းမိတ်ဆွေယောကျ်ားလေးမှလွဲ၍ မည်သည့် တစ်စိမ်းယောကျ်ားလေး ကိုမျှ ရင်းရင်းနှီးနှီး ဆက်ဆံစကားပြောခွင့်မရှိ။

၂။ မမြသွေးနီ၏ ကျန်းမာရေး၊ စီးပွားရေး မှန်သမျှ ဦးရဋ္ဌသီဟ စောင့်ရှောက်ခွင့်ရှိသည်။ ပံ့ပိုးကူညီခွင့်ရှိသည်။ မမြသွေးနီ ငြင်းခွင့်မရှိ။

၃။ ဦးရဋ္ဌသီဟ ... တားမြစ်ကန့်ကွက်သော မည့်သည့်ကိစ္စကိုမဆို ... လက်ခံပေးရမည်၊ လိုက်နာရမည်။

၄။ ဦးရဋ္ဌသီဟ၏ ကားဖြင့် မည့်သည့်နေရာကိုမဆို အကြိုအပို့ လုပ်ခြင်းကို ငြင်းခွင့်မရှိ။

၅။ စာချုပ်ရက်ပြည့်ပြီးသည့် နောက်ပိုင်း ကာလများတွင် ဦးရဋ္ဌသီဟနှင့် ပတ်သက်သော ဦးရဋ္ဌသီဟ၏ ဂုဏ်သိက္ခာ





ညှိုးနွမ်းထိခိုက်စေနိုင်သော ရည်ရွယ်ချက်ဖြင့် သတင်းဖြန့်ခြင်း။ Facebook (ဖေ့စ်ဘုတ်)ကဲ့သို့ လူမှုကွန်ယက်ဝက်(ဗ)ဆိုဒ်များတွင် Post (ပို့စ်) တင်ခြင်းများကို လုံးဝ လုံးဝ လုပ်ခွင့်မရှိ။

အထက်ပါ အကြောင်းအရာများကို လိုက်နာခြင်းမရှိပါက ကျွန်ုပ်နှင့်တကွ ကျွန်ုပ်၏ အမှုသည် ဦးရဋ္ဌသီဟ တို့ဘက်မှ ပြင်းထန်သော တုံ့ပြန်မှုဖြင့် တုံ့ပြန်သွားမည်ဖြစ်ကြောင်း...။

ကျွန်မသည် အတော့်ကို စီးစီးပိုးပိုးနိုင်သော စာချုပ်ပါ အကြောင်းအရာများကို ဖတ်ကာ စပ်မဲ့မဲ့ပြုံးမိသည်။

"မင်းမကြိုက်တာရှိရင် ထောက်ပြနိုင်တယ် ပြင်ခွင့်ရှိတယ်။ လက်မှတ်မထိုးရသေးသရွေ့ ဒါတွေက အကြုံးမဝင်ပါဘူး"

ကျွန်မကို အကဲခတ်နေသော ဦးရဋ္ဌသီဟက ကျွန်မ၏ အမူအရာကို ချက်ချင်းသတိပြုမိသွားသည်။

"ကျွန်မ..ဒီနံပါတ် (၂)၊ (၃)၊ (၄) အချက်တွေကို မကြိုက်ဘူး"

"ဩော် ...ဒါတွေလား"

"လိုက်နာရမည်၊ လက်ခံရမည်၊ ငြင်းခွင့်မရှိ ဆိုတာတွေနဲ့ အဆုံးရေးထားတာကို မကြိုက်ဘူး"

"ဒါကတော့..."

"ကျွန်မ ...ရှင့်ရဲ့အလုပ်သမားမဟုတ်ဘူး။ ရှင့်အမိန့်ကို နာခံမယ့် ကျေးကျွန်လည်းမဟုတ်ဘူး။ ဒါတွေကို ထည့်ရေးထားတာဟာ ကျွန်မကို ချုပ်နှောင်တဲ့ သဘောပဲ"

"ဒါတွေက ... ကိုယ့်ဘက်ကစေတနာတွေပါ။ မင်းငြင်းလိုက်မှာ



burmeseclassic.com

burmeseclassic.com



စိုးလို့ပါ။ ကိုယ်ကတော့ကိုယ်ဝယ်ပေးနိုင်တာ ရှိရင်ဝယ်ပေးချင် လာရင်ဝယ်ပေးမှာပဲ ... ကိုယ်လုပ်ပေးနိုင်သမျှ မင်းကို လုပ်ပေး မှာပဲ ဒါတွေကို မင်းက မာနကြီးပြီး ငြင်းနေရင် ပြဿနာ ဖြစ်မယ် မလိုအပ်ပဲနဲ့အငြင်းပွားရမှာတွေကို ကိုယ်မကြိုက်ဘူး"

"ဒါပေမဲ့ ... ကျွန်မကိုအဲဒီလို ချုပ်နှောင်ထားမယ်ဆိုရင်လည်း ကျွန်မ လက်မှတ်မထိုးဘူး။ အပြန်အလှန်ဘာစာချုပ်မှ မထားချင် တော့ဘူး။ ရှင်နဲ့ကျွန်မ ... ဘာမှမပတ်သက်နိုင်တော့ဘူး"

ကျွန်မ...စာချုပ်ကို သူ့လက်ပြန်ပေးရင်းအပြီးငြင်းလိုက်ပါသည်။"

"အိုကေ ...ကောင်းပြီ။ ငြင်းခွင့်မရှိ..ဆိုတဲ့စကားလုံးကို ဖျက်ပေး ပါ့မယ်။ ကျေနပ်ပြီလား"

သူက ပြုံးတေ့တေ့ဖြင့် ဖြေရင်း ... စာချုပ်ထဲမှ စာသားများကို ခြစ်၍ ဖျက်လိုက်ပြီး ဖျက်သည့်ဘေးမှာလဲ ... သူ့ဖျက်လိုက်ကြောင်း သက်သေအဖြစ် သူ့လက်မှတ်နှင့်နေ့စွဲကိုသာ ထည့်ရေးလိုက်သည်။

"ကိုယ့်ဘက်ကတော့ ... လိုက်လျောပြီးပြီ။ မင်းဘက်ကရော ဘာတွေ စာချုပ်ထဲထည့်ချင်တာလဲ ပြပါဦး"

ကျွန်မပြင်ဆင်လာသော စာချုပ်တစ်စုံကို ထုတ်လိုက်ပါသည်။ ကျွန်မမှာ သူ့လိုများများစားစားရေးစရာ အချက်များမရှိလှတာကို ယခုမှပင် သတိထားမိသွားပါသည်။

၁။ ကျွန်မ ...မြသွေးနီသည် ဦးရဋ္ဌသီဟ၏ ကမ်းလှမ်းချက်ကို လက်ခံခဲ့သော်လည်း ... စာချုပ်ပြည့်ပြီးသည့် နောက်ပိုင်း တွင် မည်သည့် မြိမ်းခြောက်အနိုင်ယူမှု၊ မည့်သည့် လှွမ်းမိုး ချုပ်ကိုင်မှု၊ မည့်သည့် နှောင့်ယှက်မှုမျှကို ဦးရဋ္ဌသီဟ ထံမှ မပြုလုပ်ပါဟု ...ကတိပေးခြင်း ...။

၂။ ဦးရဋ္ဌသီဟနှင့် မသက်ဆိုင်သော နောက်ပိုင်းကာလများ တွင်ကျွန်မ၏ လူမှုရေးအချစ်ရေးနှင့် အိမ်ထောင်ရေး တို့ကို ထိခိုက်ပျက်ပြားစေနိုင်သော တုံ့ပြန်မှုမျိုး မပြုလုပ်ပါဟု ကတိပေးခြင်း ...။

၃။ ကျွန်မနှင့် ဦးရဋ္ဌသီဟ၏ ပတ်သက်မှုသည် ဤသူနှစ်ဦး ကြားတွင်သာ တည်ရှိစေပြီး မည်သည့်အကြောင်းတစ်စုံ တစ်ရာကိုမျှ အသိမပေးပါဟု ကတိပေးခြင်း ...။

ထိုကတိပေးခြင်း သုံးချက်တို့ကို ဦးရဋ္ဌသီဟမှ နှုတ်ကတိဖြင့် သော်လည်းကောင်း၊ စာကတိအဖြစ် လက်မှတ်ထိုးထားသော ကတိကို သော်လည်းကောင်း အတည်ပြုပေးရပါမည်။

ကျွန်မ၏ စာချုပ်ပါအကြောင်းအရာတွေမှာ သူ့စာချုပ်နှင့် ယှဉ်လျှင် အတော်ပင် အားမပါလှကြောင်း သတိထားမိသည်။ သူကတော့ ဗရော်ဖက်ရှင်နယ် ရှေ့နေနှင့်တောင် တိုင်ပင်ပြီး ရေးထားသော စာချုပ်ဖြစ်သဖြင့် အတော်ကို သေသပ်သည်။ သူ့ဘက်ကို သိသိသာသာ ဘာကွယ်ထားသောအကြောင်းအရာ တွေဖြစ်နေသည်။ သူ့ဂုဏ်သိက္ခာကို လုံးဝအထိပါးမခံသော စာချုပ်တစ်စောင်ဖြစ်နေခဲ့ပါသည်။

ကျွန်မရဲ့စာချုပ်ကတော့ သူ့ရဲ့ကတိတွေကိုသာ တောင်းခြင်း သဘောမျိုးသာဖြစ်နေပြီး ကတိဖျက်ပါက ဘာလုပ်မည်၊ ညာလုပ် မည်တောင် ... ခြိမ်းခြောက်ရေးသားထားတာမျိုးမရှိနေတာကို အခုမှပင် သတိမိတော့သည်။ တကယ်တော့ ကျွန်မဟာ အစစအရာရာညံ့ဖျင်းပြီး အတော်ပင် နမော်နမဲ့နိုင်သော မိန်းမတစ်ယောက်တည်း။







burmeseclassic.com

burmeseclassic.com



"နံပါတ်(၃)အချက်ကတော့ ကိုယ့်စာချုပ်ထဲမှာပါတဲ့ အချက်နဲ့ ခပ်ဆင်ဆင်ပါပဲ . . ကိုယ့်ကတော့ မင်းစာချုပ်ကိုဘာမှ ပြင်စရာ မရှိဘူး။ အလွယ်တကူပဲ လက်မှတ်ထိုးပေးလို့ရပါတယ်"

သူက ...ဘောလ်ပင်နဲ ထုတ်ပြီးလက်မှတ်ထိုးတော့မလို့ပြင်လျှင် ကျွန်မ ...အလန့်တကြားဖြင့် ...

"ခဏ ...ခဏလေးပါ ...ခဏလေးနေပါဦး"

ဟုတားလိုက်မိတော့သည်။

"ဘာဖြစ်လို့လဲ"

"ရှင် . . ရှင်က ကတိပေးတယ်လို့ လက်မှတ်ထိုးတာက ဟုတ်တယ်လေ . . . ရှင်ကတိမတည်ရင် ကျွန်မက . . ရှင့်ကို ဘယ်လို အရေးယူမယ်ဆိုတာ ထည့်ရေးဖို့ မေ့သွားတယ်"

သူက ရယ်ရွှင်မြူးပျစွာ ကျွန်မကို စိုက်ကြည့်သည်။

"ကဲ ...ဘယ်လိုအရေးယူမှာလဲ"

"ရှင့် အကြောင်းတွေ အားလုံးသိအောင်ပြောမှာပေါ့။ ရှင်က မိန်းကလေးတွေကို စာချုပ်တစ်ခုနဲ့ ချုပ်ကိုင်ပြီးလှွမ်းမိုးတယ် ... ကစားစရာအရုပ်တစ်ခုလောက်ပဲ သဘောထားတက်တဲ့ စိတ်ရှိတယ် အဲဒါတွေကို ပြောမယ်"

"ဒါဆိုရင် ...မင်းရဲ့လုပ်ရပ်ဟာ ကိုယ့်နဲ့စာချုပ်အချက်နံပါတ် (၅) နဲ့ သွားညီနေပြီ"

ကျွန်မ ပြန်ပြောစရာစကားမရှိတော့လောက်အောင် ဆွံ့အသွားပါသည်။ ကြည့်စမ်း ကျွန်မဘက်က ပြင်ဆင်လာတာတွေဟာ ဘယ်လောက် အသုံးမကျလိုက်သလဲဆိုတာ။





"စိတ်လည်း သိပ်မပူနေပါနဲ့ . . . ကိုယ်ကတိပေးတယ်ဆိုတာ လက်မှတ်လည်းထိုးတယ်။ လက်မှတ်ရဲ့အောက်မှာလည်း ကိုယ် ထပ်ဖြည့်ရေးလိုက်မယ်။ ပုံနှိပ်စာလုံးနဲ့ကို , မဟုတ်ဘူးနော် ကိုယ်ရဲ့လက်ရေးနဲ့ကို အတိအကျဖြည့်ရေးပေးမှာ"

သူ . . . ကျွန်မ၏စာချုပ်မှာ လက်မှတ်ထိုးပါသည်။ လက်မှတ်ရဲ့ အောက်တွင် သူ့နာမည်အပြည့်အစုံရေးပါသည်။ ပြီးတော့ စာကြောင်းတချို့ ကို ခပ်သော့သော့ရေးဖြည့်လိုက်တာ တွေ့နေရသည်။

"ရော့ ...ဖတ်ကြည့်ပါဦး"

ကျွန်မလက်ထဲပြန်ရောက်လာသော စာချုပ်ကိုကြည့်လိုက်သော အခါ သူ၏လက်မှတ်အောက်တွင်

ဦးရဋ္ဌသီဟ

CEO

ORION Co.Ltd

ဟု နာမည်နှင့်တကွ . . .သူ့ရာထူး၊ အလုပ်အကိုင်တွေကိုပါ သူ့လက်ရေးနဲ့ ရေးထည့်ထားသည်။

ပြီးတော့မှ . . .

"အထက်ပါ . . အချက်များကို . . . ကတိတည်ပါမည်ဖြစ်ကြောင်း သစ္စာဆိုပါသည်။ ကတိမတည်ခဲ့ပါက ကျွန်ုပ်အနေနဲ့ မမြသွေးနီ ကို ကျွန်ုပ် ပိုင်ဆိုင်မှုများထဲမှ တစ်ဝက်တိတိခွဲပေးပါမည် ဖြစ်ကြောင်းသစ္စာဆိုပါသည်။ သစ္စာဆိုသည့်အတိုင်းမပေးခဲ့ပါက ဘဝမှာ နလံမထူနိုင်အောင် အရှုံးကြီးရှုံးလျက် အသက်ပေးရ ပါစေသား"



burmeseclassic.com

burmeseclassic.com



ကျွန်မ တအံ့တသြဖတ်လိုက်မိသည် ထင်သည်။ သူ့ခေါင်းထဲမှာ ဒီလိုအချက်တွေ ချက်ချင်းထွက်လာသတဲ့လား။ သူဆက်ဖြည့်ရေးထားသော စာကြောင်းတွေမှာ တကယ့်ကို Serious (ဆီရီးယက်စ်) လေးလေးနက်နက် ရှိလှလျက် သူ့ကိုမယုံစရာ ဘာမှမရှိတော့လောက်အောင် တိကျလှလေသည်။

"ကျေနပ်ပြီလား"

"..........."

"ကိုယ့်ဘဝမှာ ပတ်သက်ခဲ့တဲ့ မိန်းကလေးတွေထဲမှာ ဘယ်သူ့ဆီကမှ ဒီလိုစာချုပ်စာတမ်းတွေ မရဖူးဘူး။ ဘယ်သူနဲ့မှလဲ ဒါတွေ မရေးပေးဖူးဘူး။ ကတိတွေလည်း မပေးဖူးဘူး။ သူတို့လိုချင်တာ ကိုယ်ဖြည့်ဆည်းပေးတယ်။ ကိုယ် . . လိုချင်တာတွေ သူတို့ လိုက်လျောပေးတယ်။ အဲ့ဒီလို ပတ်သက်မှုနဲ့ နှစ်ဦးသဘောတူ တွဲသွားခဲ့ကြတာချည်းပါပဲ၊ ဘယ်သူမှ မင်းလောက်တိတိကျကျ တွေလိုက်မစဉ်းစားဘူး၊ တွေးလဲမတွေးကြဘူး"

ကျွန်မက . . . သူတို့နဲ့မတူဘဲ၊ သူတို့က ဦးရှေ့သီဟဆိုတဲ့ ဂုဏ်ကို မက်တာ။ ဦးရှေ့သီဟနဲ့ တွဲရတယ်ဆိုတဲ့ သတင်းကိုမက်တာ။ ဦးရှေ့သီဟ ပံ့ပိုးကူညီပေးတဲ့ အရာဝတ္ထုတွေအပေါ်မှ သာယာကြတာ၊ ကျွန်မကတော့ .. ကျွန်မကတော့လေ . .။ အင်း . . . ကျွန်မကတော့ . . . ရှင့်ကို ချစ်ကိုချစ်မိသွားတာပါ . . . . ဦးရှေ့သီဟရယ် . . .။

*  *  *

# (၁၁)

နေခရယ်၊ မိုးပြာရယ်၊ ကျွန်မရယ် ကျောင်းကင်န်တင်းမှာ ထိုင်နေချိန်တွင် ကျွန်မ၏ဖုန်းမြည်လာပါသည်။ မြည်နေကျ အသံမျိုးမဟုတ်ဘဲ ring tone (ရင်းတုန်း) ပြောင်းနေသောကြောင့် ရုတ်တရက် ကျွန်မ မမှတ်မိဘဲ မကိုင်ဖြစ်သေး။ မိုးပြာက သတိရသွားပြီး

"ဟဲ့ . . . ဟဲ့ . . . မြွေသွေး . . . နင့်ဖုန်းမြည်တာ . . . ဖုန်းအသစ်က မြည်တာ . . . အဲဒါ"

ဟု . . . ပြောတော့မှ . . . ကျွန်မ . . . ရှက်ရယ်ရင်း

"အေးလေ . . . ဟုတ်ပါရဲ့ . . . မေ့နေတာ၊ မေ့ပြီး ဘယ်သူ့ဖုန်းများလဲ လို့တောင် နင်တို့ကို ကြည့်လိုက်မိသေးတယ်"

ကျွန်မ . . . ဖုန်းအကောင်းစားကို ထုတ်ယူပြီး ကြည့်လိုက်သောအခါ (အမှန်တော့ ကြည့်စရာမလိုပါ၊ ဒီဖုန်းကို ဦးရှေ့သီဟ ပဲခေါ်တာပါ) . . .

"ဟဲလို . . ."

"ကိုယ် . . . မင်းကို လာခေါ်မယ် . . ."

"ကျွန်မ . . ."

"မြွေသွေးလို့ ပြောလေ . . ."



burmeseclassic.com

burmeseclassic.com



"ဟို…ဟုတ်…မြသွေးက…ကျောင်းမှာ…"

"ကင်န်တင်းထိုင်နေတာ မဟုတ်လား…ကိုယ်တွေ့ပါတယ်…ကိုယ်…အခု…ကားထဲက…ထွက်လာခဲ့လိုက်မယ်…"

သူ…ကျွန်မကို မြင်နေရသည် ဆိုသဖြင့် ကျွန်မ မျက်စိတွေ ကျီးကန်းတောင်းမှောက်…လိုက်လံရှာဖွေလိုက်မိပါသည်။

"ဘာဖြစ်တာလဲဟ…"

"ဟို…."

"ဖုန်းက အသစ်ပါလား…နင် ဝယ်လိုက်တာလား မြသွေး…ငါ့ကိုပြပါဦး…ဘာဖုန်းလဲ"

နေခတစ်ယောက်သာ ကျွန်မရဲ့ပြောင်းလဲမှုကိုသိခွင့်မရသေးလေရာ ဖမ်းခွန်းတွေ ဆက်နေပါသည်။ မိုးပြာကတော့ ကျွန်မနဲ့ ဦးရဋ္ဌသီဟတို့ အဆက်အသွယ်ရှိနေကြတာကို သိပြီးပါပြီ။ သို့သော် ကျွန်မကို သူ့အတိ အကျကြီးမမေးပါ။ ကျွန်မ အသိပေးသလောက်သာ နားထောင်လျက် ဒီထက်ပိုမမေးပါ။ မိုးပြာအထင်မှာ ကျွန်မဟာ လူချမ်းသာတစ်ယောက်ကို မျှော်လင့်မက်မောပြီး တွဲနေသည်။ မရနိုင်တာကို မျှော်လင့်နေသည်ဟု ထင်ပုံရသည်။ ကျွန်မတို့ တွဲရုံတွဲကြသည်။ ဘယ်သူ့ဘယ်ဘက်ကမှ အချစ်မပါဆိုတာကိုများ မိုးပြာသိလျှင် ကျွန်မကို ဘယ်လိုများမှတ်ချက် ပေးမှာပါလိမ့်။

"ဟော…ဦးရဋ္ဌသီဟ ဒီဘက်လျှောက်လာနေပါလား…"

နေခ ကျွန်မဖုန်းကိုယူမကြည့်နိုင်တော့ဘဲ မမျှော်လင့်တဲ့အချိန်မှာ ဦးရဋ္ဌသီဟကို တွေ့လိုက်ရသဖြင့် အံ့သြပြီး ကြည့်နေသည်။

ဦးရဋ္ဌသီဟ ကတော့ ဒီနေ့ ရှပ်လက်တို အပြာဖွေးအစင်းကြောင်း





လေးတွေပါသော အစင်းကိုဆိပ်ခွဲဝိုးတွဲပုဆိုးဖြင့် တွဲဝတ်ထားပြီး ကတ္တီပါ ခြေညှပ်ဖိနပ်လေးညှင်းရောင်နှင့် ဖြစ်သည်။ ပုဆိုးနှင့် တွေ့ရခဲသော သူ့ကို အခုလို တွေ့လိုက်ရပြန်တော့လဲ ဝိုရှ်ပင် သန့်ပြီး တည်ကြည်သောပုံထွက် နေသည်။

"အတန်းတွေ အကုန်ပြီးပြီ မဟုတ်လား"

သူက အားလုံးကို တစ်ချက်ဝေ့ကြည့်ပြုံးပြလိုက်ပြီးမှ ကျွန်မဆီ တိုက်ရိုက်ကြည့်ပြီး မေးလေသည်။

"ပြီးနေပါပြီ…သူငယ်ချင်းတွေနဲ့ ကင်န်တင်းထိုင်ချင်လို့…ထိုင်ဖနေတာ"

"သွားစရာရှိလို့…ကိုယ်လာခေါ်တာ…"

"ဦးရဋ္ဌ…ကြိုလဲ…မပြောထားဘူး"

"မြသွေးနီ…သွားစရာ ကိစ္စတစ်ခုရှိထားလို့လား"

"ဟို…မရှိပါဘူး"

"ဒါဆိုလဲ…အဆင်ပြေနေတာပဲ…သွားမယ်လေ"

နေခနဲ့ မိုးပြာ မျက်လုံးတွေကို အားနာစွာ ကျွန်မ…ထရပ်လိုက်ရပါသည်။ မျက်ယွင်းပြီး ခုချက်ချင်းပင် ကြေမွတော့မလို ဖြစ်သွားသော နေခ မျက်လုံးတွေကို စိတ်မကောင်းစွာ ရှောင်လိုက်ရသည်။

ဒရိုင်ဘာ ဦးကျော်ကျော်က ကားတံခါးကို အသင့်ဖွင့်ပေးထားကာ လက်နှစ်ဖက် နောက်ပစ်ပြီး ရပ်စောင့်နေပါသည်။ ကားနောက်ခန်းထဲ ကျွန်မတို့နှစ်ယောက်စလုံး ကားထဲရောက်တော့မှ တံခါးကို အသာပိတ်ပေး လိုက်သည်။

"ဘယ်သွားမှာလဲဟင်"



burmeseclassic.com

burmeseclassic.com



"မင်းအဝတ်အစား ဝယ်ဖို့လိုတယ်"

"ရှင်..."

"မနက်ဖြန်မှာ . . . ညစာစားပွဲတစ်ခု တက်ရမယ် ဒီတော့ မင်း အဝတ်အစားပြင်ဆင်ပြီး လိုက်ပေးရမယ်"

"ကျွန်မ..."

"မင်းနဲ့ကိုယ် . . .တစိမ်းမဟုတ်ဘူး . . .ကျွန်မလို့ ပြောစရာ မလိုတော့ဘူးလေ"

သူက ကျွန်မ လက်ဖဝါးကို တစ်ချက်ညှစ်ကာ သတိပေးလိုက်ပါသည်။ ပထမဦးဆုံး အကြိမ်အဖြစ် ကျွန်မ၏လက်ဖဝါး တစ်ဖက်ကို ဆုပ်ကိုင် ဖျစ်ညှစ်လိုက်သည့် သူ့လက်ဖဝါး နနွေးရဲ့ အထိအတွေ့ကြောင့် ကျွန်မရင်ထဲ အနွေးစီးကြောင်းတစ်ခု . . . ဖြတ်သန်း စီးဆင်းသွားသလို ခံစားလိုက်ရလေသည်။

"မြဲသွေး...လိုက်ပို့ဖို့လိုလား"

ကျွန်မ ..အသံကိုပုံမှန် ဖြစ်အောင် ကြိုးစားပြီးမေးလိုက်ပါသည်။ ကျွန်မရဲ့အသံထဲမှာ ရှက်ရွံ့မှု၊ စိတ်လှုပ်ရှားမှုတွေ မပါစေချင်။

"ကိုယ်တို့သဘောတူထားတယ်လေ . . . လိုသည်ဖြစ်စေ မလိုသည်ဖြစ်စေ . . . ကိုယ်တို့တွဲသွားခွင့်ရှိတယ် . . . မင်းဟာ ကိုယ့်ရဲ့မိန်းကလေးပဲ . . . ကိုယ်ခုလောလောဆယ်တွဲနေမဲ့ သူပဲ"

ကျွန်မ . . ဒရိုင်ဘာ ဦးကျော်ကျော်ကို အကဲခတ်လိုက်ပါသည်။ ကျွန်မတို့ပြောနေသည့်စကား တွေသူကြားသွားမလားလို့ ကျွန်မ စိုးရိမ်သွား၍ပင်။ သို့သော် ဒရိုင်ဘာကတော့ ဦးရဋ္ဌသီဟ၏ အထာကို သိနေ၍ပဲလား ကြိုတင်ညွှန်ကြားထား၍ပဲလားတော့မသိ။ နားကြပ်တပ်ကာ တစ်စုံတစ်ရာ





ကို နားထောင်နေပုံရသည်။ ကျွန်မတို့၏ ခပ်တိုးတိုး ဆွေးနွေးညှိနှိုင်းနေကြ သံကို သူလုံးဝမကြားနိုင်ပေ။

"ဗိနပ်နဲ့ လက်ကိုင်အိတ် အရင်ဝယ်မယ်"

"ကျွန်မမှာ ရှိပါတယ်"

ဦးရဋ္ဌသီဟက ကျွန်မကို တစ်ချက်စိုက်ကြည့်လိုက်ပြီး ကျွန်မပြော တာကို အရေးမထားဟန်ဖြင့် . . . ဒရိုင်ဘာကိုနေရာတစ်ခုဆီသွားဖို့ လှမ်းပြောလိုက်ပါသည်။

ကားကြီးကားငယ်အသွယ်သွယ်ဖြင့် စည်ကားနေသော ဆိုင်ကြီး တစ်ဆိုင်ရှေ့တွင် ကားရပ်လိုက်ပါသည်။

ဦးရဋ္ဌသီဟက ကားတံခါးဖွင့်ပြီး အရင်ဆင်းပါသည်။ ကျွန်မဘက် က အခြမ်းကို ကိုယ့်ဘာသာ ဖွင့်ဆင်းမလို့ပြင်လျှင် ဦးရဋ္ဌသီဟက...

"ဒီဘက်ကပဲဆင်းပါ"

ဟု သူ့လက်ကို ကမ်းပေးရင်း ခေါ်သဖြင့် ကျွန်မသူတံခါးဖွင့်ထား သည့် အခြမ်းကပဲ လိုက်ဆင်းလိုက်ရပါသည်။ သူ့လက်ကမ်းပေးထားပေမဲ့ သူ့လက်ကိုပြန်မတွဲသောအခါသူက ...စပြီး ...

"ကိုယ့်ကိုလက်တွဲပါ..."

ဟု၍ အမိန့်ပေးသံဆန်သော အသံဖြင့်ပြောလေသည်။ ကျွန်မ တစ်ချက်မော့ကြည့်တော့ ပြန်ငုံ့စိုက်ကြည့်နေသည့် သူ့မျက်လုံး ညိုညိုများ နှင့် ဆုံရလေသည်။ သူ့စကားသံက အမိန့်ပေးသံပေါက်နေပေမဲ့ သူ့မျက်လုံး တွေကတော့ နူးညံ့နေသည်။

သူ့လက်ဆွဲခေါ်လာသော ဆိုင်ကြီးဆိုင်ကောင်းထဲ ဝင်လာသော အခါ အရောင်းဝန်ထမ်းများက မင်္ဂလာပါ . . . ဟူသော နှုတ်ဆက်သံတွေ စ,



burmeseclassic.com

burmeseclassic.com



ကြားရလေသည်။

"မင်းကြိုက်တာအရင်ရွေး"

ဖုန်တစ်စက် လုံးဝမရှိသော မှန်အဆင့်ဆင့်လေးတွေနဲ့ လှပ
စီရီတင်ထားသည့် ဖိနပ်များကို ကျွန်မ ကြည့်လိုက်လျှင် အင်မတ
လန့်သွားပါသည်။ ဘုရား . . . ဘုရားရေ . . . ဈေးနှုန်းတွေက ကြောက်
ကောင်းလိုက်တာ။ အလယ်အလတ်တန်းစား မိသားစုတစ်စုရဲ့တစ်လ
အသုံးစရိတ်လောက်ရှိမဲ့ ဖိနပ်ဈေးနှုန်းတွေကို ကျွန်မ . . . တကယ်လန့်သွ
ပါသည်။ ကြည့်တော့လည်း ဘာမှထူးထူးခြားခြား လှတာမရှိ။ သာ
ဖိနပ်တွေနဲ့ ဘာမှပုံစံကွာတာမရှိပါဘဲ ဘာကြောင့်ဒီလောက်တောင်ဈေး
နေရသနည်း။

"ဦးရှဒ္ဒ . . ."

ကျွန်မသူ့ကို ခပ်တိုးတိုး ခေါ်လိုက်မိသည်။

"ဘာလဲ . . . ပြောလေ"

"သိပ်ဈေးကြီးနေတယ် . . . ကျွန်မ . . . မဝယ်ချင်ဘူး"

"မဝယ်ရင် . . . မင်းက ဘာဖိနပ် စီးမှာလဲ"

"ကျွန်မမှာ . . . ရှိတယ်"

"ဆောရီးနော် . . . ကိုယ်နှိမ်ပြောတာ မဟုတ်ဘူး။ မင်းမှာရှိ
ဖိနပ်ဟာ သုံးဆောင်းထက်တော့မပိုနိုင်ဘူး မဟုတ်လား . .
ကိုယ်ခေါ်သွားမဲ့ပွဲဟာ . . . အဲ့ဒီလောက်ပဲတန်တဲ့ ဖိနပ်မျိုးစီး
ရင် မဖြစ်ဘူး။ ရှဒ္ဒသီဟနဲ့တွဲလာပြီးမှတော့ ဖိနပ်ကအစ လိုက်
မှာပဲ . . ."

သူ့အပြောအဆိုက ထောင့်မကျိုးလှပေမဲ့ . . . ကျွန်မသ





နိုင်အောင်ပြောဖို့လဲ စကားလုံးမရှိပါ။

"Jimmy Choo (ဂျင်မီချူး)ထဲက ပြလိုက်ပါ။ သူနဲ့အဆင်ပြေမဲ့
ဖိနပ်ပုံစံတွေ ရှာလာခဲ့ပါ"

အရောင်းဝန်ထမ်း မိန်းကလေးကို လှမ်းပြောလိုက်သံကြားရပြီး
ကြာမီ . . . ဖိနပ်တွေ တစ်ဘူးပြီး တစ်ဘူးရောက်လာပါသည်။

"အစ်မ . . . စီးကြည့်ပါ . . . ဒီ Brand (ဘရန်ထ်)ကတော့ ခုလော
လောဆယ် လူကြိုက်များနေတယ် ပုံစံလေးတွေလဲလှတယ်"

ဒေါက်မြင့်ပုံစံမျိုးစုံများကို ကျွန်မ တစ်ရံပြီးတစ်ရံ စီးကြည့်ရသည်။
ကိုယ်လုံးပေါ် မှန်ရှေ့တွင် ရပ်ကြည့်ရသည်။ ဖိနပ်လေးတွေက လှပေမဲ့
ကျွန်မ ဘယ်တစ်ရံကိုမှ ရွေးလို့မရ။ ဘာကြောင့်လဲဆိုတော့ ကျွန်မ
ဘယ်အရံကိုမှ ကြိုက်တယ်ဆိုသော ဆန္ဒမဖြစ်လာ၍ပင်။ အလကားနေရင်း
အနေကြီးပြီး မကြိုက်ဘဲ နေပြတာမျိုးမဟုတ်ဘဲ တစ်ခါမှကို ဒါတွေမဝတ်ဖူး၊
သုံးဖူး၍ ဘယ်လိုကြိုက်ရမှန်းမသိတာမျိုး ဖြစ်လေသည်။

"ဒီ Dark Chocolat (ဒါ့ခ်ချောကလက်စ်) ရောင်လေးယူလိုက်ပါ။
ခုနက အားလုံးနဲ့ယှဉ်ကြည့်ရင်း မင်းနဲ့ဒါ ပိုလိုက်သလိုပဲ . . ."

ချောကလက်မည်းရောင် ဒေါက်မြင့်တစ်ရံကို သူပဲ ရွေးပေးလိုက်
သည်။ ကြိုးခပ်ရှင်းရှင်းလေးမှာ စိန်လုံးလေးတွေ စီထားသော
ခြကျင်းဝတ်မှာ ကြိုးသိုင်းရသော နှစ်လက်မလောက်သာ မြင့်သည့် ဖိနပ်
လှလှလေး၏ ဈေးနှုန်းကို သိရတော့ ကျွန်မ သက်ပြင်းမသိမသာချမိသည်။

"လက်ကိုင်အိတ်ကိုတော့ Chanel (ရှယ်နဲယ်လ်) ထဲကပြလိုက်ပါ
ပွဲထိုင်ကိုင်မဲ့ Clutch (ကလတ်ရှ်) ပုံစံထဲက ပြပေးပါ"

ပွဲထိုင်ကိုင်တဲ့ပုံစံ လက်ဖဝါးထဲမှာသာ ကိုင်ထားရသော ပိုက်ဆံ



burmeseclassic.com

burmeseclassic.com



အိတ်လေးတွေက ရှည်လမျောလေးတွေ၊ တချို့ကျတော့ ဖေါင်းဖေ
ဝိုင်းဝိုင်းနှင့် နှိပ်စေ့ပိတ်တပ်ရသော အိတ်လေးတွေ၊ တချို့ကျတော့
လေးထောင့်အိတ်လေးတွေ။ ရှယ်နဲ့ယ်လ်ဆိုရင် ရေမွှေးသာကြားဖူးသ
ဒီဘရန်နဲ့လက်ကိုင်အိတ်၊ပွဲထိုင်အိတ်လေးတွေရော ထုတ်သလားလို့ တ
တသြဖြစ်ရသည်။

"ဖိနပ်နဲ့ ပိုက်ဆံအိတ်ကတော့ အရောင်တူလေးဖြစ်ရင်ကော
မယ်...ဦး၊ ဒီအရောင်လေးတွေထဲကပဲ ရွေးလိုက်ပါလား"

အရောင်ဝန်ထမ်းမိန်းကလေးက ကျွန်မဘာမှမရွေးတတ်မှန်း
သွားပုံဖြင့် ဦးရွှေသီဟကိုသာ ဦးတည်ပြီး တိုင်ပင်သလိုပြောပါသ
ချောမောပြီး အဆင့်အတန်းမြင့်လှသော ထိုယောက်ျားၢ၏ ကျက်သရေ
ကို ထိုမိန်းကလေးမှာ . . . သဘောကျတကြည့်ကြည့်ဖြစ်နေဟန်တို
တွေ့ရသည်။ သူနဲ့ငါ နေရာချင်းသာလဲလိုက်ချင်တယ် သူ့နေရာမှာ ငါသာ
ရင်ဟူသော မျက်လုံးတွေနှင့် ကျွန်မကိုကြည့်တာလည်း သတိထားမိသ
အင်း . . . ဒါကြောင့်လဲ ဦးရွှေသီဟက မိန်းကလေးတစ်ယောက်ကို ရ
ကြိုက်ဖို့ စကားမပြောဘဲ မင်းနဲ့ကိုယ်တွဲချင်တယ်ဆိုတာမျိုး ပြောတ
ဖြစ်မယ်။ သူကသာ ဒီလိုကမ်းလှမ်းရင် ဝမ်းသာအားရလက်ခံမဲ့ မိန်းကလေ
တွေ တစ်ပုံကြီးဆိုတာသူ ယုံကြည်စိတ်ချပြီးနေပြီ။

တွေးရင်းနဲ့ကျွန်မ ရင်ထဲနာကျင်လာသည်။ ကျွန်မကရော
ထူးလဲ။ မိန်းကလေးတွေအားလုံးထဲက သာမာန်မိန်းကလေး တစ်ယော
ပဲ။ သူကမ်းလှမ်းတာကို မငြင်းခဲ့တဲ့ မိန်းကလေး တစ်ယောက်ပါပဲ။

ပိုက်ဆံအိတ်နှင့် ဖိနပ်ဘူးထည့်သောအိတ်များကို ကျွန်မကို
တိုင်ကိုင်စရာမလို။ ဦးရွှေသီဟက ဒရိုင်ဘာကိုဖုန်းဆက်ကာ လှမ်း





ခြင့် ဒရိုင်ဘာဦးကျော်ကျော် လာသယ်သွားပါသည်။ ကျွန်မနဲ့သူက
အေး ဆေးဆေး ဆိုင်ထဲကထွက်လာရုံပင်။

"မနက်ဖြန် မနက်ဆယ်နာရီတည်းက မင်းကိုလာခေါ်မယ်"

"ညစာ စားပွဲဆို..."

"ညစာစားပွဲပါ . . . ဒါပေမဲ့ . . .မင်းမနက်ဆယ်နာရီတည်းက အလှပြင်ဆိုင်သွားရမှာ...."

"ဦးရွှေရယ် . . . ရုပ်ရှင်မင်းသမီးတွေ အကယ်ဒမီပွဲ တက်တာတောင် မနက်ကတည်းက အလှပြင်ဆိုင်မှာ မပြင်ပါဘူး ကျွန်မကျမှ တစ်နေကုန်ပြင်ရမယ်...ဟုတ်လား"

ကျွန်မ . . . ဂျစ်ကန်ကန်ပုံစံဖြစ်ကာ မေးမြန်းမိသဖြင့် သူက
ပြုံးဖြစ်သွားပါသည်။

"ပြင်ရမှာပေါ့...ရုပ်ရှင်မင်းသမီးတွေ ဘာတွေက သူတို့ကိုယ်သူတို့ အမြဲသ,နေတာ...၊ ပွဲရှိရင် မိတ်ကပ်ဆံပင်ပြင်ရုံပဲ..။ မင်းကတော့ တစ်ခါတလေမှ ပြင်တဲ့သူဆိုတော့ ... တစ်ကိုယ်လုံးပြင်ဖို့လိုတယ်"

"ဟင်...ဘယ်လို...."

"လက်သည်းခြေသည်းတွေ အလှပြင်ရမယ် . . . မျက်နှာပေါင်းတင်ရမယ်...၊ အသားအရေလတ်ဆတ်ပြီး ဝင်းနေအောင် Body Scrub (ဘော်ဒီစခရပ်)လုပ်ရမယ်။ ဆံပင်ပေါင်းတင်ရမယ် ပြီးရင် အရောင်တင်ရမယ် . . .၊ ဆံထုံးလှလှလေးထုံးဖို့လိုရင် ထုံးရမယ်..."

"မနက်ဆယ်နာရီတည်းကဆို ပင်ပန်းတယ်. . . တစ်နေကုန်



burmeseclassic.com

burmeseclassic.com



ဆိုင်မှာပြင်ပြီး ညာဘက်လည်းပွဲတက်ရမယ်ဆိုတော့…"

"တစ်နေကုန်ဆိုင်မှာ နေရမယ်လို့ မပြောပါဘူး . . . ဆိုင် အားလုံးပြီးတဲ့အချိန်ကျတော့ . . နားရမှာပေါ့ . . . နားပြီး သွားရမှာပါ…"

အကျီဆိုင်ကလည်း ကျွန်မနေနဲ့ဆိုရင် ဖွင့်ထားမှန်းတောင်မသိ တဲ့ နေရာမျိုးမှာ ရှိသည့် အကျီဆိုင်မျိုးဖြစ်ကာ လူတုံထံအသိုင်း အဝိုင်းသ ဝင်ထွက်သွားလာဝယ်ယူသော ဆိုင်ပင်ဖြစ်သည်။ ဒီတစ်ခါတော့ အကျီဈေးနှုန်း၊ အတွင်းခံအဝတ်အစားဈေးနှုန်းတွေကို ကျွန်မထူးပြီး အံ့ မနေတော့ပါ။ ဖိနပ်နဲ့လက်ကိုင်အိတ်တောင် ဝိုက်ဆံအများကြီးဖြုန်းဝယ် တော့ အကျီဝယ်တဲ့နေရာမှာ ဒီထက်ပိုသုံးတော့မယ်ဆိုတာ သိနေ၍ပင်။

"ကိုယ့်မိတ်ဆွေဆိုင်ပဲ သူက ဟောင်ကောင်ကဒီဇိုင်းတွေ ရောင်းတာ၊ မင်းနဲ့အဆင်ပြေမယ်ဆိုတဲ့အကျီ ကိုယ်တွေ့ တယ်။ ဝတ်ကြည့်လိုက်ပါ။ လိုတာပိုတာရှိရင် တခါတည်းပြ ပေးလိမ့်မယ်၊ ဩော် ကိုယ်ပြောရင် ရှိင်းတယ်လို့ မထင်နဲ့ … အတွင်းခံပါဝယ်ဖို့လိုတယ်…အဲ့ဒါတွေပါဝယ်လိုက်ပါ။"

ကျွန်မဟာ သူပိုင်ဆိုင်သော အရုပ်တစ်ရုပ်ကဲ့သို့ပင် ကိုယ့်ကိုယ် ကို ခံယူသတ်မှတ်လိုက်ပါသည်။ ဦးရဋ္ဌသီဟ၏ မိတ်ဆွေဆိုသူ ယောကျ်ားပုံစံ ဝတ်စားသွားလာပေမဲ့ ခြောက်နေသော ယောကျ် တစ်ယောက်ဖြစ်ကြောင်း သတိထားမိပါသည်။ စိန်လက်စွပ်ကြီးတဝင်း စိန်နားကပ်တစ်ဖက် တဖြတ်ဖြတ်နှင့် တစ်စုံတစ်ခုဆိုရင် ရင်ဘတ်ပေ ဖိလိုက်၊ မျက်စောင်းလေးထိုးလိုက်၊ စကားပြောလျှင်

"ညည်းလေးကလေ…"





"ကျုပ်သာဆိုရင်လေ…"

စသဖြင့် သုံးနှုန်းပြောဆိုလိုက်လုပ်နေတာ မျက်စေ့တောင် နောက်ရ သည်၊ သို့သော် သူကတော့ ကျွန်မကို ဦးရဋ္ဌသီဟ နှင့်ပါလာကတည်းက အမြဲကြုံနေကျ အကြောင်းအရာလိုပဲ မဆန်းလှစွာ ပြောဆိုဆက်ဆံ ပြီး ဝင်လဲမစဝ်စု၊ ဘယ်သူဘယ်ဝါလဲ ဘယ်လိုပတ်သက်လဲကို လဲမမေး၊ သူ့ဆီကို ဒီလိုပဲခေါ်လာနေကျထဲက တစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကို ဟာ ကျွန်မ ငိုချင်ခဲ့ရလေသည်။

ကျွန်မက သူ့ဆီမှာ ကျွန်မလိုချင်သော အရာတစ်ခုကြောင့် သူ့ရဲ့ လုပ်မှုကို လက်ခံခဲ့တာပါ။ ကျွန်မလိုချင်တဲ့အရာဟာ ဘာလဲဆိုတာ ခြားသူတွေဘယ်လိုမှ နားမလည်နိုင်လိမ့်မည် မထင်ခဲ့ပါ။

*   *   *

burmeseclassic.com

burmeseclassic.com

# (၁၂)

မှန်ထဲမှာ ကိုယ့်ကိုယ်ကို ပြန်ကြည့်ပြီး အံ့သြနေမိလေသည်။ ငါ့အသားအရေက ဒီလောက်တောင်ပဲ အရောင်ပြောင်းသွားသလားလို့ ထင်မိသည်။ ဖြူလဲမဖြူ၊ ညိုလဲမညိုသော ကျွန်မအသားအရေသည် ကိုယ်ကိုယ်ကိုလဲ သိပ်ဂရုမစိုက်လှဘဲ နေပူထဲသွားလိုက်၊ သနပ်ခါး လိမ်းလိုက် လိမ်းလိုက်တာကလွဲလျှင် ဘာမှပြုပြင်ထိန်းသိမ်းခြင်းမရှိခဲ့ပါ။ အခုတော့ သူ တို့ဘယ်လိုလုပ်လိုက်သလဲတော့မသိ၊ အသားရောင်လေးက ဝင်းပကြည် လင်သွားကာ ဘာမိတ်ကပ်မှ မတင်ရသေးတာတောင် ကျွန်မ၏ မျက်နှာမှာ ကြည်ပြီးတောက်ပနေသလိုပင်။

"ညီမအသားအရေက လှပြီးသားပါ။ Skin Care (စကင်းကဲ) သိပ်မလုပ်လို့နေလောင်တာတွေဘာတွေ နည်းနည်းရှိနေတာ"

"ကျွန်မ ...မိတ်ကပ်မပြင်ဘဲ ...သွားရင်ရပါတယ်"

"အဲ့မယ်လေး . . . မလုပ်ပါနဲ့ . . . ဦးရဋ္ဌ စိတ်ဆိုးနေပါလိမ့်မယ် ဦးရဋ္ဌက အရမ်းကို Perfect ဖြစ်နေမှ ကြိုက်တာ သူ့စိတ်တိုင်း မကျရင်ဒီကပိုက်ဆံမရတဲ့အပြင် ပြန်တောင်လျော်ရမှာနော်"

အလှဖန်တီးရှင် မိန်းမလျာက ပြာပြာသလဲ ပြောလေသည်။ အားလုံးပြင်ဆင်ပြီးချိန်မှာ ညနေလေးနာရီတော့ရှိနေပြီ။ ဒါကြောင့်လဲ





ဦးရဋ္ဌက မနက်ဆယ်နာရီတည်းက သူ့ကားလွှတ်ပြီးခေါ်ခိုင်းတာဖြစ်မည်။ အခုထိတော့ ဦးရဋ္ဌသီဟကို မတွေ့ရသေး။ ကျွန်မကို ဒရိုင်ဘာရဲ့ကားတစ်စီး နဲ့ ဆိုင်ကိုလွှတ်လိုက်တာပင်။

မိတ်ကပ်ကတော့ ပြင်ပေမဲ့ ပြင်ထားမှန်းမသိသာသော ပုံစံလေးမို့ ကျွန်မစိတ်တိုင်းကျရပါသည်။ ဆံပင်ကတော့နောက်တွဲဆံထုံးခပ်ရိုးရိုးလေး သာ ဖြစ်ပါသည်။

"ပြင်လိုက်တော့တို့ ညီမရုပ်လေးက ကျက်သရေရှိတယ်တော့။ အဆင်အတန်းမြင့်တဲ့ရုပ်လေးရှိတယ်မပြင်မဆင်နေတာတောင် ရုပ်လေးကထွက်နေတာ ခုလိုပြင်လိုက်တော့ အပျံစားပဲ သိလား"

"ရှိုးကျူးနေလိုက်တာနော်...ဘယ်လိုနေရမှန်းတောင်မသိဘူး"

"နောက်လဲ လာခဲ့သိလား။ ဆံပင်ညှပ်တာပဲဖြစ်ဖြစ်တို့ဆီလာခဲ့။ ညီမကိုတို့က မြင်မြင်ချင်းခင်တာ ပဋိသန္ဓေဆက်ပါတယ်"

ကျွန်မ ရယ်ရယ်ပြုံးပြုံးနဲ့ပင် အလှဖန်တီးရှင်ကို နှုတ်ဆက်ရင်း ကျွန်မကို အသင့်စောင့်နေသော ဦးကျော်ကျော်ကို လှမ်းကြည့်လိုက်သည်။ ဦးတာကပြုံးပြုံး၊ ပိုက်ဆံဘယ်လို ရှင်းရမလဲဆိုတာ ကျွန်မ မသိ။ ဦးကျော် ကျော်က ဆိုင်ရဲ့ဧည့်ခန်းမှာ အေးအေးဆေးဆေး တီဗွီထိုင်ကြည့်ရင်း စောင့်နေခဲ့သဖြင့် သူ့ကိုပဲ အားကိုးတကြီးလှမ်းကြည့်လိုက်ရတာ ဖြစ်သည်။

"ဦးရဋ္ဌက ပြီးရင်ခဏပြန်နားဖို့ပြောထားပါတယ်။ မမြသွေးနီ"

ဦးကျော်ကျော်က ဒီလောက်သာလိုရင်းပြောကာ ရှေ့ကနေကြို ထွက်သွားပါသည်။ ကျွန်မ၏အမူအရာကို သူကသာ အကဲမခတ်တက်တာ၊ မိန်းမလျာကတော့ အကဲခတ်နိုင်သွားကာ

"သွား...သွား...ညီမ...။ တို့နဲ့ ဦးရဋ္ဌက ...ငွေကြေးကိစ္စရှင်းပြီး



burmeseclassic.com

burmeseclassic.com



သားပါ..."

ဟုရှဲ့ပြောမှ ကျွန်မ ရက်ရက်နဲ့ ထွက်လာခဲ့ရသည်။

"ဘယ်ကိုမောင်းတာလဲ ဦးကျော်ကျော်"

"(......) ဟိုတယ်လ်ကိုပါ"

"ရှင်...ဒင်နာက ညရှစ်နာရီမှဆို"

"ဦးရှဲ့က . . . ၊ မြသွေးနီ ခဏပြန်အနားယူဖို့ ဟိုတယ်လ်မှာ အခန်းငှားပေးထားပါတယ်။သက်တောင့်သက်သာနားပြီးမှ ရှစ်နာရီထိုးခါနီးမှ...လာခေါ်မှာပါ"

"ကျွန်မက အိမ်ပြန်နားရမယ်ထင်တာ"

ဒရိုင်ဘာ ဦးကျော်ကျော်က ဘာမှအပိုမပြောချင်ဟန်ဖြင့် ကားကိုသာ အာရုံစိုက်မောင်းသလို သူတပ်နေကျ နားကြပ်ကို ကောက်တပ်ပြီး နားထောင်နေတော့သည်။ ကျွန်မကတော့ အရုပ်တစ်ရုပ်လိုပဲ တောင့်တောင့်လေးထိုင်ကာပါလာခဲ့ရသည်။ ကျွန်မပေါင်ပေါ်ဖြန့်တင်ထားတဲ့ လက်သည်းလှလှလေးများကို အဓိပ္ပာယ်မဲ့ကြည့်နေခဲ့မိသည်။ လက်သည်းကို အတိုသာထားတာမို့ လက်သည်းအလှပြင်ဖို့ လက်သည်းတုဆက်ကာ၊ လက်သည်းမှာ ကြွေရောင်ပေါ်တွင် ကနုတ်ပန်းနွယ် ရွှေရောင်များဖော်ထားသော ဒီဇိုင်းဖြစ်သည်။ ကျွန်မရဲ့ဒီလိုပြောင်းလဲသွားသော အပြင်အဆင်ကို မိုးပြာမြင်တဲ့အခါ ဘယ်လိုများယူဆမှာပါလိမ့် ငါလုပ်တာ မှားများနေပြီလားဆိုတဲ့ အတွေးနဲ့ နှောင်တရနေတက်ပါသည်။

ကြယ်ငါးပွင့် အဆင့်ရှိသော ဟိုတယ်လ်ကြီးတစ်ခု၏ အမြင့်ဆုံးအထပ်ရှိတစ်ယောက်ခန်းကိုလည်း မနေချင်ပါဘူးဟုငြင်းခွင့်မရှိ၊ ဒရိုင်ဘာက သူ့ဝတ္တရားကျေစွာ လိုက်ပို့ပြီးနေပြီ။ ဟိုတယ်လ် အခန်းထဲမှာတော့





အေးမြ မွှေးပျံ့နေကာ ဝင်ဝင်ချင်းပင် သောက်ဖို့ အအေး ဖန်ခွက်တစ်ခွက်ကလာပို့လေသည်။ သစ်သီးစစ်စစ်ကို အရည်ညှစ်ဖျော်ထားသော သံပရာသီးစိတ်အဝိုင်းလေးရယ်ကို ကြည့်ပြီး နေခသာဆိုရင် အလှတတ်ပုံရိုက်ထားမယ်ထင်တယ်ဟု သတိထားတွေးမိသေးသည်။

အခန်းထဲရောက်ပြီး သိပ်မကြာပါ၊ ကျွန်မကို ပေးထားသော့ ဖုန်းအသံမြည်လာသည်။

"ဟဲလို...ဦးရှဲ့"

"ဟိုတယ်လ်ရောက်ပြီနော်...အေးအေးဆေးဆေးနားလိုက်ပါဦး ကော်ဖီတို့ ဘာတို့သောက်ချင်ရင် ဖုန်းနဲ့မှာလိုက်နော် . . ညစာတော့ ဒင်နာပွဲကျမှပဲ စားကြတာပေါ့ မင်းဝတ်ရမဲ့ အဝတ်အစား၊ ဖိနပ်နဲ့ လက်ကိုင်အိတ်တွေ ဟိုတယ်လ်ရဲ့ ဗီရိုထဲ မှာထည့်ထားပေးတယ်..."

"ဟုတ်လား...မြသွေး...ဘာမှတောင် မကြည့်ရသေးဘူး"

"မင်းနဲ့ကိုယ်...ညခုနစ်နာရီခွဲကျမှဆုံကြမယ်လေ၊အဲ့ဒီမတိုင်ခင်ကျမှ အဝတ်အစားလဲလိုက်ပါ၊ ကိုယ် ရောက်တဲ့အခါ ဖုန်းဆက်ခေါ်မယ်..."

"ဒင်နာက ...ဘယ်အချိန်ပြီးမှာလဲ..."

"ပြီးတာကတော့...ဆယ့်နှစ်နာရီကျော်လောက် ဖြစ်မှာပေါ့"

"ဟင်..အဲ့ဒါဆို တော်တော်နောက်ကျမှာပဲ"

"မင်း...မနက်ဖြန် ကျောင်းမှ မသွားရတာ"

"သိပ်နောက်ကျမှ အိမ်ပြန်ရင် မကောင်းဘူးထင်လို့"

"အိမ်ပြန်ရမယ်လို့ ဘယ်သူပြောလဲ"



burmeseclassic.com

burmeseclassic.com



"ရှင်..."

"မင်း...ဒီဟိုတယ်လ်ခန်းမှာပဲ ပြန်အိပ်ရမှာပေါ့ ညသန်းခေါင်မှ အိမ်ပြန်လို့ ဘယ်ဖြစ်မလဲ"

"ဦးရှင့ရယ်...မဟုတ်သေးပါဘူး...မြေးတစ်ယောက်တည်း ဒီဟိုတယ်လ်ထဲမှာ နေလို့မဖြစ်ဘူး"

"မင်းတစ်ယောက်တည်းမနေရပါဘူး...ကိုယ်...မိန်းမအဖော် တစ်ယောက်လွှတ်ပေးထားမှာပါ၊ ကိုယ့်အိမ်က ဝန်ထမ်းတစ်ယောက်ပါပဲ ... အသက်ကြီးကြီး အမျိုးသမီးကြီးတစ်ယောက် မင်းကိုအဖော်ပြု စောင့်ရှောက်ပေးမယ်ဆိုရင် မင်းအတွက် အဆင်ပြေပါတယ်"

အစစအရာရာ သူ့ဘက်က အားလုံးစီစဉ်ပြင်ဆင်ပြီးသား ဖြစ်နေလေရာ ကျွန်မတွင်ဘာမှ စောဒကတက်စရာမရှိသလို ဖြစ်သွားပါသည်၊

"အိုကေ...မင်းနားလိုက်ပါဦး..."

သူက ဖုန်းကို အရင်ချသွားပါသည်။

ကျွန်မမှာတော့ ပြန့်ပြူးသော မွေ့ရာကျယ်ကြီးတွင် ပက်လက်ပစ်လှန်လိုက်ရင်း မနက်ဖြန် မနက်ကျရင် မိုးပြာကို ဘယ်လိုများ ရင်ဆိုင်ရမလဲဆိုတာကိုသာ တွေးနေမိသည်၊ တစ်နေကုန် အလှပြင်ဆိုင်မှာ အချိန်ကုန်ခဲ့ ရ၍လားမသိ။ လှဲရင်းနဲ့ ကျွန်မ ခဏတော့ အိပ်ပျော်သလိုလို ဖြစ်သွားပါသည်။ အတွေးတွေက ယောက်ကယက်ဖြင့် အိပ်မက်လိုလိုတွေ မက်ပြီးဖြတ်ကနဲ ပြန်နိုးလာသောအခါ ခြောက်နာရီခွဲနေပြီဆိုတာ တွေ့လိုက်ရသည်။

ဟိုတယ်လ်ထဲမှာ အေးစိမ့်နေပေမဲ့ ရေချိုးချင်စိတ် ဖြစ်နေသော





ကြောင့် ရေမြန်မြန်ပြေးချိုးလိုက်သည်။ ရယ်စရာကောင်းတာက စိတ်တစ်ပါးပါးပြင်ပြီးသား ဖြစ်နေ၍ မျက်နှာကိုတော့ ရေထိလို့မရဘဲ ရေချိုးရတာဖြစ်သည်၊ စီရီထဲမှာ ချိတ်ထားသော ပိုးပြော့သားနှင့်ချုပ်ထားသည့် ဆင်စွယ်ရောင် ဝတ်စုံလေးကို ထုတ်လိုက်သည်။ ဆင်စွယ်ရောင်ကို အဖြူစစ်စစ်ကြီးမဟုတ်ဘဲ ခပ်ညစ်ညစ်ခပ်ဝါဝါအဖြူမျိုး ဖြစ်လေရာ သိပ်ထင်းထင်းကြီးဖြစ်မနေ။ ကျွန်မစိတ်တိုင်းကျ ရွေးခဲ့သောအရောင်ဖြစ်ပြီး အကျီကခပ်ရိုးရိုးလေးနှင့် ကြည့်ကောင်းသော ပုံစံဖြစ်သည်။

အားလုံးဝတ်စားပြင်ဆင်ပြီးသောအခါ ကျွန်မသည် ကိုယ်လုံးပေါ်မှန်ရှေ့တွင် ခဏတစ်ဖြုတ် ကိုယ့်ကိုယ်ကို ရပ်ကြည့်လိုက်မိသည်၊ ကျွန်မဘာတွေလုပ်နေမိသလဲဆိုသော မေးခွန်းနဲ့ကိုယ့်ကိုယ်ကို ထပ်မနှိပ်စက်ချင်တော့ပေ။

ဦးရှင့၏ တယ်လီဖုန်းသံမြည်သောအခါ ကျွန်မသည် သူစောင့်နေမည့် ဟိုတယ်လ်ဧည့်ခန်းဆီသို့ အသင့်ထွက်လာဖို့သာ စဉ်းစားလိုက်တော့သည်၊ ကျွန်မကို ရပ်စောင့်ကြည့်နေသော ဦးရှင့၏ မျက်လုံးတွေထဲမှာတော့ သူ့ပြုပြင်အလှဆင်လိုက်သော အရုပ်တစ်ရုပ်၏ ပြောင်းလဲမှုကို ကျေနပ် ဂုဏ်ယူနေခြင်းတွေ တွေ့ရသည်၊

ဦးရှင့သီဟ၏ လက်ကိုတွဲကာ အတူထွက်လာသောအခါ အားကျစွာငေးမောကျန်ခဲ့သည့် မျက်လုံးပေါင်းများစွာတို့ကို ရင်ဆိုင်ရလေ သည်။ ကျွန်မ ဒါတွေလိုချင်ခဲ့တာမဟုတ်ပါဘူး . . . ဦးရှင့ရယ် . . . တကယ်တော့ ကျွန်မက ရှင့်ကို ချစ်မိလို့ ရှင့်အနားမှာ နေနေချင်ခဲ့တာပါ။

* * *

burmeseclassic.com

burmeseclassic.com

# (၁၃)

"ငါ...သူ့ကိုချစ်တယ်...မိုးပြာရယ်"

"အဲ့ဒီလို လူမျိုးတွေက . . . အချစ်ကို မခံစားတက်ကြဘူး။ နင်ပဲ အသည်းကွဲရလိမ့်မယ်"

အသည်းကွဲခံပြီးတော့ကို ချစ်တာလို့ဆက်ပြောရင် ကျွန်မနဲ့ မိုးပြာ မဆုံးနိုင်သော စကားနိုင်လုခြင်းတွေ ဖြစ်လာမည်ထင်သည်။ အစုနောက် ပိုင်း မိုးပြာက ကျွန်မကိုကြည့်သောအကြည့်မှာတင် သူကျွန်မ အပေါ် ဘယ်လိုသဘောထားနေသည်ကို သိနိုင်ပါသည်။ ငွေမက်လို့ ဦးရွှေသိဟာနဲ့ တွဲသောမိန်းကလေးစာရင်းထဲကိုမိုးပြာကျွန်မအားထည့်သွင်းလိုက်လေပြီ။

မိုးပြာက ကျွန်မရဲ့ပြောင်းလဲမှုကြောင့် အခုနောက်ပိုင်း ခပ်တန်း တန်း ဖြစ်သွားသလို နေခဲကလည်း ကျွန်မကို တမင်ရှောင်နေတာကြုံ ရသည်။ ကျွန်မမှာ သူငယ်ချင်းဆိုလို့ ဒီနှစ်ယောက်ပဲရှိလေရာ သူတို့နဲ့ ဆက်ဆံရေးကြောင့် ကျွန်မစိတ်မကောင်းဖြစ်ရသည်။ အထူးသဖြင့် ကျွန်မကို အကျင့်ပျက်သူတစ်ယောက်လိုပဲ ထင်မြင်နေသော မိုးပြာရဲ့ အထင်လွဲမှုကို ရင်ဆိုင် ရတာဟာ ကျွန်မအတွက် အခက်ခဲဆုံးတည်း။

ကျွန်မတို့ရဲ့ ပြင်သစ်ဘာသာနောက်ဆုံးနှစ်စာမေးပွဲက ပြီးသွားပြီ





မို့ အောင်စာရင်းစောင့်နေစဉ်ကာလအတွင်း မိုးပြာကတော့ သူချစ်သူနှင့် လက်ထပ်ဖို့ စတင်ပြင်ဆင်နေပြီဖြစ်သည်။ ကျွန်မကတော့ ရန်ကုန်မှာပဲ ဆက်နေပြီး အလုပ်ရှာရဦးမည်ဖြစ်ရာ မိုးပြာတို့ လက်ထပ်သွားလျှင် ကျွန်မ ဘာသာ အဆောင်ငှားနေဖို့ပါ စဉ်းစားရပါသည်။

မိုးပြာနဲ့ တစ်အိမ်တည်းသာနေသော်လည်း သိပ်မဆုံဖြစ်ပေမဲ့ တစ်ခါတစ်ရံ အခုလို စကားလက်ဆုံကျမိလျှင် ဒီအကြောင်းကို မပြောဖြစ်ဖို့ နှစ်ယောက်စလုံး သတိထားပြီး ရှောင်မိသည်။ သို့သော် မိုးပြာက

"နေခဲက အောင်စာရင်းတောင် မစောင့်ဘဲ ဝန်ကောက်ကို ထွက်သွားတော့မယ်တဲ့..."

ဟူ၍ နေခဲ အကြောင်းစပြောရင်း နေခဲ ခံစားနေရတဲ့ အကြောင်းပါ ဆက်ပြောတာမို့ ကျွန်မကလည်း ကျွန်မရဲ့ခံစားချက်မှန်ကို အမှန်အတိုင်း ဖွင့်ပြော ဝန်ခံမိတာဖြစ်လေသည်။ သို့သော် မိုးပြာကတော့ သူစာရင်းသွင်း ထားပြီးသော အခြေအနေတစ်ခုမှလွဲရင် ဗိုပြီးမမြင်တော့ချေ။ သူငယ်ချင်း ချင်း စကားများရမှာစိုး၍သာ ဒီခေါင်းစဉ်ကို လွှဲပစ်လိုက်တဲ့ သဘောတွေပါ နေသည်။

"ကဲပါလေ . . . ငါတို့တခြား အကြောင်းပြောရအောင် . . . နင် အလုပ်ရှာနေတာ.. ဘယ်လိုလဲ..ဘာတဲ့လဲ"

မိုးပြာက စကားလွှဲပြီး ကျွန်မ၏ အလုပ်ကိစ္စအကြောင်း မေးပါသည်။

"နောက်တစ်ပတ်ထဲမှာတင် အင်တာဗျူးနှစ်ခု ရှိတယ်"

"နင်လုပ်ချင်တဲ့ တိုးဂိုဒ်အလုပ်တွေလား"

"ဟုတ်တယ်"



burmeseclassic.com

burmeseclassic.com



"နင့်အမေကရော ဘာပြောလဲ"

"အမေကတော့ သူနားပြန်လာနေစေချင်တာပေါ့။ ဦးကျော်ဇ ကလည်း ငါလုပ်ချင်ရင် မြို့မှာပဲ မီနီမားကပ်အသေးလေးဖွင့်ပေ ပြီး ဆိုင်ထိုင်နိုင်းမယ်လို့ စိစဉ်တယ်တဲ့..."

"မဆိုးပါဘူး ကောင်းသားပဲ"

"ကောင်းပါတယ် ဦးကျော်ဇင်ကလည်း ကောင်းပါတယ် အမေ ကိုလည်းစိတ်ချမ်းသာအောင်ထားတဲ့အတွက် ကျေးဇူးတင်ရပ တယ်၊ ဒါပေမဲ့ ငါ့အစထဲက စီးပွားရေးပဲ လုပ်မယ်ဆိုတဲ့ စိတ်ကူ ရှိရင် ရန်ကုန်မှာလာနေပြီး ဒီဘာသာကို သင်နေစရာတောင် မလို ဘူးလေ။ သာမာန်စီးပွားရေး လုပ်ငန်းကို လုပ်ကိုမလုပ်ချင်ဘူး ပညာရှင်လိုပဲ အသက်မွေးချင်လို့ ထွက်လာပြီးမှတော့ အဲ လမ်းကြီးကို ပြန်မလျှောက်ချင်ဘူး"

"ငါကတော့ ကိုရဲခန့်နဲ့ လက်ထပ်ပြီးရင် မြို့ပြန်နေရမှာပဲလေ ဒါပေမဲ့ ငါ့အလုပ်ကလည်း စာရေးတဲ့အလုပ်ဆိုတော့ ရန်ကုန် လည်း ခဏခဏ ပြန်လာနေရဦးမှာပဲ။ ရန်ကုန်မှာပဲ စာအုပ် ထုတ်ဝေရေးက လုပ်လို့ရမှာလေ"

"အခု ရေးနေတဲ့ စာအုပ်က ပြင်သစ်သမိုင်းစာအုပ် ဘာသာပြန်တာနော်"

"ဟုတ်တယ် ပြင်သစ်ဘုရင်တွေအကြောင်းရေးထားတဲ့ မူရင်း စာအုပ်ကို စဖတ်မှ ငါမသိသေးတဲ့ ဝေါဟာရတွေအများကြီး ပါလား ဆိုပြီး ကိုယ့်ကိုယ်ကိုယ် နှောင်တရတယ်"

"ငါလည်းဝိုင်းကူပေးလို့ရပါတယ်"





"အခုလောလောဆယ် ချက်ချင်းကြီးပြီးဖို့ အရင်မလိုသေးပါဘူး ကိုရဲခန့်ကသာ အရင်လိုနေလို့ သူနဲ့ငါလက်ထပ်မဲ့ကိစ္စကို အရင်ပြီးအောင် စီစဉ်ရမှာလေ"

ကျွန်မဖုန်းမြည်လာသဖြင့် စကားစပြတ်သွားပါသည်။ ဦးရဲွှသီဟ ဖုန်းက ခေါ်တာဖြစ်ကြောင်း မိုးပြာလည်းသိပြီးနေသဖြင့် သူက အလိုက်တ သိပင်

"ငါ မီးပူသွားတိုက်လိုက်ဦးမယ်"

...ပြောကာ အခန်းက ထသွားပါသည်။

"ဟဲလို...ဦးရဲွှ"

"မြသွေး...ကိုယ်..ခုပဲ..ကားလွှတ်လိုက်မယ် အဆင်သင့်ပြင် ထားပါ"

"ဦးရဲွှ..."

"ဘာလဲ..."

"အသံ ဘာဖြစ်နေတာလဲ"

သူ့အသံက ခပ်စိမ်းစိမ်းလိုကို ဖြစ်နေသဖြင့် မေးလိုက်တာ ပါသည်။

"ကိုယ် အအေးမိပြီး နေမကောင်းချင်သလိုဖြစ်နေတာပါ"

"ဆေးသောက်ထားလား"

"ကိုယ် ဆေးသောက်ရတာမကြိုက်ဘူး နေပါစေ။ သူ့ဘာသာ ပျောက်သွားလိမ့်မယ်။ မြသွေးသာ ကိုကျော်ကျော် ကားလာခေါ် ရင် လိုက်ခဲ့ပါ။ ကိုယ်တို့ ဆွေးနွေးစရာရှိတယ်"

သူ ဒီလိုပဲ မကြာခဏ ခေါ်နိုင်းနေကျမို့ ကျွန်မအတွက်ကတော့



burmeseclassic.com

burmeseclassic.com



မေးခွန်းထုတ်စရာမလိုတော့။ ဘာကြောင့်ခေါ်သလဲဆိုတဲ့ မေးခွန်းကို မမေး
ချင်တော့ပါ။

တစ်ခါတလေလည်းသူ့အနားမှာ ထိုင်ပြီးသူနဲ့အတူတူစကားပြော
ရင်းအချိန်ဖြုန်းရတာမျိုး၊ တစ်ခါတလေလည်း သူသွားမဲ့နေရာတွေ အဖော်
လိုက်ပေးရတာမျိုးတွေသာဖြစ်တက်ပြီး ကျွန်မအတွက် ဘာမှအထူး
လည်ပြောင်းလဲစေသောဆက်ဆံရေးမျိုးသူနဲ့ကျွန်မကြားမှာမရှိခဲ့ပါ
အခုထိတော့ သူတွဲနေသော သာမာန်မိန်းကလေးအဖြစ်သာ သူ့ပတ်ဝန်း
ကျင်မှာသိထား ခံရတာပဲရှိပါသည်။ တကယ်တော့ သူနဲ့ကျွန်မရဲ့
ပတ်သက်မှုက ဘာမှန်းပင် အမည်မတပ်နိုင်ပါ။

ဒရိုင်ဘာ ဦးကျော်ကျော်ရောက်လာချိန်တွင် ကျွန်မအဆင်သင့်
ပြင်ဆင်ပြီး ဖြစ်နေပါသည်။ ဒီကားနဲ့ ဒီဒရိုင်ဘာနဲ့ အမြဲလိုလိုပင် သွားလာ
နေကျဖြစ်၍ကျွန်မနေသားတကျပင်ကားနောက်ခန်းတံခါးကိုဖွင့်၍ဝင်ထိုင်
ကာ သက်တောင့်သက်သာပင် လိုက်လာခဲ့ပါသည်။

"ဦးရဋ္ဌက သူ့ရုံးခန်းမှာ တွေ့မယ်လို့ပြောပါတယ်..မမြသွေးနီ"

ကုမ္ပဏီရုံးခန်းအတွင်းကို ကျွန်မဝင်လာသောအခါ နှုတ်ဆက်
စကားဆိုသူ၊ ပြုံး၍အသိအမှတ်ပြုသူ ဝန်ထမ်းများကို ယခင်လောက် ရင်
ဆိုင်ရဲတာမျိုး မဖြစ်တော့ဘဲ အပြန်အလှန်နှုတ်ဆက်ရဲနေလေပြီ။

ဦးရဋ္ဌ၏ အတွင်းရေးမှူးမက ကျွန်မကို မြင်တော့

"မမြသွေးနီလာရင် လွှတ်လိုက်ပါလို့ ဦးရဋ္ဌက ပြောထားပါတယ်
ဝင်သွားနိုင်ပါတယ်ရှင်"

ဟု ကြိုပြောထားနှင့်လေသည်။

ရုံးခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်သောအခါ ကျွန်မကို အသာအေး





ကြည့်သည့် ဦးရဋ္ဌ၏ မျက်လုံးတွေကို ကျွန်မ မက်မက်မောမော ပြန်စိုက်
ကြည့်မိသည်။ ဘယ်အချိန်ကြည့်ကြည့် ချောမောကာ ကြည့်ကောင်းနေ
သော သူ့ကိုကျွန်မပိုပိုပြီး စွဲလမ်းလာနေပြီ။

သူချောလို့၊ ကြည့်ကောင်းလို့ ၊ချမ်းသာကြွယ်ဝလို့ ဟူသော
အချက်တွေကြောင့် မဟုတ်ဘဲ ရင်ထဲအသည်းထဲက သူ့အလိုလိုဖြစ်လာခဲ့
သည့် ချစ်ခြင်းမေတ္တာတစ်ခု အကြောင်းကို ဘယ်သူမှ နားလည်လိမ့်မည်
မထင်ပါ။

ခရမ်းရင့်ရောင် လက်ရှည် ဝတ်ဆင်ထားပြီး ခေါင်းစွပ်လက်ပြတ်
အနွေးထည်ကို ထပ်ဝတ်ထားသော သူ့မျက်နှာက ခပ်နွမ်းနွမ်းဖြစ်နေတာ
ကို သတိထားမိလိုက်သည်။

"ဦးရဋ္ဌ...နေမကောင်းဘူး"

ကျွန်မ စတင်ပြောလိုက်သော စကားကြောင့် သူ ခပ်ပြုံးပြုံး
ဖြစ်သွားပါသည်။

"မင်း အရင်ဆုံးနှုတ်ဆက်တဲ့စကားက ဒါလား"

"နေမကောင်းနေတာ မြင်ရဲ့သားနဲ့ နေကောင်းလားလို့ ကျွန်မက
နှုတ်ဆက်မနေချင်တော့ဘူးလေ"

"မင်း ခုထိ ကျွန်မဆိုတဲ့ အသုံးအနှုန်းကြီးကို မပြင်သေးဘူးနော်"

"ဩော်...အင်း..မေ့သွားလို့ပါ...ကိုယ့်ကိုယ်ကို နာမည်ထည့်
ပြောပြီး မသုံးဘူးတော့ မေ့မေ့သွားတယ်"

"တဲ...ထားပါတော့...ကိုယ်မင်းနဲ့ အလုပ်ကိစ္စဆွေးနွေးစရာ
ရှိတယ်"

"ဘာအလုပ်များလဲ"



burmeseclassic.com

burmeseclassic.com



"ဒီနားလာ ထိုင်လိုက်ပါ။"

သူ့အနားကို ဆုံလည်ကုလားထိုင်ဆွဲယူလိုက်ပြီး ထိုင်လိုက်ရပါသည်။ သူက ဗိုင်တစ်ခုကို ဖွင့်ပြပြီး

"ဒါ . . . ကိုယ် အသစ်ဖွင့်မဲ့ တိုးကုမ္ပဏီ ရုံးခန်းအခွဲပဲ။ ဆက်သွယ်ချင်တဲ့ သူတွေ အဆင်ပြေအောင် မြို့နယ်အကြီးကြီး သုံးမြို့နယ်လောက်မှာ ခွဲဖွင့်မယ်လို့ စိတ်ကူးထားတယ်၊ ရုံးချုပ်ကတော့ ကျောက်တံတားမြို့နယ်မှာပေါ့။ ဒါ အသစ်ဖွင့်မဲ့ ရုံးခွဲ၊ အဲ့ဒီ ရုံးခွဲကိုတော့ စမ်းချောင်းဘက်မှာ ဖွင့်ချင်တယ်၊ နောက်ဆုံးရုံးခွဲတစ်ခုကိုတော့ အင်းစိန်ဘက်မှာ ဖွင့်မယ်"

"ကောင်းသားပဲ"

"မင်းက အခုဖွင့်မဲ့ စမ်းချောင်းရုံးခွဲကို တာဝန်ယူရမယ်။ စမ်းချောင်းရုံးခွဲကို အားလုံးစီစဉ်ပြီးနေပြီ မင်း ရုံးခန်းထိုင်ရုံပဲ။ မင်းကိုယ်တိုင် ခရီးထွက်ပြီး လိုက်ချင်တယ်ဆိုလည်း လိုက်နိုင်ပါတယ်။ မင်းစိတ်ကြိုက် အဲ့ဒီရုံးခန်းကို စီမံခန့်ခွဲနိုင်တယ်၊"

ကျွန်မ အံ့ဩပြီး နားမလည်နိုင်စွာပင် ဦးရွှေကို ပြန်လည်စိုက်ကြည့်မိသည်။ ဘာလို့ ဒါတွေ စီစဉ်ပြီး အလုပ်ခန့်နေရသလဲ။ ကျွန်မလည်း ဘာမှကြိုတင်မသိရဘဲနဲ့ စီမံပြီးနေတဲ့သဘော၊ ခေါ်အသိပေးရုံ သဘောလောက်သာ။

"ဦးရွှေ ဘာလို့ ဒါတွေ စီစဉ်ရတာလဲ"

"မင်း အလုပ်ရှာနေတာ သိတယ်လေ"

"ကျွန်မ . . အဲ . . မြသွေးက ကိုယ့်အစွမ်းအစနဲ့ ကိုယ် . . အလုပ်ရှာချင်တာ"





"မင်း အင်တာဗျူးသွားမဲ့ ကုမ္ပဏီ နှစ်ခုစလုံးဟာ ကိုယ်ရှယ်ယာပါထားတဲ့ ကုမ္ပဏီလေးနှစ်ခုပဲ၊ မင်းအဲ့ဒီမှာ အလုပ်ရရင်လည်း ကိုယ်က မင်းကို သာမာန်တိုးရစ်(စ)ဂိုက် အနေနဲ့တော့ထားမှာ မဟုတ်ဘူး။ မန်နေဂျာ ရာထူးထိထားဖို့ ဖုန်းဆက်ပြီး ပြောထားမှာပဲ"

"ဦးရွှေ . . . ရှင်ဘာလို့ ဒီလိုလိုက်လုပ်နေတာလဲ"

"ကိုယ် လုပ်ပေးနိုင်လို့ လုပ်တာလေ . . မင်းကို ကိုယ်ပြောပြီးသားပဲ . . . လုပ်ပေးနိုင်တာမှန်သမျှ ကိုယ်လုပ်ပေးမယ်။ မင်းကိုယ့် အနားမှာ မနေနိုင်လောက်အောင် အလုပ်တွေများပြီး ခရီးတစ်ချိန်လုံးထွက်နေတာကို မကြိုက်ဘူး။ မင်းသူများအလုပ်သမား ဖြစ်မယ်ဆိုရင် သူတို့တာဝန်ပေးတဲ့အတိုင်း ခရီးထွက်နေရမှာလေ၊ ဒီတော့ မင်းဟာ သာမာန်ဝန်ထမ်းလုပ်လို့ မရဘူး"

"ရှင် . . . လူကို သိပ်ပြီး လွှမ်းမိုးချုပ်ကိုင်လွန်းတယ်"

သူက ပခုံးတွန့်ပြပြီး ဘာမှမဖြေပါ။

"တစ်ခါတလေကျရင် မြသွေးရှင့်ကို နားမလည်ဘူး . . ကိုယ့်ကိုယ်ကိုလဲ နားမလည်ဘူး ဘာတွေလုပ်နေမိမှန်းတောင် မသိဘူး"

ကျွန်မ . . . ခပ်ညီးညီးပြောလိုက်ကာ သူ့အနားက ထ,သွားတော့ မလို ပြင်လျှင် သူက ကျွန်မရဲ့လက်ကောက်ဝတ်ကို ဆွဲထားပြီး

"ကိုယ့်အနားမှာထိုင်ပါ ကိုယ်နေမကောင်းဘူးလေ မင်း ကိုယ့်ကို မပြုစုတော့ဘူးလား"

ဟု တရင်းတနှီး မေးလေသည်၊ ရှင်က ကျွန်မရဲ့ ချစ်သူမှမဟုတ်ပဲ၊ ကျွန်မ ဘာကြောင့် ဂရုတစိုက်ပြုစုနေရဦးမှာလဲ၊ တစ်ခါတလေကျရင် ရှင့်အမူအ



burmeseclassic.com

burmeseclassic.com



ရာတွေကို ကျွန်မ နားမလည်တော့ဘူး ..ဦးရွှေ၊ ဒီစကားကိုပဲ ထပ်ခါ ထပ်ခါ ညီးနေချင်တော့တယ်။

"နေမကောင်းပဲနဲ့...ဘာလို့ရုံးကိုလာလဲ...အိမ်မှာ နားနားနေနေ နေပါလား"

"အိမ်မှာနေရင် ကိုယ်တစ်ယောက်တည်းလေ . . . ပျင်းတယ်။ ရုံး လာတော့ မပျင်းရတော့ဘူး . . . နေမကောင်းဖြစ်နေတာလဲ မေ့သွားတယ်"

"နေမကောင်းတော့ ဘာစားလဲ"

"မနက်ကတည်းက ခုထိ ဘာမှစားချင်စိတ် မရှိလို့ ကော်ဖီတစ်ခွက်ပဲ သောက်ထားတာပဲ ရှိတယ်"

"အို...ဒီလိုနေလို့ဘယ်ရမလဲ...တစ်ခုခုစားမှပေါ့...ဆေးရော မသောက်ဘူးလား"

"တုပ်ကွေးဖြစ်တာလေးလောက်နဲ့တော့ဆေးမသောက်ချင်ဘူး"

"ဒါပေမဲ့ ရှင့်မှာကိုယ်ပူရှိနေတယ် . . . ရှင့်လက်ဖဝါးတွေနွေးနေတယ်။ အိမ်ပြန်ပါလား ဆေးသောက်ပြီး ပြန်နားပါလားဟင်"

သူက တစ်ချက်စဉ်းစားလိုက်ပြီး

"မင်း . . . ကိုယ့်နားမှာ လိုက်နေပေးမယ်ဆိုရင် အိမ်ပြန်မယ် ဆေးသောက်မယ်၊ မင်းစားခိုင်းတာ စားမယ်လေ"

ကျွန်မ . . . ဘယ်လိုမှ မငြင်းချင်လောက်အောင် မျှော်လင့်ချက်နဲ့ တောက်ပပြောလက်နေသော သူ့မျက်ဝန်းတွေထဲမှာ အခါခါ . . . ရှုံးနိမ့်သွားရ ပြန်ပါသည်။ အရင်နေ့တွေကနဲ့မတူလောက်အောင် နူးညံ့ . . . ဆွတ်ပျံ့တာ အယုအယခံချင်နေသော သူ့အသွင်သဏ္ဌာန်ကို ကြည့်ရင်း မိုးပြာ ပြောပြ





ခဲ့စကားတချို့ကို ပြန်အမှတ်ရနေမိသည်။

"ယောက်ျားတွေကလေ သူတို့ဘယ်လောက်ပဲ သတ္တိရှိပါတယ် စိတ်မာပါတယ် ပြောပြော နည်းနည်းပါးပါးလေး ကိုယ်လက်မအီမသာဖြစ်ပြီး နေမကောင်းဖြစ်ပြီဟေ့ဆိုရင် သူတို့လောက် စိတ်ပျော့ပြီး အပြုစုအယုယခံချင်တာလဲ နှစ်ယောက်မရှိဘူး၊ တကယ်တော့ သူတို့မှာ မိန်းမအာဖော်ဆိုတဲ့ သတ္တဝါသာ အနားမှာ ရှိမနေပေးရင် ဘယ်လိုမှ တစ်ယောက်တည်း ရပ်တည်လို့မရတဲ့ အမျိုးအစားတွေပဲ"

မိုးပြာရဲ့မှတ်ချက်တွေကို ကြားယောင်အမှတ်ရရင်း ကျွန်မကို ချိုအပ်နေပြီဖြစ်တဲ့ ဦးရွှေရဲ့ ကမ်းလှမ်းမှုကို မငြင်းရက်တာလား၊ ငြင်းနိုင်တာလား မသိ၊ ကျွန်မခေါင်းညိတ်သဘောတူ မိပြီးသား ဖြစ်နေသည်။

*      *      *

burmeseclassic.com

burmeseclassic.com

# (၁၄)

အိမ်တံခါးလာဖွင့်သော အမျိုးသမီးကြီးက ကျွန်မကို မှတ်မိသလို အပြုံးအပြီအပြင်ဖြင့် နှုတ်ဆက်ပါသည်။ ဟိုတစ်ခါ ဟိုတယ်လ်မှာ အိပ်ရာထဲ က အတူလာနေပေးသော ဒေါ်သန်းဆိုသည့် အမျိုးသမီးကြီးကို ကျွန်မက အရေးတယူပင် ...

"ဒေါ်သန်း... နေကောင်းလား"

ဟု နှုတ်ဆက်လျှင် ဦးရဲ့ ကျွန်မလက်ကောက်ဝတ်ကို စောင့် ခေါ်လိုက်ကာ ဒေါ်သန်းကိုလည်း...

"ဒေါ်သန်း...သွားလို့ရပါပြီ"

ဟူ၍လဲ အသံခပ်မာမာဖြင့် အမိန့်ပေးလိုက်သည်။ ဒေါ်သန်းလည်း သုတ်ကနဲ ပျောက်သွားပါသည်။

"အိမ်က အလုပ်သမားတွေကို အရေးတယူစကားပြော နှုတ်ဆက်နေဖို့ မလိုဘူး...မြသွေး"

"ဘာဖြစ်လို့လဲ..."

"မင်းကို . . . တစ်ခုခုပြောလိုက်ရင် အမြဲတမ်း ပြန်မေးစရာ အကြောင်းအရာက ရှိကိုရှိနေတယ်"

"နှုတ်ဆက်တာကို...နှုတ်မဆက်ရဘူးဆိုတော့"

"သူတို့က အလုပ်သမားလေ...သူတို့တာဝန် သူတို့လုပ်တယ်..





အခကြေးငွေယူတယ်"

"စေတနာမေတ္တာဆိုတာ ရောင်ပြန်ဟပ်တက်ပါတယ်။ ကိုယ်စေတနာထားရင် သူတို့ကလည်း ကိုယ့်အပေါ် စေတနာထားလိမ့်မယ်"

"မြသွေး . . . ကိုယ် . . မင်းနဲ့ . . အငြင်းအခုန်မဖြစ်ချင်ဘူးကွာ။ တဆိတ်ကျေးဇူးပြုပြီး ဆက်မငြင်းပါနဲ့တော့"

ကျွန်မ ပခုံးကို အသာပွေ့ဖိုက် ဖျစ်ညှစ်ရင်း သူညည်းညည်းညူညူပြောသဖြင့် ကျွန်မလည်း ...အလျှော့ပေးလိုက်ပါသည်။ နည်းနည်းပို အဖျားတက်လာပုံရတဲ့ သူ့မျက်နှာဟာ ပိုနွမ်းလာပြီး နည်းနည်းလဲ အရောင်ရင့်လာတာကြောင့် ဂရုဏာသက်သွားမိသည်။

"ဆေးသောက်ပါ့မယ်လို့ ကတိပေးရင် မငြင်းတော့ဘူး"

သူက ကျွန်မနဖူးကို တစ်ချက်ထုလိုက်သည်။ ကျွန်မပခုံးကို သူဖက်လျက်သားနှင့် ထမင်းစားခန်းသို့ ဦးဆောင်ခေါ်သွားပါသည်။ ဆယ်ယောက်စာ စားပွဲဝိုင်းအကျယ်ကြီးက မာဘယ်လ် (marble) ကျောက်စားပွဲကြီး ဖြစ်ကာ . . အလည်တည့်တည့်မှာ လိုအပ်သောဟင်းပွဲတွေကို လှည့်၍ယူနိုင်သည့် ဆုံလည်လည်းပါသည်။ တရုတ်စားသောက်ဆိုင်ကြီးများတွင်ရှိသော ဆုံလည်စားပွဲပုံစံမျိုးဖြစ်ပါသည်။

ထမင်းစားခန်းက သီးသန့်လိုဖြစ်ကာ ထိုမှတစ်ဆင့် ဆက်ဝင်သွားမှ ကျယ်ပြောသန့်ရှင်းလှသော မီးဖိုချောင်အကျယ်ကြီးကို တွေ့ရသည်။ နိုင်ငံခြားရုပ်ရှင်တွေထဲမှာ တွေ့ရသော မီးဖိုခန်းပုံစံမျိုးဖြစ်ကာ နံရံတွေမှာ ဘာမီးခိုး၊ ကြပ်ခိုးမှ မရှိအောင် သန့်ရှင်းလှသည်။ ထမင်းဟင်းတောင် ချက်ဖူးရဲ့လားမထင်ရအောင် သန့်ရှင်းလှသည့် မီးဖိုခန်းကို ကျွန်မ ငေးမောသွားရ



burmeseclassic.com

burmeseclassic.com



ပါသည်။

"ဆေးက ဘယ်မှာထားလဲ"

"အိမ်သုံးဆေးတွေကတော့ . . . ဟိုနားက နံရံကပ် ဗီရိုလေးထဲမှာပါ။ ချက်ရင်းပြုတ်ရင်း မတော်တဆ မီးထိတာတို့ ဆီပူလောင်တာတို့ဖြစ်သွားရင် အလွယ်တကူ ယူသုံးလို့ရအောင် လိုအပ်တဲ့ ဆေး ပစ္စည်းတွေ ဝယ်ထည့်ထားပေးတယ်"

နံရံကပ် ဗီရိုလေးတွင် ကြက်ခြေနီတံဆိပ်လေးကိုလည်း ရေးဆွဲထားတာတွေ့ရသည်။ ဖွင့်ကြည့်လိုက်တော့ဆေးမျိုးစုံကိုတွေ့ရသည်။ ပါရာစီတမောလ် အပါအဝင် ချောင်းဆိုးပျောက်ဆေး၊ နာစေးပျောက်ဆေး၊ လေဆေးကအစ . . . ဟန်းဒီပလာစတာအဆုံး အမျိုးစုံထည့်ထားတာ တွေ့ရသည်။

"ဆေးတွေရှိနေရက်သားနဲ့ မသောက်ဘဲ ပေတေနေတယ်နော်"

"ဒီဆေးတွေရှိမှန်းသိတောင်မသိဘူး။ ဖိုးဂျမ်းပဲစီစဉ်ပြီး ဝယ်ထည့်ထားတာ ကိုယ်က ဆေးဗီရိုထားသင့်တယ် ညွှန်ကြားလိုက်ရုံပဲ"

ဖိုးဂျမ်းဆိုသည့် သူ့ရဲ့ငယ်သူငယ်ချင်းလည်းဖြစ်၊ လူယုံလဲဖြစ်သောသူကို တစ်ခါလောက်သာ ဆုံဖူး၍ သူ့ရုပ်ကို ဝေဝေဝါးဝါးသာ မှတ်မိပါသည်။ ဒါပေမဲ့ . . . ထိုသူဟာ ဒရိုင်ဘာဦးကျော်ကျော်တို့ထက်ပင် အားကိုးရသော သူ့ရဲ့လူယုံတစ်ဦးဆိုတာတော့ သိထားပါသည်။

"ပါရာစီတမောလ်ပဲ သောက်လိုက်ပါ။ ဦးရှဋ္ဌက သာမာန်တုပ်ကွေးဖြစ်တာပဲ၊ပြီးတော့ သိပ်ပြီးဖျားတာလဲ မဟုတ်ဘူး ဆေးမသောက်ခင် အစာတစ်ခုခုတော့ စားရမယ်နော်"

သူက ကျွန်မ ဆရာလုပ်သမျှကို လက်ပိုက်ပြီး ခပ်ပြုံးပြုံးကြည့်နေ





သည်။

"မင်း . . . ချက်ကျွေးရင် စားမယ်လေ"

"ထမင်းဟင်း . . . စားနိုင်လို့လား"

"အဲ့ဒါတွေတော့ မချက်ခိုင်းပါဘူး . . . ပေါ့ပေါ့ပါးပါး စားလို့ရတာ လုပ်ပေးလေ . . ဒါပေမဲ့ မင်းလည်းအတူတူစားရမယ် . . ကိုယ်တစ်ယောက်တည်းတော့ မစားဘူး"

"ချက်စရာ ဘာတွေရှိလဲ"

"ဗီရိုတွေနဲ့ ရေခဲသေတ္တာတို့ ဖရီဇာတို့တွေထဲမှာ ကြည့်ကြည့်လေ သိပ်အလုပ်ရှုပ်တာတော့ မချက်ပါနဲ့ ပေါ့ပေါ့ပါးပါးစားလို့ ရတာပဲလုပ်ပါ။ ကိုယ်မင်းကို မပင်ပန်းစေချင်ဘူး။ မင်းစိတ်ကူးနဲ့ ချက်ကျွေးတာ ကိုယ်စားကြည့်ချင်တာ"

ကျွန်မ နံရံကပ်ဗီရိုလေးတွေထဲမှာ ရှာကြံကြည့်သည်။ ရေခဲသေတ္တာနဲ့ ဖရီဇာ သီးသန့်တွေထဲ ဖွင့်ကြည့်သည်။ သူ့အိမ်မှာ ဒီနေ့ ဘာမှ ချက်ထားပုံမရ၊ ထမင်းဟင်းဘာမှ ရှိမနေတာ တွေ့ရသည်။

"ဒီနေ့ ဘာမှမချက်စားဘူးလား"

"ကိုယ် . . . သိပ်နေမကောင်းလို့ မစားဘူးပြောတော့ ဖိုးဂျမ်းလည်း ချက်ဖို့မစီစဉ်တော့ဘူး ထင်တယ်။ အပြင်မှာစားရင် စားမှာပေါ့"

"အလုပ်သမားတွေကရော . . ."

"သူတို့ အိမ်မှာသူတို့သီးသန့်ချက်စားကြလိမ့်မယ်လေ သူတို့ကို ခြံထောင့်မှာ တန်းလျားဆောက်ပေးထားတယ် . . အဲ့ဒီမှာနေကြတယ်"

"မိသားစုနဲ့လား"



burmeseclassic.com

burmeseclassic.com



"မိသားစုရှိတဲ့သူတော့ ပေးမနေဘူး၊ လင်မယားနှစ်ယောက်တည်းတို့ ဘာတို့ဆိုရင်တော့ရတယ်။ ကိုယ်ကလူရှုပ်တာမကြိုက်ဘူး"

"ရှင့် မိဘတွေရော လာမလည်ကြဘူးလား"

"ကိုယ်ကပဲ သွားတွေ့ရတာများပါတယ် .. ဖေဖေ မေမေတို့က လူမှုရေးကိစ္စတွေနဲ့ မအားတာများတယ်"

"ဟုတ်တယ်နော် ... မြသွေး .. ကြားဖူးပါတယ်၊ ရှင့်မိဘတွေက ပရဟိတ အလုပ်တွေနဲ့ အားတောင်မအားနိုင်ဘူးတဲ့၊ သူတို့က တကယ်စိတ်ပါလို့လုပ်ကြတာ .. ဘာဘွဲ့ညာဘွဲ့တွေကို လိုချင်လို့ လုပ်ပြတာမျိုးမဟုတ်ဘူး ..."

"ကိုယ် ... မင်းနဲ့ ဆုံပေးချင်တယ် – နောက်လထဲမှာ သူတို့ရဲ့ မင်္ဂလာနှစ်ပတ်လည်ရှိတယ် .. မင်းကိုခေါ်သွားမယ်လေ"

ကျွန်မ ရင်ထဲနွေးသွားပါသည်၊ မိဘနဲ့ပေးတွေ့တယ်ဆိုတဲ့ အဓိပ္ပာယ်က ဘာလဲဟင်။ ကျွန်မက ဘယ်နေရာက ပါဝင်ပတ်သက်နေတဲ့သူလဲ။

"ဘာချက်မလို့လဲ"

"ကြာဆံချက်လေ ... ပေါ့ပေါ့ပါးပါးနဲ့ ရင်လဲမပြည့်ဘူး၊ ချက်ရတာလည်းမြန်တယ်။ အိမ်မှာလည်း အစုံရှိနေတော့ အသင့်ချက်ရုံပဲ၊ ဦးရဋ္ဌ ကြိုက်ရဲ့လား"

"မဆိုးပါဘူး ... ကောင်းသားပဲ ... ကြိုက်တယ်ရယ်တော့ မဟုတ်ပါဘူးလေ ... မင်းချက်မဲ့ လက်ရာဆိုတော့ စားကြည့်ချင်ပါတယ်"

"မြသွေးကတခြား ဟင်းတွေ၊ ဘာတွေချက်ရင်သာ သိပ်မ





ကောင်းတာ၊ ကြာဆံချက်ကတော့ အရမ်းလက်ရာကောင်းတယ်လို့ ပြောတယ်၊ မိုးပြာတို့ဆို .. မြသွေး ... ကြာဆံချက်ချက်ရင် ထမင်းလွတ်တစ်နေကုန် ခပ်သောက်နေတော့တာပဲ"

"နေခ ... ပါပါတယ်ပေါ့"

"ပါတာပေါ့ ... နေခကလည်း .. မြသွေးတို့ သူငယ်ချင်းပဲလေ ... တစ်ခုခုချက်စားရင်သူလည်းပါတာပေါ့"

"အဲ့ဒီ နေခက ... မင်းကိုကြိုက်နေတာ မဟုတ်လား"

"သူ ... ဘယ်တုန်းကမှ ဖွင့်မပြောဖူးပါဘူး"

"သူသာ မင်းကိုဖွင့်ပြောရင် မင်းဘယ်လို သဘောထားမှာလဲ"

"နေခကို ... ခင်ရုံပဲခင်ခဲ့တာဆိုတော့ သူနဲ့ပတ်သက်ပြီး ... ဘာမှ ပိုမစဉ်းစားထားခဲ့ဖူးဘူး"

"ကိုယ် ... မယုံပါဘူး ... မင်းသူ့ကို သံယောဇဉ်တော့ ရှိမှာပါ"

ဦးရဋ္ဌပုံစံက တမင်သက်သက်လိုက်စနေသလိုမျိုးမေးနေသဖြင့် ကျွန်မ ဆက်အငြင်းပွားမနေတော့ဘဲ၊ ချက်ပြုတ်ဖို့ကိုသာအာရုံစိုက်နေလိုက်သည်။

"မင်းမှာ ... ရည်းစား ဘယ်နယောက်လောက် ရှိခဲ့ဘူးလဲ"

ဒီနေ့မှ ဘယ်လိုဖြစ်ပြီး ဒါတွေပဲ ဆက်တိုက်မေးနေသလဲတော့ သိ၊ သို့သော် ... သူက ဒီလိုအရေးတယူနဲ့စိတ်ဝင်တစားမေးနေသဖြင့် ကျွန်မ ရင်ထဲမှာ ကျေနပ်နေသလိုတော့ ဖြစ်နေပါသည်၊

"ဦးရဋ္ဌရဲ့လူတွေက စုံစမ်းရေးမှာ အရမ်းတော်ကြပါတယ်လေ ... သူတို့အကုန်စုံစမ်းပြီး ဖြစ်နေရောပေါ့"

"ဟား ... ဟား ဟား .."



burmeseclassic.com

burmeseclassic.com



"ဦးရဠ အကြောင်းကျတော့...မြသွေးမှာ သူလို ငါလို သိထားတဲ့ အကြောင်းတွေကလွဲရင် ဘာမှပိုမသိရဘူးနော်"

"အဲ့ဒီတော့..."

သူက စကားထောက်ပေးသလို ပြောပေမဲ့ ကျွန်မ ဘာမှပြန်မပြော ပဲ ခပ်ပြုံးပြုံး အမူအရာဖြင့်သာ တုံ့ပြန်လိုက်သည်။ ရှင် တကယ်စိတ်ပါလို့ ပြောပြမဲ့စကားတွေကိုပဲ နားထောင်ချင်ပါတယ် ဦးရဠရယ်..။ ကိုယ့်ဘာသာ လိုက်စုံစမ်းပြီးမှသိရတာ မျိုးမဖြစ်ချင်ပါဘူး။

"ကိုယ့်အိမ်ကို အလည်ခေါ်ဖူးတာ မင်း,ယောက်တည်းပဲရှိတယ် ကိုယ့်အိမ်က မီးဖိုချောင်မှာဝင်ချက်ခွင့်ရတာလည်း မင်းတစ် ယောက်တည်းပဲရှိတယ်...မြသွေး"

"ဒါဖြင့် ကျွန်မက အရင်မိန်းကလေးတွေနဲ့ မတူဘူးပေါ့"

"မင်းက သူတို့လောက်မလှပါဘူး...ဒါပေမဲ့ မင်းမှာ ထူးခြားတဲ့ ဆွဲဆောင်မှုရှိတယ် ... ယုန်ကလေးတစ်ကောင်လို ဝိုင်းစက် နေတဲ့ မင်းရဲ့ မျက်လုံးတွေထဲ အရိပ်တွေက ရိုးသားတယ် အဲ့ဒီ ရိုးသားမှုကပဲ မင်းရဲ့ဆွဲဆောင်မှု ဖြစ်နေတာ ...မင်းသိလား"

"ဟင်းဟင်း...ဦးရဠကလူကိုမြှောက်နေပြန်ပြီ၊ ဘယ်လိုနေရမှန်း တောင် မသိတော့ဘူး။ ဒါပေမဲ့ တစ်ခုတော့ ပြောရဦးမယ် မြသွေး က ရှင်ထင်သလောက် ရိုးသားမှုရှိတဲ့ မိန်းကလေးတော့ မဟုတ်ဘူး။ မြသွေးမှာ လိုချင်တပ်မက်မှုရှိတယ် ... ဒေါသတရားတွေ ရှိတယ်...မနာလိုတက်မှုတွေရှိတယ်..."

ကြာဆံချက်လည်းအဆင်သင့်ဖြစ်ပြီမို့..ပန်းကန်လုံးထဲ ခပ်ထည့် ကာ ပြင်ဆင်ပေးလိုက်ပါသည်။ အငွေ့တထောင်းထောင်းနှင့် ရေတ်ကောင်း





ခပ်များများခပ်ထားသော ကြာဆံချက်မှုမှုကြောင့် စကားစပြတ်သွား ပါသည်။

"ဘယ်လိုလဲ...အဆင်ပြေရဲ့လား"

တစ်ဇွန်းခပ်သောက်လိုက်ပြီးသောအခါကျွန်မမေးလိုက်ပါသည်။

"ကိုယ် .. သိပ်မစားဖြစ်တဲ့ အစားအစာတွေထဲမှာ ကြာဆံချက် လည်းပါတယ်..စားဖူးတာသုံးလေးခါပဲ ရှိတယ်။ အဲဒီသုံးလေးခါ တွေထက်မင်းရဲ့လက်ရာကတော့ ပိုကောင်းနေတာ အမှန်ပဲ"

"သံပရာသီးညှစ် .. ရေတ်သီးမှုန့်ထည့်ပြီး နံနံပင်လေး ထည့်စား ရင်ပိုကောင်းတယ်"

"ကိုယ်..အဲဒါတွေ ထည့်စားရတာ မကြိုက်ဘူး"

"ဒါဖြင့် မုန့်ဟင်းခါးစားရင်ရော"

"မုန့်ဟင်းခါးစားရင်...နံနံပင်ပဲ ထည့်တယ်"

"အုန်းနို့ခေါက်ဆွဲကျတော့ရော..."

"သံပရာရည်ပဲညှစ်ထည့်တယ်"

"ဩော်...အစပ်မစားဘူးလား"

"နည်းနည်းပဲ စားလို့ရတယ်...မစားနိုင်တာ ပူစပ်ပြီး တရှူးရှူး တရှဲ ရှဲ ဖြစ်နေတာကို မကြိုက်လို့.."

"အရက်ကျတော့ရော..လည်ချောင်းထဲပူပြီး ဝင်သွားတာဆို"

ပါတီတွေ၊ ပွဲတွေမှာ သူ .. တစ်ခွက်နှစ်ခွက်သောက်ဖူးတာကို သတိရပြီး မေးလိုက်တာဖြစ်သည်။ သူ့အိမ်ရဲ့ထမင်းစားခန်း ကျယ်ကြီးထဲမှာ မှန်ကပ်ဗီရိုဖြင့် ဝီစကီပုလင်းများ၊ ဝိုင်ပုလင်းများ အစီအရီထည့်ထားတာကို တွေ့ရသဖြင့် မေးမိတာ ဖြစ်သည်။



burmeseclassic.com

burmeseclassic.com



"ပူပြီးဝင်သွားပေမဲ့ သူကရှူးရှဲနဲ့ အော်နေရလောက်အောင် မစပ်ဖူးလေ.."

ကြာဆံဟင်းခါး သောက်ရင်းသူလဲ ချွေးတွေဘာတွေစို့လာတာ တွေ့ရသည်။ သူနဖူးပြင်မှ ချွေးတွေကို တစ်ရှူးစက္ကူဖြင့် အသာတို့သုတ်နေသည်။ သူ..တစ်ပန်းကန်ကုန်သောအခါ...ထပ်ယူဖို့ မေးပေမဲ့ သူက ထပ်မယူတော့ဘူးဟု ပြောပြီး

"မင်းလက်ရာ မကောင်းလို့မဟုတ်ဘူးနော် . . ကိုယ်ဘာမှ သိပ်ဟက်ဟက်ပက်ပက်စားချင်စိတ်မရှိလို့ပါ"

ဟု...ဖြေရှင်းသလို ဆက်ပြောနေသေးသည်။

"ကိုယ်...အိပ်ရာထဲလှဲနေမယ်..မင်း..မပြန်နဲ့ဦးနော်"

"ဦးရှေ့ အိပ်သွားရင် ..မြသွေးတစ်ယောက်တည်း ပျင်းတယ်... စကားပြောရမဲ့လူမှမရှိတာ ပြန်မယ်နော်"

"ကိုယ်..မအိပ်ပါဘူး..မပြန်ပါနဲ့"

"ဟာ...အဲ့ဒီလိုတော့ မနေပါနဲ့..နေမကောင်းလို့ ဆေးသောက်ထားတာ အိပ်မှပေါ့"

"ကိုယ်အိပ်ရင် မင်းပြန်သွားမှာ စိုးလို့"

သူ . . ကလေးတစ်ယောက်လို ပြောလိုက်သံက ကျွန်မရင်ကို နွေးထွေးသွားစေပါသည်။ သူ ကျွန်မလက်ကို ဆုပ်ကိုင်ဆွဲခေါ်သွားရာ ပါသွားခဲ့သည်။ သူကြည့်ရတာ ဟန်ဆောင်နေရပေမဲ့ ချက်ချင်းလှဲအိပ်ချင်သလိုပုံစံဖြစ်နေသည်။ သူ့အခန်းက အပေါ်ထပ်မှာဖြစ်သည်။ အိပ်ခန်းကျယ်ကြီးလေးခန်းရှိလေရာ ဝရန်တာဘက်မှာ ရှိသော ထိပ်ဆုံးအခန်းက သူ့အခန်းဖြစ်သည်။





သူ့အခန်းကိုသော့ဖွင့်ဝင်လိုက်လျှင် ကျယ်ပြောလှသော အခန်းကျယ်ကြီးကို တွေ့ရသည်။ နှစ်ယောက်ထိုင်ဆိုဖာခုံရှည်တစ်လုံးပေါ် ကျွန်မထိုင်စေပါသည်။

တစ်ယောက်အိပ်ခုတင်ပေမဲ့ တော်တော်ကျယ်သော ခုတင်နှင့် မြှုပ်မွေ့ရာဖြစ်ပြီး ခြင်ထောင်မရှိပါ။ ခြင်လုံ သံဇကာများတပ်ထားသဖြင့် ခြင်လဲတစ်ကောင်တစ်လေတောင် မတွေ့ရ။ အိပ်ရာခြေရင်းရှိနံရံတွင် မှန်ဘီဒိုအကြီးကြီးကိုချိတ်ထားပြီး လေးဖက်လေးတန်မှာလည်း ရှည်ရှည်ဝါးအဆောင်းဘောက်(စ)များချိတ်ထားပါသည်။ နံရံကပ် အဝတ်ဗီရိုများကလည်း အပြည့်နေရာယူထားသလို..အခန်းထောင့်လေးမှာလည်း ရေတံခွန်အတုလေးကို သူ့အကန့်နဲ့သူထားသဖြင့် အသံတွေ အကုန်တိတ်ဆိတ်သွားလျှင် ရေကျသံလေးက စိတ်ချမ်းမြေ့စရာ ကောင်းလောက်အောင်ကြားနေရသည်။ သူဆွဲခေါ်လို့ ဝင်လိုက်လာရပေမဲ့..ကျွန်မ သူ့အခန်းထဲမှာနေရတာကို စိတ်မသိုးမသန့် ခံစားရလေသည်။

"ဦးရှေ့ အိပ်ရင်အိပ်ပါ..မြသွေး ထိုင်စောင့်နိုင်ပါတယ်"

"မင်း..မပြန်ရဘူး..မပြန်ဘူးလို့ ကတိပေးရင်အိပ်မယ်"

"မပြန်ဘဲ.. ဘယ်အချိန်ထိနေပေးရမှာလဲ"

"ခုနစ်နာရီထိနေပေး . . အဲ့ဒီအချိန်ထိ ကိုယ် . အိပ်နေသေးရင် မင်းပြန်လို့ရပြီ . . ကိုယ် . . ဦးကျော်ကျော်ကို မက်ဆေ့(ချ်) ပို့ထားလိုက်မယ်"

ကျွန်မ သူနဲ့ပြိုင်မငြင်းနေတော့ဘဲ လက်ခံလိုက်ပါသည်။ အမှန်အတိုင်း ဝန်ခံရရင် ကျွန်မကို တွယ်တာတဲ့အရိပ်အယောင်လောက်ပြပြီး ဒီလိုနေတာသူဆက်ဆံတာကို ကျေနပ်ပီတိဖြစ်နေမိတာမို့ ကျွန်မနှလုံးသား



burmeseclassic.com

burmeseclassic.com



ကအလွယ်တကူလိုက်လျောနေမိတာလည်း ဖြစ်သည်။

သူက ရေချိုးခန်းထဲဝင်သွားပြီး မျက်နှာသစ်၊ ခြေဆေးလက်ဆေး လုပ်ကာ အိမ်နေရင်းအဝတ်အစားလဲပါသည်။ အဖြူညစ်ညစ်အရော တီရှပ် ပွတစ်ထည်ရယ်၊ ကော်တွန်အထူသား သရီးကွားတား ကော်ဖီရော ကိုလဲလှယ်ပြီး ထွက်လာသောအခါ သူ့ပုံစံက ပေါ့ပါးပြီး သာမန်လူ တစ်ယောက်ပုံ ပေါက်သွားပါသည်။

"ကိုယ်..လဲအိပ်နေမယ်နော်"

"အိပ်ပါ ...မြသွေး စောင့်နေမှာပါ"

"ကိုယ့်ကို စကားပြောနေလေ"

"ဘာပြောရမှာလဲ"

"ဒီလိုပါပဲ . . မြသွေးအကြောင်းတွေပေါ့ . . . ငယ်ငယ် အကြောင်းက စပြီး စိတ်ထဲမှာမှတ်မှတ်ရရ ရှိ အကြောင်းတွေပေါ့"

"မြသွေး အကြောင်းတွေ ဦးရှု အကုန်သိပြီးသားလေ ဘာ ထပ်သိချင်ရတာလဲ"

"ကိုယ်က အပြင်လူ တစ်ယောက်အနေနဲ့ သိထားတာ ကိုယ်သိပြီးသား အကြောင်းအရာတွေမှာ မြသွေးရဲ့ခံစားချက် ပါထပ်ဖြည့်ပြီး သိရတော့ ပိုကောင်းတာပေါ့..ခုလောလော မှာ ကိုယ်စိတ်အဝင်စားဆုံးအကြောင်းအရာကဘာလဲ အဲ့ဒါ မြသွေးနိုပဲလို့ ဖြေလို့ရတယ်။ ကိုယ်မင်း စိတ်ဝင်စားတယ် မြသွေးနို"

ချစ်တယ်ဆိုသော စကားထက် စိတ်ဝင်စားတယ်ဆိုသော





ကိုသာ ပိုပြောလိုသော ဤယောကျ်ားတစ်ယောက်ရဲ့ရင်ထဲက ခံစားမှုကို ကျွန်မဘယ်လိုမှ နားမလည်နိုင်တော့ပေ။ သို့သော် . . ကျွန်မကိုယ် ဒီအခြေ အနေမှာနေသားကျကာ ဒါကိုလက်ခံလို့ရပါတယ်ဆိုရင် မှားနေသလား တော့မသိ။

"ကိုယ် . . မင်းပြောတာတွေနားထောင်ရင်း အိပ်ချင်အိပ်သွား လိမ့်မယ် . . အဲဒီအခါကျ . .မင်း,မပျင်းနေရအောင် ကိုယ့်ရဲ့ ipad (အိုင်ပက်)ကို ယူသုံးရင်သုံးနိုင်တယ်။ ဓာတ်ပုံအယ်ဘမ်တွေ ရှိတယ် ကြည့်လို့ရတယ်။ တစ်အိမ်လုံးကြိုက်တဲ့အခန်းဝင်ကြည့် နိုင်တယ်။ သိချင်တာရှိရင် ယူကြည့်ခွင့်၊ ကိုင်ကြည့်ခွင့်၊ ဖွင့်ကြည့် ခွင့် အကုန်ပေးတယ်နော်..။ ဘာမှ စိတ်ပူမနေနဲ့ . . .။"

သူက ..သူအိပ်မပျော်ခင်မှာ ပြောသွားပေမဲ့ ကျွန်မဘယ်အခန်းမှ ထဲ လျှောက်မကြည့်ဖြစ်။ ဘာပစ္စည်းကိုမှ ကိုင်မကြည့်ဖြစ်ဘဲ အယ်လ်ဘမ် တစ်ထပ်ကြီးနဲ့သာ သူ့အခန်းထဲတွင် ထိုင်ကာ အချိန်းဖြုန်းနေခဲ့ပါသည်။

ဓာတ်ပုံအများစုကတော့ သူငယ်စဉ်က ဓာတ်ပုံတွေမဟုတ်ဘဲ သူအသက်နှစ်ဆယ်ကျော်လောက်ကစပြီး ရိုက်ထားသော ဓာတ်ပုံများဖြစ် လေသည်။ နိုင်ငံတကာ ခရီးတွေမှာ ရိုက်ယူလာသော ဓာတ်ပုံတွေ တော်တော်များများပါသည်။

အာရှတစ်ခွင်သာမက ဥရောပ၊ အမေရိကားနှင့် အာဖရိကား အထိပါ သူရောက်ခဲ့သမျှတွေ တွေ့ရပါသည်။

သူငယ်ဘဝက ဓာတ်ပုံတွေဘယ်မှာလဲ သူ့ကိုဘယ်အရွယ် လောက်မှာ အစုလက်ရှိမိဘတွေက မွေးစားခဲ့တာလဲ။ သူ့ရဲ့မိဘရင်းတွေက ဘယ်သူလဲ။ သူ . . ဘာကြောင့် မိဘမဲ့ဖြစ်သွားရတာလဲ။ သူ့ရဲ့မိဘရင်းတွေ



burmeseclassic.com

burmeseclassic.com



နှုတ်ပိတ်သက်တဲ့ ခံစားချက်က ဘာလဲ၊ လျို့ဝှက်လွန်းသော သူ့ကို နားလည်
ခက်လှပေမဲ့ သူ..ဒီလို လျို့ဝှက်တာကိုပဲ ခွင့်လွှတ်နိုင်နေခဲ့မိပြန်သည်။

ထိုနေ့က . . . ညနက်နက်နှာရှိသော ထိုးဆရာ သူက ပြန်နီးမလာ
နစ်နစ်မြိုက်မြိုက် အိပ်ပျော်နေတာမို့ ကျွန်မလည်း ဒရိုက်ဘာကို အိမ်ပြန်
အကြောင်းကြားလိုက်ပါသည်။

တစောင်းအနေအထားနှင့် အသက်မှန်မှန်ရှုကာ အိပ်မောကျ
သော သူ့အနားသွားရပ်ပြီးကျွန်မ တစ်ချက်ငုံ့ကြည့်မိသည်၊ နဖူးကျယ်ကျ
ပေါ်ဝဲကျနေသော သူ့ဆံပင်ဖျော့ဖျော့တွေကို အသာတို့ထိသပ်တင်ပေး
သူ့နဖူးဆံစပ်ကို ရှပ်ကနဲအသာအယာပင် ငုံ့နမ်းဆိလိုက်သည်။ ,

*   *   *

# အပိုင်း (၃)

burmeseclassic.com

burmeseclassic.com

# (၁၅)

ကြွေရောင်တောက်ပသော ပိုးရင်ဖုံးအကျႌဘော်ဇကလေးနှ
ပိုးချိတ်ကြွေရောင်ပေါ် ရောင်စုံလှိုင်းများပါသော လုံချည်ဆင်တို့ကို ဝ
ဆင်ထားသော ကျွန်မကို သူတို့ တစ်အိမ်သားလုံးက ဝိုင်းကြည့်ကြသည်
မင်္ဂလာနစ်ပတ်လည်ပွဲမို့ လူတွေအများကြီး ဖိတ်ထားမည်ဟု မျှော်လင့်ထ
ပေမဲ့ တကယ်ကျတော့ မိသားစု ဝင်တွေသာရှိနေတာ တွေ့ရသည်။

"သားလတ် .. လာလာ .. ဝင်ခဲ့ .. သမီးပါ ခေါ်ခဲ့ပါ၊ အမယ်လေ
ဆိုင်းမဆင့်၊ ဗုံမဆင့်ပါလား၊ ညှေ့သည်ခေါ်လာမယ်ဆို
ကြိုဖုန်းဆက်တာမဟုတ်ဘူး"

ဒေါက်တာဒေါ်ကြည်ခင်က အရင်ဆုံး လက်ကမ်းကြိုဆိုတ
သူ့အနီးလာဖို့ လှမ်းခေါ်ပါသည်။ ဝိုင်းကြည့်နေကြသော မျက်လုံးအစုံပေ
များစွာထဲမှာ ကျွန်မ မနေတတ်မထိုင်တတ် ဖြစ်နေမိသည်။ ဦးရွှေက ကျွ
လက်ကို ဆွဲခေါ်ကာ သူ့အနားမှာထိုင်စေပါသည်။ တစ်ကိုယ်လုံး ဘာလ
ဝတ်လက်စားမှ ဝတ်မထားဘဲတစ်လုံးတည်းနဲ့တောက်ပဖြာလက်နေ‌ေသ
စိန်နားကပ်တစ်ရံကိုသာ ဝတ်ဆင်ထားသော ဒေါက်တာ ဒေါ်ကြည်ခင်
ရုပ်ရည်မှာ အင်မတန်မှ ချောမောတင့်တယ်နေလေသည်၊ အဝတ်အစ





တောက်တောက် ပြောင်ပြောင်ကြီး မဟုတ်ပေမယ့် ကိုယ်ရောင်
ကိုယ်ဝါလင်းဖြာနေသော သူဌေးမကြီး၏ မျက်လုံးတွေကတော့ ကရုဏာ
တရားဖြင့် ပြည့်လျှံနေကာ ခင်မင်နစ်လိုစရာကောင်းလှပါသည်။

"ကြည့်ပါဦး . . . ချစ်စရာလေးပဲ . . နာမည်ဘယ်လိုခေါ်လဲ . . .
ပြောပါဦး"

"မြသွေးနီပါရှင် . ."

"သြော် . . . သြော် . . . ရိုးရိုးလေးနဲ့ ဆန်းတဲ့ နာမည်ပဲ"

"ကိုလတ်က . . အားလုံးနဲ့ မိတ်ဆက်ပေးလေ . . ဒီတိုင်းကြီး
ထိုင်းနိုင်းထားတယ်"

သွက်သွက်လက်လက်နဲ့ အသံစူးစူးရှိလှသော ကျွန်မနဲ့ရွယ်တူ
လောက်ရှိမဲ့ မိန်းမချောလေးကတော့ သူ့ရဲ့ညီမ ဖြစ်လိမ့်မည်။

"ဟားဟား . . . အမရာတို့ကတော့စပြီပေါ့ . . သူ . . . ကိုလတ်ကို . .
ဆရာလုပ်ဖို့ဆို ရှေ့ဆုံးကပဲ . . ."

သူ အစ်ကိုဟုထင်ရသောသူက တဟားဟား ရယ်မောရင်း
ညီမဖြစ်သူ၏ ငယ်ထိပ်ကို အုပ်ကိုင်ပြီး တအားလှုပ်ရမ်းပစ်လိုက်သည်။

"အား . . . ခေါင်းကိုမူးသွားတာပဲ . . . မေမေ ဒီမှာကိုကြီး . . . မီးခေါင်း
ကိုမူးအောင်လုပ်တယ် . . တွေ့လား။"

"မမူးပါဘူး . . . အလကားအပိုတွေပြောတာ"

"အံမာ . . . မူးလားမမူးလား . . ကိုကြီးသိချင်ရင် အခု . . . ပြန်ခေါင်း
ကိုအလှုပ်ခံကြည့်မလား"

"ကလေးက . . လူကြီးခေါင်းကို ကိုင်စရာလား"

"ကဲ . . . ကဲ . . တော်ကြပါတော့ကွာ . . . ဒီမှာ မိန်းကလေး . . မင်းတို့



burmeseclassic.com

burmeseclassic.com



ကိုလန့်နေပါမယ်ကွာ…"

"သူတို့မောင်နှမတွေက ဒီလိုပဲ . . . သားကြီးနဲ့မီးငယ်

အမြဲတကျက်ကျက်လေ . . သားလတ်ပဲ . . အားလုံးနဲ့တည့်

သူကအေးလဲအေးတယ်…လိမ္မာတက်တယ် . . ဟင်းဟင်း"

အမရာသီဟက…ဖြတ်ကနဲ ကျွန်မနားတိုးကပ်ထိုင်လိုက်ကာ

"ကိုလတ်က . . . စပိုင် (SPY) သေလို့ဝင်စားတာသိလား။ သူ

ဘာမေးမေးဘယ်တော့မှ မပြောဘူး လိမ္မာတက်တယ်"

ဟု တရင်းတနှီး ပြောပါသည်။

"ဒို့နာမည်က . . အမရာ ဆိုတာ သိထားပြီးသားလား"

"ဦးရဋ္ဌက…ပြောပြလို့တော့ မဟုတ်ပါဘူး၊ အမရာတို့အကြောင်း

တွေက ဂျာနယ်တွေမှာ မကြာခဏပါတက်တော့လေ . . နာမည်

လေးတွေကလည်းဆန်းတော့ သိထားပြီးနေတာပါ"

"ဒါဆို…ကိုလတ်က အိမ်အကြောင်းဘာမှ မပြောပြဘူးပေါ့"

"ဟို…နည်းနည်းပါးပါးတော့ ပြောပါတယ်"

"သူ . ဒီအိမ်ကို ခေါ်လာတာ မြသွေးနီတစ်ယောက်ပဲ ရှိတယ်

သိလား"

ကျွန်မရင်ထဲ ရှိန်းကနဲ ပူနွေးသွားပါသည်၊ အမှတ်မထင် ဦးရဋ္ဌ

လှမ်းကြည့်မိတော့ ဘာအမူအရာမှ မပြောင်းဘဲ ခပ်အေးအေးသာ ပြန်ကြည့်

နေတာတွေ့ရသည်။

"ဧည့်သည်တချို့တော့ ဖိတ်ထားပါတယ်၊ ဒါပေမဲ့ သိပ်မများပါ

သိပ်ရင်းနှီးတဲ့ မိတ်ဆွေတချို့ပါပဲ . . လူသုံးလေးဆယ်လောက်

အန်ကယ်လ်တို့က မင်္ဂလာနှစ်ပတ်လည်တွေဘာတွေ မလုပ်





ပါဘူး၊ သားသမီးတွေနဲ့ မိတ်ဆွေတချို့က မှတ်မိပြီး တမေးမေး

လုပ်နေလို့ညစာ စုစားကြမယ်ဆိုပြီး စီစဉ်ရတာလေ"

ဦးသူရသီဟက ကျွန်မကို အရေးတယူပြောပြနေစဉ် အိမ်ရှေ့

ပေါ်တီကိုအောက် ကားတွေ ရှေ့ဆင့် နောက်ဆင့်ရပ်သံ၊ စကားပြော

နှုတ်ဆက်သံ ရယ်သံတွေကြောင့် ဧည့်သည်တွေရောက်လာပြီဖြစ်ကြောင်း

သတိထားမိကာ နှုတ်ဆက်ဖို့ သူတို့အပေါက်ဝကို ထသွားကြ တော့သည်။

"မြသွေးနီက…ဘယ်မှာလုပ်လဲ"

အစ်ကိုကြီးဖြစ်သူ သိခ်သီဟက မေးလာသဖြင့်

"ကျွန်မ . . ကျောင်းပြီးပါပြီ . . အလုပ်ရှာနေဆဲပါရှင့်"

ဟု ဖြေလိုက်လျှင်

"မဟုတ်ဘူးလေ . . မြသွေး။ မင်းကိုကိုယ့်တိုးကုမ္ပဏီ ရုံးခွဲမှာဝင်ဖို့

စီစဉ်ပြီးနေပြီလေ . . မင်းဘာသာ ဝင်မလုပ်တာ"

ဟူ၍ ဦးရဋ္ဌက မကျေမနပ် ဝင်ပြောလိုက်သည်။ သိခ်သီဟ

တတော့

"ဟုတ်လား…ဘာလို့ဝင်မလုပ်တာလဲ"

ကျွန်မ…ဘယ်လိုဖြေရမှန်းမသိခင် ဧည့်သည်တွေနဲ့အတူ သူတို့

မိဘတွေ အိမ်ထဲဝင်လာသဖြင့် စကားပြတ်သွားရပါသည်။

"ဧည့်သည်တွေရှေ့မှာ မင်းဘာပြောရမလဲဆိုတော့ ORION

(အိုရိုင်ယွန်)ရဲ့ တိုးကုမ္ပဏီခွဲမှာ မင်းက မန်နေဂျာလုပ်တယ်လို့

ပြောကိုပြောရမယ် . . မြသွေး။ ဒီအလုပ်နေရာဟာ မင်းအတွက်ပဲ

ဘယ်သူ့ကိုမှ ပေးဖို့မရှိဘူး"

ဘယ်သူမှ မရှိတုန်း ကျွန်မကို ကျိတ်ပြီးအနားကပ်



burmeseclassic.com

burmeseclassic.com



ပြောလာပါသည်။

"အရည်အချင်းဘာမှမရှိပဲနဲ့ မန်နေဂျာရာထူးတက်ယူပြီး ရုံးခန်းထိုင်ရမှာ လိပ်ပြာမသန့်လို့ပါ ဦးရွှေရယ်..."

"မင်းမှာအရည်အချင်းရှိပါတယ် ... မင်းက Smart (စမတ်) ဖြစ်တယ်၊ သွက်တယ်၊ ဉာဏ်လည်းထက်တယ်၊ ဒီတော့ဒီအလုပ်နေရာကို ဘာဝင်မလုပ်ရဲစရာရှိလဲ"

ဧည့်သည်တွေ အသီးသီး ဝင်လာသဖြင့် ကျွန်မနဲ့သူစကားပြတ်သွားပြန်ပါသည်။ ဧည့်သည်စုံတွဲတွေထဲမှာ ဝင်းကန်နေရောင်လှဝင့်ပါနေသော အမျိုးသမီးခပ်ချောချော တစ်ယောက်ကို တွေ့ရသည်၊ သူနဲ့တွဲလာသော အမျိုးသားကတော့ သူ့ထက်များစွာ အသက်ကြီးနေပုံရသည်။ ထိုအမျိုးသမီးကတော့ လေးဆယ်ဝန်းကျင်လား၊ သုံးဆယ်ကျော်လား ဘယ်လိုမှ မခန့်မှန်းနိုင်အောင် နပျိုလှပ လှသည်။

မယ်တစ်ယောက်လိုပဲ မြင့်မားရှည်သွယ်သော အရပ်ကြီးနဲ့ လိုက်အောင် ပြေပြစ်လှပ လှတဲ့ခန္ဓာကိုယ်အချိုးအစားရယ် ဝင်းဝါဖြူစင်လှသော အသားအရေရယ် ထို့ကြောင့် ဘယ်အမျိုးသမီးမှ မယှဉ်နိုင်လောက်အောင် ဆွဲဆောင်မှု ရှိလှသည်။ သူမ၏ မျက်နှာပြင်မှာလဲ ရှိရှိသမျှ သွင်ပြင်လက္ခဏာတို့မှာ သူနေရာနဲ့သူ အဆင်ပြေစွာ လှနေကြတာ တွေ့ရသည်။ ဇာကွက်နဲ့ပိုးရောချုပ်ထားသော အနက်ပြောင်ပြောင် ဝတ်စုံမှာ လှုပ်ရှားလိုက်တိုင်း ငွေမှုန်တွေလက်လက်ထသွားတက်သော အဆင်မျိုးဖြစ်နေပါသည်။ ကျွန်မ သူ့ကိုငေးသွားတော့ ဦးရွှေက ကျွန်မ လက်ကို တင်းကာဆွဲကိုင်လိုက်ကာ

"မင်းကို သူလာနှုတ်ဆက်ရင် ဟန်မပျက်ဆက်ဆံနော်၊ မင်းဟာကိုယ့်ရဲ့တစ်စုံတစ်ယောက်သော အရေးပါသူနော်"

ဟုကြိုတင်မှာကြားလိုက်သဖြင့် ကျွန်မ...အံ့ဩနေမိစဉ်...။

"အို...ရွှေ...ရောက်နေပါသလား"

ဟူသော နှုတ်ဆက်သံနှင့် အမျိုးသမီး၏ စူးစူးရဲရဲ အကြည့်တို့က ကျွန်မထံရောက်လာပါသည်။ ဦးရွှေ၏ လက်တွေပိုတင်းသွားကြောင်း ကျွန်မခံစားလိုက်ရသည်၊ သူ...ချက်ချင်းပဲ...ကျွန်မရဲ့ပခုံးကိုဖွဖွဖက်လိုက်ခြင်းကြောင့် အမျိုးသမီးရဲ့ မျက်လုံးတွေက ပိုပြီးနက်မှောင်သွားသလို ထင်ရသည်။ ဒီအမျိုးသမီး ဘယ်သူလဲ၊ သူဟာ ဦးရွှေရဲ့နှလုံးသားကို ပိုင်ဆိုင်ထားခဲ့ရသူလား၊ သူ့ကြောင့်ပဲ ဦးရွှေဟာ အချစ်ဆိုတာကို မယုံကြည်ခဲ့တော့သူလား။

"မမကြည်တို့က မင်္ဂလာနှစ်ပတ်လည်ကို မေ့ချင်ယောင်ဆောင်နေတာ ဘယ်ရမလဲ ... ဒို့တွေက မှတ်ကို မှတ်မိပြီး ဒီနှစ်တော့ ကျွေး ရမယ်ဆိုပြီး ပူဆာပစ်လိုက်တာ နှစ်လေးဆယ်ဆိုတာက မှတ်မှတ်ရရ မှတ်တိုင်တစ်ခုဆိုတော့ ကျွေးရမယ်လို့ ဟင်းဟင်း ဒါနဲ့ ရွှေရော မတွေ့တာကြာပြီ...ဘယ်လိုလဲ..ဘာသတင်းကြားရတော့မှာလဲ"

"ကြားစရာ သတင်းရှိရင်တော့ ကြားရမှာပေါ့...မမနွေ..."

"မိတ်ဆက်ပေးလေဟယ်...ရွှေတို့က မေ့ချင်ဟန်ဆောင်နေပြန်ပါပြီ..ကြည့်ပါဦး..အစ်ကိုကြီးရယ်...ချစ်စရာလေးကို..ရွေးထားတာနော်..ဘယ်သူမှအသိမပေးဘဲ လျှို့ဝှက်ထားသေးတယ်.."

အမျိုးသမီးက သူမအနီးမှာ လာရပ်သောအမျိုးသား၏ လက်မောင်းကိုအသာကိုင်ရင်း ရယ်မောပြောနေပေမဲ့ မျက်လုံးထဲမှာ အလိုမကျမှု







burmeseclassic.com

burmeseclassic.com



တွေ အထင်းသားမြင်နေရလေသည်။ ဘာတွေမှန်းမသိတဲ့ သူတို့ရဲ့ ပတ်သက်မှုကို ကျွန်မလေ့လာ အကဲခတ်နေမိပါသည်။

"သူက မြသွေးနီတဲ့ ... ORION ရဲ့စမ်းချောင်း တိုးကုမ္ပဏီရုံးခွဲမှာ MD ပါ..."

"အော် . . . ရွှေရဲ့ ကုမ္ပဏီကပဲ . . . ဘယ်လောက်ကြာပြီလဲ .. အလုပ်ဝင်တာ..."

"မကြာသေးပါဘူး...သူက ဟိုတလောကမှ French (ဖရန့်ရှ်)နဲ့ ဒီပလိုမာပြီးသွားတာလေ . . . ကျောင်းပြီးပြီးချင်း ကျွန်တော်ပဲ သူ့ကို အတင်းအကျပ်အလုပ်ထဲဆွဲသွင်းထားလိုက်တာ . . စိတ်မချရဘူးလေ..။ သူက...တိုးဂိုက်ဒ်လုပ်ပြီးခရီးသိပ်ထွက်ချင် နေတော့...ရုံးခန်းထဲ အတင်းထိုင်နိုင်းထားရတယ်"

"ဟုတ်လား . . . ညီမက . . တိုးရစ်(စ်)ဂိုက်ဒ်လုပ်ချင်တာလား လုပ်ချင်ရင်ပြောနော်...ဒို့မှာ ခည့်သည်တွေအများကြီး ရှိတယ်"

"မြသွေး . . . သူက ဒေါ်နွေနံနက်ခင်းတဲ့ ဒါက သူ့အမျိုးသား ဦးအာကာ၊ Royal Crown (ရိုင်ရယ်စခရောင်း)ဟိုတယ်လ်ဆိုတာ သူတို့ပိုင်တဲ့ ဟိုတယ်လ်တွေပဲ မြန်မာပြည်အနှံ့မှာ ရှိတယ်လေ"

"ဟုတ်ကဲ့ပါ .. Royal Crown ကကြားဖူးပါတယ်၊ အပြင်ကလဲ မြင်ဖူးပါတယ် . . အရမ်းကိုလှပပြီး အရမ်းနာမည်ကြီးတဲ့ ဟိုတယ်လ်ကြီးပါပဲ။ အခုလိုတွေ့ခွင့်သိခွင့်ရတာ ဝမ်းသာ ပါတယ်ရှင်"

နွေနံနက်ခင်းတဲ့ . . .။ လှလိုက်တဲ့ နာမည်လေး။ နာမည်နဲ့လူနဲ့ လိုက်ဖက်လှပါသည်။ လူကလည်းအပျိုစား...။ နာမည်ကလည်း ကဗျာဆန်





ဆန်အပျိုစား . . .။ ဘာမှယှဉ်မရအောင် လှပထူးခြားနေတာ။ ကျွန်မလို မြသွေးနီဆိုတဲ့ တောဆန်ဆန်နာမည်လိုလို ဘာလိုလို လူဟာ နွေနံနက်ခင်းနဲ့တော့ ဘယ်လိုမှ ယှဉ်မရပါ။

"ဟော...ဦးရွှေ ရောက်နေတာကို။ အတော်ပဲဗျာ ဟိုတစ်ပတ်က ကမ်းလှမ်းထားတဲ့ အလုပ်ကိစ္စလေး ပြောဦးမှ ဟားဟား ပါတီပွဲလာပြီး အခွင့်ကောင်းယူရာ ရောက်နေမလား မသိဘူး"

ဧည့်သည် တစ်ယောက်က အလိုက်ကန်းဆိုးမသိစွာ အလုပ်ကိစ္စတွေလာ ပြောနေသဖြင့် ဦးရွှေလည်း ကျွန်မကို မထားချင်၊ ထားချင်ဖြင့် ထားရစ်ခဲ့ကာ ဒီနားက ခဏထွက်သွားရသည်။ ခြံဝန်းထဲမှာပဲ စားပိုင်းတွေ ခင်းကာစားကြသောက်ကြဖို့ စီစဉ်နေတာမို့ အိမ်ပေါ်တွင် ဘယ်သူမှ သိပ်မကျန်တော့ဘဲ အားလုံးလိုလို ခြံထဲရောက်ကုန်ကြသည်။ ဒေါ်နွေနံနက်ခင်းရဲ့ အမျိုးသား ဦးအာကာလဲ "ခွင့်ပြုပါဦး ..မမြသွေးနီ" ဟုတစ်ခွန်းပြောတာ ခြံထဲဆင်းသွားပါသည်။ ဒီတော့ ကျွန်မနဲ့ဒေါ်နွေနံနက်ခင်းသာ ကျန်ရစ်လေသည်။

"ရွှေနဲ့ အသက်ဘယ်လောက်ကွာလဲ"

"ကျွန်မ အသက်နှစ်ဆယ့်နှစ်ထဲမှာပါ"

"ဒါဆို ..ခုနစ်နှစ်တောင် ကွာတာပေါ့..ဒို့နဲ့ရွှေလည်းအသက်ကွာ တယ်...ဆယ်နှစ်တောင်ကွာတာ"

"အော်...ဒါဆို မမနွေက သုံးဆယ်ကိုးပေါ့နော်"

ဘာဆိုင်လို့ ဦးရွှေနဲ့သူ ဆယ်နှစ်ကွာတာကိုလာပြောသလဲ ကျွန်မ ခေါင်းထဲတွင် မေးခွန်းတွေ ဆက်တိုက်ထွက်လာပါသည်။

"သူ့ မိသားစုနဲ့ ခေါ်တွေ့ပြီး မိတ်ဆက်ပေးဖူးတာ မြသွေးနီပဲ . .



burmeseclassic.com

burmeseclassic.com



ရှိတယ်..အဲဒါသိလား"

"သိပါတယ်"

"ဘယ်လိုသဘောရလဲ"

"ရှင်.."

"ရဋ္ဌနဲ့ မြသွေးနီရဲ့ဆက်ဆံရေးဟာ တစ်မျိုးထူးခြားမှုရှိနေတယ် မထင်ဘူးလား။ သူတွဲနေတဲ့ မိန်းကလေးတွေ အများကြီးဆိုတာ နဲ့ ...အမြဲသတင်းကြားတယ်လေ ..ဒါပေမဲ့ မြသွေးနီလောက် ထိတော့ ဘယ်သူမှ အခွင့်အရေးမရကြဘူး"

သူနဲ့ဘာဆိုင်လို့ ကျွန်မတို့ရဲ့ ဆက်ဆံရေးကို စိတ်ဝင်တစား ပြောဆိုဆွေးနွေးချင်ရသနည်း။ တဖြည်းဖြည်းနှင့် ကျွန်မ ဇာတ်လမ်းတစ်ပုဒ် ကို သိလာသလိုပင်၊ သူမဟာ ဦးရဋ္ဌရဲ့အချစ်ဦး...။ မမမောင်လေးဇာတ်လမ်း တစ်ပုဒ်ပေါ့...။ ဒီမမဟာ ဦးရဋ္ဌကို ချစ်ရက်နဲ့သူ့ထက်အသက်ငယ်လို့ ထားခဲ့ သလား။ ဒါမှမဟုတ် ပါမွှားကောင်လေးထက်စာရင် ဟိုတယ်လ် လုပ်ငန်းရှင် သူဌေးကြီးကို ရွေးသင့်တယ်ဆိုပြီး ရွေးချယ်လိုက်သလား။ တကယ်ချစ်တာ က ရဋ္ဌဆိုတဲ့ ကောင်လေး ..။ တကယ်လက်ထပ်လိုက်တာက ဦးအာကာ ဆိုတဲ့ သူဌေးကြီး။

ဒီသူဌေးကြီးကိုသာ လက်ထပ်လိုက်ရပေမဲ့ ရဋ္ဌဆိုတဲ့ ကောင်လေး ကိုတော့ အချစ်မပြယ်နိုင်ဘဲ လွမ်းမောနေဆဲ၊ ရဋ္ဌရဲ့ အချစ်ရေးတွေမှာ သဝန်တိုပူပန်နေဆဲ၊ ရဋ္ဌကို ဘယ်သူ့လက်ထဲမှ မထည့်နိုင်လောက်အောင် နမြောတွန့်တိုနေဆဲ ..။

ကျွန်မ ..ထိုသို့ ဝေဖန်သုံးသပ်မိကာ ထိုအမျိုးသမီးကို အဓိပ္ပာယ် ပါသော အပြုံးဖြင့် ပြန်ပြုံးကြည့်လိုက်ပါသည်။





"ရဋ္ဌက ..မချစ်တတ်ဘူး ...မြသွေးနီ ..။ သူသိပ်ချစ်ခဲ့တာ တစ်ယောက်ထဲပဲ..."

"ဒီတစ်ယောက်ထဲကိုပဲ ချစ်ခဲ့ပြီး အဲဒီတစ်ယောက်နဲ့ မဆုံးဆည်း ရတဲ့အခါမှာ ဘယ်သူ့ကိုမှ ထပ်မချစ်နိုင်တော့ဘူးဆိုတာတော့ သိပ်အဓိပ္ပာယ်မရှိဘူးလို့ထင်တယ်၊ ဦးရဋ္ဌကိုယ်တိုင်က ပြော တယ်လေ...ဒီတစ်ယောက်ကို ချစ်လိုက်၊ ကွဲလိုက်၊ အသည်းကွဲ တာခံစားရလိုက် . .နောက်တစ်ယောက်ပြန်ချစ်လိုက်ဆိုတာနဲ့ ဘဲ...သံသရာလည်နေရတယ်တဲ့ ..."

"ဩော် ...ဟုတ်လား ...သူဒီလိုပဲပြောလား။ သူဘယ်နယောက် ပဲချစ်ချစ်လေ ...အချစ်ဦးလောက်တော့ သူဘယ်ချစ်မလဲ"

"ကျွန်မက သူ့ရဲ့အချစ်ဆုံးပဲ ဖြစ်ချင်တယ် ..ဒါဆို ..သူဘယ်သူ့မှ ထပ်မချစ်တော့ဘူးလေ ...ဟုတ်တယ် မဟုတ်လား"

ဒေါ်နွေနံ့နက်ခင်း မျက်နှာပုပ်သိုးသွားပါသည်။ တစ်ခုခုကို ပြန် ပြောတော့မလို ပြင်စဉ်မှာပင် ဦးရဋ္ဌ အရင်ရောက်လာသဖြင့် မပြောဖြစ်ဘဲ

"ဟေး ...ရဋ္ဌ ..အမျိုးသမီးစကားဝိုင်းလေ ဘာလာရှုပ်တာလဲ"

ဟု နင်လှွတ်ချင်သည့်အသံဖြင့် ဦးရဋ္ဌကိုသာ ဦးတည်ပြောလိုက်လေသည်။ ဦးရဋ္ဌက သူမကို တစ်ချက် ခပ်ရှုးရှုးကြည့်လိုက်ပြီးမှ ကျွန်မထံ လက်ကမ်းကာ ...

"မြသွေးကို ...ကိုယ်နေခဲ့တဲ့ အခန်းလိုက်ပြမယ် ..လာခဲ့၊ ဒီအိမ် မှာ ကိုယ်အသက်နှစ်ဆယ်အထိ နေခဲ့တာလေ"

သူနဲ့လိုက်ခဲ့ဖို့ အကြောင်းပြခေါ်လိုက်သဖြင့် ဒေါ်နွေနံ့နက်ခင်း တစ်ယောက် လှုပ်လှုပ်ရှားရှားဖြစ်သွားပါသည်။ ကျွန်မ ဦးရဋ္ဌလက်ကို တော့



burmeseclassic.com

burmeseclassic.com



ဒီတစ်ခါမှာတော့ ဝင့်ဝင့်ကြွားကြွား၊ကျေကျေနပ်နပ်ပင် တွဲထားလိုက်မိသည် (ဘာကြောင့် ဒီတစ်ခါမှ လို့သုံးရသလဲဆိုတော့ အခါများစွာတွေမှာ ကျွန်မ မဝံ့မရဲနဲ့ စိတ်အနှောင့်အယှက်ဖြစ်စွာ တွဲခဲ့ရတာတွေမို့ပါ)။

သုံးထပ်ရှိသော တိုက်ကြီး၏ ဒုတိယထပ်ကို အတူတက်လာခဲ့စဉ် ဦးရဋ္ဌက အိမ်လှေကားနံရံအပြည့် ချိတ်ထားသောဓာတ်ပုံများစွာတို့ကိုလည်းလက်ညှိုးနှင့်တစ်ပုံချင်း ထောက်ပြရင်း ဘယ်သူဘယ်ဝါဟူ၍ ရှင်းပြပေးလေသည်။ ဦးသူရသီဟနှင့် ဒေါ်ကြည်ခင်တို့ဘက်မှ အမျိုးအဆွေတွေရော၊ မိတ်ဆွေတွေရော ဦးရဋ္ဌတို့ငယ်စဉ်ကဓာတ်ပုံတွေရောကို ဓာတ်ပုံမှန်ဘောင်များစွာတို့ဖြင့် နံရံအပြည့်ချိပ်ထားသည်မှာဓာတ်ပုံပြခန်းတစ်ခုထဲကို ရောက် သွားရသည့်အလား များပြားလှသည်။

"ကိုယ့်ကို ... သုံးနှစ်သားမှာ မွေးစားခဲ့တာလေ .. ကိုယ်က မိဘမဲ့တစ်ယောက်ပါ . .။ မေမေ ဒေါ်ကြည်ခင်က အစ်ကိုကြီးကိုတော့ ရင်ခွင်ပိုက်ကလေးဘဝထဲက မွေးစားခဲ့တာလို့ပြောတယ် အစ်ကိုကြီးအတွက် အဖော်မဲ့နေလို့ဆိုပြီးကိုယ့်ကို ထပ်မွေးစားတာကိုယ်ငယ်ငယ်ကသိပ်ဆိုးတယ်။ အမြဲဂျီကျနေတာ အစ်ကိုကြီးကိုလဲသိပ်ဗိုလ်ကျတယ် ဘာဝယ်ပေးပေး အလိုမကျနိုင်ဘူး။ အမြဲငိုပြီး တအီအီလုပ်နေတဲ့ကလေးပေါ့၊ ဖေဖေနဲ့ မေမေက သိပ်ကိုမေတ္တာကြီးမားပါတယ်၊ အဲဒီလိုဆိုးတဲ့ ကလေးကို တစ်ချက်တောင် မငြိုငြင်ခဲ့ဘူး၊ ချိုပိုးယုယချော့မြူပြီး စိတ်ရှည်လက်ရှည်ထိန်းခဲ့ကြတယ်၊ကိုယ်..ဘယ်အချိန်မှဂျီကျတာရပ်လဲဆိုတော့ အမရာလေးကို အိမ်ခေါ်လာတဲ့ အချိန်ကျမှတဲ့ ကိုယ့်ကို မွေးစားပြီး နှစ်နှစ်ကြာတော့ အမရာအိမ်ရောက်လာတာ





အမှန်တော့ ဖေဖေနဲ့မေမေက လူမှုရေးအလုပ်တွေ တစ်ဖက်နဲ့ဆိုတော့ ကလေးထပ်မွေးစားဖို့ အချိန်မပေးနိုင်တော့လို့ မမွေးစားတော့ဘူးလုပ်နေတာ အမရာကတော့လေ ဆေးရုံမှာ သူ့အမေက ပစ်ထားခံခဲ့ရတဲ့ ကလေးလေးဆိုတော့ မေမေကသနားပြီး အိမ်ခေါ်လာခဲ့တာပေါ့။ အဖေဆိုတာကလည်း မွေးစာရင်းထဲမှာပဲ ရှိတယ်၊ ဘယ်သူမှန်းကိုမသိဘူး။ အမေကလည်းပစ်သွားတာဆိုတော့မေမေက သူနဲ့ထိုက်လို့ရတာပဲလို့ ယူဆပြီးအိမ်ခေါ်ခဲ့တော့တာပဲ။ အဲ့ဒီကျမှ ဂျီအေးကောင် ရဋ္ဌသီဟလဲ အငိုတိတ် ပြီးပြုံးရယ်တော့တယ်တဲ့"

သူက ဓာတ်ပုံတွေကိုပြရင်းသူ့မိသားစု အကြောင်းလွှမ်းမောစွာ ပြောပြနေခဲ့သည်၊ သူ့မျက်လုံးတွေမှာ မျက်ရည်ဝဲသွားလိုက်၊ ပြုံးလျက်ကြည်နူးလာလိုက် ဖြစ်နေပါသည်။

"ဦးရဋ္ဌ အဖေရင်း၊ အမေရင်းတွေကိုရော သိလား"

"မသိဘူး . . . ကိုယ်သိလဲမသိချင်ပါဘူး . . အကြောင်းတစ်ခုခုကြောင့် ကိုယ်ဟာမိဘမဲ့ဂေဟာမှာ နေနေရတဲ့ကလေးပဲ မိဘမရှိတဲ့သဘောပါပဲ၊ ရုပ်ရှင်တွေ၊ဗွီဒီယိုတွေထဲကလို ဇာတ်နာအောင် မတွေးချင်ဘူး။ ပြန်လဲမဆုံနိုင်ဘူးလို့ထင်တယ်"

ကျယ်လွန်းနေသော ဒုတိယထပ်တွင် အိမ်တစ်လုံးစာ ပရိဘောဂ ပစ္စည်းများ အပြည့်ရှိလေသည်၊

"ဖေဖေနဲ့မေမေက . အပေါ်ဆုံးထပ် တစ်ထပ်လုံးမှာနေတာများတယ်၊ အခုနောက်ပိုင်း မေမေဒူးနာတော့ အပေါ်တက်ဖို့ ဓာတ်လှေကားအသေးလေးလုပ်ပြီး၊ မီးဖိုခန်းဘေးကနေ တက်လို့ရ



burmeseclassic.com

burmeseclassic.com



တယ်"

အိမ်ထဲမှာတောင် ဓာတ်လှေကားရှိသတဲ့၊ ကျွန်မအံ့ဩရလွန်းလို့ သဖြင့် အသံတိတ်သွားပါသည်။

"ဒါက ကိုယ့်အခန်း . . . သုံးနှစ်အရွယ်ကနေအသက် ဆယ့်ရှစ်နှစ်အထိ နေခဲ့တဲ့အခန်းလေး"

အခန်းကတော့ လူတစ်ယောက်နေနေသည့် အတိုင်းပင် အိပ်ရာ ခုတင်အဝတ်ဗီရိုကအစ ပုံစံမပျက်ရှိနေတုန်းပင်၊ နံရံကပ် အဝတ်ချိတ်စင် တွေမှာလည်း အဝတ်အစားတွေချိတ်ထားဆဲ ဖြစ်ပါသည်၊ ခုတင်ခြေရင်း နံရံမှာတော့ မြားပစ်ဆော့ကစားသော စက်ဝိုင်းချိတ်ထားပါသည်၊ ဦးရဋ္ဌက ခုတင်ပေါ်ကလက်လှမ်းလိုက်ရင်း အိပ်ရာဘေးစားပွဲပေါ်မှာ ပြန့်ကျဲနေ သော မြားတံလေးတွေထဲမှ တစ်ခုကိုယူကာ နံရံရှိစက်ဝိုင်းဆီ ပစ်လိုက် ပါသည်၊စက်ဝိုင်း ဗဟိုတည့်တည့်ကို မြားတံလေးက စိုက်ဝင်သွားပါသည်။

"ဦးရဋ္ဌ တစ်ခါတလေ ဒီမှာလာနေလား"

"လာနေတယ် ဟားဟား တစ်နှစ်မှ နှစ်ခါပဲ ဖေဖေ့မွေးနေ့နဲ့ မေမေ့ မွေးနေ့တွေမှာလေ"

"ဒါပေမဲ့ အခန်းကတော့ ပြင်ပေးထားတယ်"

"မေမေကတကယ်တော့ သူတို့နဲ့ပဲနေစေချင်တာလေ ယောကျ်ားလေးနှစ်ယောက်က ခွဲထွက်သွားပေမဲ့ တစ်နေ့ပြန် လာနေချင်နေလို့ရအောင်ဆိုပြီး အမြဲပြင်ဆင်ထားတာပေါ့"

"အခု . . . အမရာပဲ . . မိဘနဲ့ နေတဲ့သူပေါ့နော်"

"ဟုတ်တယ်"

"ဦးရဋ္ဌကို တစ်ခုမေးမယ်"





"မမနွေအကြောင်းမဟုတ်လား"

ဦးရဋ္ဌက ကျွန်မလက်ကောက်ဝတ်ကို ဆွဲကာ သူနှင့်အတူယှဉ်ထိုင် ခိုင်းပါသည်၊ သူ့အိပ်ခန်းကျ အိပ်ရာတော့မဟုတ်ပေမဲ့ ဒီလိုမျိုး အိပ်ရာ ခင်းတစ်ခုအပေါ်မှာက တူတူထိုင်ရသောအခါ ကျွန်မ မနေတတ်မထိုင် တတ်ဖြစ်ကာ ကိုယ်ကြီးတောင့်မတ်ထားမိသည်၊ တစ်ယောက်ယောက် သွားရင် မကောင်းဘူး၊ ဒုက္ခပဲ ဆိုတာ ရေရွတ်သံတွေ ရင်ထဲမှာဆူညံ သည်။

"မေးလေ"

"ဦး . . . ဦးရဋ္ဌ . . . မြေသွေးတို့ဒီထဲမှာဒီလိုနေဖို့မသင့်ဘူးထင်တယ်"

"အခန်းတံခါးတွေ ဖွင့်ထားတာပဲ၊ ပြီးတော့ မင်းက ကိုယ့်ရဲ့ အမျိုးသမီးလေးလေ . . . ဘာတွေစိတ်ပူနေတာလဲ"

"အဲဒါ . . တကယ်မဟုတ်ဘူးဆိုတာ မြေသွေးရောဦးရဋ္ဌရောသိနေ တာပဲလေ . . တစ်နေ့ကျရင် လမ်းခွဲကြရမှာပဲ စာချုပ်ထဲက အတိုင်းဆိုရင် . ."

"အို . . . မင်းပါးစပ်ပိတ်ထားစမ်းပါ . . ဘာစာချုပ်လဲ ဘာတွေလာ ပြောနေတာလဲ ကိုယ့်ခေါင်းထဲမှာ ဘာမှမရှိဘူး၊ ရဋ္ဌသီဟက သူ စိတ်မပါရင်ဘာမှ မလုပ်ဘူး၊ စိတ်ပါလို့ ဒါတွေလုပ်နေတာ မြေသွေးနိ . ."

သူ . . အလိုလိုနေရင်း ဒေါသကြီးနေကာ ကျွန်မပခုံးကို ဆောင့်က တ်ပစ်လိုက်ကာ သူ့ရင်ခွင်ထဲတင်းနေအောင် ထည့်ထားလိုက်သော ကျွန်မ တုန်ရီချောက်ချားကာ ငိုချင်လာသည်။

"ဦး . . ဦးရဋ္ဌ . . . ကျွန်မကို . . လွှတ်ပါ . ."



burmeseclassic.com

burmeseclassic.com



"မင်း...ကိုယ့်ရဲ့ကောင်မလေးလေ"

"မဟုတ်ဘူး..ဘာမှမဆိုင်ဘူး..ဦးရွှေ၊ ဟန်ဆောင်နေတာ
ပါ။ ဦးရွှေဘာသာ ကိုယ်သိပ်ချစ်ရတဲ့ ချစ်ဦးသူ မမနွေကို
တာနဲ့ ကျွန်မကို အသုံးချနေတာ၊ သူ့ကိုမပုံကျရတဲ့ ဒေါသ
ကျွန်မကို ပုံကျနေတာ၊ သူ့ကို မနိုင်ခဲ့ရသမျှ ကျွန်မကို အနိုင်
နေတာ ကျွန်မသိတယ်"

ကျွန်မ၏ ရန်တွေ့စကားတွေက သူ့အရှိက်ကို ထိသွားပုံရသ
သူချက်ချင်းပဲကျွန်မကိုဆောင့်ကနဲတွန်းထုတ်ပစ်လိုက်ကာချက်ချင်း
လိုက်ပါသည်။ သူခါးနစ်ဖက်ကို ခပ်ပြေပြေထောက်ရင်း ကျွန်မကို ကျော
ထွက်သွားကာ ပြတင်းပေါက်မှာ သွားရပ်နေပါသည်၊ အတန်ကြာ
ဆိတ်နေပြီးမှ ကျွန်မကိုလှည့်မကြည့်ဘဲ ကျောခိုင်းရပ်နေသည့် အ
ထားနဲ့ပင် တစ်လုံးချင်း စပြောပါသည်။

"ဟုတ်တယ်..မင်းစွပ်စွဲတာတွေ မှန်တယ်..မြသွေး"

သူ..ဒီတစ်ခွန်းကို အရင်ပြောပြီးမှ အသက်ခပ်ပြင်းပြင်း တ
ရှူရှိုက်လိုက်ကာ..

"ကိုယ့် .. အသက်ဆယ့်ငါးနှစ်မှာ .. မမနွေကိုစတွေ့
သူကဖေဖေနဲ့ မေမေတို့ မိတ်ဆွေရဲ့ တစ်ဦးတည်းသော
သိပ်လှတယ်၊ သိပ်ထက်တယ်၊ ကိုယ့်ထက် အသက်ဆယ်
တဲ့မမ တစ်ယောက်က ကိုယ့်အချစ်ကို လက်ခံခဲ့တဲ့အခါ
တကယ်အရူးအမူး ဖြစ်ခဲ့တယ်၊ သူ့လို ဆွေးစဉ်မျိုးဆက်
သမီးလေးက ကိုယ့်လို သူဌေးက ကောက်မွေးထားမှ သူဌေး
ဘဝရောက်ရတဲ့ ကောင်လေးကိုသူ ပြန်ချစ်တယ်ဆို





ကိုယ့်အတွက်ဆုလာဒ်ကြီးတစ်ပါးပဲပေါ့လေ၊ သူ့ကြောင့်ပဲ ကိုယ်ဟာသိပ်ကို အောင်မြင်ပြီးချမ်းသာတဲ့ သူဌေးကြီးတစ်ယောက်ဖြစ်ချင်ခဲ့တယ်၊ အသက်ဆယ့်ကိုးနှစ်အရွယ်မှာ ဘွဲ့တောင်မရသေးဘူး။ စီးပွားရေးလောကထဲကို စဝင်ခဲ့တယ်၊ ကိုယ်ကြိုးစားသမျှ အရာရာတိုင်းဟာ မမနွေအတွက်ပဲ မမနွေဂုဏ်တက်ဖို့ကိုယ် ရည်ရွယ်ပြီးလုပ်ခဲ့တဲ့ အလုပ်ချည်းပါပဲ၊ ဒါပေမဲ့ အရာရာတိုင်းဟာ ကိုယ်ကြိုတင်မျှော်လင့်ထားသလို ဖြစ်မလာခဲ့ဘူး၊ ကိုယ်လိုချင်သလို ဆန္ဒတွေ မပြည့်ဝခဲ့ဘူး။ တကယ်ချစ်ပါတယ်ဆိုတဲ့ စကားတွေကို ကိုယ်မယုံရဲလောက်အောင် သူရက်စက်သွားခဲ့တယ်၊ ဒါကြောင့်ကိုယ် မချစ်တက်တော့ဘူး။ အချစ်ကို မယုံတော့ဘူး။ သူ့ကို သတိရလေလေ အလုပ်တွေ ဇိလုပ်လေလေ၊ သိပ်အထီးကျန်လာရင် ကိုယ့်ကို အဖော်လုပ်ပြီး နှစ်သိမ့်ပေးနိုင်မဲ့ မိန်းကလေးတွေကို ရှာပြီးတွဲခဲ့ရုံအပြင် ကိုယ်ဘယ်သူ့ကိုမှ မပိုနိုင်ခဲ့ဘူး..မြသွေးနဲ့..။ ကိုယ့်ဆီမှာ မရှိနိုင်တာကို မင်းမမျှော်လင့်ပါနဲ့..။ ဒါဟာ ကိုယ် ..မမနွေကို ချစ်နေလို့လားဆိုတော့ မဟုတ်ဘူး၊ သူ့အပေါ်ကိုယ် ဘယ်လိုမှ သဘောမထားတော့ဘူး။ သူဟာခုချိန်မှာ ကိုယ့်အတွက် သာမာန်မိန်းမတစ်ယောက်ပါပဲ။ ကိုယ်အသက်ဆယ့်ငါးနှစ်အရွယ်တည်းက ချစ်ခဲ့ရတဲ့ နွေနံနက်ခင်းဆိုတဲ့ မိန်းမဟာ ကိုယ့်ဘဝထဲမှာ သေဆုံးသွားခဲ့ပြီးပါပြီ"

ကျွန်မ ထရပ်လိုက်ပါသည်၊ သူ့ကို နှုတ်တောင်မဆက်တော့ဘဲ ထဲကနေ ကိုယ့်သဘောနဲ့ကိုယ် ထွက်လာလိုက်ပါသည်၊ ဒီလို



burmeseclassic.com

burmeseclassic.com



ရှင်းရှင်းလင်းလင်း သိလိုက်ရတာ အကောင်းဆုံးပေါ့ . . ဦးရဌရယ် . . ဘဝမှာ ဘယ်သူ့ကို ချစ်ခဲ့တယ်ဆိုတာ သိခွင့်ရတဲ့အတွက် ကျေနပ်ပါ ရှင့်ဆီက အချစ်ကို မျှော်လဲမမျှော်လင့်ခဲ့ပါဘူး။ မြသွေးနီဆိုတဲ့ ကျွ လည်း စိတ်မပါရင်ဘာမှမလုပ်ဘူး။ ရှင်နဲ့တွဲဖို့ အကြောင်းအရာကို စိတ် လက်ခံခဲ့တာပါ။

ကျွန်မ ဘယ်လိုက ဘယ်လို . . အောက်ထပ်ပြန်ရောက်လာ မသိ၊ ခြံဝန်းထဲက မြက်ခင်းတွေကို ခြေချတော့မှ အသိဝင်လာခဲ့ အမရာက ကျွန်မကို မြင်တော့ ပြေးလာသည်၊

"ဟော့ . . မြသွေးနီ . . လာ . . လာ . . အတော်ပဲ ဖေဖေနဲ့ မေ ရှန်ပိန်ဖေါက်နိုင်းနေကြတာလေ၊ လူမစုံသေးလို့ စောင့်နေ

"ဦးရဌက . ."

"ကိုလတ်လဲ ရောက်နေပြီ အတော်ပဲ"

ဦးရဌ အပေါ်ထပ်မှာ ရှိနေသေးတယ်ထင်ကာ ကျွန်မပြေ ပြင်ပေမဲ့ စကားတောင်မဆုံးလိုက်ပါ။ အမရာက ကျွန်မ နောက်ကျော ကိုကြည့်ပြီး ဆက်ပြောသဖြင့် ဒီတော့မှ ဦးရဌ နောက်ကပါလာကြ သိရသည်၊ သူဘယ်တုန်းက ပါလာမှန်းပင် . . ကျွန်မ . . မသိလိုက်ပါ။

နွေနံနက်ခင်းကတော့ ကျွန်မတို့နှစ်ယောက်ကို လှ အကဲခတ်နေသည်၊ ဦးရဌက ကျွန်မ၏ လက်ကောက်ဝတ်ကိုလာ ဆု လိုက်ကာ . .

"မင်းနဲ့ငါ စာချုပ်မပြည့်သေးဘူး မြသွေးနီ၊ ဒီတော့ မင်းငါ့အ ရှိနေရဦးမယ်"

ဟု အနိုင်ပေးသလို ပြောလျက် သူနဲ့ အတူတွဲထိုင်ဖို့ ဆွဲခေါ်သွားခဲ့လေ





သူ သွားထိုင်သောစားပွဲမှာ . . နွေနံနက်ခင်းတို့ စုံတွဲရှိနေသော စားပွဲဖြစ် လေသည်၊ လူဆယ်ယောက်စားဝိုင်းမှာ နွေနံနက်ခင်းတို့ စုံတွဲက တစ်တွဲ နှင့် ကျန်တဲ့ စုံတွဲသုံးစုံကတော့ လူကြီးစုံတွဲတွေ ဖြစ်ပါသည်၊ လူကြီးစုံတွဲ တွေက ကျွန်မကိုတော့ မသိပေမဲ့ ဦးရဌကိုတော့ သိနေသည်မို့ ဝိုင်းနှုတ်ဆက်ကြ၊ စကားပြောကြ၊ အလုပ်ကိစ္စတွေဆွေးနွေးကြနဲ့မို့ ဦးရဌ တစ်ယောက် သူတို့ဘက်စကားဝိုင်းထဲရောက်သလို ဖြစ်နေသည်၊

"ဒို့တွေ . . တစ်နေ့လောက်ဆုံပြီး . . . ကော်ဖီသွားသောက်ကြရ အောင် . . မြသွေးနီရဲ့ဖုန်းနံပါတ် ပေးထားလေ တွေ့ကြတာပေါ့"

နွေနံနက်ခင်းက ကျွန်မနဲ့နှစ်ယောက်တည်း ကြားလောက်ရုံ အသံဖြင့် ပြောသည်၊ ကျွန်မနဲ့ နွေနံနက်ခင်းတို့က သေးချင်းယှဉ် ထိုင်မိတာပင် သူမ ခပ်တိုးတိုးပြောချင်တာတွေ ပြောခွင့်ရဖို့ ဖြစ် နေပါသည်၊

"ကျွန်မ ကော်ဖီတော့ မကြိုက်ပါဘူး . . ဒါပေမဲ့ မမနွေ တွေ့ချင် တယ်ဆိုရင်ရပါတယ် . ."

"ဖုန်းနံပါတ် ပေးထားပါဦး"

ကျွန်မ၏ ကိုယ်ပိုင်ဖုန်းနံပါတ်ကိုသာ ရွတ်ပြလိုက်သည်၊

"ရဌ ပေးထားတဲ့ ဖုန်းနံပါတ်ကော မပြောဘူးလား . . ဟင်းဟင်း"

ဦးရဌဟာ ဒီလိုဖုန်းသီးသန့်ပေးထားတာကြောင်း သူမသိနေပြန် သည်၊ ကျွန်မကို တမင်သက်သက်အနိုင်ယူပြနေဟန်သည် တကယ်တော့ ခံချင်စရာကောင်းလှသည်၊ သို့သော် ကျွန်မကတော့ မခံချင်စိတ်ဖြစ်ရမည့် အစား ကိုယ့်အတွက်ကိုယ်ပင် စိတ်မကောင်းဖြစ်ကာ ကိုယ့်ကိုယ်ကို ပြန်သနားမိလေသည်၊ ကျွန်မသည်ကား ဦးရဌနဲ့နွေနံနက်ခင်းတို့၏



burmeseclassic.com

burmeseclassic.com



အချစ်ပြိုင်ပွဲနဲ့ မာန်မာနပြိုင်ပွဲကြားမှာ ကစားပေးရတဲ့ အရုပ်တစ်ရုပ် ဖြစ်နေပြီ။

"ရပါပြီ...ဒီဖုန်းနံပါတ်ရှိရင်လဲ..ဆက်သွယ်ရပြီပဲလေ"

"ဟုတ်တယ် . . ဦးရဋ္ဌက သူ့ဖုန်းကို သူဆက်သွယ်ဖို့ကလွဲ ဘယ်သူ့ကိုမှ အသိမပေးစေချင်ဘူး။ ကျွန်မကလည်း ဘယ်သူ့ မှ မပေးချင်ပါဘူး"

"သြော်..ဟုတ်တာပေါ့..ဟုတ်တာပေါ့.."

သိပ်မကြာခင်မှာပဲ ညစာစားပွဲစတင်ကြောင်း အစ်ကို သိခ်သီဟက ကြေညာပါသည်။ ဦးသူရသီဟနဲ့ဒေါ်ကြည်ခင်တို့ နှုတ်ဆက်စကားအတူထပြောပါသည်။ ပြီးတော့ အမြင့်ကြီးစီထားသော ဖန်ခွက်တွေကို အပေါ်ဆင့်မှစပြီး ရှန်ပိန်ဖေါက်ထားတာလောင်းချပါသည် ဟိုတယ်လ်ကြီးတစ်ခုမှ တစ်ဖွဲ့လုံး လာရောက်ပြင်ဆင်တည်းခင်းသော ညစာကို စတင်စားကြရပါသည်။

အားလုံးလဲ အသီးသီးနှုတ်ဆက်သံတွေ၊ စကားပြောသံတွေ အတူ ညစာစားပွဲလေးက ဆူညံစည်ကားနေပါသည်။ DJ Play (ဒီဂျေပလေယာ) တစ်ယောက်ကလည်း သီချင်းတွေ တစ်ပုဒ်ပြီးတစ်ပု ဖွင့်ပေးနေပါသည်။ စားသောက်ပွဲပြီးတော့ စိတ်ပါသောစုံတွဲမျာ အလယ်မြက်ခင်းနေရာလွတ်ဆီ ထသွားကာ ကကြသည်။

ကျွန်မကတော့ လူကုံထံသူဌေးကြီးများ အသိုင်းအဝိုင်းကြားမှာ စိတ်မပါစွာ ညတစ်ညကိုဖြတ်သန်းနေရလေသည်။

နွေနှံနက်ခင်းကတော့ သူမ၏ ခင်ပွန်းဖြစ်သူနဲ့တွဲကလိုက်၊ တခြာ သော အမျိုးသားတချို့နဲ့ တွဲကလိုက်ဖြင့် လိပ်ပြာလှလှလေး တစ်ကောင်





နေသလားထင်ရပါသည်။ ထူးခြားတာက ဦးရဋ္ဌ တစ်ယောက်ကတော့ ...ဝ . . ထ,မသွားဘဲ ခပ်တည်တည်ကြီးလက်ပိုက်ထိုင်ကာ အသံတိတ် ...သည်။

"ဦးရဋ္ဌ..မြသွေးတို့ဘယ်တော့ပြန်မှာလဲဟင်"

ထိုင်ကြည့်နေရတာ ပျင်းလာသဖြင့် ကျွန်မတစ်ချက် လှည့်မေး ...က်ပါသည်။ အဲ့ဒီအခါမှာ အံ့သြစရာကောင်းသော အဖြစ်ကို ကြုံရသည်။ ...ဋ္ဌက ကျွန်မကို ငေးစိုက်ကြည့်နေခြင်းပင်။ ကျွန်မ သတိမထားမိခင် ...ယ်အချိန်ကများ ငေးစိုက်ကြည့်နေသည်မသိ။ ကျွန်မမျက်လုံးတွေနဲ့ ...ွဆုံတော့ သူလွှဲဖယ်မသွားပဲ တည့်တည့်ပြန်စိုက်ကြည့်နေဆဲ အမူအရာ ...င်...။ ဒီတစ်ခါ..သူစိုက်ကြည့်နေပုံမှာ တစ်ရရလေးနက်မှု ပါသဖြင့်.. ...န်မအံ့သြရခြင်းဖြစ်သည်။ သူတစ်စုံတစ်ရာကိုပင် အလေးအနက် စဉ်းစား ...း ကျွန်မကို စိုက်ကြည့်နေတာမျိုးဖြစ်သည်။

"တကယ်လို့များ ..ကိုယ် .. မင်းကို ဘဝနဲ့ရှိပြီး ဆုံးဖြတ်ရမဲ့ မေးခွန်းတစ်ခွန်းအခုမေးမယ်ဆိုရင် မင်းအဆင်သင့်ဖြစ်ပဲ့မလား မြသွေးနီ.."

"ဦးရဋ္ဌ စကားထဲမှာ ပါနေပြီလေ။ ဘဝနဲ့ရှိပြီး ဆုံးဖြတ်ရမယ် ဆိုတာ။ ဒီတော့ ဘယ်လိုလုပ်အဆင်သင့်ဖြစ်ပဲ့မလဲ။"

...အချိန်တွင်

"ဟေး..ဒီစုံတွဲ..ဘာတွေတိုးတိုး..တိုးတိုး လုပ်နေတာလဲ။ စကားတွေခုထိပြောမကုန်သေးဘူးလား။ ဆောရီးနော် . . မြသွေးရေ..နို့..ကိုလတ်ကို ခကောင်းမယ်ဆိုရင် ရမလား။"

အမျိုးတစ်ယောက် ကျွန်မအနားရောက်လာသလို အသံပါ



burmeseclassic.com

burmeseclassic.com



တစ်ပြိုင်တည်းကြားလိုက်ရပါသည်၊

"ကိုလတ်...လာပါ..တစ်ခါတလေလေး..ဆုံရတာ မီးနဲ့ တွဲ
ပါဦး"

"ကိုကြီး ရှိသားပဲ"

"ကိုကြီးနဲ့ကပြီးပြီ ...ဖေဖေနဲ့မေမေနဲ့လဲတွဲကပြီးပြီ ကိုလတ်
ကျန်တော့တာ"

"ငါမှ မကချင်တာ"

"ဟားဟား ဘာလဲ ကိုလတ်က မြသွေးကို ရှက်နေတာလား"

"မဟုတ်ပါဘူး..ဘာရှက်စရာရှိလဲ"

"မြသွေး..ကူပြောပေးပါဦး။ ကိုလတ်ဘာဖြစ်နေမှန်းကို မသိ
အရင်ကဆို ဖေဖေနဲ့မေမေ လုပ်တဲ့ပါတီပွဲတွေကို သူပဲ ရှေ့ဆုံး
ကဖို့ဦးဆောင်နေတာ၊ သူနဲ့ မမနွေပဲ အရင်ဆုံး ထ.ကကြတာ"

"ဟိတ်..တော်စမ်း...အမရာ၊ ငါ..မကတော့ဘူးပြောနေတာ
လေ။ အဲပိုတွေဆက် ပြောမနေနဲ့တော့"

"ကိုလတ်နဲ့မကရရင်..မြသွေးကိုခေါ်ကမယ်..."

ဖွတ်တရွတ်နဲ့ ဆိုးနွဲ့လိုပုံရသော အမရာစကားကြောင့် ကျွ
လန့်သွားပါသည်၊

"အမရာ...ကျွန်မကိုတော့ မကနိုင်းပါနဲ့နော်၊ ကျွန်မ..ဒီလိုအ
တွေ မကတတ်ဘူး"

"အမရာ..ဟေး...ဘာဖြစ်နေကြတာလဲ၊ မောင်နမတစ်တွေ"

နွေနံနက်ခင်း အနားရောက်လာသောအခါ အမရာ
ဝမ်းသာအားရဖြင့်...





"အတော်ပဲ..မမနွေလာပြီ..ကိုလတ်ကိုက,ရအောင် အတင်း
ခေါ်နေတာ..မမနွေရေ၊ အဲဒါ သူက,ဘာတွေ အိုက်တင်ခံနေ
သလဲမသိဘူး။ မလာဘူး...မကဘူးငြင်းနေလို့..."

ဒီမိသားစုအတွင်းမှာ ဦးရဋ္ဌနဲ့နွေနံနက်ခင်းတို့ရဲ့ အချစ်ဇာတ်လမ်း
ကို သိထားခဲ့ကြသူတွေ မရှိဘူး ဆိုသောအကြောင်းအရာကို ကျွန်မ...
တအံ့တသြတွေးတောနေမိသည်။ ဒီလောက် စည်းလုံးချစ်ကြည်ပြီး
တရင်းတနှီးရှိလှတဲ့ ဒီမိသားစုမှာ နွေနံနက်ခင်းနဲ့ ရဋ္ဌသီဟဆိုတဲ့ ပတ်သက်
မှုကို ဘာကြောင့် မသိခဲ့ကြတာလဲ၊ အဖြစ်နိုင်ဆုံးကတော့ နွေနံနက်ခင်း
ဘက်က တမင်ကို လျှို့ဝှက်ခိုင်းထားခဲ့သလို ဒီကိစ္စဟာ လူသိမများခဲ့တာ
ဖြစ်နိုင်သည်၊ ရဋ္ဌသီဟဆိုသော ကောင်လေးတစ်ယောက်ကို နှလုံးသား
အလိုဆန္ဒအရချစ်လိုက်ရုံကလွဲရင် လူသိရှင်ကြားတွဲပြဖို့၊ လက်တွဲဖို့ ဆိုတာ
တွေးတော့ နွေနံနက်ခင်းရဲ့ဦးနှောက်က လက်မခံခဲ့ဘူး ထင်ပါရဲ့၊

"ဟုတ်သားပဲ..ရဋ္ဌ ဒို့တွေကကြရအောင်လေ"

"မမနွေနဲ့အမရာပဲ ကကြပါ...ကျွန်တော် စိတ်မပါဘူး။ ကျွန်တော်
သွားကနေရင် မြသွေးတစ်ယောက်တည်း ပျင်းနေလိမ့်မယ်..
အခုတောင် သူက ပြန်ဖို့ပြောနေတာ.."

"ဟယ်...မပြန်ပါနဲ့ဦး အစောကြီးရှိသေးတာ"

အမရာက လာဖက်ထားကာ မပြန်ဖို့တားပါသည်။

"မေမေကတောင်ပြောနေတယ် ဒီမှာပဲ အိပ်လိုက်ကြပါလားတဲ့၊
မြသွေးက မီးနဲ့အိပ်လေ၊ ကိုလတ်ကတော့ သူ့အခန်းသူ အိပ်လို့
ရတယ်"

အမရာ ထိုသို့အကြံပေးလိုက်တော့ ဦးရဋ္ဌက တစ်ချက်



burmeseclassic.com

burmeseclassic.com



စဉ်းစားကာ…

"ဘယ်လိုသဘောရလဲ…မြသွေး.."

ဟုမေးသည်။ ကျွန်မအတွက်ကတော့ ကိုယ်နဲ့ဘာမှမသက်ဆိုင်နိုင်သော မိသားစုအတွင်းမှာ ညအိပ်ညနေ . . နေပြီး အရောတဝင်နေဖို့ မလိုတော့ပါဘူးဟု..ဆုံးဖြတ်ပြီးသားမို့…

"မြသွေး…အိမ်ပဲပြန်လိုက်တော့မယ်…"

* * *

# (၁၆)

ဒီအလုပ်ကို လက်မခံချင်ပေမဲ့လဲ . . နောက်ဆုံးမှာ ကျွန်မတွင် ရွေးချယ်စရာမရှိတော့သည်ဖြစ်ရာ ORION (အိုရိုင်ယွန်)ခရီးသွားကုမ္ပဏီမှ ရုံးခွဲတစ်ခု၏ မန်နေဂျာ ရာထူးကို လက်ခံလိုက်ရတော့လေသည်။ ဘာကြောင့်လဲဆိုတော့ ဘယ်အလုပ်က အင်တာဗျူးပဲသွားသွား (အင်တာဗျူးသုံးခုသွားခဲ့ပါသည်) မြသွေးနီဆိုတဲ့နာမည်ကို သိလိုက်တာနဲ့…

"ဦးရဋ္ဌသီဟက သတင်းပို့ထားပါတယ် . . မြသွေးနီဟာ အိုရိုင်ယွန်ရဲ့ စမ်းချောင်းရုံးခွဲမှာ ရုံးထိုင်ရမယ်တဲ့ ဒီတော့ဒီမှာ အလုပ်ပေးလို့မဖြစ်တော့ဘူးလေ။ မမြသွေးနီလည်းသဘောပေါက်မှာပါ နေရာ . . တစ်နေရာမှာ မြဲမဲ့လူတစ်ယောက်ကိုပဲ ခန့်ချင်ပါတယ်၊ ခဏတစ်ဖြုတ် အတွေ့အကြုံရရုံဝင်လုပ်ပြီး တခြားရုံးခန်းကို ပြောင်းမှာသေချာနေတဲ့သူကို အလုပ်မခန့်နိုင်ပါဘူး"

ဆိုသည့် စကားမျိုးတွေ . . . ယိမ်းတိုက်သွားသလို ကြားရတော့ ကျွန်မလဲ သက်လျော့သွားရပါသည်။ ဦးရဋ္ဌသီဟရဲ့အရိပ်နဲ့လွတ်ချင်ရင် နယ်တွေမှာ အလုပ်သွားလုပ်ရဖို့ပဲရှိတော့တယ်။ကုမ္ပဏီလုပ်ငန်းထဲဝင်မယ်ဆိုရင်တော့



burmeseclassic.com

burmeseclassic.com



သူ့ရဲ့လွှမ်းမိုးမှုကို ရင်ဆိုင်ရဦးမှာပဲ။

ကျွန်မ . . ရုံးခန်းမှာသာ စ,ထိုင်နေပေမဲ့ ဦးရဠကတော့ လူကိုယ်တိုင်ရောက်လာပြီး . . ရုံးကိစ္စတွေမှာ လာစစ်ဆေးတာတွေ၊ ဘာတွေတော့ မလုပ်ပါ။ ကျွန်မဆီကို ဖုန်းဖြင့်...မက်ဆေ့ချ်ပို့ပြီး..

"ဘယ်လိုလဲ..အဆင်ပြေလား"

ဆိုတာမျိုး။

"ဘာလိုအပ်လဲ..လိုအပ်တာရှိရင် ပြောပါ"

ဆိုတာမျိုး...မေးပါသည်။ ဒါလဲ..အမြဲမေးနေတာမျိုးမဟုတ်ပဲ..ရုံးစတက်တက်ချင်းတစ်ခါနဲ့ . . . နှစ်ပတ်ကျော်ကြာမှ တစ်ခါမေးတာမျိုးလုပ်ပါသည်။ ဒီကြားထဲမှာ အဆက်အသွယ်သိပ်မလုပ်သလို . .သူနဲ့ဟိုသွား ဒီသွားလုပ်ဖို့မခေါ်တော့ပြန်။ သူ့မိဘတွေရဲ့ မင်္ဂလာနှစ်ပတ်လည်ပွဲအပြီး ဘယ်မှအတူတွဲသွားဖို့မခေါ်တော့သလို သူနဲ့စကား အတူတူထိုင်ပြောဖို့၊ မုန့်အတူသွားစားဖို့တွေလဲ..မချိန်းတော့ပြန်ပါ။

ကျွန်မကတော့ သူ့,မမနွေနဲ့ဆုံပြီးကတည်းက အမှုအရာတစ်မျိုးပြောင်းသွားသည်ဟု ယူဆပါသည်။ ကြည့်ရတာ သူတို့မဆုံဖြစ်တာကြာပြီးမှ ယခုတစ်ကြိမ်ဟာ ဘယ်နှစ်နှစ်ကြာမှ တစ်ခါပြန်ဆုံကြသလဲမသိ။ သူသိပ်ချစ်ခဲ့ရသော ရည်းစားဟောင်း မိန်းမတစ်ယောက်ရဲ့ သူ့နှလုံးသားမှာ နေရာအပိုင်စားရထားမှုကတော့ ဘယ်သူနဲ့မှအစားထိုး မရနိုင်စေသော လွှမ်းမိုးမှုပင်။

အလုပ်ဝင်ပြီး တစ်လကျော်ကြာသောအခါ ကျွန်မထံ မမနွေနံနက်ခင်းဖုန်းဆက်ပါသည်။

"ဟေး...မြသွေးနီ...ဒို့ပါ..နွေပါ.."





"ဟုတ်ကဲ့ရှင်.."

"တွေ့ကြရအောင်လေ..ကော်ဖီသွားသောက်ကြမလား"

"ကျွန်မ..ကော်ဖီမကြိုက်ဘူး .. မမနွေ"

"ကော်ဖီဆိုင်ပေမဲ့ . . အအေးလည်းရပါတယ် . . သောက်မယ်မဟုတ်လား".

ဘာကိစ္စရှိလို့တွေ့ချင်ရတာလဲ။ ကျွန်မ . . ရင်ထဲမှာမေးခွန်းတွေ...နေပေမဲ့ အားနာသမှုကြောင့် ..မမေးဖြစ်ပြန်။ တကယ်တော့ ကျွန်မနဲ့သူ...စရာအကြောင်းကိုမရှိ၊ ပြောစရာစကားလဲ မရှိ။ သူ ဘာကြောင့် ကျွန်မ...စ်မှတ်ထားနေရသနည်း။ တကယ်တော့ မကြာမီရက်ပိုင်းအတွင်းမှာ...မဟာ ဦးရဠအနားကနေ ဖွာထွက်တော့မယ်ဆိုတာ မမနွေ...သေးပါ။ ဦးရဠနဲ့သဘောတူစာချုပ်ချုပ်ထားတာဟာ ဒီရက်ပိုင်းအတွင်း...ဲ သုံးလပြည့်ပါတော့မည်။ သုံးလပြည့်ရင် ရက်ထပ်တိုးရင်တိုးကြမယ်လို့...ပြောခဲ့ဖူးပေမဲ့ ကျွန်မဘက်ကတော့ ထပ်မတိုးချင်တော့၊ သုံးလ...ွင်းမှာ ကျွန်မ သူ့နှလုံးသားကို ကောင်းကောင်းကြီးမြင်ခဲ့ပြီးပြီမို့ ကျွန်မ...က်ပိုတိုးချင်လို့မရတော့၊ မဖြစ်နိုင်တော့၊ မရနိုင်တာကို မမျှော်...်ချင်တော့။

ကျွန်မဟာ သူ့ရဲ့ကုမ္ပဏီရုံးခွဲတစ်ခုလား ဝန်ထမ်းတစ်ဦးမျှသာ...ခဲ့တာလွဲရင် ကျွန်မ ဒီထက်ဘာမှပိုပြီး မပတ်သက်ချင်တော့ပါ။

"ဒို့မှာ . . မိန်းကလေးသူငယ်ချင်းမရှိဘူး . . မြသွေးနီကို မြင်တော့ခင်မင်ချင်သွားတာနဲ့ ဟင်းဟင်း။ နောက်ပြီး မြသွေးနီက ရဠအတွက်အရေးပါတဲ့ တစ်ယောက်ပုံစံလဲဖြစ်နေတော့ ဒို့ကလည်းအရေးထားရမှာပေါ့ ဒါကြောင့် ရင်းနှီးချင်တာ"



burmeseclassic.com

burmeseclassic.com



ကျွန်မဟာ ဘာမှအရေးမပါပါဘူး။ နွေနံနက်ခင်းရဲ့ ရည်ရွယ်ချ
ဟာ ဘာမှန်းမသိပေမဲ့ ကျွန်မသူ့ကိုမရင်းနှီးချင်ပါ။ သူဟာ,သူ့ဘက်ကနိုင်
သွားမှန်းသိသိကြီးနဲ့ နိုင်ကြောင်းထပ်ခါတလဲလဲကြွားဝါလိုသူတစ်ဦးနှ
တောင်တူနေပါသည်။ သူကျွန်မကို တွေ့ဆုံခြင်းဟာ ကောင်းသောတွေ့
ရင်းနှီးလိုခြင်းတော့ မဟုတ်တာသေချာသည်။

"ညနေရုံးဆင်းရင် (...)ဆိုင်ကို လာခဲ့နော်၊ ဒို့...ရှိနေမယ်"

"ရုံးက..တစ်ခါတလေ ခြောက်နာရီမှ ပြီးရင်ပြီးတယ် မမနွေ"

"ဒီနေ့တော့ . . ဒို့အတွက် . . စောစောလေးရုံးဆင်းခဲ့လေ .
လေးနာရီခွဲ ဟုတ်ပြီလား"

"ကောင်းပါပြီ..လေးနာရီခွဲ ဆုံပါမယ်"

ကျွန်မ . . ကိုယ်ပိုင်ဖုန်းလေးကို ပိတ်ချလိုက်ပြီးချိန်တွင် ကျွ
ရုံးခန်းစေ့ထားသောတံခါးကို အသာခေါက်သံကြားရသည်။

"ဝင်ခဲ့လို့ရပါတယ်"

တံခါးတွန်းဖွင့် ဝင်လာသူကိုမြင်တော့ ကျွန်မ အံ့သြသွားပါသည်
တိုက်ဆိုင်လှချည်လား။ ခုလေးတင် မမနွေနဲ့ဖုန်းပြောပြီးတယ် . . ပြီးပြီးချ
ဦးရဋ္ဌက ရုံးခန်းကိုရောက်လာတာပါလား။

"ဦးရဋ္ဌပါလား"

"ကိုယ်..မင်းဖုန်းပြောနေလို့ အပြင်မှာစောင့်နေတာပါ"

"ဩော်..."

ဒါဆိုလဲ သိပ်အံ့သြစရာ မရှိတော့။ သူဖုန်းပြောတာပြီးအော
စောင့်နေပြီးမှ တံခါးခေါက်ဝင်လာခဲ့တာပဲ။

"ဘယ်သူနဲ့တွေ့ဖို့ ချိန်းနေတာလဲ"





ဖုန်းပြောနေတာကို သူကြားပုံရသည်။ တွေ့တွေ့ချင်း
တော့သည်။

"မမနွေနဲ့..."

ကျွန်မအနေနဲ့ အသိမပေးရဲစရာအကြောင်းမရှိဘူးဟု တွေးပြီး
န်အတိုင်းပြောလိုက်ပါသည်။

"ဘာ..."

သူက..မယုံနိုင်သလို အာမေဋိတ်သံပြုပါသည်။

"သူနဲ့ဘာကိစ္စ အဆက်အသွယ်လုပ်နေရတာလဲ"

"အဆက်အသွယ်မရှိပါဘူး . ဒါ . . . ပထမဦးဆုံးအကြိမ်ပါပဲ
သူဖုန်းဆက်ပြီးချိန်းတာ . . ဆိုင်မှာထိုင်ပြီး စကားပြောကြမယ်
ဆိုလို့..."

"ဘာအကြောင်းပြောစရာရှိလို့လဲ"

"မြသွေးကိုယ်တိုင်လဲ အဲဒါသိချင်နေတာ..သူဘာပြောစရာရှိလို့
ချိန်းလဲဆိုတာ..."

"အစီပွါယ်မရှိတာ . . .။ သူ . .မင်းနဲ့ဘာမှမဆိုင်ဘူး။ ဘာမှတွေ့ဖို့
ဆုံဖို့ ချိန်းစရာကို မလိုဘူး"

ဦးရဋ္ဌတစ်ယောက် အလိုလိုနေရင်း ဒေါသတွေကြီးကာ အခန်းထဲ
တ်တုံခေါက်ပြန်လျှောက်နေတော့သည်။

"မင်းက...ဘာကြောင့် လက်ခံလိုက်ရတာလဲ"

"သူ ဘာကြောင့်မြသွေးကို တွေ့ပြီးစကားပြောချင်ရသလဲဆိုတာ
သိချင်တာနဲ့ လက်ခံလိုက်ရတာပဲ"

"သူ့ကိုသွားမတွေ့ရဘူးဆိုရင် . . . မြသွေးက သူ့ကို ရှောင်ရာ



burmeseclassic.com

burmeseclassic.com



ရောက်မှာပေါ့.."

"မြသွေး...မင်းနားမလည်ဘူးနော်၊ မင်းကိုကိုယ်က အဲဒီမိန်း
လွှမ်းမိုးအနိုင်ယူမဲ့စကားတွေကို မကြားစေချင်တာ၊ မင်း
အပြစ်ကင်းစင်တယ်..မကောက်ကွေ့တတ်ဘူး၊ လူတစ်ယော
ကို စိတ်ရှင်းရှင်းထားပြီး ယုံပေးနိုင်တဲ့ စိတ်ရှိတယ် . . အဲဒါ
မကောင်းဘူးလို့လဲ ပြောလို့မရဘူး . . ဒါပေမဲ့ မမနွေလို မိန်း
ကျရင်တော့ အဲဒါဟာ သူ့ရဲ့အနိုင်ပိုင်းမှုကို လည်စင်းခံလိုက်
သဘောမှာရှိတယ်"

"ဦးရွှေ . . သတိပေးတာ ကျေးဇူးတင်ပါတယ် . . ဒါပေမဲ့ မြသွေး
ဒီတစ်ခေါက်တော့ သွား,တွေ့လိုက်ပါ့မယ်လေ"

"မြသွေး.."

ဦးရွှေက တစ်စုံတစ်ခုကို လေးလေးနက်နက်ဆုံးဖြတ်လိုက်သော
အသံဖြင့် ခေါ်လိုက်သည်။

"အခု..မြသွေး..ကိုယ်နဲ့ခဏလိုက်ခဲ့ပေးရမယ်"

ရုတ်တရက်ကြီးသူနဲ့ လိုက်လာဖို့ခေါ်ပေမဲ့ ကျွန်မတွင် ငြင်း
အကြောင်းမရှိ။ သူနဲ့ကျွန်မရဲ့သဘောတူညီထားချက်အရ သူလိုအပ်
ကျွန်မ အဖော်လိုက်ပေးရုံသာ။

"ရတယ်လေ...ဦးရွှေ..၊ မြသွေး ရုံးထိုင်နေရတာ အားပါတယ်"

"ကိုယ်..အခုသွားမှာက..စိန်ဆိုင်ကိုသွားမယ်"

ကျွန်မ . ခေါင်းအသာညိတ်လိုက်ကာ လက်ကိုင်အိတ်
ကောက်ကိုင်လိုက်လျှင် သူက ကျွန်မ လက်ကိုအသာအုပ်မိုး ကိုင်လိုက်ပြီး

"ဘာသွားဝယ်မှာလဲ..သိလား"





...ဆက်မေးလေသည်။

"ဦးရွှေ လိုအပ်တာ တစ်ခုခုသွားဝယ်မယ်လို့ ထင်တာပဲလေ"

"ကိုယ့်အတွက်မဟုတ်ဘူး..မင်းအတွက်"

"ရှင်..."

ကျွန်မ . . . အံ့သြပြီး သူ့ကိုမော့ကြည့်သည်၊ သူက ကျွန်မ
...ချောင်းလေးတွေကို ဖြန့်ကြည့်ရင်း

"မင်းကို...စေ့စပ်လက်စွပ်ပေးထားမယ်"

...ဆက်ပြောလေသည်။

"ဦးရွှေ...ဘာတွေပြောနေတာလဲ"

"ကိုယ် ..မင်းကို စေ့စပ်လက်စွပ်ဝယ်ပေးမယ်၊ မင်း...ရှက်ရှင်း
ဝတ်ထားရမယ်။ မမနွေနဲ့သွားတွေ့တဲ့အခါ . . ၊ သူတွေ့သွားရင်
မေးရင်လဲ မေးမယ်..မမေးပဲနဲ့လဲနေမယ်..ဒါပေမဲ့ မင်း...တမင်
ပြောကိုပြောပြရမယ် . . မင်းနဲ့ကိုယ် . . စေ့စပ်ထားတယ် မင်းနဲ့
ကိုယ် တစ်နေ့ကျရင် လက်ထပ်မယ်ဆိုတာ သူသိစေရမယ်"

"မဟုတ်ဘူး . . မဟုတ်ဘူး . . ဦးရွှေ၊ မြသွေးတို့ အဲ့ဒီအဆင့်ထိ
မဖတ်သက်သေးပါဘူး။ တကယ်လဲ မဟုတ်ပဲနဲ့ မြသွေး
အဲ့ဒီလောက်ထိတော့ ဟန်မဆောင်ချင်ဘူး..။ ဦးရွှေက မမနွေကို
သွားမတွေ့စေချင်ရင် မတွေ့တော့ပါဘူး.."

"မြသွေး . . ကိုယ် . .စိတ်မပါရင် ဘာမှမလုပ်ဘူး စိတ်ပါလို့ ဒါကို
စီစဉ်တာ မြသွေးလက်ခံပါ"

"ဘာ...ဘာကိုလက်ခံရမှာလဲ"

"မမနွေ သိသွားအောင် ပြောပေးရမှာမို့ . . လက်စွပ်ဝယ်ပေးတာ



burmeseclassic.com

burmeseclassic.com



ကို လက်ခံပါ..။ ကိုယ့်ကိုကူညီရာလဲ ရောက်ပါတယ်..ကိုယ်
သူကိုအဲ့ဒီတစ်ခုတော့ လုပ်ပြချင်တယ်။ သူကိုပဲတမ်းတနေတ
သူကို မရလို့ ဘယ်သူ့ကိုမှ မရွေးချယ်ဘဲ တစ်ယောက်တည်
နေနေတယ်ဆိုတာ မဟုတ်ဘူးလို့ သူသိသွားစေချင်တယ်
ကိုယ်က ဟန်ဆောင်စေ့စပ်လက်စွပ်ဝယ်ပေးတာဆိုပေမဲ့ မင်း
အပိုင်ဝယ်ပေးတဲ့ သဘောပါ။ ကိုယ့်ကိုပြန်ပေးစရာမလိုဘူ
ကိုယ်က ပေးပြီးသားပစ္စည်းကို ဘယ်တော့မှ ပြန်မယူတတ်ဘ
ဆိုတာ မင်းသိပါတယ်။"

သူ . . . ကျွန်မကို ကားပေါ်အထိ လက်ဆွဲခေါ်လာပါသည်
ထုံးစံအတိုင်း ဒရိုင်ဘာ ဦးကျော်ကျော်မောင်းသော ကားဖြစ်သည်။ ကျွ
စိတ်တွေရှုပ်ထွေးပြီးပါလာရသည်။ ကျွန်မ ဒီလောက်ထိ သူ့ကို မလိုက်လျော
သင့်ဘူးဟု ကိုယ့်ဘာသာသတိပေးနေပေမဲ့ ငြင်းလဲမငြင်းချင်ပြန်။ ကျွ
ကိုယ်တိုင်လည်း နွေးနွေးနက်ခင်းကို အထိနာစေချင်တာလည်း ပါသည်။

သူမရဲ့မျက်ဝန်းတွေထဲမှာ တွေ့ရတဲ့ ကိုယ့်ကိုယ်ကို အထင်ကြီး
ကြည်စိတ်ချနေခြင်းကို ရိုက်ချိုးပစ်ချင်သည်။ ရဋ္ဌသီဟဆိုတဲ့ ယောကျ်
တစ်ယောက်ဟာ ငါကလွဲရင် ဘယ်မိန်းမကိုမှ မချစ်တတ်ဘူး။ ငါ့ကို မရ
ဘယ်မိန်းမကိုမှ လက်တွဲတော့မှာ မဟုတ်ဘူး ဆိုသော ယုံကြည်စိတ်ရ
သည့် မာနတရားကို ကျွန်မလည်း မုန်းနေသည်။

ဒီတော့..ကျွန်မ အနေနဲ့ ကိုယ်သိပ်နစ်နာတာ..မနစ်နာတာ
မတွေးတော့ဘဲ ဦးရဋ္ဌနှစ်ခါမတိုက်တွန်းရပါပဲ ဒီကိစ္စကို အလိုလို သဘော
ချင်နေမိပြန်သည်။ စိတ်ထဲမှာ လွန်ဆွဲနေဆဲဖြစ်သည်။ အသိတ
တစ်ခုဖြင့် ဆင်ခြင်မိသော စိတ်ကတော့ ဒါ..မလုပ်သင့်ဘူး။ ဒီဟာကို





ငြင်းရမယ်ဟု . . . အခါခါ သတိပေးနေဆဲ။ ထို့အတူ မသိစိတ်၏
တွင်းပိုင်း တစ်နေရာမှာ ရှိတာ မနစ်မြုံမှု၊ မုန်းတီးမှု၊ ပြိုင်ဆိုင်လိုမှုတွေ
ထန်သည့် စိတ်တစ်မျိုးကတော့ ဒါကို အကြိမ်ကြိမ် လက်ခံကျေနပ်
ပါသည်။

ကိုယ့်ဘာသာဆို ဆိုင်ရှေ့တောင် ဖြတ်လျှောက်ကြည့်ဖို့ စိတ်ကူး
ခဲ့ဖူးသော နာမည်ကြီး စိန်ဆိုင်ကြီး တစ်ဆိုင်ရှေ့မှာ ကားရပ်လိုက်သည်။
ကျော်ကျော် လာဖွင့်ပေးသော ကားတံခါးမှ တစ်ဆင့်အပြင်ကို ခြေချလိုက်
ထိ ကျွန်မ..စိတ်နဲ့လူနဲ့ ကင်းကွာနေသည်။

ဦးရဋ္ဌ၏ လက်ကိုတွဲကာ စိန်ဆိုင်ထဲဝင်လာတော့
ရောင်းဝန်ထမ်းတွေက အရေးတယူ ကြိုဆိုပါသည်။

"မင်္ဂလာပါ ဦးရဋ္ဌသီဟ ရှင်..အန်ကယ်နဲ့အန်တီရော နေကောင်း
ပါတယ်နော်"

အရောင်းဝန်ထမ်းများ၏ စူပါဗိုက်ဇာ (Supervisor)ဖြစ်ပုံရသော
ချောချော အမျိုးသမီးလေးကတော့ နှုတ်ဆက်စကားဆိုပါသည်။ သူ့မိဘ
တွေတောင် သိနေမှတော့ ဒီဆိုင်ဟာ သူတို့မိသားစု ဝယ်နေကျ
ဆိုင်တယ်။

ဆိုင်တွင်းမှာရှိနေနှင့်သော ဝယ်သူ၊ ရောင်းသူများထဲမှ အမျိုးသမီး
ကြီးငယ်ငယ်တိုင်းကတော့ ဦးရဋ္ဌသီဟကို သိသိသာသာ လိုက်လံ
ကြည့်သောအကြည့်တွေ ရှိနေသည်။ ဘယ်နေရာသွားသွား သူ့ရဲ့
မော ပြေပြစ်သော ရုပ်ရည်နှင့် စတိုင်လ်တစ်မျိုးပါသော အသွင်သဏ္ဌာန်
ကြောင့် အမျိုးသမီးတိုင်းငေးခြင်းခံရတာ ကြုံရပေါင်းများသဖြင့် ကျွန်မ
တော့ ရိုးနေလေပြီ။



burmeseclassic.com

burmeseclassic.com



သူနဲ့အတူတွဲလာခွင့်ရသဖြင့် ကံထူးရှင်ကြီးတစ်ယောက်လို ကျွန်မကိုကြည့်ကြတာကိုလဲ အရေထူနေခဲ့ပြီ။

"ဘာရှာတာလဲ...ဦးရှဉ္စသီဟ"

"လက်စွပ်ထဲကပဲ ပြပါ.."

"ဟုတ်ကဲ့ပါရှင့်..."

"စေ့စပ်လက်စွပ်ပုံစံ ကြည့်မယ်"

အရောင်းဝန်ထမ်းအားလုံး၏ကြီးကြပ်သူ အမျိုးသမီးက ထိုစ ကြောင့် ကျွန်မကို ထပ်မံ၍သေသေချာချာ အကဲခတ်သလို ထပ်ကြည့်လို သေးသည်။ နောက်တော့လည်း ကတ္တီပါ ခင်းထားသော ဗန်းကလေး လက်စွပ်ဘူးလေးတွေ အစီအရီချပေးခြင်းဖြင့် သူမ၏တာဝန်ကို ကျေပွ ထမ်းဆောင်တော့လေသည်။

"မြသွေး...ကြိုက်တာရွေးပါ"

"ဦးရှဉ္စ ကြိုက်တာပဲရွေးပေးပါ . . မြသွေးမရွေးတက်ဘူး.. လက်စွပ်တွေအားလုံးက သိပ်လှနေကြတယ်လေ"

သိပ်လှနေကြတယ်ဆိုတာထက် မယုံနိုင်စရာကောင်းလော အောင် ဈေးကြီးနေသဖြင့် ကျွန်မ မရွေးရဲတော့တာလဲပါသည်၊ ဦးရှ နောက်ဆုံးတော့ သူ့စိတ်ကြိုက်ကိုပင် ရွေးလိုက်ပါသည်၊

"အမြဲတမ်း ဝတ်ထားနော် . . မချွတ်ပစ်နဲ့ . . . မမနွေနဲ့ တွေ ဝတ်ဖို့ဝယ်ပေးတာဆိုပေမဲ့ ဒါ . . မင်းရဲ့ကိုယ်ပိုင်လက်စွပ်ပဲ - အမြဲဝတ်ထားရမယ် . . . မင်းလက်တွေက ရှင်းနေတယ် - လက်စွပ်လေးတစ်ကွင်းရှိမှ သင့်တော်မယ်"

"မေမေ ဆင်ထားတာတွေရှိပါတယ် ..မြသွေးမဝတ်ချင်လို့





ထားတာ"

ဦးရှဉ္စက တဟားဟားရယ်ကာ ကျွန်မခေါင်းကို သူ့လက်ဖြင့် ဆုပ်ကိုင်ပြီး သုံးလေးချက်ယမ်းလိုက်ပါသည်။

"မကြားပါနဲ့ကွာ... မင်းအမေမင်းကို ဆင်နိုင်မှန်း သိပါတယ်"

ကျွန်မလည်း နည်းနည်းတော့ ရှက်သလိုလို ဖြစ်သွားပြီး တအား ယ်မိ၏။ ကျွန်မ ပြောလိုက်တဲ့ ပုံစံက ကလေးဆန်သွားပြီထင်တယ်။

"မမနွေနဲ့ သွားတွေ့ဖို့ရှိတယ်ဆိုရင် . . . ကိုယ်ကားကိုလွှတ်လိုက် မယ် . . အဲ့ဒီကားနဲ့ပဲသွားပါ။ မင်းအိမ်ပြန်တဲ့အထိစောင့်ခေါ် လိမ့်မယ်"

ကျွန်မမှာ ဒီထက်ပိုပြီး ငြင်းစရာအကြောင်းမရှိသဖြင့် အသာခေါင်း ညိတ်လိုက်ပါသည်။

"ဩော်...မြသွေး.."

ကျွန်မ ကားပေါ်ကဆင်းတော့ သူ့ကျွန်မလက်ချောင်းထိပ်လေး တွေကို လှမ်းဆုပ်ကိုင်ရင်း ခေါ်လိုက်သဖြင့် ..

ကားထဲပြန်ငုံ့ကြည့်လိုက်သည်။

"ကိုယ့်ကို ဒီတစ်ခုကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ကျွန်မ ပြုံးရုံပြုံးပြပြီး သူ့ကို ခေါင်းအသာညိတ် နှုတ်ဆက်လိုက် တော့သည်။

* * *

burmeseclassic.com

burmeseclassic.com

## (၁၇)

"အို..ဒီလိုလား..ကွန်ကရက်ကျူးလေးရှင်းပါ..မြသွေးနီ...
ဆိုင်းမဆင့်ပုံမဆင့်ပါလား။ ရှင့်တို့က ဘာပွဲမှကို မလုပ်ဘဲ တိုး
တိတ်တိတ်ပဲပေ့ါလေ"

"သူက . . အဲဒီလိုပါပဲ . . တစ်ခါတလေမှာ လျှို့ဝှက်ရတာ
ကြိုက်နေတက်တယ်။ ဒီကိစ္စကို သူ့မိသားစုတောင် မသိသေး
မမနွေ.."

"စိတ်ချ...စိတ်ချ...ဒို့..မပြောပါဘူး။"

အဓိပ္ပာယ်တစ်မျိုးပါသော လေသံနှင့် ဒို့မပြောပါဘူးဟု ရအော
ခနဲ့လိုက်သေးသည်။ သဘောက မင်းနဲ့သဘောမတူမှာစိုးလို့ မဟုတ်လ
ဆိုတဲ့ပုံစံဖြစ်နေသဖြင့် ကျွန်မ စကားများသွားကြောင်း ကိုယ့်ဘာသ
သတိပြုမိလိုက်ပါသည်။





"ဦးရှင့်က . . သူကိုယ်တိုင် အသိပေးမှာပါ မမနွေ၊ ခုရက်ပိုင်း
သူ့အလုပ်များနေလို့ မပြောဖြစ်သေးတာ။ သူ့မိဘတွေသိရင်
ရဲ့နေမှာစိုးလို့တဲ့"

"မင်္ဂလာပွဲကိုရော..ဘယ်လိုစီစဉ်ထားလဲ"

"အဲ့ဒါတော့ မတိုင်ပင်ရသေးဘူး"

"ရှင့်သီဟနဲ့ယှဉ်မှတော့ အကြီးအကျယ်လုပ်ကိုလုပ်ရမှာပေ့ါ . .
သူ့အသိုင်းအဝိုင်းကနည်းတာမှ မဟုတ်တာ"

ကျွန်မမှာတော့ ဘာအသိုင်းအဝိုင်းမှ မရှိပါဘူး ဆိုသော သဘောနဲ့
ခပ်နှိပ်နှိပ်ထပ်ပြောနေသော နွေနံနက်ခင်း၏ ရင်ထဲက သဘောကကို မြင်နေရ
သဖြင့် သူဘာပဲဆက်ပြောပြော ကျွန်မ မမှုတော့။ အင်း . . ဒီတစ်ခါလောက်
နိုင်တဲ့အရသာကို ခံစားရတဲ့ ခံစားချက်ဟာ စိတ်ချမ်းသာဖွယ်ကောင်းတာ
ဘယ်တစ်ခါကမှ မရှိဖူးခဲ့။ ကျွန်မ တော်တော်ပြောင်းလဲနေပြီ။ သူများကို
နိုင်ချင်၊ သူများရဲ့ စိတ်သောကကို မြင်ချင်နှင့် အရင်ကလို စိတ်ဓာတ်တွေ
လည်းမဖြူစင်တော့ပြီ။ ကျွန်မ . . အခုတော့အတ္တတွေ၊ မာနတွေနဲ့
လှုပ်တက်နေလေပြီတည်း။

ကျွန်မတကယ်တော့ ဒီစိန်လက်စွပ်ကို မမက်ပါ။ ဦးရှင့်က
အပိုင်ပေးတယ်ပြောပေမဲ့ ကျွန်မ ဒီတစ်ခါသာ ဝတ်မည်ဟု ဆုံးဖြတ်ထား
ခဲ့သည်။ ကိုယ်အမှန်တကယ် မပိုင်ဆိုင်ရသော နေရာတစ်ခုကို
ဆမ်းတမနေတော့ချင်။

မမနွေနှင့် တွေ့ပြီး ပြန်လာတော့ ကားပေါ်မှာပင် လက်စွပ်ကို ချွတ်
ပြီး လက်ကိုင်အိတ်ထဲထည့်ထား လိုက်တော့သည်။ ကျွန်မနဲ့အတူ မိုးပြာ
အတူတူနေနေဆဲပေမဲ့ရန်ကုန်နဲ့သူနေတဲ့မြို့နဲ့တစ်လမှာသုံးခေါက်လောက်



burmeseclassic.com

burmeseclassic.com



သွားလိုက်ပြန်လိုက် လုပ်နေသဖြင့် ယခုလဲ အိမ်မှာ မိုးပြာမရှိပါ။ ဘယ်သူမှ မရှိသော ကိုက်ခန်းထဲ တစ်ယောက်တည်း တံခါးဖွင့် ဝင်လာခဲ့သည်။ မိုးပြာက မကြာခင် လက်ထပ်တော့မှာ ဖြစ်သည်။

"ဒီအိမ်ကိုတော့ တခြားလူ အငှားတင်မဲ့အစား နင်ပဲဆက်ငှား နေလိုက်ပါ မြသွေးရယ် . . ။ နင် . . တက်နိုင်သလောက်ပဲ လာပေးပါ.."

ဟု..မိုးပြာက စီစဉ်ပြီး နေခွင့်ပေးသဖြင့် မိုးပြာလက်ထပ်သွားပြီး၍ တစ်အိမ် ခွဲနေတာတောင် ကျွန်မ ဆက်နေခွင့်ရှိပါသည်။

မနေ့ကတောင် မေမေနဲ့ ဖုန်းပြောလျှင်...

"မေမေကတော့ . . သမီးကို မြို့မှာပြန်လာနေစေ့ချင်တယ်ကွယ်။ ကိုကျော်ဇင်ကလည်းသမီးပြန်လာရင် စီးပွားရေးလုပ်ဖို့ စီစဉ်ပေး ချင်တယ်လို့ပြောတယ် . . ပညာတက်တာကတက်တာပဲ၊ တး ဝတ်နေရေးတောင့်တင်း ဖို့လုံဖို့ကျတော့ စီးပွားရေးလုပ်ငန်းမှာ ကောင်းကောင်းဦးစီး လုပ်ကိုင်နိုင်မှလို့ ပြောနေတယ်။ သမီး ပြန်လာခဲ့ပါလား"

ဟု...မကြာခဏမေးပါသည်။ ကျွန်မမှာတော့ ရှေ့ရေးကို ဘာတွေရည်ရွယ် ချက်ထားရမှန်းမသိ သူလိုဖြစ်နေရာ တွေဝေခဲ့ပြန်သည်။

ဦးရွှေနဲ့စာချုပ်ပြည့်လို့ သူ့အနားက ခွဲခွာရရင် ကျွန်မ ဒီရန်ကုန်မြို့ မှာ ဆက်နေသင့်လားလို့ မကြာခဏ စဉ်းစားကာနေမိသည်။ သူ..ပေးထား သောအလုပ်ကို ဆက်ပြီးလက်ခံသင့်ရဲ့လားလို့လဲ တွေဝေမိပြန်သည်။ တစ်ခါတလေကျ အားလုံးနဲ့ဝေးရာကို ထွက်ပြေးချင်မိသဖြင့် မေမေပြောသ လိုမြို့ကိုပြန်ပြီး အခြေချချင်သည်။ ကျွန်မ တကယ်ဖြစ်ချင်ခဲ့တဲ့ ဓမ္မအန်





လျှောက်သွားပြီးတိုးရစ်ဂိုက် လုပ်မယ်ဆိုသော ရည်ရွယ်ချက်က ပျောက်သ လိုလို တောင်ဖြစ်နေပါသည်။

တကယ်တော့ ကျွန်မမှာ ဘယ်သူ့ကိုရင်ဖွင့်တိုင်ပင်စရာ မရှိသဖြင့် အဖြစ်အပျက်တွေကို တစ်ယောက်တည်း ကျိတ်မှိတ်ခံစားကာ အထီးကျန်ဆန်သလို ဖြစ်နေပါသည်။ ဦးရွှေနဲ့ ပတ်သက်မှုဟာ အများမြင် သလို အခြေအနေမဟုတ်သဖြင့် ဘယ်သူ့ကိုမှ ရဲရဲထုတ်မပြောပြီး ရင်မဖွင့်ရဲ တာဟာ ကျွန်မရဲ့ အားနည်းချက်ဖြစ်နေသည်။ စိတ်ညစ်ရလွန်း၍ တစ်ယောက်တည်းငိုညီးခဲ့ရသော ညပေါင်းမနည်းတော့။ စာချုပ်မြန်မြန် စေ့ဖို့ရက်ကလဲ မျှော်လင့်မိသလို..စာချုပ်ပြည့်သွားလို့ သူ့အနားက ခွာရရင် သေရမှာတာတစ်ခုကတော့ ကျွန်မသူ့ကို သိပ်လွမ်းနေ ရမှာပင်။ သူက မချစ်ခဲ့ပေမဲ့ ကျွန်မကတော့ သူ့ကို ချစ်ခဲ့ရသူဖြစ်၍ သူ့နဲ့ ဝေးရမှာကို အင်မတန်ကြောက်ခဲ့သူဖြစ်လေသည်။

ဒီလိုနဲ့ပဲ ကျွန်မရဲ့နေ့ရက်တွေ ဆက်လက်ရှင်သန် ရပြန်သည်။ မနက်ဆို ဦးကျော်ကျော်လာခေါ်သော ကားပေါ်အသင့်တက်လိုက်သွားပြီး ရုံးသွားရသည်။ ရုံးကိစ္စတွေနဲ့ တစ်နေကုန်အလုပ်ရှုပ်ရပြီးလျှင် ညနေကျ ပုံမှန်ရုံးဆင်း၊ အိမ်ပြန်။ တချို့ရက်တွေကျတော့ ဦးရွှေက သတိတရ ဖုန်းဆက်စကားပြောတာမျိုး ရှိပါသည်။ သူဖုန်းဆက်ပေမဲ့ မမနွေနဲ့တွေ့ သောကိစ္စနဲ့ လက်စွပ်ကိစ္စကို စကားထဲထည့်ပြောပြီးမမေးသဖြင့် ကျွန်မလဲ မပြောဖြစ်ပါ။ သူက မမနွေကို မေ့ချင်နေသူဖြစ်ရာ တမင်ပင် မေ့ထားတာ ဖြစ်ပုံရသည်။

ဒီလိုနဲ့ရက်တချို့ကုန်လွန်ပြီးသော တစ်ရက်တွင် ကျွန်မရုံးခန်းထဲ ဧည့်သည်တစ်ယောက် ရောက်လာပါသည်။ မမျှော်လင့်ထားသော ဧည့်



burmeseclassic.com

burmeseclassic.com



သည်မှာ ဦးရွှေ၏ မွေးစားညီမ အမရာသီဟ ဖြစ်လေသည်။ ထုံးစံအတိုင်း လန်းဆန်းတက်ကြွကာ စကားတွေဖေါင်ဖွဲ့နေသော အမရာက...

"မုန့်လိုက်ကျွေးရမယ်နော်..ရုံးခန်းက ကော်ဖီနဲ့ မုန့်တော့မရဘူး ဆိုင်မှာစားမှာ.."

"ရပါတယ်..အမရာ့ကို လိုက်ကျွေးမှာပါ.."

"ပြီးရင်..ရှော့ပင်း လုပ်ကြမယ်"

"ဦးရွှေဆီ ခွင့်တောင်းရမယ်ထင်တယ်.."

"ရုံးမှာအလုပ်မှ သိပ်မများတာ၊ ခဏလေးရှော့ပင်လုပ်တာပဲ... ရပါတယ်။ ကိုလတ်ဆီခွင့်တောင်းမနေပါနဲ့"

"သူက ကိုယ့်ရဲ့ဘော့(စ်)လေ..။ဒီတော့ ခွင့်တောင်းမှ သင့်တော်တာပေါ့ အမရာရယ်။ ဒီရုံးမှာ မြသွေးက ရာထူးကြီးဆုံးဆိုပေမဲ့ စည်းကမ်းပျက်သလို ဖြစ်မှာ စိုးလို့ပါ"

ကျွန်မ..ဦးရွှေဆီ ဖုန်းဆက်ပါသည်။ သူ့ရုံးခန်းဖုန်းကိုပဲ ဆက်တာ ဖြစ်သည်။

"ဦးရွှေသီဟ အစည်းဝေးခန်းထဲမှာပါ"

ဟူသော စက္ကရေတရီ၏ပြန်ဖြေသံကို ကြားရသည်။

"ဒါဆိုလဲ..ရပါတယ်"

ကျွန်မ ဘာမက်ဆေ့ချ်မှ မထားခဲ့ပဲ..ဦးရွှေ၏မိုဘိုင်းလ်ဖုန်းကိုသာ မက်ဆေ့ချ် ပို့လိုက်ပါသည်။

"ဦးရွှေ...အမရာနဲ့ခဏ အပြင်ထွက်ပါတယ်..အဲဒါ ခွင့်တောင်း မလို့ပါ၊ ဦးရွှေ အစည်းအဝေးခန်းထဲမှာမို့ ခွင့်တောင်းရင်းနဲ့ အသိပေးတာပါ၊ မြသွေး..ရုံးခန်းကနေ အပြင်ကို အချိန်သုံးနာရီ





လောက် ရောက်နေပါမယ်"

ကျွန်မ တစ်ယောက်တည်း အလုပ်ရှုပ်နေသမျှကို အမရာက ပြုံးပြီး စောင့်ကြည့်နေသည်။ ကျွန်မ စီစဉ်စရာ ရှိတာတွေပြီးမှ အပြင်အတူ ထွက်ကြပါသည်။

အမရာကတော့ သူမ၏ ဂါဝန်တို၊ ကြိုးသိုင်း ဒေါက်မြင့်တို့နဲ့ လန်းလွန်းနေသဖြင့် လူတော်တော်များများ၏ သတိထားကြည့်ရှုခြင်းကို ခံရသည်၊ ကျွန်မကတော့ ကုမ္ပဏီယူနီဖေါင်းဖြစ်သော အဖြူရောင် ခြန်မာရင်ဖုံးအကျီ၊ ခရမ်းရင့်ရောင် ချိတ်ဆင်လုံချည်နှင့် ဒေါက်ဖိနပ်ဖြူလေး တိုသာ ဝတ်ဆင်ထားပြီး ဘာအရောင်မှ ဆိုးမထားသော ခပ်ရှိုးရှိုးဆံပင် အနက်ရောင် ပိုနီတေးလ်နဲ့သာ ဖြစ်လေသည်။

အမရာက သူမ၏ပြိုင်ကား ဝါဝါလေးကို ရီမုဒ် နှိပ်ကာ ဖွင့်လိုက်သည်။ တံခါးနှစ်ချပ်ကို ဆွဲဖွင့်လိုက်တော့ တံခါးတွေက အတောင်ပံ တွေလိုပဲ မိုးပေါ်ထောင်သွားသဖြင့် ကျွန်မ လန့်သွားမိသည်။

"လန့်လိုက်တာ အမရာရယ် . . ကြဲကြဲဖန်ဖန် တံခါးက မိုးပေါ် ထောင်နေတာနော်"

"ဒီကားကို လိုချင်လွန်းလို့ ကုမ္ပဏီကို တိုက်ရိုက်မှာခိုင်းရတယ်"

"ကားက ချစ်စရာလေးပါ၊ ပြိုင်ကားပုံစံလေး"

"မြသွေး ကားမောင်းတက်လား"

"ခြော် . . ဘယ်မောင်းတက်မှာလဲ . . အမရာရယ် . . မြသွေးက နယ်ကနေ ဒီမှာကျောင်းလာတက်တာ ဆိုပေမဲ့ မိဘတွေက ကားဝယ်ပေးထားနိုင်လောက်အောင် မချမ်းသာပါဘူး"

"ကိုလတ်ကို ပြောရမယ်..မြသွေးကို ဒိုက..ကားမောင်းသင်ပေး



burmeseclassic.com

burmeseclassic.com



မယ်လို့.."

"ဟာ..မပြောပါနဲ့၊ မမောင်းတက်ချင်ပါဘူး"

"ဘာဖြစ်လို့လဲ..မောင်းတက်ထားတော့ ကောင်းတာပေါ့"

"မောင်းတက်ထားလဲ . . မြသွေးက ကိုယ်ပိုင်ကားစီးနိုင်တဲ့ သူမှမဟုတ်တာ"

"ကိုလတ် . .ဝယ်ပေးမှာပေါ့ . . မြသွေးရဲ့ မြသွေး မောင်းချင်ရင် သူဝယ်ကိုဝယ်ပေးရမှာပဲ"

"ဟို . . မြသွေးက ဦးရွှေနဲ့ကလေ . ။ အင်း . . ဘယ်လိုပြောရမလဲ အမရာရယ် . . မြသွေး သူ့ဆီက ဘာမှ မမျှော်လင့်ပါဘူး။ သူ့ငွေ တစ်ယောက်နဲ့ တွဲရလို့ သူ့ဆီက ရသလောက် ချူရမယ်ဆိုတဲ့ စိတ်လဲ မရှိပါဘူး"

အမရာက..ဈွန်မစကားကြားတော့ ပြာပြာသလဲ ဖြစ်သွားကာ

"အို..ဆောရီး..ဆောရီး..ဒို့က အဲ့ဒီသဘောပြောတာ မဟုတ်ပါ ဘူး။ ကိုလတ်နဲ့မြသွေး တကယ်ချစ်ကြလို့ တွဲတယ်ဆိုတာ သိပါတယ်၊ ဒါကြောင့်လဲ ကိုလတ်က မြသွေးကို စေ့စပ်ထားတဲ့ အထိ ရှေ့တိုးတာပေါ့။ ကိုလတ်ရဲ့ မိန်းမဖြစ်မှတော့ သူ့မိန်းမသူ ကားမကလို့ လေယာဉ်ပျံပဲ ဝယ်ပေးပေး ရတာပဲလေ . . အဲ့ဒါပြောတာ"

ဟု . . . ကမန်းကတန်းရှင်းပါသည်။ ကျွန်မ ရုတ်တရက်တော့ ကြောင်နေပြီး ဘာပြန်ပြောရမှန်း မသိဖြစ်သွားပါသည်။ စေ့စပ်ထားတယ်ဆိုသော စကား သည် ကျွန်မကိုတော်တော် တုပ်လှုပ်သွားစေပါသည်။

"မစေ့စပ်ထားပါဘူး..အမရာရယ် . ."





"မမနွေ့ သိလာတာလေ . . ကိုလတ်က မြသွေးနဲ့စေ့စပ်လိုက်တာ ကို ဖေဖေ မေမေတို့ကို သူကိုယ်တိုင် အသိပေးမယ်ဆိုလို့ ဘယ်တော့ ပြောမလဲပြောမလဲ စောင့်နေတာတဲ့ မမနွေ့က မနေနိုင်တော့လို့ အမရာ့ကိုပဲ လာပြောထားတာ။ ကျန်တဲ့ ကိုကြီး တို့ ဖေဖေ မေမေတို့တော့ မသိသေးဘူး. ."

"အဲ့ဒါ..အဲ့ဒါ..မဟုတ်ပါဘူး..မမနွေ့ သတင်းမှားပြောတာပါ"

"မြသွေးကိုယ်တိုင်ပြောတာဆို . . ။ ကိုလတ် ဝယ်ပေးထားတဲ့ စေ့စပ်လက်စွပ်တောင် သူ့ကိုပြတယ်တဲ့ အဲ့ဒါ ဘယ်မှာလဲပြပါဦး။ ဟင် . . .မြသွေးက ဝတ်လဲမဝတ်ထားဘူး"

"ဟို . . ဦးရွှေက . . ဦးရွှေက ဘယ်သူ့မှ မသိစေချင်သေးဘူးတဲ့ . ။ မမနွေ့ကတော့ အမှတ်မထင်သိသွားတာပါ"

"သိသင့်ပါတယ်လေ . . သူ့ကြောင့် ကိုလတ်အသည်းကွဲခဲ့ရတာ။ သူ့ကြောင့် ကိုလတ်စိတ်တွေမာကြောပြီး ဘယ်မိန်းမကိုမှ သေသေချာချာ စိတ်ချလက်ချ မချစ်ရဲတော့တာ အမရာ သိတယ်။ မသိချင်ဟန်ဆောင်ပြီး ခေါ်ပြောနေတာပါ"

"ဟင် . .အမရာသိတယ်"

"သိတာပေါ့ . . ကိုလတ်နဲ့ အမရာတို့က ဝိုသံယောဇဉ်ကြီး ကြတယ်လေ . . မောင်နှမအရင်းမဟုတ်ပေမဲ့ ငယ်ငယ်လေးထဲ က မောင်နှမအရင်းတွေလို နေကြအောင်ပြုစုပျိုးထောင်ပေးခဲ့တဲ့ ဖေဖေ မေမေ တို့ကြောင့် အမရာ့စိတ်ထဲမှာ ကိုလတ်နဲ့ကိုကြီး ဟာ အစ်ကိုအရင်းပဲ။ ကိုယ့်အစ်ကိုအရင်းကို ထိရှင်နာတာပဲ၊ သူတို့ခံစားရသလို ကိုယ်လဲလိုက်ခံစားရတယ်လေ"



burmeseclassic.com

burmeseclassic.com



ကျွန်မ . . . ဟန်ဆောင်ပြီး စကားသာ ဆက်ပြောရပေမဲ့ ဒီကိစ္စကို ဘယ်လိုရှင်းရမလဲဆိုတာ ခေါင်းပူအောင်စဉ်းစားနေမိသည်၊ မမနွေဆိုတဲ့ မိန်းမက မနေနိုင်မထိုင်နိုင် အမရာ့ကို သွားပြောလိုက်ပြီ၊ တော်ပါသေးရဲ့ အမရာ တစ်ယောက်ထဲသိသေးလို့..။

"ထင်တော့ထင်သားပဲ..ကိုလတ်က သူတွဲခဲ့သမျှ တခြားကောင်မလေးတွေတုန်းကဆို ဘယ်တော့မှ မိသားစုထဲ ခေါ်မလာခဲ့ဖူးဘူး၊ မြသွေးကျမှ ခေါ်လာတာဆိုတော့ မြသွေးကို လေးလေးနက်နက်ထားတယ်လို့လေ"

ကြားရတာ ဝမ်းသာပါတယ် အမရာရယ်။ ကျွန်မ အလိုက်သင့်လေးစကားပြောနေရပေမဲ့ စိတ်ကမပျော်တော့ ကိုယ်တကယ်လည်း အရေးပေးမခံရပါဘဲ ဘေးလူတွေအမြင်မှာ ကျွန်မဟာ ဦးရွှေရဲ့ အရေးအရာရောက်သူ ဖြစ်နေရတာဟာ ဘယ်လောက်ဝမ်းနည်းစရာ ကောင်းလဲ။

ထိုအချိန်တွင် ကျွန်မ၏ မိုဘိုင်းလ် ဖုန်းခေါ်သံမြည်လာသည်။ ဦးရွှေပေးထားသော ဖုန်းမှအသံဖြစ်သဖြင့် ထိုဖုန်းကို ထုတ်ကိုင်လိုက်ပါသည်။

"မြသွေး..မင်းပို့ထားတဲ့ မက်ဆေ့(ချ်)ရတယ်၊ အခု ဘယ်မှာလဲ"

"မြသွေးတို့ (...) ဆိုင်မှာပါ မုန့်စားနေကြတာ"

"ပြီးရင်..ရှော့ပင်လို့ ပြောလိုက် မြသွေး"

အမရာက ဘေးကနေ လှမ်းအော်ပါသည်။

"ဦးရွှေ . . အမရာလည်း ပြောမယ်ထင်တယ် . . မြသွေး စပီကာ ဖွင့်လိုက်မယ်နော်"

"ဖွင့်လိုက်ပါ"





ကျွန်မ စပီကာကို ဖွင့်လိုက်ပါသည်။ ဒီတော့ဘေးမှာ ရှိသော အမရာပါကြားရသလို ဝင်လဲ ပြောနိုင်သွားပါသည်။

"ကိုလတ်..မီးတို့ရှော့ပင် လုပ်မလို့နော်"

"ဘယ်ရှော့ပင်းမောလ် မှာလဲ"

"ဂျန်းရှင်းစကွဲ (Junction square)မှာလေ"

"မြသွေးနဲ့လျှောက်လည်ပြီးရင် သူ့ကို ရုံးခန်းပြန်သွားခိုင်းမနေနဲ့တော့...အိမ်ပဲပြန်ပို့လိုက် ကြားလား"

"ဦးရွှေ ...မြသွေး ရုံးပဲပြန်မယ်"

"ရုံးမှာ ဘာအရေးတကြီးအလုပ်များရှိလို့လဲ ခါမြသွေးနဲ့ ဈေးလျှောက်ဝယ်ပြီး ရုံးပြန်တော့ ပင်ပန်းမှာပေါ့ . . ကိုယ့်စကားနားထောင်ပါ မင်း အိမ်ပဲ ပြန်လိုက်ပါ.."

"ကိုလတ်..မီး..မြသွေးကို အရမ်းလန်းသွားအောင် ဆင်လိုက်ရမလား"

"ဟာ ..မဝယ်ပါဘူး ..မြသွေးပိုက်ဆံလည်း သိပ်ထည့်မလာဘူး ဘာမှဝယ်စရာမရှိပါဘူး..အမရာ့ကို အဖော်လိုက်ပေးမှာပါ"

"မြသွေး . . လိုချင်တာရှိရင်ဝယ်လိုက်လေ . . အမရာ ကောက်စိုက်ထားလိုက် ..ငါ့နင့်ကိုပြန်ပေးမယ်။ မြသွေး ဘာပိုက်ဆံမှ မထုတ်စေနဲ့နော်"

"ဦး...ဦးရွှေ..မြသွေး...မဝယ်ပါဘူးဆို .."

"ဝယ်ရမှာပေါ့ . . မင်း ဈေးပတ်ပြီး ဘာမှမဝယ်ပဲ နေမလို့လား။ အမရာ သူ့ကိုဝယ်ပေးလိုက်စမ်းပါ၊ နင့်လို ပျံလန်နေတဲ့ပုံစံတွေတော့ မဝယ်ပေးနဲ့နော်၊ ငါ့ရဲ့မြသွေးက အဲဒါတွေနဲ့ မလိုက်ဘူး။



burmeseclassic.com

burmeseclassic.com



ပေါက်ကရတွေ လျှောက်မဆင်နဲ့ ဆင်ရင်နင်နဲ့ငါ တွေ့မယ်"

"တစ်ခါတလေလဲ . . အမြင်ဆန်းသွားအောင် ပုံစံပြောင်းကြည့်

တာလေ။ အမြဲတမ်း ဒီလိုပုံပဲဆိုတော့ ပျင်းစရာကောင်းတယ်"

"လျှာရှည်မနေနဲ့ . . ကဲ . . မြသွေး . . ဖုန်းကို စပီကာဖိတ်လိုက်

မင်းနဲ့ကိုယ်ပဲ စကားပြောကြမယ်။ အမရာ ဝင်ရှုပ်နေတာ စကား

ကောင်းကောင်း မပြောရဘူး"

"အလွမ်းသယ်ချင်တာတဲ့ ယောင်းမရေ"

ဖုန်းကို နားနားပြန်ကပ်လိုက်တော့ ဦးရဋ္ဌဆီက

"မင်းနဲ့ကိုယ် မနက်ဖြန်ဆုံကြမယ် . . ရုံးမသွားနဲ့ အိမ်ကစောင့်

ပြင်ဆင်ထားနော်"

ဟု . . ချိန်းပါသည်။

"မြသွေးလည်း ဦးရဋ္ဌကို . . . ဆုံချင်နေတာပါ"

"ဒါဆို . . . စောင့်နေသိလား"

"ဘယ်သွားမှာလဲ"

"ကိုယ့် . . အိမ်ကို အတွင်းအပြင် ပြန်အသစ်ပြင်မလို့ အိမ်

လိုအပ်တဲ့ ကြွေပြားတို့ ဘေစင်တို့ အသစ်ပြန်ဆေးသုတ်

အရောင်တို့ မင်းနဲ့တိုင်ပင်ပြီး အိမ်ကိုပြန်ပြင်ဆင်ချင်လို့ပါ"

"ဦးရဋ္ဌ အိမ်ကကောင်းသားပဲ။ ဘာလို့ ပြန်ပြန်ချင်တာလဲ"

"အားလုံးကို အသစ်က ပြန်စ ,ချင်လို့"

နောက်တော့သူ နှုတ်ဆက်ပြီးဖုန်းပိတ်သွားပါသည်။ ကျွန်မလည်း အသင့်စောင့်နေသော အမရာနဲ့အတူ ဈေးဝယ်ဖို့ စိတ်မပါစွာထလိုက် တော့သည်။ အမရာကတော့ တရင်းတနှီးပင် စကားဖေါင်ဖွဲ့လိုက်၊ တစ်ဆိုင်





ဝင်တိုင်း အကျီအဝတ်အစားပေါင်းများစွာ ဝတ်ကြည့်လိုက် ဝယ်လိုက်၊ ဒီနပ်တွေလဲ ဆိုင်ပေါက်စေ့လိုက်ကြည့်ပြီး ကြိုက်တယ်ဆိုတာနဲ့ နှစ်ခါ တွေးပဲ ချက်ချင်းကောက်ဝယ်လိုက်နှင့် တော်တော်ကို ပိုက်ဆံသုံးနိုင်တာ မို့ပြီး ကျွန်မအံ့သြနေရသည်။ သားသမီးတွေကို စိတ်ကြိုက်ပေးသုံးနိုင် သော သူတို့ရဲ့ မိဘတွေကိုလဲ စိတ်ထဲမှာ ချီးကျူးမိသည်။ ကိုယ့်ရင်က ဖြစ်သောသားတွေ သမီးတွေမဟုတ်သော်ငြား တကယ့်ကို မေတ္တာ စေတနာကြီးစွာ ကျွေးမွေးပြုစုစောင့်ရှောက်ထားနိုင်သော မိဘများပင်။

"မြသွေးကလည်း . . ဝယ်ပါဆို . . တစ်ခုမှကိုမရွေးဘူး။ ဘာတွေ နမြောနေတာလည်း . . ဝယ်စမ်းပါ၊ ဦးရဋ္ဌသီဟရဲ့ဇနီးလောင်းလုပ် နေပြီး အပျံစားမဝတ်ရင် မကောင်းဘူး မြသွေးရဲ့ ။ ကိုလတ်က ပြောထားတယ်လေ မီးကို ပိုက်ဆံစိုက်ထားလိုက်ပါ၊ သူပြန်ရှင်း မယ်တဲ့ ဒီတော့ ဘာမှအားနာမနေနဲ့ . . ဒါ မီးပိုက်ဆံမဟုတ်ဘူး . . ကိုလတ်ပိုက်ဆံပဲ . . . သုံးသာသုံး။ မသုံးတတ်ရင်လဲ . . သုံးတတ် အောင် လုပ်ရမယ်"

"မြသွေးတကယ် မဝယ်ချင်တာပါ . . . သွားစရာပွဲလမ်းလဲ . . သိပ် မရှိဘူးဆိုတော့ မဝယ်ချင်သေးပါဘူး။ သွားရလာရမဲ့ ပွဲတွေရှိ လာရင်လဲ ဦးရဋ္ဌက . . သူကိုယ်တိုင်လိုက်ဝယ်ပေးထားတာဆို တော့ . . . ခုတော့ မဝယ်သေးပါဘူး"

အမရာ . . . အတင်းဝယ်ခိုင်းနေမှာဆိုး၍ ဘားတာတောင်မရပါ။ အင်္ကျီအင်္ကျီတစ်လုံးနှင့် ဒေါက်ဖိနပ်တစ်ရံတော့ သူကိုယ်တိုင် အတင်းမရမက ဝတ်ခိုင်း၊ ဝယ်ခိုင်းအတင်း ငွေချေလုပ်နေ၍ ဝယ်လိုက်ရ သည်။



burmeseclassic.com

burmeseclassic.com



"ဦးရွှေတော့ ပိုက်ဆံတွေအများကြီး ကုန်သွားရလို့ မြဲသွေး စိတ်ဆိုးမလား မသိဘူးနော်၊ လက်ကိုင်အိတ်နဲ့ ဖိနပ်တ သုံးသိန်းခွဲကျတယ် ဆိုတော့..."

ကျွန်မ . . . စိတ်ပူသလို ရေရွတ်ညည်းညူမိသည်။ ကျွန်မ မိန်းကလေးတစ်ယောက်က ဒီလိုတန်ဖိုးကြီးတာတွေ သုံးပြကိုင်ပြ ဘယ်သူက အထင်ကြီးမှာမှတ်လို့၊ တကယ်တော့ ဒီအဆောင်အယော တွေမလိုပါဘူးဟုလဲ တွေးနေမိသည်။

"ဒါတောင် . . . အကောင်းစား သိပ်မဟုတ်သေးဘူး။ တကယ့် Brand (ဘရန်) အစစ်တွေမဟုတ်သေးဘူး မြဲသွေးရဲ့၊ အစစ်တွေ ဝယ်ချင်ရင် စင်္ကာပူတို့ မလေးရှားတို့မှာ ဝယ်ရမှာ ဒီတွေအလည် သွားမှ မြဲသွေးကို ခေါ်ရဦးမယ်၊ ဒြော် . . ဒါနဲ့ တစ်ခုမေးမယ် စိတ် မဆိုးနဲ့"

အမရာက လက်ညှိုးတစ်ချောင်းထောင်ကာ ပြုံးစေ့စေ့ လုပ်ေ သည်။ ကျွန်မမှာ ကိုယ့်ထက်အသက်နှစ်နှစ်လောက်တောင် အသက်ပိုကြီး တဲ့ အမရာ၏ ကလေးဆန်သော အမူအရာတွေကြောင့် စကားပြေ ဆက်ဆံရတာရှိန်မနေဘဲ ချက်ချင်းပင်ရင်းနှီးသွားသလို ခံစားရသည်။

ကိုယ်က သူ့ထက်ငယ်ပေမဲ့ သူ့ပုံစံက ပိုပြီးကလေးဆန်သော အမူအရာမို့ မအမရာလို့တောင် မခေါ်ဖြစ်ဘဲ အမရာဟုသာ ခေါ်မိခဲ့သည် သူ့ပုံစံကလဲ သူ့ကို "မ" ထည့်ခေါ်ရင်ကြိုက်မဲ့ပုံစံမျိုး မဟုတ်ချေ။

"ကိုလတ်ကို ဦးရွှေလို့ပဲ ခေါ်တာလား . . ကွယ်ရာကျရင်တော့ ဒီလိုခေါ်မယ်မထင်ပါဘူး . . ဟီးဟီး"

အမရာ့မေးခွန်းနှင့် မေးခွန်းအဆုံးမှာ ရယ်သံကြ





အဆုံးသတ်လိုက်တာကြောင့် ကျွန်မပါ လိုက်ရယ်မိသည်။ တကယ်တော့ ခင်ထဲအသည်းထဲမှာ . သူ့ကို "ကိုကို" လို့ ခေါ်ချင်ခဲ့တာပါ။ သို့သော် သူနဲ့ကျွန်မရဲ့ဘာမှန်းနာမည်တပ်၍ မရသော ဆက်ဆံရေးကြီးကြောင့် ဒီလို ခေါ်ခွင့်မသာတော့ဘဲ တစိမ်းဆန်ဆန် ဦးရွှေလို့သာ ခေါ်ခဲ့မိတာပါ။"

ကျွန်မကတော့ လိမ္မာပါးနပ်စွာပင် အမရာ့မေးခွန်းကို မဖြေဘဲ ရက်နေသလို ဆိုဟန်ဆောင်ကာ အရယ်များဖြင့် ထိုမေးခွန်းကို ချေပလိုက်မိသည်။

* * *

burmeseclassic.com

burmeseclassic.com

# (၁၈)

ဦးရဋ္ဌလာခေါ်သောအချိန်တွင် ကျွန်မအားလုံးကို အဆင်သင့်ပြ[illegible]
ထားပြီးဖြစ်နေသည်။ ထုံးစံအတိုင်း ဦးကျော်ကျော်မောင်းသော ကာ[illegible]
သူကိုယ်တိုင် လာခေါ်သော ကားပေါ်တိတ်ဆိတ်စွာ လိုက်လာမိသည်။

"နေ့လယ်စာ..အရင်စားကြမလား..."

အချိန်က ဆယ့်တစ်နာရီလောက်ရှိနေသဖြင့် မေးတာဖြစ်သည်[illegible]
ကျွန်မကတော့ နေ့လယ်စာစားတာမစားတာထက် ရှင်းစရာရှိ[illegible]
အကြောင်းအရာတွေရှင်းရဖို့လိုသည်။ ဒီတော့ သူနဲ့နှစ်ယောက်တ[illegible]
အေးအေးဆေးဆေး စကားပြောရဖို့သာ စိတ်ကူးရှိပါသည်။

"မြသွေးနဲ့ဦးရဋ္ဌ .. အေးအေးဆေးဆေး စကားပြောကြရ[illegible]
လားဟင်..မြသွေးမှာ ပြောစရာတွေရှိတယ်"

ဦးရဋ္ဌ၏ မျက်ခုံးတွေပင့်သွားပါသည်။ သူမျှော်လင့်ထား[illegible]
နေ့လယ်စာ အတူစားမယ်။ ပြီးရင် အိမ်ကိုအတွင်းအပြင် ပြန်ပြင်ဖို့ အ[illegible]
အဆောင်တွေ..လိုက်ရွေးကြမယ် ဆိုတာမျိုးသာ ဖြစ်ပုံရသည်။





"ဘာတွေများ .. ပြောစရာရှိဘာ့ပါလိမ့်။ ဟောဒါနဲ့ .. နေပါဦး ..
လက်စွပ်ရော မဝတ်ထားဘူးလား"

"လက်စွပ်ကိစ္စနောက်မှ ပြောကြမယ်လေ .. အခု မြသွေးတို့
စကားပြောကြရအောင်"

"ဘယ်သွားရင် ကောင်းမလဲ"

"အေးအေးဆေးဆေး ပြောချင်တာ..မြသွေး ဘာမှလဲ..မစားချင်
သေးဘူး ...နေ့လယ်စာစားဖို့ စောနေသေးတယ်"

"ကိုယ့်အိမ်ကိုပဲ .. သွားလိုက်မယ်လေ. . ဒါမှ မြသွေးလည်း
အိမ်အတွက် လိုအပ်တာတွေကြည့်ရင်း ဘာဝယ်ရင်ကောင်းမယ်
ဆိုတာ စဉ်းစားပေးလို့ ရတာပေါ့"

ဦးရဋ္ဌက ဒရိုင်ဘာကို အိမ်ပဲပြန်မောင်းပို့ပေးဖို့ လှမ်းပြောလိုက်ပါ
[illegible]ည်။ ဦးရဋ္ဌ အိမ်ကို ကျွန်မရောက်ဖူးတာ အကြိမ်ကြိမ်မို့ ဒီအိမ်ဟာ ဘာမှ
[illegible]ရာမလိုလောက်အောင် ပြည့်စုံတယ်လို့ ထင်ပါသည်။ သူကတော့
[illegible]ကြောင့်များ ပြန်ပြင်ချင်သလဲမသိ။ ရေသူမပုံလေးနှင့် ရေပန်းလုပ်ထား
[illegible] ရေပန်းအောက်မှာလည်း ကျောက်စရစ်တွေနဲ့သာ တည်ဆောက်ထား
[illegible] ရေကန်လေးရှိပြီ ... ထိုကြည်လင်နေသော ရေများထဲဝယ် ငါးအလှ
[illegible] ပုစွန်အလှမျိုးစုံတို့ကို မွေးထားတဲ့ စိတ်ကူးလေးကတော့ အကောင်း
[illegible]တောင်ထင်သည်။ အိမ်ထဲမှာ နေရတာထက် ခြံဝန်းထဲမှာ သစ်ပင်
[illegible]အတူ ရေပန်းလေးနဲ့ အချိန်ဖြုန်းရတာ အကောင်းဆုံးလို့ ထင်ပါသည်။
[illegible]လေးတော့ မပြင်ဘဲ ဒီတိုင်းထားရင် ကောင်းမယ်လို့ အကြံ ပေးချင်ပါရဲ့..
[illegible] ...

"ကဲ ...ပြောပါဦး ..ရှင်းပါဦး ..ဘာတွေများ အရေးတကြီးနေတာ



burmeseclassic.com

burmeseclassic.com



ပါလိမ့်"

ကျွန်မ . . လွယ်ထားသော ဟန်းဘက်(ဂ်)အိတ်ကို ဖွင့်လိုက်သည်၊ အထဲမှာပါလာသော ဖိုင်လ်တွဲတစ်ခုကို ထုတ်လိုက်သည်၊ ထိုဖိုင်ကိုမြင်တော့ ဦးရဌတစ်ချက်မျက်မှောင်ကျုံ့သွားပါသည်၊ လွန်ခဲ့တဲ့သုံးလ တွေ့ခဲ့ဖူးသော ဖိုင်လ်တစ်ခုကို သူမှတ်မိနေပည်ထင်သည်၊

"ဒါက..."

"ကိုယ်...သိပါတယ်..မင်းရဲ့စာချုပ်တွေသိမ်းထားတဲ့ဖိုင်လ်"

"ဦးရဌ..မှတ်မိနေမယ် ထင်ပါတယ်.."

"မှတ်မိပါတယ်.."

"ဒါဆို..ဒီနေ့က...သုံးလပြည့်တဲ့နေ့ပါ"

"ဩော်...ဟုတ်လား"

"ဦးရဌ မှတ်မိတယ်ဆို..."

"မှတ်မိတယ်လို့ပြောတာ ဖိုင်လ်ကိုပဲပြောတာ နေ့တွေရက်တွေကို ကိုယ်မှတ်မထားပါဘူး၊ မင်းပြောမှ သုံးလပြည့်ပြီဆိုတာ သိတာပါ"

"သုံးလပြည့်ပြီဆိုတော့ . . စာချုပ်အရ . . မြသွေးနဲ့ဦးရဌ ဘာမှမဆိုင်တော့ပါဘူး.."

"ဘာပြောတယ်..."

ဦးရဌက ရုတ်တရက် စိတ်ဆိုးသလို အော်လိုက်သဖြင့် ကျွန်မ လန့်တုန်သွားပါသည်၊

"မြသွေး..မြသွေး...ဟို..ဦးရဌကို စော်ကားတာတော့ မဟုတ်ဘူး၊ မြသွေး...ဒီလိုပုံစံမျိုးနဲ့ဆက်မနေချင်တော့လို့..တချို့





ရက်တွေတာနဲ့ ဖျက်သိမ်းချင်တာပါ၊ ကိုယ့်ကိုယ်ကိုလဲ ဘာကြောင့်ဒီလောက် stupid ဖြစ်တဲ့ကိစ္စကြီးကို လက်ခံမိခဲ့သလဲ မသိတော့ပါဘူး၊ မြသွေး တကယ်တော့ ဦးရဌနဲ့ဘာမှ မသက်ဆိုင်ချင်တော့ဘူး၊ ဟန်ဆောင်ပြီးနေပြရတာတွေကိုလဲ စိတ်မပါတော့ပါဘူး၊ ဒါကြောင့် စာချုပ်ကိုဖျက်သိမ်းကြောင်း နှစ်ဦးသဘောတူ လက်မှတ်ထိုးပေးဖို့ တောင်းဆိုတာပါ၊ နောက်ပြီး ဦးရဌက မမနွေကို အနိုင်လိုချင်လို့အတင်းဝယ်ပေးခဲ့တဲ့ စေ့စပ်လက်စွပ်ကိုလည်းလက်မခံချင်တော့လို့ တစ်ခါတည်းယူလာခဲ့ပါတယ်၊ ဦးရဌ..မြသွေးကို နားလည်ပေးပါနော်"

လက်စွပ်ဘူးကိုပါ အသာထုတ်လိုက်ပြီး စားပွဲပေါ်တင်လိုက်ပါသည်၊ ဦးရဌက လက်အသာပိုက်ပြီး စောင့်ကြည့်နေကာ ကျွန်မပြောနေသမျှစကားတွေပြီးအောင် စောင့်နေခဲ့ပါသည်၊ ကျွန်မ စကားဆုံးသွားသည့်အထိ သူဘာမှမပြောဘဲ ကျွန်မကို မလွှတ်တမ်းစူးစိုက်ကြည့်နေသည်၊ ကျွန်မရင်ထဲကို ထွင်းဖောက်တော့မလို စိုက်ကြည့်နေခဲ့တာကြောင့် ကျွန်မ သူ့ကိုရင်ဆိုင်မကြည့်ရဲပဲ အကြည့်အသာလွှဲကာ စာချုပ်တွေထည့်ထားသော ဖိုင်လ်ကိုသာ ကြည့်နေမိသည်၊

"မင်း...ပြောချင်တာ ဒါအကုန်ပဲလား"

"အဲ့ဒါပဲ...အခုက ပြောစရာရှိတာ"

"ဒါဆို..ကိုယ်အိမ်ကို ပြန်အသစ်ပြင်မဲ့ ကိစ္စကို မင်း..မကူညီနိုင်တော့ဘူးပေါ့"

"မြသွေးနဲ့ ဦးရဌ ဘာမှမဆိုင်တော့ဘူး.."

"ဆိုင်ပါတယ် . . ကိုယ်ကမှ စာချုပ်ကို မဖျက်သိမ်းချင်သေးတာ



burmeseclassic.com

burmeseclassic.com



နောက်ထပ်သုံးလဆက်ပြီး တချုပ်မယ်လေ"

"မြသွေး . . သဘောမတူတော့ပါဘူး . . ဦးရဋ္ဌ၊ ဒီလိုလုပ်နေတာ ဘာမှန်းမသိတဲ့ အဓိပ္ပာယ်မရှိတဲ့ ကိစ္စကြီးဖြစ်နေတယ်။ မြသွေး အတွက်လဲ မကောင်းဘူး။ ဦးရဋ္ဌ အတွက်လဲ မကောင်းပါဘူး"

"ကဲ . . ဒါဆိုလဲ . . . အဲ့ဒီတချုပ်ကို ဘယ်တုန်းကမှ မရှိခဲ့ဖူးလို့ သဘောထားလိုက်လေ .."

"အဲ့ဒီလို သဘောထားလို့မရဘူးလေ . . မြသွေးရဲ့ နောင်ရေး ရှိသေးတယ် . . ဦးရဋ္ဌပဲ ကတိပေးထားခဲ့တယ်လေ . . တချုပ်ပယ် ဖျက်ပြီးတဲ့နောက်ပိုင်းမှာ မြသွေးရဲ့ လူမှုရေး အချစ်ရေး အိမ်ထောင်ရေး ကိစ္စတွေမှာ ဂုဏ်သိက္ခာညှိုးနွမ်းအောင် မနှောင့် ယှက်ပါဘူး ဆိုတာ လက်မှတ်ထိုးပေးမယ်လို့"

"ကိုယ်. . . တစ်ခုမေးမယ် . . မြသွေးနီ"

သူ့ရဲ့တည်ငြိမ်သော အသံသည် ကမူးရှူးထိုးပြောနေသော ကျွန်မ အသံကို ငြိမ်ကျသွားစေပါသည်။

"မင်းမှာ . . ချစ်ရမဲ့သူ . . ရှိနေပြီလား"

အဲ့ဒါ . . . ရှင်ပဲ။ ကျွန်မ ရင်ထဲမှာ ချက်ချင်းလိုလို ဖြေလိုက်မိသည် ထင်သည်။ သို့သော် . . . မမျှော်လင့်ပါနဲ့လို့ အတိအလင်းကြေညာထားခဲ့ပြီးသည့် ယောကျ်ားတစ်ယောက်ထံမှ ကျွန်မ ဝန်မခံချင်ပါ။

"ကိုယ် . . သိရသလောက်ကတော့ မင်းမှာ ချစ်သူမရှိသေးပါဘူး။ အဲ့ဒီတော့ ဘာကြောင့် ကိုယ့်အနားက ခွဲထွက်သွားချင်တာလဲ"

"မြသွေး . . မပျော်တော့ဘူး . . ဟန်ဆောင်နေရတာတွေကို ရှုပ် တယ် . . စိတ်ဖိစီးတယ် . . မမနွေ့ကို ဟန်ဆောင်ပြရရှုံတင်မကဘူး





အမရာကပါ . . မမနွေ့ဆီကတစ်ဆင့် စေ့စပ်လက်စွပ်အကြောင်း သိပြီး ဘယ်တော့ဒီသတင်းဟာ မိဘတွေဆီ အတိအလင်း ရောက်လာမလဲလို့မျှော်လင့်ခံရတာကို ရှက်တယ်"

"ဪ . . အမရာ သိသွားတယ်လား"

အမရာသိသွားတဲ့အကြောင်း တုပ်လှုပ်ပုံမရဘဲ ခပ်အေးအေး ပြောသော သူ့အမူအရာကို ကျွန်မ ဒေါသဖြစ်ရသည်။ သူ ဘာမှ ထပ်မပြောတော့ပဲ တချုပ်တွေထည့်ထားသော ဖိုင်လ်ကို ကောက်ယူလိုက်ပါသည်။ ပြီးတော့ တချုပ်တွေကို ထုတ်ယူလိုက်သည်။ အဲဒီနောက်မှာ . .

"ကဲ . . ပြီးပြီ . ."

အမှတ်မထင် တချုပ်တွေကို အပိုင်းပိုင်းဆွဲဖြဲလိုက်တာကြောင့် ကျွန်မ အလန့်တကြားငေးကြောင်ကြည့်နေမိပါသည်။ အစိတ်စိတ်အမွှာမွှာ ဖြစ်သွားသော စာရွက်များနဲ့အတူ . .

"မင်းနဲ့ကိုယ့်ကြားမှာ ဘာတချုပ်မှ မရှိခဲ့ဘူး . . မြသွေးနီ . . ။ တချုပ် ဆိုတာ မင်းကစခဲ့တာ . . မင်း . . . ဘာကြောင့် လုပ်ချင်ခဲ့မှန်းမသိပေ မဲ့ မင်းစိတ်ကျေနပ်ပါစေတော့လို့ ဆုံးဖြတ်ပြီးကိုယ် လက်ခံခဲ့တာ။ ကိုယ်ဆီမှာ ဘာတချုပ်မှ မရှိဘူး။ မင်းနဲ့လက်မှတ်ထိုးပြီးတဲ့ နေ့မှာပဲ ကိုယ် မီးရှို့ပစ်လိုက်ပြီ။ ကိုယ်ပြောတာ ယုံရဲ့လား"

"ဒါဆို . . ဒါဆို . . ဘာလို့မြသွေးကို အစတည်းက မပြောလဲ"

"ပြောရင် မင်းက သုံးလဆိုတဲ့အချိန်ကိုစောင့်နေမှာ မဟုတ်တော့ ဘူး။ အခုလိုမျိုး ကိုယ့်လမ်းကိုယ်လျှောက်တော့မယ်ဆိုတာ အချိန်မရွေးပြောလာတော့မယ်လေ"

ကျွန်မမှာ ဘာမှပြင်းခုန်စရာမရှိတော့သလို ဖြစ်သွားပါသည်။



burmeseclassic.com

burmeseclassic.com



ဒီသုံးလလုံးလုံး ပျော်လိုက်၊ ဝမ်းနည်းလိုက်၊ ဒီကိစ္စကို နောင်တရလိုက်နဲ့ ကျွန်မ ဘယ်လောက်တောင်စိတ်ဖိစီးခဲ့ရသလဲဆိုတာ ပြောပြမနေချင်တော့ပါ။ ဒီစာချုပ်သာ မရှိမှန်းသိခဲ့ရင် ကျွန်မ သူ့အနားကနေ ခပ်စောစောပဲ ခွဲခွာလာဖြစ်မည်ထင်သည်။ သူဟာတော်တော် လူကဲခတ်ကောင်းတဲ့သူပါ။ ကျွန်မ အချိန်မရွေး စိတ်ပြောင်းသွားနိုင်တယ်ဆိုတာ သူရိပ်မိနေခဲ့သတဲ့။ ကျွန်မ အသာထ,ရပ်လိုက်ပါသည်။

"ဒါဆို .. ပြီးသွားပြီပေါ့ .. ။ မြသွေးကို အိမ်ပဲပြန်ပို့ပါတော့"

"မပြီးသေးဘူး .. ကိုယ်နဲ့မင်းက ဒီအတိုင်းပဲပြီးသွားလို့မဖြစ်တော့ဘူး။ မင်းကိုယ့်ရဲ့စေ့စပ်လက်စွပ်ကို လက်ခံပြီးပြီ ဒီတော့ ပြန်ပေးလို့မရတော့ဘူး .. မင်းအပြီးယူရမယ် .. မင်းနဲ့ကိုယ်နဲ့တကယ်စေ့စပ်ပြရမယ် .. လက်ထပ်ပြရမယ် .. ဘယ်လိုလဲ"

ကျွန်မ .. တအံ့တဩပြန်ကြည့်လိုက်မိသည်။

"မမခန္ဓရဲ့အမြင်မှာ ကိုယ်ဟာ သူ့ကို တမ်းတပြီးတစ်သက်လုံး တစ်ယောက်တည်းနေ နေရတယ်ဆိုတဲ့ အဖြစ်ကို ကိုယ်မတွေ့နပ်ဘူး။ ဒီတော့ မင်းကိုပဲကိုယ်ယုံကြည်တယ် .. မင်းပဲ ကိုယ်လက်ထပ်ပြမှ ဖြစ်မယ် .. သူ့အမြင်မှာ မင်းဟာ သူ့လောက်မလှပေမဲ့ ရဋ္ဌသီဟရဲ့ ဘဝထဲကို ဝင်ရောက်နိုင်ခဲ့တယ်ဆိုတာ ဖြစ်စေချင်တယ်။"

ဘာတွေပြောနေတာလဲ . . ရှင်ဘာတွေပြောနေတာလဲ . . ဒါအပျော်တမ်းကစားနေတဲ့ ကစားနည်းတစ်ခုမဟုတ်ဘူး။ ပြိုင်ပွဲတစ်ခု မဟုတ်ဘူး။ နွေနံနက်ခင်းနဲ့ရဋ္ဌသီဟတို့ရဲ့မာနပြိုင်ပွဲမှာ ကျွန်မကို အသုံးချ အထိတော့ ရှင် အနိုင်မယူသင့်ဘူး။ လက်ထပ်ပြမယ်ဆိုတာ ဘာလဲ





ဘာသဘောလဲ။ ကျွန်မဟာ အရုပ်တစ်ရုပ်အနေနဲ့ ရှင့်ဘဝထဲမှာ နေပေးရမှာလား။ ဘယ်သူ့ကိုမှ မချစ်နိုင်တော့ဘူး။ မပေးနိုင်တာကို မမျှော်လင့်ပါနဲ့ လို့အတိအလင်းပြောခဲ့ဖူးတဲ့ လူတစ်ယောက်ရဲ့ ဘဝထဲကို သိသိကြီးကြီးနဲ့ ဝင်ခဲ့ရင် ကျွန်မဘာဖြစ်သွားမလဲ။ ရဋ္ဌသီဟရဲ့ ချမ်းသာကြွယ်ဝမှုတွေကို မက်မောလို့ ဒီနေရာကို ရအောင်ဝင်လာခဲ့တယ်ဆိုတာ ရှင်သိနေမဲ့အဖြစ်နဲ့နေစဉ် ရှင်သန်ရမဲ့ ဘဝကိုကျွန်မလုံးဝ .. မရွေးချယ်ပါရစေနဲ့။

"မြသွေးနီ .. ဘယ်လိုလဲ .. နပဲ .. ဒီလက်စွပ်ကို ဝတ်လိုက်ပါပြီးရင် ကိုယ့်မိဘတွေဆီသွားမယ် . . ကိုယ်တို့စေ့စပ်ပြီးပြီလို့ကြေညာမယ် .. ပြီးရင် လက်ထပ်ကြမယ်လေ .."

"ရှင် . . ရှင် .. ဘာသဘောနဲ့ဒါတွေပြောနေတာလဲ ရှင်ရူးနေလား"

"ကိုယ် .. ဘာလို့ရူးရမှာလဲ"

"ရှင် . . မြသွေးကို မချစ်ဘူး၊ ရှင်ကိုယ်တိုင်ပဲပြောခဲ့တယ် . . ဘယ်သူ့ကိုမှ မချစ်နိုင်တော့ဘူး။ ဘာမှမမျှော်လင့်ပါနဲ့လို့ ပြောခဲ့ဖူးတယ်"

"အဲ့ဒီတော့ ဘာဖြစ်လဲ"

"ကိုယ့်ကိုမချစ်ဘဲ လက်ထပ်မဲ့ ယောကျ်ားတစ်ယောက်ကို လက်ထပ်ရဲလောက်တဲ့အထိ ကျွန်မကတော့ မရူးဘူး။ ရှင်သာ ရူးနေတာ၊ ချစ်လဲမချစ်တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်မဲ့ အထိဆုံးဖြတ်တာဟာ ရူးနေတာ မဟုတ်လို့ဘာလဲ။ ကိုယ့်ကို အသည်းခွဲအနိုင်ယူသွားတဲ့ မိန်းမတစ်ယောက်ကို အနိုင်ယူချင်တာနဲ့ အဲ့ဒီလောက်ထိ ရူးရသလား"

သူဟာ ကျွန်မစကားတွေကြောင့် သူ့ရင်ဘက်ကို ဆောင့်တွန်း



burmeseclassic.com

burmeseclassic.com



ခံလိုက်ရသလိုပင် ခြေလှမ်းတွေတန့်သွားပါသည်။

"ကျွန်မကို . . မချစ်နိုင်ပါဘူးလို့ ပြောထားရက်နဲ့ ရှင်လက်ထပ်မှာကိုလက်ခံခဲ့တယ်ဆိုတာ ရှင်သိနေသမျှ ကာလပတ်လုံး ကျွန်မဟာ ဘာကိုလိုချင်မက်မောလို့ လက်ထပ်တယ်ဆိုတာ ရှင် . . သိနေမှာပဲ၊ ကျွန်မဟာ သိက္ခာတုံးတက်တဲ့ မိန်းမ မဟုတ်ဘူး . . ဦးရှင် . ."

"ကိုယ် . . မင်းကို အဲဒီ့လို မစွပ်စွဲပါဘူး"

"ကျွန်မ . . သွားပါရစေတော့ . . ။ ကျွန်မကို လိုက်လဲမပို့ပါနဲ့ . . ။ ကျွန်မနောက်ကလဲလိုက်မလာပါနဲ့တော့ . . ။ ဒီအတိုင်းပြီးသွားတာကောင်းပါတယ်"

သူတွေဝေနေတာလား၊ ကျွန်မ စကားတွေကိုစဉ်းစား သုံးသပ်နေတာလား၊ ဒါမှမဟုတ် ကျွန်မလက်မခံတော့တဲ့ ကိစ္စကြောင့် နွေနံနက်ခင်းကို အရှုံးပေးရတော့မယ်လို့ တွေးပြီးစိုးရိမ်ပူပန်နေခဲ့သလား၊ ကျွန်မ နောက်ကို လိုက်ပြီးတားမြစ်တာတော့ မလုပ်ခဲ့တော့ပါ၊ တစ်ယောက်တည်း တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့ပါသည်။

ကျွန်မကို လိုက်ပို့ပေးရမလား ဆိုတဲ့ မျက်လုံးတွေနဲ့ စောင့်နေသောဒရိုင်ဘာ ဦးကျော်ကျော်ကိုတော့

"နှုတ်ဆက်ခဲ့တယ်နော်"

ဟု . . တစ်ခွန်းသာ ပြောခဲ့ကာ အားလုံးကို တကယ်ပင် ကျောခိုင်းခဲ့တော့သည်။

* * *

# နောက်ခြောက်လခန့်အကြာ

burmeseclassic.com

burmeseclassic.com

## (၁၉)

မနက်လင်းတာနဲ့ လမ်းမတန်းမှာ ဖွင့်ထားသော မီနီမားကပ်လေး ကို ဖွင့်ဖို့ ပြင်ဆင်ရသည်။ မနက်ရှစ်နာရီကနေ . . ညဆယ်နာရီထိဖွင့်ထား သော နယ်မြို့ရဲ့ မီနီမားကပ်လေးမို့ ပစ္စည်းအစုံလဲ တင်ရသည်။ အသေးဆုံး ပစ္စည်း သွားကြားထိုးတံတို့လိုမျိုး၊ တွယ်ချိတ်လိုမျိုး၊ ပင်အပ်လိုမျိုးကအ လျှပ်စစ်ပစ္စည်းအနေနဲ့ဆို ထမင်းပေါင်းအိုးတို့၊ ရေနွေးကြိုအိုး တို့အထ စုံတကာစေ့အောင်ရောင်းသော မီနီမားကပ်မျိုးဖြစ်ရာ ရန်ကုန်ရှိ မီနီမားက များနဲ့မတူဘဲ ကုန်မျိုးစုံဆိုင်အကြီးစားမျိုးဖြစ်နေသည်။ ဆိုင်အကူအရော ဝန်ထမ်းနှစ်ယောက်နှင့် ကျွန်မကိုယ်တိုင် လည်ပတ်နေသောဆိုင်မှာ ကျွ နယ်မြို့ကို ပြန်မရောက်ခင်ထဲက မေမေကိုယ်တိုင် စတင်ဖွင့်လှစ်လည်ပ နေတာမို့ ရောင်းအားကတော့ မဆိုးလှပါ။ ဆိုင်ဖွင့်သက်တမ်း တစ်နှ လောက်တော့ရှိနေပြီမို့ သူ့ဖောက်သည်နဲ့သူ ဖြစ်နေပြီ။

ကျွန်မ . . ဒီမြို့ကိုအပြီးပြန်ရလာတော့ မေမေက ဝမ်းသာအာ ပင်ဒီဆိုင်ကို လွှဲပေးတာဖြစ်သည်။

"ကိုကျော်ဇင်က ဒါ . . . မင်း,သမီးအတွက်ပဲတဲ့ သူပြန်လာ



ဦးစီးချင်ရင်လဲ ရတယ် . . မဦးစီးချင်ရင်လဲ သမီးရဲ့နောင်ရေး အတွက် သူစီစဉ်ပေးတာလို့ ပြောထားတယ် အခု သမီးပြန်လာ တော့အတော်ပဲ သမီးကို ကိုယ်တိုင် ဦးစီးတော့နော်"

တကယ်တော့ ကျွန်မသာ ခေါင်းမာပြီး ရန်ကုန်ကို တွယ်တာကာ ကိုယ့်ပညာနဲ့ ကိုယ်လုပ်စားမည်ဟု ဆုံးဖြတ်ခဲ့ပင်မဲ့ ရန်ကုန်ဆိုတာ ကျွန်မနဲ့ ဘာမှမဆိုင်သော နေရာဒေသတစ်ခုသာဖြစ်လေသည်။ ကျွန်မတို့မြို့မှာကျ တော့ အမေ့ဘက်က အမျိုးရော၊ ကွယ်လွန်သွားတဲ့ အဖေ့ဘက်ကအမျိုး ရော ကျွန်မနဲ့ကျောင်းနေဖက် သူငယ်ချင်းတွေရော အကုန်ရှိလေရာ ကျွန်မ အတွက် သိုက်သိုက်ဝန်းဝန်းရှိလှပြီး အထီးကျန်ဆန်မှုလဲ မခံစားရပါ။ ဘယ် နေရာသွားသွား၊ ဘယ်လမ်းထွက်ထွက် ကိုယ်နဲ့မသိသူမရှိသလောက်ပင်။ ဘယ်လမ်းပဲဝင်ဝင် ကိုယ့်အမျိုးအိမ်လဲ မရှိသလောက်ဖြစ်နေသော ဒီနယ် မြို့လေးကို ကျွန်မ ဘာကြောင့်များ ပြန်အခြေမချချင်ခဲ့ရသနည်း။

စောစောစီးစီးသာ ပြန်ဖြစ်ခဲ့မယ်ဆိုရင် . . .။ ဦးရွှေသီဟ ဆိုသော သူတစ်ယောက်နဲ့မဆုံဆည်းခဲ့ရဘူးဆိုရင် . . .။ ကျွန်မဘဝဟာ အတော့်ကို ရိုးရှင်းလျက်သာ ဘာအပြောင်းအလဲမှ မရှိသော သာမန်မိန်းမတစ်ယောက် ဘဝနဲ့သာ ကုန်ဆုံးရမှာဖြစ်သည်။

ဒီမြို့ကို ပြန်ရောက်လာပြီးတာနဲ့ ကျွန်မကိုယ့်ကိုကိုယ် အလုပ်ကိစ္စ တွေထဲမှာ နစ်မြုပ်ထားလိုက်ကာ ဖြစ်ပြီးခဲ့သမျှအားလုံးကို မေ့ထား လိုက်ပါ သည်။ မေ့ထားလိုက်သည်ဆိုသော်လည်း အခါများစွာတွေမှာတော့ ကျွန်မ သူ့ကို သတိရမိပါသည်။ သတိရလို့မျက်ရည်ဝဲ့တာ၊ မျက်ရည်ကျရတာတွေ ကျွန်မအတွက်မဆန်းတော့။ ဒါတွေကိုအချိန်ကကုစားသွားလိမ့်မယ်လို့သာ မြော်သိမ့်တွေးရင်း နေ့လယ်ဆိုင်နဲ့အိမ်၊ အိမ်နဲ့ဆိုင်လည်ပတ်ရင်းသာ အချိန်



burmeseclassic.com

burmeseclassic.com



ကုန်မိပါသည်။

ဒီနေ့လဲ ဆိုင်သွားဖွင့်ရင်း ဆိုင်ထဲမှာ အလုပ်ရှုပ်စွာလည်ပတ်နေ စဉ် မေမေ့ ဖုန်းဝင်လာသည်။

"မေမေပါ…သမီး"

မေမေက အမြဲပင် ဖုန်းစကိုင်တိုင်း သူ့ကိုယ်သူ အရင်ဘယ်သူ ဘယ်ဝါပါလို့ ပြောလေ့ရှိသည့်အတိုင်း အရင်ပြောလိုက်ပြီးမှ အမော ကော စိုးရိမ်တကြီးအသံဖြင့် …

"သမီးရေ…ဦးကျော်ဇင် ကားအက်ဆီးဒင့် ဖြစ်လို့တဲ့ အဲ့ဒါ မေမေ လဲ ပြာနေပြီ ဘာလုပ်ရမှန်း မသိဘူး"

ဟု … ပြောလိုက်ရာ ကျွန်မ တုပ်လှုပ်သွားပါသည်။ အဖေအရင်း မဟုတ်လို့သာ ကျွန်မက တရင်းတနီးခေါ်ပြောဆက်ဆံခြင်း မရှိသဖြင့် နှင့် ဘယ်လောက်ပင်ကြာကြာ မရင်းနှီးခဲ့သလို ‥ မုန်းတီးခြင်းလဲ မရှိခဲ့ဖူးပါ။ အပြင် ကျွန်မရဲ့မေမေကို ကောင်းမွန်ပြည့်စုံစွာ ရာဇဝင်ကျေးမွေးစောင့်ရှောက် ထားနိုင်ခဲ့ပြီး စိတ်ချမ်းချမ်းသာသာ နေရအောင်လုပ်ပေးနိုင်သော သူ့ယော ယောက်မို့လဲ ကျွန်မ ‥ စိတ်ထဲမှာအသာ ကျိတ်ပြီးကျေးဇူးတောင်တင် ခဲ့ဖူးပါသည်။ ကျွန်မ‥ဒီအရွယ်ရောက်နေပြီ။ ပညာလဲစုံခဲ့ပြီးပြီဆိုတာတော့ ကျွန်မ လုပ်အားခနဲ့ မေမေ့ကို ဘာများပြည့်စုံအောင် လုပ်ပေးနိုင်သေးလို့လဲ ဦးကျော်ဇင်သာ မလုပ်ပေးနိုင်ခဲ့ရင် ကျွန်မတို့သားအမိဘဝဟာ မပြည့်မစုံ ရှိုးရှိုးငွဲငွဲနဲ့ပဲ ဖြတ်သန်းရမယ်ဆိုတာ အခုအရွယ်မှာတော့ ကျွန်မ ကောင်းကောင်းပင် သဘောပေါက်နားလည်နေခဲ့ပြီမို့ မေမေ့ဆီက သတင်းစကားကြောင့် ကျွန်မတုန်လှုပ်မှုနဲ့အတူ စိုးရိမ်သွားပါသည်။

"ဒီသတင်းကို ဘယ်သူလာပြောတာလဲ မေမေ ‥ အခု ဦး





ကျော်ဇင်က ဘယ်မှာလဲ၊ ဘာတွေများကြီးကြီးမားမား ထိခိုက် သွားခဲ့သလဲ"

ကျွန်မလည်း စိုးရိမ်ပြီးမေးခွန်းတွေ ဆက်တိုက်ပြန်မေးမိသလို ဖြစ်သွားပါသည်။

"မြသွေး‥ခုပဲ အိမ်ပြန်လာခဲ့မယ်လေ…မေမေ"

"အေး ‥ အေး ‥ သမီးပြန်လာခဲ့ပါ … ဖုန်းဆက်သတင်းပေးတဲ့ လူကတော့ ‥အားလုံးဆေးရုံမှာ ရောက်နေတယ်လို့ပြောတယ်"

"အားလုံးဆိုတော့…ဦးဦးကျော်ဇင်နဲ့ အတူတူ ဘယ်သူပါလို့လဲ"

"ပွဲရုံက ‥ ကောင်လေးနှစ်ယောက်နဲ့ ဒရိုင်ဘာပါ ပါတယ် ‥ဒီက ပွဲရုံက ကားနဲ့အဝေးပြေးလမ်းပေါ် ဖြတ်တုန်း တစ်ဖက်က ကားနဲ့ တိုက်မိကြတာလို့ ပြောတာပဲ ‥ သတင်းပေးတဲ့လူကတော့ သိပ်ဆိုးဆိုးရွားရွားတော့ မဖြစ်ကြပါဘူးတဲ့ ‥ နှစ်ဖက်ကား ဒရိုင်ဘာနှစ်ယောက်စလုံးကလဲ သတိရှိပြီး ကျွမ်းကျွမ်းကျင်ကျင် ဘရိတ်အုပ်နိုင်ရှောင်နိုင်တာမို့ …ကံကောင်းသွားတယ်တဲ့"

"တော်သေးတာပေါ့…မေမေရယ် ‥ သမီးခုပဲထွက်လာပြီနော် ‥ စောင့်နေ ‥မောင်လေးညီမလေးတွေရော ‥ကျောင်းမှာလား"

"အေး ‥သူတို့တော့ ကျောင်းသွားကုန်ကြပြီပေါ့"

"ကလေးတွေ အသိမပေးပါနဲ့ထားလိုက်ပါ"

အကြီးဆုံး မောင်လေးက အခုနှစ်ဆယ်တန်းတက်တာဖြစ်သည်။ ကျန်တဲ့ ကလေးတွေလဲ ရှစ်တန်းတစ်ယောက်၊ ခြောက်တန်းတစ်ယောက် နဲ့ အားလုံးကျောင်းနေဆဲ အရွယ်တွေဖြစ်ပါသည်။

ဆိုင်ကနေ ‥အိမ်ကို စက်ဘီးနဲ့အမြန်ပြန်လာ မေမေ့ကိုဝင်ခေါ်ပြီး

burmeseclassic.com



ကားငှားကာ ဆေးရုံကို ပြေးကြရသည်။ သတင်းပေးတဲ့ သူက မြို့နယ်ဆေး
မှာဟု ပြောသဖြင့် တိုက်နယ်ဆေးရုံကြီးဆီ တန်းသွားလိုက်ပါသည်။ ဟို
ဒီမေးနှင့် နောက်ဆုံးတော့ ဦးကျော်ဇင်တို့ကို တင်ထားရာအဆောင်
ရောက်သွားပါသည်။

ဦးကျော်ဇင်ကိုတော့ လူနာခုတင်ပေါ်တွင် ခြေထောက်ကျော
ပတ်တီး အဖွေးသားဖြင့် တွေ့ရသည်။ ပွန်းရာပဲ့ရာ တချို့နှင့် မှိုထိုင်နေသေ
ဦးကျော်ဇင်က မေမေ့ကို တွေ့ကာ စိတ်အေးသွားပုံဖြင့်

"ငါက . . စိတ်ပူနေတာ . . မင်းဒီသတင်းကြားပြီး နလုံး
ထိခိုက်မှာ စိုးနေတာ"

ဖမေ့မှာ နလုံးအားနည်းသည့် ရောဂါရှိသည့်အတွ
ပြောလိုက်တာဖြစ်သည်။

"ကိုယ့်အတွက် ကိုယ်ပူတာ မဟုတ်ဘူး ကိုကျော်
နီကတောင် ရှင့်ကို ပြန်ပူရမှာပါ"

"နစ်ဖက်စလုံးက ကားတွေပျက်စီးသွားတာက လွဲရင် ဘာမှ
နိုက်လှပါဘူး . . ပွဲရုံကကောင်လေးတွေလဲ . . . ပွန်းပဲထိနိုက်ရုံ
မောင်သော်တစ်ယောက်ပဲ ငါ့လို ခြေထောက်ထိတယ်၊ ခေါင်း
ချက်ချုပ်ရတယ်။"

"ခြေထောက်က ဘာဖြစ်တာတဲ့လဲ"

"ခြေထောက်က အရိုးအပ်သွားတာပါ . . တစ်လခွဲလောက်
ကျောက်ပတ်တီးနဲ့ နေရမယ်ပြောတယ် . . စိတ်မကောင်း
ပါနဲ့ နီရယ် . . ကားကတော့ သုံးမရအောင်သွားတော့
အသစ်ပြန်ဝယ်မှကို ဖြစ်တော့မယ်"





"ကိစ္စမရှိပါဘူးရှင် ဖြစ်ချိန်တန်လို့ ဖြစ်ရတယ်ပဲ သဘောထား
ပါတယ် . . . နီ . . ဒါတွေခေါင်းထဲသိပ်မထားပါဘူး"

"ဘယ်သူကစ,မှားတာလဲ . . ဦးဦးကျော်ဇင် လျော်ရပြေရတာတွေ
များ ရှိဦးမလားလို့ပါ"

"အေး . . . မှားတာတော့ ငါတို့ဘက်က မှားတာပါပဲ၊ ဒါပေမဲ့
ဘယ်လိုဖြစ်သွားတယ်တော့ မသိဘူး . . သူတို့လဲပျက်စီးသွား
ပါတယ် . . ဒါပေမဲ့ လူတော့ မထိကြဘူး။ သူတို့ကားကနောက်ဆုံး
ပေါ်ကား အကောင်းစားကြီးဆိုတော့ အက်ဆီးဒင့် ဖြစ်တာနဲ့
လေအိတ်ပွင့်သွားတယ်ဆိုလားပဲ . . ငါတို့မှားပေမဲ့ ငါ့တို့ဘက်က
ပိုအထိနာသလိုတောင်ဖြစ်နေတော့ သူတို့လဲ အလျော်တွေ
ဘာတွေ တောင်းမဲ့ပုံ မပေါ်ပါဘူး"

"ကျွန်တော့်သူဌေးက ပြောခိုင်းလိုက်ပါတယ် . .
အလျော်မတောင်းပါဘူးတဲ့ . . ."

ရုတ်တရက် အနောက်ကပေါ်လာသော အသံကြောင့် ကျွန်မတို့
ပုံး လှည့်ကြည့်လိုက်မိကြသည်။ ကျွန်မကလွဲရင် ဒီမှာရှိနေသမျှ ပွဲရုံက
င်လေးတွေရော၊ ဦးကျော်ဇင်ရော မေမေရော . . ထိုသူကိုသိနိုင်သူရှိ
ထင်ပါ။ ကျွန်မကတော့ ဒရိုင်ဘာ ဦးကျော်ကျော် (သို့မဟုတ်)
သီဟရဲ့ ကိုယ်ရံတော် သက်တော်စောင့် အဖြစ်ရှိနေခဲ့သူ
ကျော်ကျော်ကို တအံ့တသြကြည့်နေမိတော့သည်။

ဘုရားရေ . . . ဦးကျော်ကျော်ရဲ့သူဌေးဆိုတာ ဦးရဲသီဟများလား။
သူဆီမှာပဲအလုပ်လုပ်တုန်းလား။ ဒါမှမဟုတ် . . တခြားအလုပ်ပြောင်း
အခု . . သူရည်ညွှန်းနေတဲ့သူဌေးဆိုတာဟာတခြားလူတစ်ယောက်



burmeseclassic.com

burmeseclassic.com



များလား။

"ကျေးဇူးပါပဲ..မောင်ရင်ရယ်..။ မင်း..သူ့ဒေးကိုလည်း တွေ့
ပြောချင်ပါတယ်"

"ကျွန်တော့်သူဌေးကလည်း..ဒီမြို့ကိုလာတာပါပဲ..မတော်တဆ
ခုလိုဖြစ်သွားရလို့သူလည်း..စိတ်မကောင်းဖြစ်နေပါတယ်..."

"ကျုပ်လည်း..စိတ်မကောင်းဖြစ်ရပါတယ်.."

"ဩော်...ဒါနဲ့..တစ်ဆိတ်လောက်ခင်ဗျာ..."

ဦးကျော်ကျော်က..အားတုံ့အားနာဟန်ဖြင့် ချောင်းတစ်ချက်ဟန့်
လိုက်ပြီးမှ ကျွန်မကိုလဲ..တစ်ချက်ဇဝေ့ကြည့်လိုက်ကာ...

"မမြသွေးနီနဲ့တွေ့ချင်ပါတယ်လို့ သူ့ဌေးကမှာလိုက်ပါတယ်..."

ကျွန်တော်နဲ့လိုက်လာခဲ့နိုင်မလား။ သူ့ဌေးက ခုလောလောဆယ်
ရွှေသရဖူ တည်းခိုခန်းမှာ ဧကနားနေပါတယ်"

ဟု...ခွင့်တောင်းလိုက်လျှင်..အားလုံးအံ့အားသင့်သွားကြပါသည်။

"သူက..မမြသွေးနီဆီ လိုက်လာတာပါ...အမှတ်မထင်..
ကားအက်ဆီးဒင့်နဲ့ကြုံလိုက်ရတာ စိတ်အနှောင့်အယှက်
ဖြစ်သွားရတာမို့..တောင်းပန်ခိုင်းလိုက်ပါတယ်"

ဒီမြို့ရဲ့...အကြီးဆုံးနဲ့အကောင်းဆုံးတည်းခိုခန်းမှာ စောင့်နေမဲ့
ဘယ်သူဘယ်ဝါဆိုတာ..တခြားသူတွေမသိသေးပေမဲ့ ကျွန်မကတော့
ကြိုသိနေခဲ့ပြီးပါပြီ။ ဒီလိုမျိုးဟိတ်ဟန်ကြီးပြီး တင်စီးတက်သလိုအပြုအမူ
တွေမက သူ့ဆီမှာကလွဲရင် ဘယ့်သူ့ဆီမှာများ ရှိဦးမလဲ။

"သမီး..ဘယ်သူများလဲကွယ်..သမီးအသိမိတ်ဆွေလား"

ဖေမေက...လှမ်းမေးတာကို မဖြေနိုင်သေးပဲ





"ဦးကျော်ကျော်ရဲ့သူဌေးက ဘယ်သူများလဲ"

ဟု...တမင်ထပ်မေးလိုက်ပါသည်။

"ဦးရွှေသီဟပါ..အိုရိုင်ယွန်ကုမ္ပဏီ လုပ်ငန်းစုရဲ့ဒါရိုက်တာပါ"

ကျွန်မရဲ့ ပတ်ဝန်းကျင်မှာ အချိန်အတန်ကြာ ပျောက်ကွယ်နေခဲ့
သော အမည်နာမတစ်ခုကို ကြားလိုက်ရလျှင် ချက်ချင်းပဲ လွမ်းမောသွား
သည်။

ဘဝင်မြင့်မြင့်နှင့်ဆောင့်ကြွားကြွားနိုင်လှသော သူ့မျက်လုံးတွေ
ကို ပြန်သတိရလာသည်။ အမိန့်ပေးသံဆန်သော စကားတွေကိုသာ
ပြောတတ်သည့် သူ့နှုတ်ခမ်းတစ်စုံကို ပြန်မြင်ယောင်လာသည်။ ဘယ်အရာ
ကို ငါလုပ်ရင်ဖြစ်တယ် ဟူသောစိတ်ဓါတ်မျိုးဝင်နေသည့် သူ့မျက်နှာအမူ
အရာတွေကို ဖြည်းဖြည်းချင်းအမှတ်ရလာသည်။ ငါ့ဆီမှာ.. အချစ်ဆိုတာ
ဘူး..။ မပေးနိုင်တာကို မမျှော်လင့်နဲ့..ဟု မညှာတာပြောထွက်ခဲ့သော
စကားလုံးတွေကို ပြန်ကြားယောင်လာခဲ့သည်။

မိန်းမတစ်ယောက်ဆီမှာ ပေးဆပ်လိုက်ရသော သူ့ရဲ့ နှလုံးသား
တစ်စုံကို ဘယ်တော့မှ အသစ်တစ်ဖန်အသက်ပြန်သွင်းဖို့မစဉ်းစားတော့
သောသူ့ကို...ကျွန်မလွမ်းနေခဲ့ရသတဲ့။

သူ့ကို..သတိရတိုင်း ချစ်ခြင်းနဲ့မုန်းခြင်းကို ဒွန်တွဲခံစားနေရဆဲ
ဖြစ်သော ကျွန်မနှလုံးသားသည် အေးစက်မှုနဲ့အတူ နှလုံးခုန်မြန်နေ
ခဲ့သည်။

* * *

burmeseclassic.com

burmeseclassic.com

## ( ၂၀ )

ကျွန်တော် . . သူမရှေ့မှာ . . ကျေကျေနပ်နပ်ပဲ . . ဒူးထောက်လိုက်ပါတယ်။ ဒီစကားကို ပြောခွင့်ရချင်နေခဲ့တာ ဘယ်လောက်ကြာပြီလဲ . . . မင်းသိလား မြသွေးနီ။ မင်း . . ငါ့ဘဝထဲက . . ထွက်သွားတဲ့နေ့တည်းက နောက်ကနေ . . အပြေးလိုက်ပြီး ဖွင့်ဟဝန်ခံချင်ခဲ့တာ . .။ ပြောပြခွင့် ရချင်ခဲ့တာ . . .။ ဘာကြောင့်ဒီလောက်တောင် အချိန်တွေကြာအောင် . . စောင့်နေခဲ့သလဲ မသိတော့ပြီ။

"ကိုယ် . . . မင်းကို ချစ်တယ် . . မြသွေးနီ . . .။ ကိုယ့်ရဲ့ လက်ထပ်ပါနော် . . ."

ကျွန်တော် . . . သူမရဲ့ ဘယ်လက်သူကြွယ်လက်ချောင်းလေးကို အသာဆွဲယူပြီး . . သူမတစ်ယောက်တည်းအတွက်သာ ရည်စူးထားခဲ့သော လက်စွပ်ကို ဒုတိယအကြိမ်မြောက် . . ကိုယ်တိုင်ကိုယ်ကျ အသေအချာ စွပ်ပေးလိုက်ပါသည်။ ပထမ အကြိမ်တုန်းကတော့ . . ကိုယ့်ကိုယ်ကို ဘာတွေလျှောက်လုပ်နေမိမှန်းမသိ ရည်ရွယ်ချက်မဲ့စွာ ဒီလက်စွပ်ကို စွပ်ပေးလိုက်မိတာ . .။ ဒီ . . ဒုတိယ အကြိမ်ကတော့ နှလုံးသားထဲက လိုက်လိုက်လှဲလှဲ . . . ပီတိဖြစ်စွာ . . သူမရှေ့မှာ ကျွန်တော့်ဘဝရဲ့ အရာအားလုံးကို ပေးဆပ်တော့မဲ့ သဘောနဲ့ . . . ဒူးထောက်ခွင့်တောင်းရင်း ဒီလက်စွပ်ကို . . . စွပ်ပေးလိုက်တာဖြစ်ကြောင်း . . . ဝန်ခံရပါဦးမည်။





ပြီးတော့ . . . ကျွန်တော့်အနားမှာ သူမ . . လုံးဝမရှိရင်ဘယ်လိုမှ မဖြစ်တော့တဲ့ အကြောင်းကိုလဲ . . ပြောပြရဦးမည်။ ဘယ်လိုမှ . . . နေလို့မပျော်တော့တဲ့ နေ့ရက်တွေအကြောင်း၊ အိပ်မပျော်ပဲ . . တိတ်ဆိတ်ခြောက်ခြားစွာ . . ဖြတ်သန်းခဲ့ရတဲ့ . . ညပေါင်းများစွာအကြောင်း။ သူမ . . . မရှိတော့ရင် . . ကျွန်တော့်ဘဝမှာ အရာရာဟာ သေဆုံးသွားခဲ့သလို ဖြစ်ခဲ့ရတဲ့ . . ခံစားချက်တွေအကြောင်း . . အဲ့ဒီအကြောင်းအရာများစွာကိုလဲ မမောနိုင်မပန်းနိုင် . . . ပြောပြရတော့မည်။

တကယ်တော့ . . . သူမဟာ . . ကျွန်တော့်ရုံးခန်းထဲကို . . . စတင်ရောက်လာခဲ့တဲ့ နေ့ကတည်းကပင် ကျွန်တော့်နှလုံးသားထဲကိုပါ အပြီးအပိုင်ဝင်ရောက်လာခဲ့တာ ဖြစ်ကြောင်း . . ခုတော့ ကျွန်တော့်သိသွားခဲ့ရလေပြီ။

*   *   *

## 'ကိုယ့်နှလုံးသားပေါ်တင်ထားတဲ့ချစ်သူရဲ့လက်များ'

burmeseclassic.com

burmeseclassic.com

**(ရှုသီဟ)** သည်...

မြသွေးနီ၏ လက်ဖဝါးအစုံတို့ကို သူ့ရဲ့ဘယ်ဘက် ရင်အုံပေါ် တင်ထားလိုက်ပါသည်။ သူ့နှလုံးခုန်သံကို . . . သူမ၏ လက်အစုံက ခံစားရမည်ဟု မျှော်လင့်ထားပါသည်။

နှလုံးခုန်သံခံစားချက်ကပဲ . . . သူ့ရင်ထဲမှာ ရှိတာတွေကို သူမအား အသေအချာပြောပြနိုင်လိမ့်မည်။ ဘာစကားမှ . . ဖွင့်ပြောနေစရာ မလိုတော့အောင်ပင် သူ့ရင်ခုန်သံဟာ အကောင်းဆုံး ဖြေရှင်းချက်အဖြစ် ရပ်တည်ပါလိမ့်မည်။

ကိုယ့်ရဲ့နေ့ရက်တွေတိုင်းဟာ မင်းနဲ့ပဲ . . ဖြတ်သန်းချင်တယ်။ ကိုယ် . . အိပ်ရာကနိုးထတဲ့ နံနက်ခင်းတိုင်းမှာ မင်းနဲ့အတူပဲ နိုးထချင်ပါတယ်။ ကိုယ့်ဘဝရဲ့ အကောင်းအဆိုးမှန်သမျှတို့ကိုလဲ မင်းနဲ့ပဲ လက်တွဲရင်ဆိုင်ချင်ပါတယ်။

ကိုယ်အသက်ရှင်နေသမျှ . . ကာလပတ်လုံး မင်းအနားမှာပဲ အသက်ရှူနေခွင့်ရချင်ပါတယ်။

နောင်နှစ်ပေါင်းထောင်သောင်းများစွာအထိလည်း . . မင်းကို ချစ်နေခွင့် ရချင်ပါတယ်။ မင်းရဲ့လက်ကိုသာ အမြဲတွဲထားခွင့် ရခဲ့ရင် . . . ဒီလောကကြီးမှာ . . ဒီထက်ပိုပြီး ပြည့်စုံတာ ဘာမှမရှိတော့ ဘူးလို့လဲ . . . ဝန်ခံချင်ပါတယ်။

အဲ့ဒါတွေဟာ . . ကိုယ်မင်းကို ပြောပြခွင့်ရချင်နေတဲ့ . . . စကားတွေပဲဖြစ်ပါတယ်။

*  *  *



(ကိုယ့်နှလုံးသားပေါ်တင်ထားတဲ့ ချစ်သူရဲ့လက်များ)

ချစ်သူရေ...
မင်းရဲ့လက်အစုံကို...
ကိုယ့်နှလုံးသားပေါ်မှာ တင်ထားပါ။
ကိုယ့်နှလုံးခုန်သံကို ခံစားရလိမ့်မယ်။
ကိုယ့်နှလုံးခုန်သံက တစ်ဆင့်...
ကိုယ်...ပြောချင်တဲ့စကားလုံးတွေကို
မင်း...အလိုလိုသိနားလည်သွားခဲ့ဖို့
ကိုယ်...မျှော်လင့်နေခဲ့တယ်။

ရှင်မိုး
(ဆေးတက္ကသိုလ်)
7th November
Sunday
2013

burmeseclassic.com